www.burmeseclassic.com

ဝိဝိုးနှင်း

# သဲမြညာ



BURMESE CLASSIC .com

www.burmeseclassic.com

တတိယအကြိမ်

www.burmeseclassic.com

ဒိုးနွယ်

# သဲမြညာ

တော်ဝင်မြို့ မစာအုပ်တိုက်
အမှတ်(ဂဂ)၊ ဒုတိယထပ်(ညာ)၊ ၃ဂ-လမ်း၊ ကျောက်တံတား။
ဖုန်း - ၃၇၉၄၇၇၊ ၂၄၁၂၀၄

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၁၁၉၈/၂၀၀၄ (၁၀) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၄၅၃၀၆၀၄ |
| မျက်နှာဖုံးပန်းချီ | - | မှတ်သုန် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းနိုး (မြ - ၀၃၉၀၀) |
| | | ၈၈ (ခုထပ်-ညာ)၊ ၃၈လမ်း ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးနှင့် | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| အတွင်းပုံနှိပ်သူ | | အမှတ်(၈၀/ခ)၊ သံလွင်လမ်း |
| | | ဗဟန်းမြို့နယ်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြူကြူမွေး |
| ထုတ်ဝေခြင်း | - | ဒုတိယအကြိမ် |
| | | ၂၀၀၇ ခုနှစ်၊ ဇွန်လ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |


# ဒုတိယအကြိမ်ရိုက်နှိပ်ခြင်းအတွက် ထုတ်ဝေသူ၏အမှာ

ကွယ်လွန်သူ ဆရာကြီးပီမိုးနင်းသည် ဤ 'သဲမြည်သာ' ဝတ္ထုကြီးကို ဒီးဒုတ်ဂျာနယ်တွင် ၁၉၃၀ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက်နေ့မှစ၍ အခန်းဆက်ဝတ္ထုရှည်ကြီးအဖြစ်ဖြင့် အပတ်စဉ်ရေးသားခဲ့ရာ စာဖတ်ပရိသတ်များ၏ တသသစွဲလမ်းတောင့်တမှုကို ခံခဲ့ရပေသည်။

သို့သော် ဒီးဒုတ်ဂျာနယ်တွင် ပြီးဆုံးအောင် မထည့်သွင်းခဲ့ပေ၊ ၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်နေ့ထုတ်ဂျာနယ်တွင် နောက်ဆုံးရေးသားထည့်သွင်းဖော်ပြပြီးနောက် တပိုင်းတန်းလန်းနှင့်ရပ်ကာ'သဲမြည်သာ' ကိုလုံးချင်းဝတ္ထုအဖြစ် စာအုပ် ရိုက်နှိပ်ထုတ်ဝေတော့မည်ဖြစ်ကြောင်း ကြော်ငြာခဲ့ပေသည်။

ကြော်ငြာသည့်အတိုင်းလည်း ၁၉၃၁ ခုနှစ်တွင် လုံးချင်းစာအုပ်အဖြစ်ဖြင့် 'သဲမြည်သာ' သည်ထွက်ပေါ်လာခဲ့ပေသည်။

ဒီးဒုတ်ဂျာနယ်တွင် အခန်းဆက်အဖြစ်ဖြင့် မစပ်တငံ့ ဖတ်ခဲ့ရစဉ်က စာဖတ်သူများ၏ တသသစွဲလမ်း မျှော်လင့်မှု ခံခဲ့ရသကဲ့သို့ပင် စာအုပ်အဖြစ် ရောက်ရှိလာသောအခါ၌လည်း စာဖတ်ပရိသတ်ကြိုက် ဝတ္ထုအဖြစ်ဖြင့် မြန်မာဝတ္ထုသမိုင်းတွင် ထင်ရှားကျော်ကြားခဲ့ပေသည်။

သို့သော် . . . လုံးချင်းစာအုပ်အဖြစ် ရိုက်နှိပ်သောအခါ၌ မူလ ဒီးဒုတ်ဂျာနယ်က 'မူ'အတိုင်းမဟုတ်တော့ပေ၊ ဇာတ်လမ်းမှာ အတူတူပင်ဖြစ်သော်လည်း ဝတ္ထုအဖွင့်မှစ၍ အတွင်းစာသားအချို့အချက်များအား ဆရာကြီးကိုယ်တိုင် ပြင်ဆင်ရေးသားထားသည်ကို တွေ့ရှိရပေသည်။

ယခု ဒုတိယအကြိမ်ရိုက် စာအုပ်မှာ လုံးချင်းစာအုပ်က 'မူ'အတိုင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


## ထုတ်ဝေသူ၏အမှာ

ထိုသို့ ကျော်ကြားခဲ့သော ဝတ္ထုဖြစ်ပါလျက် ၁၉၃၁ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ နှစ်ပေါင်း ၃၅ နှစ် တိုင်တိုင် တိမ်မြုပ်ပျောက်ကွယ်နေခဲ့သည်မှာ အံ့အားသင့်စရာ ကောင်းလှပေသည်။

စင်စစ် 'သဲမြည်သာ' ဝတ္ထုသည် ဆရာကြီး ပီမိုးနင်း၏ ငယ်မူ လက်ရာမွန် တစ်ခုလည်းဖြစ်သည်၊ နှစ်ပေါင်း ၃၅ နှစ်တိုင်တိုင် တိမ်မြုပ် ပျောက်ကွယ်နေခဲ့ရရှာသော ဆရာကြီး ပီမိုးနင်း၏ ရာဇဝင် ပစ္စည်းတစ်ခု ဟုလည်း ဆိုနိုင်သည်။

ထို့ကြောင့် တိမ်မြုပ် ပျောက်ကွယ်နေသော ရာဇဝင်ပစ္စည်းကို ပြန်လည်တူးဖော်သောအနေဖြင့် ယခုကဲ့သို့ ရှားရှားပါးပါး ရှာဖွေရိုက်နှိပ် လိုက်ရခြင်း ဖြစ်ပေသည်။

*ထုတ်ဝေသူ*



# သဲမြည်သာ

### အခန်း (၁)

ဟသ်ာတမြို့ နတ်မော်ချောင်းနှင့် မနီးမဝေးအိမ်ကြီးတစ်အိမ်၏ အိမ်ရှေ့ခန်းမကြီး၏ခေါင်းရင်းဘက်၌ သားနားခံ့ညားသော ယောကျာ်းပျို တစ်ယောက်သည် ရှေ့နောက် ယိမ်းထိုးသော ပက်လက်ကုလားထိုင်တစ်ခု၌ထိုင်ခါ ဆေးပြင်းလိပ်ကိုဖွာရင်း အင်္ဂလိပ်သတင်းစာတစ်စောင်ကိုကြည့်၍နေလေ၏။

၎င်းနှင့် မနီးမဝေး ရှေ့နား၌ကား လှပသောမိန်းမပျိုကလေးတစ်ယောက်သည် ပုဆစ်တုပ်ခါ ထိုင်လျက် အင်္ဂလိပ်စာတစ်အုပ်၏ စာမျက်နှာများကိုဖွင့်လှန်ကာ နေလေ၏။

ထိုမိန်းမကလေးသည် ယောကျာ်းပျိုထက် အသက် ၉နှစ်လောက် ငယ်ပုံရလေ၏။ ကြော့ရှင်းလှပဝင်းပပ မျက်နှာကလေးရှိလေ၏။

လှုပ်ရှားသော လက်၌ ဝတ်ဆင်၍ထားသော လက်ကောက်များသည် ကြိုးကြိုးကြိတ်ကြိတ် စကားများ၍ နေကြဟန်ရှိလေ၏။ ပုဆစ်တုပ်၍နေသော သန့်ရှင်းသောခြေ၌ ထဘီနားပန်းပွင့်အပြာကြီး တစ်ပွင့်၏ ပန်းချပ်များအစွန်းမှ ဝါဝင်းသော ရွှေခြေကျင်းကြီးသည် တစ်ဝက်မျှမီးပေါ်၍နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ ယောက်ျားပျိုသည် သတင်းစာရွက်များကို လှန်ရင်း မိန်းမပျိုကလေးကို အမှတ်တမဲ့ကြည့်လိုက်သည့်အခါ မိမိကိုကြည့်၍နေသော ဝန်းဝိုင်းဖောင်းကြွသော မျက်လုံးနှစ်လုံးကိုမြင်မိလေ၏။

ထိုအခါ ယောက်ျားပျို၏ စိတ်၌ 'ငါအဘယ်ပုံဖြစ်ချင်လို့ ဤအိမ်သို့ရောက်၍လာရပါသတည်း'ဟူသော အမေးကို စိတ်ထဲ၌ မေးကာ တွေးပြီး အသက်ကို ခတ်ပြင်းပြင်းကလေး ရှူမိလေ၏။

မိမိ၏ မကောင်းသော ကံဆိုးကြမ္မာသည် အပြီးသတ်ဖို့ နိမိတ်ပေသား၊ သို့တည်းမဟုတ် တစ်မျိုးတစ်ဖုံ ပြောင်းကာ တိုးဆင့်၍ လောင်းဖို့ရန် နိမိတ်ဖြစ်လေသလား ဟူ၍ ဆင်ခြင်ကာ စာထဲ၌ စိတ်ရောမျက်လုံးများရော မမြဲနိုင်ဘဲ သူငယ်မကလေး၏မျက်လုံးများနှင့် အရှိန်ချင်းသွား၍ သွား၍ ပေါက်မိလေတော့၏။

ကံဆိုးကြမ္မာဆိုသည်မှာ အခြားမဟုတ် ခင်မောင်မှာ မတော်တဆ တာဝန်ကို လစ်ဟင်းမှု တစ်ခုကြောင့် ဆပ်အင်စပိတ်တော်ရာထူးမှ ခေတ္တချထားခြင်းခံ၍ နေရရာ "ဤရာထူးကို ပြန်၍ မရလျှင်လည်း ဝမ်းမနည်းတော့ပါ၊ ရအောင်လည်း ငါမကြိုးစားလို ကုန်သည်ပွဲစား အလုပ်မျိုးကိုပဲ လုပ်ပါတော့မည်"ဟူသော အကြံနှင့် ရန်ကုန်မြို့၌ အပေါက်အလမ်းကို ရှာကြံ၍နေခဲ့လေသည်။

သို့ ရှာကြံညားသော်လည်း ခေတ်သမယက မကောင်းလှသဖြင့် အပေါက်ကောင်း မတွေ့ရသေးမီ ငယ်သူငယ်ချင်း စက်သူဌေး မောင်ဖေနှင့် တွေ့သဖြင့် မောင်ဖေကခေါ်၍ လာသည့်အတွက် ဤအိမ်သို့ရောက်၍ လာရခြင်းဖြစ်လေ၏။

ထိုလှပသော မိန်းမပျိုကလေးမှာ သူငယ်ချင်းမောင်ဖေ၏ တစ်ဦးတည်းသော သမီးကလေး မမြ ဖြစ်လေသတည်း။

မောင်ဖေ၏ ရည်ရွယ်ချက်မှာကား ၎င်း၏တစ်ဦးတည်းသော





သမီးကလေးအား အင်္ဂလိပ်စာ သင်၍ပေးစေရန် ဖြစ်လေ၏။

သို့နေခိုက်တွင် မမြသည် မရဲတရဲ အမူအရာမျိုးနှင့် ထိုင်ရာမှ ထ၍လာပြီး ခင်မောင်၏ခြေရင်း၌ ပုဆစ်တုပ်ကာ . . . .

"ကိုကို . . . ဒီအင်္ဂလိပ်သတင်းစာတွေကို နားလည်အောင် ဘယ်လောက်ကြာကြာ သင်ရသလဲ"

ဟု မေးလေလျှင် ခင်မောင်သည် သတင်းစာကို ချ၍ မမြ၏မျက်နှာကိုစိုက်ကာ ပြုံးလျက်ကြည့်မိလေ၏။

မမြသည်ကား ရှက်ကိုး ရှက်ကန်းအမူအရာမျိုးနှင့် ဆက်လက်ကာ . . .

"ကျွန်မ အင်္ဂလိပ်သတင်းစာများ ဖတ်နိုင်ရင် သိပ်ကောင်းမှာပဲ၊ အမြဲ သတင်းအထူးအဆန်းတွေကို ဖတ်ရမှာပဲ ထင်ပါရဲ့"

ခင်မောင်သည် မမြကို ကြည့်ရာမှ လမ်းမဘက်သို့ ပြုံးလျက်လှည့်ကာ . . .

"သတင်းစာများလိုပေါ့ကွယ် . .၊ ဖတ်လို့ကောင်းတဲ့ သတင်းများလည်း ပါတာပေါ့၊ တချို့ သတင်းတွေကတော့ ပျင်းစရာကြီးတွေပဲ ဥပမာ ပုလိပ်အစီအရင်ခံစာဆိုတဲ့ သတင်းမျိုးကျတော့ ဘယ်သူမှ မဖတ်ချင်ဘူး"

"ကိုကို . . . ဒါတွေ အကုန်နားလည်တာပဲနော်"

"နားလည်သလောက် နားလည်တာပေါ့ကွယ်၊ လောကမှာ ဘယ်စာမှာ အကုန်မတတ်ကြပါဘူး"

"ကိုကို . . . ဘယ်အတန်းအထိ အောင်သလဲ"

"အိုင်ေအအထိ အောင်ခဲ့တယ် မိဘက မတတ်နိုင်လို့ ဘီအေကို ဆက်မနေခဲ့ရဘူး"

"အိုင်ေအဆိုရင် တော်တော် တတ်တာပေါ့နော်"

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

"အင်္ဂလိပ်စာမှာတော့ အိုင်အေဆိုရင် ဘီအေနဲ့ မခြားပါဘူး၊ ဘီအေသမားထက်တော်တဲ့ အိုင်အေသမားတွေလည်း အရှိသားကိုး"

"ကိုကို အင်္ဂလိပ်ပုံတွေအများကြီး ဖတ်ဖူးမှာပေါ့"

"တော်တော် တန့်တန့်တော့ ဖတ်ဖူးသားပဲ"

ဟု မြ၏လှပသော မျက်လုံးများကို ကြည့်ကာ ပြုံးလျက် ပြန်ပြောလေ၏။

"ပုံကောင်းကောင်း တစ်ခုလောက် မြ နားထောင်ချင်လိုက်တာ၊ မပြောနိုင်ဘူးလား"

"နောက်တော့ တဖြည်းဖြည်းပြောတာပေါ့၊ ပုံတွေအများကြီးရှိပါတယ်"

ထိုအခိုက်တွင် စက်သူဌေး မောင်ဖေအပါးသို့ ရောက်လာပြီး

"အိုင်ဆေး ကျုပ်သမီးက အင်မတန်စာပေဝါသနာပါတယ်၊ အင်္ဂလိပ်စာ မတတ်မချင်း မင်းဘယ်ကိုမှ မသွားရဘူး၊ ဉာဏ်ကတော့ မသေးပါဘူး သင်္ကြိုဟ်ကိုးပိုင်းကို ခြောက်လနဲ့ ကျွတ်တာပဲ သို့သော်လည်း ခေတ်ကာလ အင်္ဂလိပ်ပညာဆိုတာ နေရာတိုင်းမှာ အသုံးဝင်နေလေတော့ သူကလည်း ဝါသနာပါတာနဲ့ အားပေးရတာပဲ၊ တစ်ယောက်တည်းရှိတာမို့ ခွဲပြီးအဝေးကို မပို့နိုင်ဘူး သူငယ်ချင်းရဲ့ သည်တော့ မင်းနဲ့တွေ့ရတာ အခန့်သင့်ကျနေတာပဲ"

ဟု ပြောလေ၏။

မောင်ဖေသည် ခင်မောင်ထက် ၅နှစ်လောက်ကြီးသော်လည်း ငယ်စဉ်က ရန်ကုန်ကျောင်းတွင် ကျောင်းနေဖက် သူငယ်ချင်းဖြစ်ခဲ့ကြသဖြင့် ခင်မောင်၏ ရိုးဖြောင့်တည်ကြည်သောစိတ်ကို ယုံကြည်လေ၏။

မောင်ဖေမှာ မိဘချမ်းသာသဖြင့် သုံးစွဲပျော်ပါး အလည်အပတ်များသောကြောင့် ၇ နှစ်တန်းမှာ ၃နှစ်ကျသဖြင့် ကျောင်းမှ ထွက်ခဲ့ရ





လေ၏။

ခင်မောင်မှာမူ မိဘများ မချမ်းသောလှသဖြင့် ပညာသင်ရုံစရိတ်မှတပါး မြောက်မြားစွာ သုံးစွဲရန် ငွေကြေးမပိုသောကြောင့် ပညာကို ဖြောင့်ဖြောင့် သင်နိုင်ခဲ့သဖြင့် အိုင်အေအောင်ခဲ့လေ၏။

သို့ပင် မောင်ဖေက ယုံကြည်သော်လည်း ခင်မောင်၏ စိတ်၌ကား များစွာကြောက်ရွံ့ခြင်းဖြစ်လေ၏။ သို့ကြောက်ရွံ့စရာအကြောင်းနိမိတ်လက္ခဏာတို့ကိုလည်း ခင်မောင်သာ သိလေ၏။ အကြောင်းမူကား မြ၏ မျက်လုံးများသည် သာမန်မျက်လုံးများ မဟုတ်သည်ကို ခင်မောင်သိလေသတည်း။

နောက်တစ်နေ့၌ ခင်မောင်သည် မြမြကို စ၍ အင်္ဂလိပ်စာသင်ပေးလေ၏။ မြမြသည် လွန်စွာထက်မြက်သော ဉာဏ်ရှိသည့်ပြင် စိတ်ပါကိုယ်ရောက် သင်သူဖြစ်ကြောင်း သိရှိရလေ၏။

ခင်မောင်မှာလည်း မြမြကို သင်ပေးရခြင်း၌ ငြီးငွေ့ခြင်းမရှိချေ၊ ဤမျှလောက် လှပယဉ်ကျေး ရေးခြားလိမ္မာ ချက်ချာသော မိန်းမပျိုကလေးမျိုးကို အနီးကပ် သင်ကြားပေးရခြင်း၌ အဘယ်သို့သော သူတော်သူမြတ်သည် ငြီးငွေ့ခြင်းဖြစ်နိုင်မည်နည်း။

ခင်မောင်မှာ ပုထုဇဉ် လူသာမန် ပုလိပ်အရာရှိ လူထွက်မျှဖြစ်၏။ ဆရာ၏အပါး၌ ကပ်ကာသင်သဖြင့် တစ်ခါ တစ်ခါ ဦးခေါင်းချင်း ထိလုခမန်း သင်ကြားပြသမေးမြန်းသမျှကိုလည်း ကပ်ကပ်ပြီးဖြေရခြင်း၌ ၎င်းမိန်းမပျို့နုတ်ကညာကလေး၏ ဦးခေါင်းမျက်နှာမှထွက်ပေါ်သော ဆီမွှေးနံ့ ပေါင်ဒါနံ့ ပန်းနံ့ကလေးများသည် ခင်မောင်၏ ရင်ထဲ၌ အေးခနဲ အေးခနဲသက်ဆင်းဝင်ရောက်၍သွားခြင်း တည်းဟူသော အငွေ့အသက်၏ အရသာကို မခံစားဘဲ နေနိုင်ပါမည်လား။

တစ်ခါတစ်ခါ မြ၏နူးညံ့သိမ်မွေ့လှပသော လက်ကလေးများမှ



www.burmeseclassic.com

www.burmeseclassic.com



ခဲတံကို ယူသည့်အခါ လက်ဖျားချင်း ထိသည်ကို မြမြက သိသိသာသာ သေသေချာချာ သဘောမကျပုံကိုမျှ မပြဘဲခံ၍ နေသောအခါ ခင်မောင်၏ ရင်ထဲနှလုံးထဲမှာ ဒုန်းခနဲ ဒုန်းခနဲမဖြစ်ဘဲ အသို့လျှင် နေနိုင်ပါမည်နည်း။

ပုဆစ်ကလေးတုပ်ကာ ဝပ်ပြီး စာဖတ်သည့်အခါ၌ တင်းရင်းပြည့်ပျောင်း ဖောင့်တစ်ဖောင်းကလေးနေသော တင်ပါးကလေးများနှင့် ကျော့ရှင်းပြေပြစ်သော ခါးကလေးသည် သင်ပြသူကို အားပေးသကဲ့သို့ ဖြစ်၍ နေလေသတည်း။

ခင်မောင်သည်ကား ပုထုဇဉ်တို့ သဘာဝ မိမိ၏စိတ်၌ ဖြစ်ပေါ်သော အလွန်တရာလှပသော ရူပါရုံရှုရန်သူ၏ နှောင့်ယှက်ခြင်းကိုသိ၏။ သိသဖြင့် စိတ်ကိုချိုးနှိမ်ကာ မတော်သော အရာကိုပြုဖို့ မဆိုထားဘိ စိတ်မှာမျှမထားဘဲ သတိရတိုင်း ထိုအနှောင့်အယှက်ကို မောင်းနှင်တွန်းလှန်၍ ပစ်ရလေသတည်း။

ဤသို့သင်ပြရာ၌ အခါများစွာ သူငယ်မကလေး၏ ဖခင်မှာ စက်ထဲတွင် အလုပ်များသဖြင့် အိမ်၌ ရင်းတို့ဆရာတပည့်နှစ်ယောက်သာ ရှိလေ၏။

ထိုအခါများ၌ မြမြသည် ပက်လက်ကုလားထိုင် လက်ရန်း၌ ဒူးထောက်မှီကာ ဆရာနှင့်ဦးခေါင်းချင်းကပ်ကာ တောင်မေးမြောက်မေး ထွေထွေရာရာတို့ကို မေးတတ်၏။

တစ်ခါတစ်ခါ ခင်မောင်၏ မျက်နှာကို မျက်တောင်ကလေးစင်းစင်းထားပြီး မရဲသော မျက်လုံးများနှင့် တောင့်တသော စိတ်ဆန္ဒ၏ အရိုးကို ထိုမျက်လုံးများမှ ဝမ်းနည်းသော အမူအရာနှင့် ခွင့်လွှတ်သည်ကို သိရလေ၏။

"ဒင်း ဘာပြုလို့ ငါ့ကို ဤနည်းမျိုးနှင့် ကြည့်ရပါသလဲ ငါသည်





သူထက်ကြီး၏ ထူးထူးခြားခြား ရုပ်ဆင်းလက္ခဏာမှာလည်း လှပသူမဟုတ်ပိုထက် ချောမောလှပငယ်ရွယ်သူတွေ အများပင်ရှိကြသည်။ ငါလိုလူအပေါ်၌ သူကဲ့သို့ ငယ်ရွယ်လှပ ဂုဏ်သရေကြီးလှသော မိန်းကလေးသည် စိတ်နေစိတ်ထား ဖောက်ပြန်၍ ကစားနိုင်ဖို့ နည်းလမ်းမရှိပေ၊ အဘယ်သို့သော အချင်းအရာပေနည်း" စသည်ဖြင့် ခင်မောင်သည် တွေးတောဒီလေသတည်း။

ထို့ပြင်မက တစ်ခါတစ်ရံ ခင်မောင်၏ အနား၌ ပွတ်သီးပွတ်သတ်နေချင်သော အမူအရာမျိုးနှင့် စကားပြော၍ နေခိုက်မှာ အိမ်သားတစ်ယောက်ယောက် ဘွားခနဲပေါ်ပေါက်၍ လာမည့်အရိပ်နိမိတ်ကို မြင်သည့်အခါ ဆုတ်ခွာ၍နေတတ်၏။

ဖခင်ရှိသည့်အခါများ၌လည်း ခင်မောင်နှင့် လွန်စွာအရောတဝင်အရိပ်လက္ခဏာကို မပြချေ၊ ထိုကဲ့သို့ ဖြစ်ခြင်းသည် အဘယ်သို့သော စိတ်၏လက္ခဏာဖြစ်ပါသနည်းဟူ၍ ခင်မောင်၏ စိတ်၌တွေးကြံကာ အကြောင်းရင်းကို ရှာ၍မရဘဲနေလေ၏။

ညတစ်ည၌ လရောင်ကလေး ခတ်မှိန်မှိန်တွင် ခင်မောင်သည် အိမ်ခြံအပြင်ဘက် တောနီမ့်လမ်းကြား တစ်ခု၌ အဘယ်ကိုသွားရမည်ဟု ရည်ရွယ်ချက်က တစ်စုံတစ်ရာမရှိဘဲ လျှောက်၍နေလေ၏။ သို့လျှောက်ရင်း ချောင်းကမ်းပါးသို့ ရောက်သွားလေသတည်း။

မြစ်ကမ်းနား၌ လရောင်မှေးမှေး ရေးရေးတွင် လှုပ်ရှားသော ရေရောင်နှင့် တိမ်ရိပ်ပမာ လေထဲတွင် မသိမသာ ရွေ့ပြောင်းလှုပ်ရှား ဇေဒါတပ်ကြီးများကို ကြည့်ကာနေလေ၏။

သို့နေခိုက်တွင် နောက်မှခြေသံကြားရသဖြင့် ထိတ်ခနဲဖြစ်ကာလှည့်၍ကြည့်လိုက်ရာ အတိုင်းမသိ အံ့အားသင့်ခြင်း အံ့ဩခြင်းနှင့်ကြောက်ရွံ့ခြင်း ဝမ်းမြောက်ခြင်းတွေ ရောယှက်၍နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုမြင်ရသော သဏ္ဌာန်သည်ကား အခြားမဟုတ်၊ သစ်ပင်ပျို ကလေး တစ်ပင်၏အကိုင်းကို ဆွဲကိုင်လှုပ်ရှားကာ ခေါင်းငုံ့လျက်နေသော မမြပင်ဖြစ်သည်ကို သိရသောကြောင့် ပေတည်း . . .။

ခင်မောင်သည် ရုတ်တရက် စကားမပြောနိုင်ဘဲ နေလေ၏။ "မမြ မဟုတ်နိုင်ပါဘူး၊ ဒင်း ဘာပြုလို့ သန်းခေါင်ခန့် နီးနီးအချိန်မှာ ငါ့နောက် ကို လိုက်လာသင့်ပါသလဲ ဖုတ်ပြိတ္တာ တစ္ဆေဟာ မမြအသွင်အမှုနဲ့ ဖန် ဆင်း၍လာလေသလား" စသည်ဖြင့် စဉ်းစားကာ မိမိ၏ မျက်စိများကို ပင် မိမိမယုံနိုင်လောက်အောင်ရှိရာလေ၏။

အတန်ငယ်ကြာမှ . . .

"မြ ဟုတ်ကဲ့လား"

ဟုမေးလေရာ မမြသည် တစ်စုံတစ်ရာကို အသနားခံလိုသည် နှင့်တူသော မျက်နှာနှင့်ခင်မောင်၏ မျက်နှာကို မော်၍ကြည့်လေ၏။ စကားပြန်၍မပြောချေ။

"မမြ ဘယ့်နှာတုံး ဘာဖြစ်လာသလဲ"

"ကျွန်မ မနေနိုင်ဘူး ကိုကို ကျွန်မအိပ်လို့ မပျော်ဘူး"

"မင်း ဖေဖေကော"

"ဖေဖေ အိပ်ပျော်နေတယ်"

"အမယ်လေး မမြရယ် ဒီလိုမလုပ်ပါနဲ့ ကိုကိုဒီမှာ မနေရအောင် နှင်တာလား ကလေးရယ် . . . မင်းဖေဖေသိရင် ကိုကိုပြေးရလိမ့်မယ်၊ ကလေးဒီလိုလုပ်ရင် ကိုကို ဒီမှာနေလို့မဖြစ်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲကိုကို မြကို မုန်းလို့လား"

ဟု မော့ကာပြောလျက် ရဲတင်းစွာ ကပ်၍လာလေ၏။

"ကလေးရယ်"ဟူသော စကားသည် မြ၏ နှလုံးကြောကိုဆတ် ဆတ်တုန် ထိသကဲ့သို့ဖြစ်သွားလေ၏။






လရောင်မှေးမှေး၌ မြင်ရသော ဖြူဝင်းဖပ ြမြ၏ မျက်နှာလှလှ ကလေးကို ခင်မောင်သည် စိုက်ကာမကြည့်ဘဲ မနေနိုင်ရုံမက လက်နှစ် ဖက်နှင့် ကိုင်ညှစ်ကာ ကိုက်ငုံ့ဝါးခဲ အသည်းအသန်ကြံချင်သလိုဖြစ်၍ လာ သော စိတ်ကို ခင်မောင်သည် ဖိနှိပ်ကာ မနည်းကြီးငြင်းဆန်ရရှာလေ သတည်း။

"သားရေပေါ် အိပ်လျက် သားရေပြားကို ထိုး၍မဖောက်ကောင်း ပါကလား၊ ငါကား အသုံးမကျ ရာထူးကျလာတဲ့ အကောင်၊ ရွှေ့အလား အလာ ဘာမှမရှိ အသက်ကိုချင့်ကြည့်ရင်လည်း ဒင်း၏တစ်ဝက်ကြီးပါ ကလား ဒင်းကလေးမှာတော့ အသက်အရွယ်ကလည်း ဥစ္စာကလည်းပေါ ရုပ်ကလည်းချောတာကြောင့် မင်း သူဌေးဝတ်လုံတော်ရ အရာရှိလူမျိုး များနှင့်ရပြီး ကြီးမြင့်မယ့် သူကလေးဖြစ်ပေတယ်၊ ကျေးဇူးမဲ့ကို ငါပြုလျှင် ငါဟာ ယောကျာ်းကောင်း ယောကျာ်းမြတ် အဖြစ်မှ လျှောကျပြီး သူယုတ် မာပြင်ပြင်ဖြစ်တော့မှာပါတကား"ဟူသော အကြောင်းအရာများကို မျက် စိတစ်မှိတ် လျှပ်တစ်ပြက်တစ်ခဏအတွင်း၌ အကုန်အစင် လျင်မြန်စွာ ထင်မြင်စဉ်းစားမိရှာလေသတည်း။

သို့သော်လည်း နှလုံးသားကို ရစ်ပတ်သော အချစ်ဆိုတဲ့ ပိုးကြိုး သည်ကား လွန်စွာမှုခိုင်မာမြဲသော ကြိုးဖြစ်လေရာ ထိုကဲ့သို့ ငြင်းဆန် ရုန်းပြန်ရာ၌ နှလုံးသားကို ဖြတ်တောက်ကာ သက်ဆင်းဝင်ရောက်လေရ ကား ထိုကဲ့သို့ ငြင်းဆန်ရခြင်း၌ နှလုံးသွေး တစ်ပေါက်ပေါက်ကျသလို နာကျင်ခြင်းဖြစ်ရရှာလေသတည်း။

"ဘာပြုလို့ လာတာလဲ ပြောစမ်းပါဦး၊ မနေနိုင်ဘူးဆိုတာ ဘာလဲ"

"ကိုကို့ကို ဖေဖေတစ်ခါမျှ မပြောဖူးဘူးလား"

"ဘာလဲ"

မမြသည် အတန်ကလေးကြာစွာ စကားမပြောဘဲ နေပြီးမှငိုငို


www.burmeseclassic.com

www.burmeseclassic.com

မဲ့မဲ့မျက်နှာနှင့် . . .

"မြကို ဖေဖေက မြို့အုပ်ကြီးတစ်ယောက်နဲ့ ပေးစားမယ်လို့ ကြံနေတယ် ကိုကိုရဲ့၊ ဒီမြို့အုပ်ကြီး မျက်နှာကိုကြည့်ရတာ မြအင်မတန်ကြောက်တယ်၊ မကောင်းတဲ့ လူကြီးလို့ ထင်တာပဲ"

"ဩော် . . . ဟုတ်လား ဘယ်ကမြို့အုပ်လဲ"

"ဟသ်ာတက မြို့အုပ် နက်ဖြန်ကာ အိမ်ကိုလာလိမ့်မယ်တဲ့ မြတို့ကို ထမင်းစားဖိတ်လို့ သူ့အိမ်ကို ဖေဖေနဲ့ အတူလိုက်သွားဖူးတယ်၊ ကျွန်မစိတ်ထဲမှာတော့ အသောက်သမားကြီးလို့ ထင်တာပဲ၊ မြ ဒီမြို့အုပ်ကို ယူရမှာဖြစ်ရင် မြကိုယ့်ကို မြသတ်သေမှာပဲ"

"ကိုကို ဘာမှမသိဘူး မြို့အုပ်ဖြစ်ရင် အကောင်းသားပဲသောက်တာ စားတာတွေ အရေးမကြီးပါဘူး အခုအခါမှာ အနည်းအကျဉ်းတော့ သောက်တဲ့လူတွေ ရှိကြတာပဲ၊ မင်းစိုးအရာရှိထဲမှာ သာပြီးများတယ် သို့သော်လည်း ရာထူးနဲ့ လူတွေမှာ ရှေ့အလားအလာရှိတယ် သည့်အတွက် မိမိကိုယ်ကို ပျက်စီးအောင် အလွန်အကျွန် ကျင့်မှာမဟုတ်ပါဘူး၊ မြို့အုပ်ကတော်ဖြစ်ရင် တစ်ဆင့်ပြီးတစ်ဆင့် ဝန်ထောက်ကတော် အရေးပိုင်ကတော်ဖြစ်သွားနိုင်တာပဲ မိန်းမတိုင်း မမြလို ကံမကောင်းကြဘူး၊ မမြ မမှားနဲ့ အဖေ့စကားကို နားထောင်ပါ . . ."

"ဒီနေရာမှာတော့ မြ နားမထောင်နိုင်ဘူး မြို့အုပ်ကတော်လည်း မဖြစ်ချင်ဘူး၊ မြတို့မှာ ပစ္စည်းအမြောက်အမြားရှိပါတယ်။ မြို့အုပ် လခက ဘာဟုတ်သလဲ မြ မချစ်တဲ့ လူကိုမယူနိုင်ဘူး"

ခင်မောင်သည် စကားပြန်၍ မပြောဘဲ မြကို ကြင်နာသနားသော မျက်လုံးများနှင့် စိုက်ကြည့်၍နေလေ၏။

"မြို့အုပ်ကို မလိုချင်ရင် ကိုကိုက ဘယ့်နှယ်လုပ်ရမလဲ"

မြသည် သစ်ကိုင်းကလေးကို ကိုင်ယမ်းလှုပ်ရှား ချိုးဖွဲ့ကာ ခေါင်း





ငုံ့လျက် စကားမပြောဘဲ နေလေ၏။

အေးချမ်းသိမ်မွေ့သော လေပြည်၌ မြ၏ ကိုယ်မှ မွှေးကြိုင်သော ရနံ့တို့သည် ခင်မောင်၏ နှာမှ ရင်ခေါင်းသို့ရောက်လေရာ ခင်မောင်မှာ တတုန်ကရင် ဖြစ်၍သွားလေ၏။

ခင်မောင်သည် မိမိ၏စိတ်ကို အစိုးမရသကဲ့သို့ ဖြစ်ပြီးလျှင် မြ၏အပါးသို့ရောက်သွားလေ၏။ ခင်မောင်၏ လက်သည် မြ၏ကျောဘက်သို့ ပတ်ရစ်ကာ ရောက်သွားလေ၏။

ထို့နောက် လက်သည် ပခုံးပေါ်သို့ ရောက်သွားပြီးလျှင် နူးညံ့ပျော့ပျောင်းသော မြ၏ လက်မောင်းပေါ်မှ လျှောဆင်း၍ လာပြီးလျှင် ရှည်လျားချောညက်သော လက်ချောင်းကလေးများနှင့် ကတ္တီပါသားနှင့်တူသော လက်ခုံကလေးကို ဆုပ်ကိုင်မိလေသတည်း။

မြသည် ငြိမ်သက်စွာ ခံ၍နေလေ၏။ ထို့နောက် ခင်မောင်၏ စူးစိုက်သော မျက်နှာကိုမော်ကြည့်ကာ ခင်မောင်၏လက်ထဲမှ မိမိ၏လက်ကိုပြန်၍ ရုပ်သိမ်းပြီး . . .

"ပြန်တော့မယ် ကိုကိုရယ်"

ဟုပြောကာ နောက်သို့လှည့်ပြီး တောနိမ့်လမ်းကွေ့ကလေးတွင် ပျောက်ကွယ်၍ သွားလေသတည်း။

ခင်မောင်သည် ကြက်သေသေလျက် ရပ်ကာ ပျောက်ကွယ်၍ သွားသည့်တိုင်အောင် နောက်ကနေ၍ ကြည့်နေစဉ် အချစ်နှင့်သစ္စာစောင့်ခြင်းသည် ရင်ထဲ၌ စစ်တိုက်၍ နေသည်ကိုသိရှိ ခံစားရလေသတည်း။

"ဤနုနုနယ်နယ် ချင်ဖွယ်ကောင်းလှသော ကလေးမသည် ကြမ်းတမ်းခက်တရော်သော မြို့အုပ်ဆိုတဲ့ ယောက်ျားကြီး၏ ရင်ခွင်ထဲသို့ ဧကန်ပင်ရောက်ရတော့မည်လား"ဟု စဉ်းစားကာ မချိတင့်ကဲဖြစ်၍လာလေ၏။

ထို့နောက် "ငါနှင့်မဆိုင်ပါဘူးလေ၊ ဒင်းကလေးဟာ အဖိုးတန်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားတစ်ယောက်နဲ့ ညားရင် ဝါဝမ်းသာဖို့ပဲ၊ ဒင်း ငါဘယ်အတွက် ကြောင့် တွေးတော ပူပင်မရွှင်မသာ ဖြစ်သင့်ပါသတုံး”စသည်ဖြင့် ဆင်ခြင်ကာ နေလေသတည်း။

ထို့နောက် ဆက်ခါတွေးမိသည်မှာ “ငါ့ သူငယ်ချင်း ငါ့ကျေးဇူးရှင်၏ သမီးမဟုတ်ရင် ဒင်းကလေးဟာ ငါ၏နှလုံးတည်းသော ကြာတိုက်၌ သိမ်းပိုက်ရမယ့် ပန်းလိပ်ပြာကလေးပါကလား၊ ကလေးငယ်ငယ် လူမမယ်မို့ အရွယ်ကိုသနား ဩော် . . . ချစ်စရာကောင်းတာကတော့လည်း မနည်းဘဲပါလား၊ အရိပ်နေနေ အခက်ချိုးချိုး ခေါင်းမှာနေ၍ ခေါင်းကို ထိုးသည့် သန်းမျိုးပြိတ္တာ သူ့ဖျာအကြား သူ့ခါးကို ထိုကြမ်းပိုးညစ် အယုတ်မာလိ မညှာမတာ ဋ္ဌန်းချစ်ကလေး သာသာကို ရက်စက်စွာ ကြံမိက အင်မတန်မှ ရှက်စရာကောင်းမှာ ပါသလား”စသည်ဖြင့် တွေးတောရင်း အိမ်ဘက်သို့ တဖြည်းဖြည်းလျှောက်၍လာလေ၏။

✲ ✲ ✲

## အခန်း (၂)

နောက်တစ်နေ့နံနက် ခင်မောင်သည် အိပ်ရာနိုးလာသောအခါ ညဥ့်အခါက ဖြစ်ပျက်ခဲ့သော အကြောင်းအရာကို ပြန်၍ထင်မြင်တွေးတောကာ အိပ်မက်မှတ်ထင်၍နေသဖြင့် မိမိကိုယ်ကို အများကြီးထပ်မံ စစ်ဆေးမေးမြန်းခြင်း ပြုရလေသတည်း။

နံနက်ခင်း နေရောင်သည် ပြတင်းပေါက်မှ ရက်ကန်းရှည်သလို သက်ဆင်းဝင်ရောက်ကာ အိပ်ရာခြေရင်း၌ အဝင်းသားနေလေ၏။ ခင်မောင်သည် နေရောင်၌ ပျံဝဲလျက်နေကြသော မြူမှုန်ကလေးများကို ကြည့်ရင်း မိမိ၏ ထူးဆန်းသော အဖြစ်အပျက်ကို တွေးတော ဆင်ခြင်ကာ နေလေသတည်း။

“ဤအိမ်မှ စောစောထွက်၍ ပြေးရလျှင် ကောင်းလေမည်လား၊ ထွက်၍ မသွားဘဲ ကြာကြာနေလျှင် အဘယ်ပုံဖြစ်မည်နည်း၊ ဤခါ[illegible]ယ်

www.burmeseclassic.com

www.burmeseclassic.com



သနားဖွယ်သော တပည့်မကလေး၏ စိတ်ကား မိမိအပေါ်၌ တစ်နည်းနည်းအားဖြင့် ယိမ်းညွတ်ခြင်းဖြစ်သည်မှာ မှန်၏။ သို့သော်လည်း မောင်ဖွားမရှိသော မိန်းကလေးတို့၏ ဓမ္မတာ အစ်ကိုအရွယ် မောင်ကြီးအရွယ် ယောက်ျားများကို ချစ်ခင်တတ်ကြသည့် ဓမ္မတာသဘောအရ ၎င်းအား ရိုးရိုးချစ်ခင်ခြင်းပေးလော မိမိမချစ်မနှစ်သက်သော သူ၏ဘေးကြောင့် ခိုကိုးရာမဲ့ဖြစ်ကာ မောင်ကြီးပမာ ဆရာတစ်ပါး ၎င်းအားကိုးစားလျက် စိတ်ထဲ၌ ဖိနှိပ်၍ မထားနိုင်သော ကြောက်ရွံ့မုန်းထားစရာ အကြောင်းအရာကို ရိုးရိုးပြောရှာခြင်းပင်ဖြစ်လေသလား"စသည်များကို တွေးလေ တွေးလေ စိတ်ထဲ၌ ဝေခွဲ၍မရလေ ဖြစ်၍နေလေသတည်း။

ခင်မောင် အိပ်သော နေရာသည် အိမ်အပေါ်ထပ်ရှေ့ခန်းအကျယ်ကြီးဖြစ်လေရာ သီးခြားအခန်းဟူ၍ မဆိုသာ၊ အိမ်သားဟူသမျှ လာရောက်ကူးသန်းသွားလာနိုင်သော နေရာဖြစ်လေ၏။

မိမိ၏ ခုတင်ခေါင်းရင်းဘက်၌ရှိသော ဘုရားစင်မှအသံကို ကြားရသဖြင့် ကြည့်လိုက်သောအခါ ပန်းအိုးများကို ပြင်ဆင်ပန်းထိုးနေသော မြကို မြင်ရလေ၏။

မြသည် ပန်းအိုးများကို ယူကာ အိမ်ရှေ့ပြတင်းပေါက်မှ ပန်းဟောင်းများကို ပစ်သွန်၍ချပြီး ပန်းအိုးလွတ်များကို ယူလျက် ထွက်သွားလေ၏။ သို့သွားရင်း ခင်မောင်၏ အိပ်ရာကို စောင်းငဲ့ကာ ကြည့်၍သွားသည်ကိုမြင်လိုက်ရလေ၏။

အတန်ငယ်ကြာသောအခါ ပန်းအသစ်တွေဝေလျက် နေသော ပန်းအိုးများကို လင်ပန်းတစ်ခု၌တင်ကာ ပြန်၍ဝင်လာရာ အခန်းတံခါးကို ဝင်မိသည်နှင့် တစ်ပြိုင်တည်း ခင်မောင်၏ အိပ်ရာသို့ လှမ်း၍ကြည့်သည်ကို သိရလေ၏။ မြ၏ မျက်နှာမှာ ဝမ်းနည်းသော တိမ်ညိုကလေး သန်းလျက်ရှိသည်ကို သိမြင်ရလေ၏။





မကြာမီ ပန်းအိုးများကို တင်ပြီး မြသည် ဘုရားစင်ရှေ့၌ ပုဆစ်တုပ်ကာ ဘုရားရှိခိုး၍ နေလေ၏။

ခင်မောင်သည်ကား မြ၏ဘက်သို့ တစောင်းလှည့်ကာ ဘုရားကို ရှိခိုး၍ နေသူကလေး၏ကျောကို ကြည့်လျက် ဖယောင်းပမာ နုနယ်သေးသွယ်ပန်းစပယ်ကလေးကဲ့သို့ [illegible]နေသော ဤအပြင်အပ ရုပ်ချောသူကလေး၏ အတွင်းသဏ္ဍာန်၌ [illegible]ကဲ့သို့သော လှိုင်းတံပိုးရေတွ လှုပ်ရှားစ ပြု၍နေသည်ကို ဆင်ခြင်မိလေ၏။

ဂုဏ်ပကာသနကို လွန်စွာတပ်မက်သော လူကြီးမိဘတို့သည် နုနယ် သေးငယ်သနားဖွယ်သော မိမိတို့ [illegible]လေးများကို အချစ်၏ တင်းပုတ်ဖြင့် မိမိတို့ ကိုယ်တိုင်မသိဘဲ အ[illegible]မျလောက်နှိပ်စက် ညှင်းပန်းနိုင်ကြသည်ကို တွေးတော ဆင်ခြင်မိ[illegible]

"မိဘတို့သည် သားသမီးများကို ကောင်[illegible]စေချင်[illegible]ည်း ထိုကောင်းစား စေချင်သော စိတ်အရ ပြုမူစီမံချက်များသည် အခါများစွာ ရက်စက်မှန်းမသိက ရက်စက်၍ နေတတ်သည်များကို မိဘတို့ကိုယ်တိုင်မသိကြပါတကား၊ မြို့အုပ်ကို ယောက္ခမတော်ချင်သဖြင့် ပန်းပွင့်ကလေးနှင့်တူသော သမီးကညာကလေး၏ နှလုံးကို ဂုဏ်မာနဟုခေါ်သော လမ်းကြိတ်စက် အင်ဂျင်ဖြင့် မိမိ၏ သူငယ်ချင်း မောင်ဖေသည် ကြိတ်ခြေခြင်း ပြုတော့မှာပါတကား" ဟူသော အကြောင်းများကို ထင်မြင်ကာ ချစ်လှသော တပည့်မကလေးအတွက် ကြီးစွာသော တာဝန်ဖြစ်၍နေလေ၏။

ဘုရားရှိခိုးနေသော မြ၏ အသံကလေးသည် ခင်မောင်၏ နှလုံးတွင်းသို့ အေးချမ်းစွာ စိမ့်ဆင်းလာလေ၏။ ထိုအသံ ကလေးကို ကြားရလေငြိမ်း သနားလေလေ ဖြစ်လေ၏။ သနားခြင်းဟူသော မြေဩဇာသည် အချစ်တည်းဟူသော ပန်းပင်ကို တိုးတက်လန်းရွှင်အောင်ပြုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ညက ဟိုတောဘက်ချောင်းအနီးမှာ ပွေ့ယူချီမကလေးလို ယုယခြင်း မပြုလိုက်ရခြင်းအတွက် မကြေမချမ်းဖြစ်သော စိတ်ပေါ်လာလေ၏။ ထိုစိတ်ကို အခွင့်ပြုကာ လက်လွှတ်စပယ် ထွေထွေရာရာတွေကို ဆက်ကာ တွေးပြီး သက်မကြီးချလိုက်လေရာ နှုတ်က ဘုရားရှိခိုးကို ရွတ်လျက် စိတ်နှင့် နားကို ခုတင်ဘက်သို့ လွှတ်၍ထားသော မမြသည် ခင်မောင်သက်မကြီးချသည်ကို ကြားသိသလိုဖြစ်ပြီး နောက်သို့ လှည့်ကြည့်လိုက်လေရာ မျက်လုံးချင်း ဆိုင်မိသဖြင့် ခင်မောင်သည် မျက်လုံးကိုမှိတ်ကာ "ငါဘာတွေကို တွေးမိပါလိမ့်မလဲ"ဟု သတိရပြီး စိတ်ကို တစ်ဖန်ပြန်၍ ချုပ်တည်းလိုက်လေ၏။

ထို့နောက် ခင်မောင် ထ,၍ စောင်ခေါက်မည်အပြုတွင် မမြအပါးသို့ ရောက်လာပြီး . . .

"ကိုကို . . . ထားခဲ့ပါ၊ မြ . . . ခေါက်ပါ့မယ် . . ."

ဟု ပြောကာ စောင်ကို ခင်မောင် လက်ထဲမှ ဆွဲယူလေ၏။

"မင်းဖေဖေကော ထပြီလား"

"ကြာလှပြီ ကိုကို ဖေဖေ စက်ထဲသွားပြီ"

"ဪ . . . ဒါဖြင့် ကိုကို အတော်နေမြင့်သွားပါကလား"

ဟုပြောပြီး ပြဘင်းပေါက်အနီး၌ အသင့်မြင်ရသော မျက်နှာသစ်ရေချိုင့်ရှိရာသို့ သွားပြီး မျက်နှာသစ်လေ၏။

မျက်နှာသစ်ပြီး၍ မျက်နှာကို သုတ်ရန် အိပ်ရာသို့ ပြန်လာသောအခါ မြသည် မျက်နှာသုတ်ပဝါကို ကိုင်လျက် အသင့်စောင့်နေသည်ကို မြင်ရလေ၏။

ခင်မောင်သည် မျက်နှာသုတ်ပဝါကို ယူပြီး မျက်နှာကို သုတ်လေ၏။ မမြက . . .

"ကိုကို ရေချိုးပါဦးလား၊ ကျွန်မ လက်ဖက်ရည်ပြင်လိုက်ဦးမယ်"





ဟု ပြောလေ၏။

ခင်မောင်သည် မျက်နှာသုတ်ပဝါကို ပခုံးထက်တင်ကာ အိမ်ပေါ်မှဆင်း၍သွားလေ၏။

ရေချိုးခန်း၌ ဆပ်ပြာခွက်ကိုကြည့်လေရာ ရှိနေကျနေရာ၌ မရှိသည်ကို သိရလေ၏။

ရေချိုးခန်းမှာ လုံခြုံစွာပိတ်ဆို့သော တကယ့်အခန်းမဟုတ်၊ အကွယ်အကာကလေးနှင့် ရေချိုးသော နေရာမျှဖြစ်လေရာ လျှို့ဝှက်၍ ချိုးရသော နေရာမဟုတ်သဖြင့် ယောကျ်ားများ ချိုးသည့်အခါ၌ မြင်သာသောနေရာ ဖြစ်လေ၏။

ခင်မောင်သည် ဆပ်ပြာခွက် အဘယ်မှာရှိသည်ကို ရပ်၍ ကြည့်နေခိုက်တွင် မမြသည် ဆပ်ပြာခွက်ကိုယူလာပြီး . . .

"ဪ . . . ကိုကို ဆပ်ပြာရှာနေသလား မြ ခုတင်က . . ."

ဟုပြောပြီး ဆပ်ပြာခွက်ကို ပေးလေရာ ခင်မောင်က လှမ်းအယူတွင် မမြ၏လက်ကလေးကို အုပ်ခါကိုင်မိသဖြင့် တစ်မိနစ်နီးနီးကြာ၍ သွားသော်လည်း မမြသည် ငြိမ်သက်စွာနေလေ၏။

ထို့နောက်မှ ခင်မောင်က သတိရပြီး "ငါ ဘာကိုလုပ်မိပါသလဲ" ဟု မိမိကိုယ်ကို မိမိအပြစ်တင်ကာ ဆပ်ပြာခွက်ကို ယူရင်း လက်ကိုရုပ်သိမ်းလိုက်လေ၏။

ထို့နောက် ခင်မောင်သည် ရေစည်ပိုင်းပြတ်အနီး၌ ထိုင်ကာ ရေခွက်ကို ကိုင်လျက် စည်ပိုင်းထဲတွင် နစ်မြုပ်ရင်း ရေကို မခတ်သေးဘဲ အချစ်တည်းဟူသော သဲဗွက်ထဲ၌ မိမိသည် နစ်မြုပ်မှန်းမသိ တဖြည်းဖြည်း နစ်မြုပ်ရတော့မည် အရေးကို တွေးတောဆင်ခြင် အကြောက်ဝင်လျက် ငါ ဒီအိမ်ကို စွန့်၍ပြေးမှတော်တော့မည်ဟု စိတ်ထဲတွင် အောက်မေ့မိရှာလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးပြီး၍ အိမ်ပေါ်သို့ တက်ကာ အဝတ်မလဲမီ ထိုအကြောင်းကို ဆက်လက်တွေးတောရင်း ခုတင်ပေါ်၌ ထိုင်၍နေခိုက်တွင် မမြသည် လက်ဖက်ရည်များ မုန့်များကို ဇွလင်ပန်းကလေးနှင့် ယူ၍လာလေ၏။

"ဪ . . . မြက တယ် ဒုက္ခရှာတာ ကိုးကွဲ့၊ ကိုကိုလာပြီး သောက်မှာပေါ့ . . ."

ဟု ပြောလေရာ မြသည် ပြုံးစနဲ့နဲ့နှင့် စကားပြန်မပြောဘဲ အပြစ်ရှိသော ကျောင်းသားသည် ဆရာရှေ့၌ရပ်သလို ရပ်ကာ နေလေ၏။ ထို့နောက် . . .

"ဒါ ဒုက္ခ မဟုတ်ပါဘူး ကိုကို . . ."

"ဒုက္ခမဟုတ်ရင် . . . ဘာလဲ . . . အင်း . . . သုခလား"

ဟု လွှတ်ခနဲ အလိုလိုထွက်သွားပြီး ဟင် ငါဘာပြောမိပါသလဲ ဟု သတိရလေ၏။

မမြ၏ ထူးခြားသော ပြုံးခြင်းသည် တစ်ခန်းလုံးကို နေရောင်ထက်၍ လင်းစေသကဲ့သို့ မှတ်ထင်ရလေ၏။

"မြ ဒါမျိုးလုပ်ကိုင်ရတာ ပျော်တယ်၊ သုခတစ်မျိုးပါပဲ၊ ကိုကို မုန့်စားပါ . . ."

ခင်မောင်သည် ထောပတ်သုတ်ပြီးသားဖြစ်သော နို့ဘီစကွတ်ကလေးတစ်ခုကို ကိုင်ကာ သေချာစွာကြည့်လျက် အတယ်အတွက် ဤမျှလောက် မိမိကို ဂရုစိုက်သည့်အကြောင်းကို ဆင်ခြင်စဉ်းစားပြီး မြ၏ မျက်နှာကိုကြည့်လေ၏။

"စားပါ . . . ကိုကို ဘာကြည့်နေတာလဲ မြဆေးတွေ ဝါးတွေ မတတ်ပါဘူး . . ."

"ဆေးခတ်ဖို့လည်း မလိုပါဘူး ထင်ပါရဲ့"

ဟု ခင်မောင်က ပြန်ပြောမိလေ၏။





ခင်မောင်သည် မိမိ၏စိတ်ကို အဘယ်မျှပင် ချုပ်တည်းစေကာမူ ကံကြမ္မာနှင့် မဟာမိတ်ဖွဲ့ကာ ဒုက္ခကိုရှာဖို့ ကြံစည်၍နေသော နှုတ်လျှာသည် တောက်ခါ ငင်ခါ ပြောစရာစကားကလေးများကို လွယ်ကူစွာ တွေ့ပြီး လွှတ်ခနဲ ပြောမိလေ၏။ ပြောပြီးတိုင်းလည်း နောင်တရလေ၏။

မြ၏ မျက်နှာမှာ ဝင်းထိန်၍သွားလေသတည်း။

ထို့နောက် ညက အဖြစ်အပျက်ကို တွေးပြီး စကားမပြောဘဲ ဆိတ်ငြိမ်စွာနေလေ၏။

"မြ ညက ဘာလုပ်လာသလဲ၊ ကိုကိုကြောက်လိုက်တာ နောက်ကို ဒီလိုမလုပ်နဲ့နော် . . . မကောင်းဘူး"

မမြသည် စကားပြန်၍ မပြောဘဲ ဝမ်းနည်းသလိုဖြစ်၍ သွားလေ၏။ ထို့နောက် . . .

"မြ ဘယ်လိုဖြစ်မှန်းမသိဘူး၊ ဒီကနေမြို့အုပ်လာလိမ့်မယ်၊ မြမတွေ့ချင်ဘူး ဒီမြို့အုပ်လက်ထဲက ကယ်မယ့်လူမရှိတော့ဘူး ထင်တာပဲ"

ခင်မောင်သည် စိတ်မကောင်းသော အမူအရာနှင့် လက်ဖက်ရည်ပန်းကန်ကိုသာ စိုက်ကာကြည့်၍နေရင်း သက်မကြီးချလိုက်လေ၏။ မြကို မချစ်ဘဲ မသနားဘဲ မနေနိုင်။

တစ်ခါတစ်ရံ စာသင်ရာ၌ သူငယ်မကလေး ကြောက်အောင်စိတ်ဆိုးပြီး မိမိကို မုန်းအောင် ခက်တရော် တင်းမာစွာ ပြောဆိုသင်ပြရလျှင် တော်လေမည်လားဟု စိတ်၌ကြံမိလေ၏။ သို့သော်လည်း စိတ်မဆိုးဘဲ မမုန်းဘဲလျက် ဝမ်းနည်းခြင်းဖြစ်၍နေမှာကို တွေးတော သနားမိပြန်လေ၏။

တစ်ခါတစ်ရံ ဝမ်းနည်းချင် နည်းပါစေ၊ ငါ့ကို သူအရောမဝင်ရအောင် မျက်နှာကို တင်းတင်းထားပြီး စကားမာမာပြောမည်ဟု ကြံလေ



www.burmeseclassic.com

www.burmeseclassic.com



၏။ သို့ပင် ကြံသော်လည်း မြကိုတွေ့ရသောအခါ ခက်တရော် ကြမ်းတမ်းသော အမူအရာကို မသုံးနိုင်ဘဲ နေလေ၏။

ထိုနေ့၌ကား ငါသူ့ကို မျက်နှာသာမပေး ငါကြိမ်းမောင်းသင်မည်ဟု စိတ်ကိုတင်းလိုက်လေ၏။

ဤသို့ တင်းသည့်အတိုင်း လက်ဖက်ရည်သောက်ပြီး နောက် အောက်ထပ်၌ စာသင်၍ ပေးသောအခါ အတော်ခက်သော မြန်မာစာပိုဒ်များကို အင်္ဂလိပ်လို အပြန်ခိုင်းလေ၏။ မြမှာ အခက်ကြုံ၍နေ၏။

ထိုအခါ ခင်မောင်သည် စိတ်ဆိုးမာန်ဆိုး အမူအရာနှင့် မျက်နှာ ထားကြီးစွာထားလျက် . . .

"မင်း . . . ဒီလိုသင်လို့ ဘယ်တော့တတ်နိုင်မှာလဲ၊ အမှတ်သညာ မထားဘဲကိုးကွဲ့၊ ဒါဘာခက်လို့လဲ တစ်ခါပြောရင် မှတ်မိရောပေါ့၊ မင်း တတ်ချင်တဲ့ စိတ်မရှိရင် ဘာလုပ်ငါ့ကိုဒုက္ခပေးပြီး သင်နေသေးသလဲ၊ အခုလိုဖြစ်လျှင် ငါသင်ပေးရတာ အလကားအပိုပေါ့၊ ဒီလိုဖြစ်လျှင် ငါ သင်မပေးနိုင်ဘူး"

စသည်ဖြင့် ပြောကာ ကိုင်၍ထားသော စာအုပ်ကိုကြမ်းပေါ်သို့ ဒေါသနှင့်ပစ်ချလေ၏။

မြသည်ကား ပုဆစ်တုပ်ကာ ခေါင်းငုံ့လျက်နေရာမှ ရှိုက်ငိုသော အမူအရာသည် မြင့်ချည် နိမ့်ချည်နေသော နေသောကျောထက်သို့ ပေါ်၍လာလေ၏။

ထိုအခိုက်တွင် မောင်ဖေသည် ၎င်းတို့သင်သော နေရာအနီး မြက် ကြီးပေါ်၌ ရပ်ကာ ပြုံးလျက်ကြည့်၍ နေလေ၏။ ခင်မောင်သည်တား မောင်ဖေက ရယ်မောလျက် . . .

"ဆရာက တယ်စိတ်တိုတာကိုးကွဲ့၊ တပည့်ကလည်း ကြောက် တတ်တာနဲ့တော့ ဟန်ကျနေပြီ၊ မမြက ကြောက်ရင် မေ့ကုန်ရော ဆရာ





ရဲ့၊ မြကလည်းကွယ် ကြိုးစားမှပေါ့၊ ဆရာဆိုတာ တတ်စေချင်လို့ ပြော တာဆိုတာပဲ၊ ဝမ်းမနည်းနဲ့ . . ."

ဟုပြောလေ၏။

မမြသည် ထိုအခါကျမှ မျက်ရည်ကို သုတ်လျက် သိသိသာသာ ငိုပြီး . . .

"သိပ်သိပ်ပြီး ကြိမ်းတာပဲ မြက ရိုက်တာခံချင်သေးတယ်၊ အခုမှ သင်စရှိသေးတယ် မြဘယ့်နှယ်လုပ်ပြီး ဒါတွေနားလည်ပါ့မလဲ"

ဟုပြောပြီး ထ၍သွားလေ၏။

မောင်ဖေလည်း ခင်မောင်အနားမှာ ထိုင်လေ၏။ ခင်မောင်က ပြုံးရယ်လျက် မြကို နောက်ကနေ၍ ကြည့်လိုက်လေ၏။

"မင်းက တတ်စေချင်တဲ့ စေတနာနဲ့ သိပ်ပြီးသင်တာဟုတ်ပါရဲ့၊ သို့သော်လည်း နည်းနည်းချော့ပြီး သင်မှဖြစ်မယ်၊ မိတဆိုးကလေးဖြစ် လေတော့ ငါလည်း အလိုလိုက်မိတာပဲ၊ အပြောအဆိုခံလေ့မရှိဘူး ကလေး က စိတ်ငယ်တတ်တယ် . . ."

"ဒီကနေ့ ဘာဖြစ်မှန်းမသိဘူး စိတ်အခန့်မသင့်တာနဲ့ ဖြစ်သွား တယ်၊ ကျုပ်စိတ်ကလည်း တယ်ကြီး အဟုတ်မဟုတ်သေးတာနဲ့၊ ဒီလို ဖြစ်တာပဲ မိတ်ဆွေ နောက်မှ သတိထားပြီး ချော့မော့သင်ပေးရမှာပဲ"

"တယ်ကြီးလည်းမချောနဲ့ အင်မတန်ကြီးလည်း အလိုမလိုက်နဲ့၊ ခပ်တည်တည်ကလေး သင်ပေးတာပေါ့၊ နဂိုက ခပ်ဆိုးချင်ချင်ရယ် ငယ် ငယ်ကတည်းက အားလုံးကဝိုင်းပြီးမှတ်ယာခဲ့ကြတာကိုး၊ တစ်ယောက် တည်းလည်း ဖြစ်ပြန် လူကုံထံသမီးဆိုတော့ မိတဆိုးကလေးလည်း ဖြစ် တာနဲ့ ဝိုင်းဖျက်ကြတာပဲဆိုပါတော့လေ၊ ဒါထက် မြို့အုပ်မင်း ဒီကနေ့ ဒီအိမ်မှာ ထမင်းဘားလိမ့်မယ်၊ တယ်ပညာကောင်းတဲ့လူ မိတ်ဆွေနဲ့ အသိ ဖွဲ့ပေးရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြော၍ ထသွားပြီးလျှင် အစေခံများအား ချက်ပြုတ်စီမံရန် အမိန့်ပေးပြီး သမီးထံသွား၍ စာကိုကြိုးစားသင်ရန် ဖျောင်းဖျပြောဆိုပြီး မြို့အုပ်မင်း လာမည့်အကြောင်းပြောလေ၏။

"မြို့အုပ်လာရင် မြ ဘာလုပ်ရမလဲ . . ."

"ဘာမှမလုပ်ရပါဘူး သမီးရယ် သမီးမှာ အမေရှိတာမဟုတ်ဘူး ဖအေတစ်ခု သမီးတစ်ခုပဲရှိတယ် ဒီတော့ သမီးက ကြည့်ရှုအစေခံများ ခိုင်းစေ ဧည့်ဝတ်ကျေအောင်လုပ်ရမပေါ့၊ သမီးရှေ့ကို လူလုပ်ဖို့အများ ကြီးရှိသေးတယ် ဂုဏ်သရေရှိ မိကောင်းဖခင် သမီးပီပီ လူ့အသုံးအနှုန်း အပြောအဆို အပေါင်းအသင်းများကို တတ်အောင်သင်ဖို့ရှိသေးတယ် အခုလို ရှူးရှူးပေါ်ပေါ် ကလေးလိုနေလို့မဖြစ်ဘူး . . ."

စသည်ဖြင့် ပြောလေ၏။

ထိုကဲ့သို့ စကားပြောဆို၍ နေကြစဉ် လူညိုညိုပိန်ပိန် ပါးပါး အပျော်အပါးကြောင့် အသားခြောက်လျက် ရင်စစသဏ္ဌာန်ရှိသော အသက် ၃၀ ကျော်ခန့်ရှိ မြို့အုပ်မောင်ကြွားသည် အိမ်သို့ရောက်လာလေ၏။

ခင်မောင်သည်ကား ၎င်းကို မြင်မြင်ချင်း ယင်း၏စရိုက်ကို အလွှင် ဖြင့် သိလေ၏။

စက်သူဌေး မောင်ဖေသည်ကား ၎င်းလူ၌ ဘီအေနှင့် ရာထူး၏ ဂုဏ်ကြောင့် နောင်ကြီးပွားတိုးတက်မည့် အလားအလာတို့ကိုသာ မျှော် မြင်ကာ မောင်ကြွား၏ သဏ္ဌာန်၌ အပြစ်အနာတို့ကိုမမြင် ကျက်သရေ အရောင်အဝါတို့ကိုသာ မြင်လျက်နေလေသဖြင့် ၎င်းကိုမြင်သောအခါ အားရဝမ်းသာ ကြည်ဖြူစွာ နှုတ်ဆက်ရင်း ထိုင်ရာမှထ၍ သွားလေရာ ခင်မောင်လည်း မောင်ဖေ၏အပါး၌ ပါသွားလေ၏။ မမြသည်ကား ပေါ် ၍ မလာဘဲနေလေ၏။





မြို့အုပ်မင်းအား အိမ်ဦးခန်းရှိ စားပွဲကုလားထိုင်များသို့ ပင့်၍ ခေါ်ပြီး စားပွဲ၌ဝိုင်းရံထိုင်ကြရာ မောင်ဖေက ခင်မောင်ကို မြို့အုပ်နှင့် အသိဖွဲ့၍ ပေးလေ၏။ ခင်မောင်နှင့် မြို့အုပ်လည်း တစ်ယောက်ကို တစ် ယောက်ခေါင်းညိတ်ကာ နှုတ်ဆက်ကြ၏။ မြို့အုပ်သည်ကား ပြုံးမျှ မပြုံး ချေ။

ခင်မောင်သည် မြို့အုပ်ကို မသိမသာ အကဲခတ်လေ၏။ အကယ် ၍ အပျော်အပါး လိုက်စားခြင်း မလွန်ချေက ထိုလူသည် ပြည့်ဖြိုးစိုပြည် အသားအရေကောင်းလျက် အတော်ပင်ကောင်းသော ရုပ်လက္ခဏာရှိ မည်ကို ခင်မောင်တွေးမိလေ၏။

သို့သော်လည်း မခိုင်မမြဲ အမြဲပွင့်၍နေသော နှုတ်ခမ်းများမငြိမ် မသက် မတည်မကြည်သော မျက်လုံးများကိုလည်း ခင်မောင်သတိထား မိလေ၏။ အကြောင်းမူကား မိမိချစ်လှသော တပည့်မကလေးအတွက် မှန်းထားသော ယောက်ျားဖြစ်လေရာ အဘယ်ကဲ့သို့သော သူဖြစ်မည်ကို ခင်မောင်သည် အကဲမခတ်ဘဲ မနေနိုင်ချေ။

သို့အကဲခတ်ရာ၌ မမြအတွက် စိတ်အားမတက်စရာ အချက်တွေ ကို တွေ့ရလေရာ အတော်ပင် စိတ်မကောင်းဖြစ်ရှာလေသတည်း။

မြို့အုပ်ရောက်၍လာခြင်းသည် သူဌေးမောင်ဖေ၌ ဝါနာမင်းကြီး လာသလောက် အရေးကြီး၍ နေလေ၏။ အစေခံများအား လက်ဖက်ရည် များ မုန့်များ ပြင်ဆင်ရန် ခိုင်းလေ၏။ မိမိ၏ အခန်းသို့သွားပြီး မကြာမီ လက်ဖက်ရည်၊ မုန့်၊ စီးကရက်၊ ကွမ်း၊ ဆေး လက်ဖက်စားစရာများ ရောက် ၍လာလေ၏။

မြို့အုပ်သည်ကား မိမိကြိုက်နှစ်သက်သောအရာ တစ်စုံတစ်ရာ မျှ မပါသည်ကို မြင်ရသောအခါ စိတ်ထဲ၌ ဟာလာဟင်းလင်းဖြစ်၍ သွား လေ၏။ အကြောင်းမူကား ဝီစကီ ဘရန်ဒီမပါသော စားဖွယ်သောက်ဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ဟူသမျှ ဆာဒါအကြမ်း အဖြူထည်လက်ဖက်ရည်ကဲ့သို့ သဘောထားသူ ဖြစ်လေ၏။

သို့သော်လည်း သူဌေးက သောက်ပါ စားပါဟု ပြောသောအခါ မစားဘူး မသောက်ဖူးသဖြင့် သောက်ရစားရမှာကို မရဲသော အမူအရာ အဘယ်လိုဟာမျိုးပါလိမ့်ဟု ဆင်ခြင်သည့်အသွင် လက္ခဏာမျိုးနှင့် စမ်းတဝါးဝါး စားသောက်လေ၏။ မိမိက စကားများစွာမပြော မောင်ဖေ ပြောသောစကားများကိုသာ ခေါင်းညိတ်ကာလိုက်လေ၏။

ခင်မောင်ကိုမူကား တစ်ခါတစ်ခါမျှသာ ကြည့်လေ၏။ သို့ကြည့်ရာ၌လည်း လူကိုကြည့်ပုံမျိုးမဟုတ်၊ အသက်မရှိသော အရာဝတ္ထုတစ်ခုခုကို ကြည့်သည့်နည်းမျိုးနှင့် ကြည့်လေ၏။

မောင်ဖေသည်ကား မိမိ၏ အလုပ်အကိုင် အကြောင်းကို များစွာ ပြောလေ၏။ မြို့အုပ်မင်း စကားများစွာ မပြောသည်ကို မောင်ဖေ၏ စိတ်၌ လေးနက်၍ အနှစ်သာရပြည့်ခြင်းတစ်မျိုးဟု မှတ်ထင်အယူရှိလေ၏။

မြို့အုပ်မင်းမှာမူကား ယောက္ခမလောင်း အနံ့ရမှာစိုးသဖြင့် ထိုနေ့နံနက်ဖက်အတွက် ဝီစကီသေစာ မပြည့်အောင် ဝေရာမဏီလုပ်၍ လာရခြင်းကြောင့် စတင်အခိုး တစ်မျိုးညှံ့ကာ လေအားမသန်သော ကြောင့် ဖြစ်လေ၏။

မောင်ဖေသည် မိမိ၏အလုပ်အကိုင်များ အကြောင်းကို ပြောရာမှ အိမ်မှုရေးရာ အကြောင်းကို ရောက်လေရာ တစ်ဦးတည်းသော သမီးကလေး မပြောက်သို့ စကားဆက်လျက် ၎င်းအား မောင်ခင်မောင်ကား အင်္ဂလိပ်စာ သင်၍ပေးနေကြောင်းပြောပြလေ၏။

ထိုအခါကျမှ ခင်မောင်ကို ကြည့်သော မြို့အုပ်၏မျက်လုံးများ၌ အသက်ဝင်ကာ ခင်မောင်သည် ကျွန်းတိုင် သစ်သားမဟုတ် လူဟုတ်





ကြောင်းကို သတိရသလို ဖြစ်လေ၏။

သို့သော်လည်း ၎င်း၏မျက်လုံးများ၌ မယုံသင်္ကာဖြစ်ပြီး ဤလူတာ အင်္ဂလိပ်စာ ချောက်ချီးချောက်ချက်နှင့် တောနယ်ကိုလျှောက်ကာ ဗြွားဝါလိမ်လည်သော ဆရာတစ်မျိုးဖြစ်သည်ဟု မှတ်ထင်ရှုတ်ချသော အသွင်ရှိလေ၏။

ခင်မောင်သည်ကား စကားမပြောဘဲ နေလေ၏။ ထိုအခါမောင်ဖေသည် ခင်မောင်၏ အကြောင်းကို အနည်းငယ်ပြောပြလေလျှင် ခင်မောင်က မိမိအကြောင်းကို စကားရောက်သဖြင့် အထောက်အခံ သဘောနှင့် အဖြစ်အပျက်ကို ပြော၍ပြကာမှ မြို့အုပ်၏မျက်နှာ၌ ယုံကြည်စိတ်ပေါ်လာပြီး လက်ကိုပေးလေ၏။

ခင်မောင်က ဆွဲကိုင် နှုတ်ဆက်ရာ အေးစက်စက်နေသော မြို့အုပ်၏လက်မှာ မထက်မသန် မခိုင်မြဲစိတ်ထဲမပါ ပေါ့ဆဆ နှုတ်ဆက်ခြင်းမျှ ဖြစ်သည်ကို သိရလျက် ၎င်း၏ လက်ကိုကိုင်ရခြင်း၌ မြွေကင်းသတ္တဝါတစ်မျိုးကို ကိုင်ရသလို ဖြစ်လျက် စိတ်ထဲ၌ မသန့်သလိုဖြစ်၍ သွားလေ၏။

ထို့နောက် ခင်မောင်အား ရန်ကုန်မြို့၌ ရှိသော မိမိ၏ အသိအကျွမ်းဖြစ်သည့် လူကုံထံ အချို့အကြောင်းကို မေးစမြုံလေရာ ခင်မောင်၏ ဖြေစကားများကို ထောက်သဖြင့် မိမိထက်ပင် အသိမိတ်ဆွေ များကြောင်းများကို သိသဖြင့် အပြင်အပ ဖော်ရွေသော အသွင်ကိုပြသော်လည်း စိတ်ကမကြည်ဖြူ ဤအိမ်၌ ဤသားနားသော လူတစ်ယောက်ရောက်၍နေခြင်းဟာ မိမိနှင့် မမြအကြား၌ အနှောင့်အယှက်များဖြစ်မည်လားဟု တွေးတော ပူပန်သည့်စိတ်မျိုးပေါ်ပေါက်၍လာလေ၏။

ခင်မောင်၏ အမူအရာအပြောအဆို၌လည်း မိမိကိုများစွာ လိုလားဟန်မရှိသည့် အသွင်ကိုသိမြင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မိမိကမြို့အုပ် သူက ဆပ်အင်စပိတ်တော်အရာ ကျဟူသော ခြားနားခြင်း အခြေအနေကို ယောက်သဖြင့် မိမိကသာ အရေးသာမည်ကို ယုံကြည်စိတ်ချ၍ နေလိုက်လေ၏။

ထို့နောက် မောင်ဖေက မမြအကြောင်းကို ပြောရာ၌ မြို့အုပ်မင်းအား . . .

"ကိုင်း . . . မြို့အုပ်မင်း နမ အင်္ဂလိပ်စာ တော်တော်ကလေးများနေရာကျပ့်မလားဆိုတာ မေးမြန်းစစ်ဆေးကြည့်စမ်းပါ"

ဟုပြောပြီး . . .

"မမြရေ ဟဲ့ ကလေးမ . . . လာပါဦးလားဟဲ့ ဟောသည် နင့်အစ်ကိုကြီးက သင်တဲ့စာများ ကြည့်ချင်လို့တဲ့ လာစမ်းပါဦး လဟဲ့"

ဟုခေါ်လေ၏။ မမြသည် အတန်ကလေး ကြာသောအခါ မရဲတရဲ ရှက်ကိုးရှက်ကန်းအမူအရာနှင့် ၊ ၊အုပ်ကို ပိတ်ကာ အိမ်ပေါ်မှ ဆင်း၍လာလေ၏။

လှေကားပေါ်မှ ခင်မောင်၏ မျက်နှာကိုလှမ်း၍ ကြည့်လေ၏။ မမြ မိမိကို ကြည့်သည်ကို ခင်မောင်သည် သတိထားလိုက်မိ၏။ မြို့အုပ်သည်လည်း ခင်မောင်ကို မသိမသာ အကဲခတ်၍ နေသူဖြစ်လေ၏။

ခင့်မောင်သည်ကား မျက်နှာ၌ မမြနှင့်ပတ်သက်၍ တစ်စုံတစ်ရာ လှုပ်ရှားသော အသွင်ကို မဖြစ်ပေါ်စေဘဲ ဆရာတို့၏ အသွင် ဣန္ဒြေနှင့်သာ နေလေ၏။ သို့ဣန္ဒြေရရ မျက်နှာမပျက်နေနိုင်ခြင်းမှာလည်း မမြသည် ရင်းမြို့အုပ်ကို အဟုတ်တကယ် မလိုလားမကြည်ဖြူကြောင်းကို သိရသည့်ပြင် လှေကားမှဆင်း၍ လာရာ၌ မိမိ၏ မျက်နှာကိုလှမ်း၍ ဂရုစိုက်သော မမြ၏ မျက်လုံးများ၌ ကြောင့်ကြ ပူပင်ခြင်း၏ အရိပ် အရောင်အသွင်အပြင်ကိုသိသာထင်ရှားစွာမြင်လိုက်ရသောကြောင့်ပေတည်း။

ထိုအသွင်အပြင်သည်ကား "ငါမြို့အုပ်ကို လေးစားဂရုပြုသည်





ဟု ကိုကို၏စိတ်ထဲမှာ မတော်တဆ မှောက်မှား မှတ်ထင်ခြင်းဖြစ်လေလေား"ဟူသော ကြောင့်ကြ ပူပင်ခြင်း၏ အရိပ်အရောင်ဖြစ်သည်ကို သိရလေ၏။

မမြသည် ရင်းတို့၏အပါးသို့ ရောက်၍လာလေ၏။ မနီးမဝေး၌ မရဲတရဲ ရှက်ကိုး ရှက်ကန်းဖြစ်ကာ နံရံကို ဘေးတိုက်မှီလျက် မည်သူကိုမျှ မကြည့်ဘဲ စားပွဲကိုသာ စိုက်လျက်ကြည့်၍နေလေ၏။

"လာလဟယ် . . . တယ်ကြောက်တတ် ရှက်တတ်တာ ကိုးကွဲ့၊ မိန်းကလေးဆိုတာ ဣန္ဒြေသိက္ခာ ရှိရတာပဲ၊ သို့ပေမယ့် အကြောင်းမဲ့ ကိုယ့်မှာ ဘာအပြစ်မှ မရှိဘဲနဲ့ မကြောက်ရဘူးသမီးရဲ့"

ဟု အားပေးလေ၏။

မြို့အုပ်သည် ပြုံးလျက် မမြ၏ မျက်နှာကို မှတ်သိပ်ဆာလောင်ကြောင်း၏ပမာ ကြွက်အစာကို မြင်ကာ တတ်မက် လောဘဇောတက်သည့်အသွင်အပြင်မျိုးနှင့် ကြည့်လေ၏။

မမြသည်ကား မြို့အုပ်ကို မကြည့်ဘဲ လက်ထဲရှိ စာအုပ်ကိုသာ တိုင်လှန် ဖွင့်လှစ်ရင်း စာရွက်များပေါ်၌ လှပသောလက်ချောင်းကလေးများကို ကစားရင်း ဖခင်၏ ကုလားထိုင်နောက်နားသို့ ဖြည်းညှင်းစွာ ကပ်၍လာပြီး လက်တစ်ဖက်နှင့် ကုလားထိုင်နောက်မှီကို ကိုင်လေသတည်း။

မြို့အုပ်မှာ များစွာ မငြိမ်မသက်ဖြစ်၍ လာလေ၏။ ကုလားထိုင်ပေါ်၌ လှုပ်လှုပ်ရှားရှား နေရာရွှေ့သလိုဖြစ်လေ၏။ မိမိ၏ မျက်နှာ၌ နှိမ်နင်း လျှို့ဝှက်၍မရအောင် တက်၍ ကြွ၍လာသော ဇောဆန္ဒဒီလှိုင်းအဟုန်ကို ပပျောက်အောင် ကြိုးစား၍ မရလောက်သဖြင့် စီးကရက်ဘူးကို လှမ်းယူကာ စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိပြီး မျက်နှာကိုမော့လျက် အိမ်အပေါ်ဆင့်ရက်မများ ဆင့်များကို ကြည့်ပြီး စီးကရက် မီးခိုးများကို သဘော်ခေါင်းတိုင်မှ လွှတ်သလို လွှတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့မျက်နှာကို စားပွဲပေါ်မှ အထက်သို့ ပင့်မြှောက်ရာတွင် ၎င်း၏ လျှင်မြန်သော မျက်လုံးအရှိန်သည် မမြ၏ ဝင်းပပနှင့် ကျက်သရေရှိလှသော မျက်နှာပေါ်၌ တစ်စက္ကန့်မျှ ရပ်နား၍ သွားလေသတည်း။

ခင်မောင်သည်ကား "မြွေ မြွေချင်း ခြေကိုမြင်သည်" ဟူသော စကားအရ မမြတည်းဟူသော ရှုပါရုံမီးတောက်၌ အကင်ခံရသော မြို့အုပ်တည်းဟူသော အသားခြောက်မှာ တွန့်လိမ်လှုပ်ရှား အဘယ်ပုံ ဒိုးပတ်က ကနေသည်များကို သတိထားမိလေ၏။

"စာသင်တာ ဘယ်လောက်ကြာပြီလဲ မှန်းစမ်း ဘာစာအုပ်လဲ"

ဟုဆိုကာ လက်ကိုဆန့်ကမ်းလေ၏။ မမြသည် စာအုပ်ကို ပေးရင်း . . .

"သေသေချာချာ သင်ရတာ တစ်လလောက် ရှိပါသေးတယ်"

"သင်နေတာ ၈ လလောက်ရှိနေပြီ မြို့အုပ်မင်းရဲ့ သို့သော်လည်း ဆရာရယ်လို့ မရှိခဲ့ဘူး တစ်ခါတစ်လေ စက်ထဲက စာရေးကြီးက ပြပေးတယ်၊ အခုမှ ကျုပ်မိတ်ဆွေ ရောက်လာတာနဲ့ ကျကျနနသင်ရတယ်ဆိုပါတော့"

မြို့အုပ်သည် စာအုပ်ကို ကိုင်လှန်ပြီး . . .

"စာအုပ်က တော်တော်မြင့်ပါကလား"ဟုပြောပြီး မမြအား စာတစ်ပုဒ်ကို ဖတ်ခိုင်းလေ၏။ မမြသည် အပါး၌ ရပ်ကာဖတ်ရလေ၏။ မမြသည် ၎င်းမြို့အုပ်၏အပါး၌ ရပ်ရသည်ကို မခံမရပ်နိုင်အောင် ဖြစ်လေ၏။

မြို့အုပ်သည် မမြ၏ မျက်နှာကို မကြာကြာ စတိုင်ပါပါနှင့် ကြည့်ရာ မမြမှာ မခံမရပ်နိုင်ဖြစ်လျက် ၎င်းမြို့အုပ်၏ မျက်လုံးများသည် မိမိ၏မျက်နှာကို မီးတောက်မီးလျှံပမာ ရှို့မြိုက်သည်ဟု စိတ်၌မှတ်ထင်ကာ မကြည်မသာ ဖြစ်လေ၏။ မြို့အုပ်၏ အပါး၌ ရပ်ရခြင်းမှာ မမြ၏ စိတ်





၌ ကြီးစွာ ဝန်လေးခြင်းဖြစ်သဖြင့် စာလုံးများကို မမြင်သကဲ့သို့ဖြစ်ကာ အလွယ်ဆုံးသော စာကိုပင် ထစ်ထစ်ငေါ့ငေါ့နှင့် ချောမောစွာ မဖတ်နိုင်ဘဲနေလေ၏။

၎င်း၏မကြည်သာသော မျက်နှာကို မြို့အုပ်သိမြင်လေ၏။ မောင်ဖေလည်း သတိထားမိလေ၏။ ခင်မောင်မှာ ပက်လက်ကုလားထိုင်နောက်ကိုမှီကာ တင်ပျဉ်ခွိတ်လျက် မိမိရှေ့တည့်တည့်တွင်ရှိသော ပြတင်းပေါက်ကိုသာ စူးစိုက်ကာ ကြည့်ရင်း စီးကရက်ကိုဖွာ၍နေလေ၏။

သို့နေရင်း မြို့အုပ်မေးသော ပြောသော စကားများ၌ မမြနားထောင်၍ ကောင်းအောင် ပြုလုပ်ပြောဆိုသည့် လုပ်သံကို သိရသဖြင့် ထိုမြို့အုပ်၏ လည်မျိုကို ကိုင်ဖြစ်ကာ အိမ်ပေါ်မှ ပစ်၍ချလျှင် ကောင်းလေမည်လားဟု တစ်ခါ နှစ်ခါ စိတ်အကြံပြုမိလေသတည်း။

မြို့အုပ်၏ စကားများ၌ မမြနှင့်များစွာ အကျွမ်းဝင်၍နေသော အနေစကားအသုံးအနှုန်းများပါရှိလေရာ ထိုစကားများသည် မမြ၏ကျော၌ အစိမ်းတစ္ဆေပက်သလို ချမ်းခနဲ စိမ့်ခနဲဖြစ်လေ၏။

မောင်ဖေသည် မမြ၏ မကြည်သာခြင်းကို သိမြင်လေ၏။ ခင်မောင်၏ မျက်နှာကို တစ်ခါ နှစ်ခါကြည့်လေ၏။ ထိုကဲ့သို့ ကြည့်သည်ကို ခင်မောင်၏ လျှင်မြန်သော မျက်လုံးများသည် မြင်သိလိုက်၏။ အဘယ်အတွက် ဤကဲ့သို့ကြည့်ပါသလဲ ဟုစိတ်၌ တွေးမိလေ၏။ သို့သော်လည်း ဆက်ကာမတွေးဘဲ အမှတ်တမဲ့ နေလိုက်လေ၏။

စာဖတ်၍ ပြီးသောအခါ မမြသည် စာအုပ်ကိုပိတ်ပြီး မည်သူ့အပြောကိုမှ မစောင့်ဘဲ အိမ်ပေါ်သို့ တက်သွားလေ၏။

ဖခင်ဖြစ်သူက မိမိ၏သမီး အရက်အကြောက်ကြီးကြောင်းကို ပြောပြလေ၏။ မြို့အုပ်၏စိတ်ထဲ၌မူ မိမိနှင့် မှန်းထားကြောင်းမမြ သိသဖြင့် ရှက်ကိုးရှက်ကန်းဖြစ်၍နေသည်ဟု မှတ်ထင်လေ၏။ မောင်ဖေ၏ စိတ်၌လည်း ထို့အတူ တွေးမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မမြမှာမူ မြို့အုပ်၏ အပါး၌ ခဏမျှ ရပ်ရသည်ကို အကြာကြီး မှတ်ထင်လိုက်၏။ မြို့အုပ်၏အငွေ့အသက်သည် မိမိအပေါ်၌ မှိုင်းလက်နက်ပမာ ဆိုးရှားသည်ဟု မှတ်ထင်ကာ စာအုပ်ကိုပစ်ချ၍ပြီး အိပ်ရာနံဘေး၌ရှိသော အော်ဒီကလုံးရေမွှေးကိုရှူ၍ ဦးခေါင်း၌ ဆွတ်ပြီးလျှင် အသက်ရှူမဝသလိုလို ဖြစ်သဖြင့် အိပ်ရာ၌ လှဲ၍နေလေ၏။

"ဒီလူနဲ့ ငါ့ကိုပေးစားရင် ဇကန်သေရလိမ့်မယ်"ဟုတွေးတောကာ မော၍ နေလေသတည်း။

မောင်ဖေ၏စိတ်၌ နောက်ထပ်မံအတွေးပေါ်လာပြန်သည်မှာ ခင်မောင်နှင့်တွေ့စက မမြသည် ဤကဲ့သို့ ကြောက်ရှက်သော အသွင်မရှိ၊ ခင်မောင်နှင့် တစ်ခုခုများဖြစ်လေသလားဟူသောအတွေးဖြစ်လေ၏။ သို့သော်လည်း ခင်မောင်၏ရိုးသားပုံကို စဉ်းစားမိသောအခါ တစ်စုံတစ်ရာ ဖြမ်နိုင်ဖို့ မရှိဟု စိတ်ချလိုက်လေသတည်း။

မီးဖိုချောင်၌ရှိသော မျက်လုံးနှစ်လုံး သည်ကားအကြောင်းအရာကို မောင်ဖေထက် ပို၍သိလေ၏။ အကြောင်းမူကား ခင်မောင်ရောက်လာကတည်းက မမြအဘယ်ပုံအနေအထိုင်ပြောင်းသည်ကို လည်းကောင်း၊ ခင်မောင်နှင့် စာသင်ရသည့်အခါတိုင်း မမြမှာ အဘယ်မျှလောက် ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်သာသာ ရှိသည်ကိုလည်းကောင်း ဤမြို့အုပ်နှင့်တွေ့သောအခါ ဘယ်ပုံတစ်မျိုးဖြစ်သည်ကိုလည်းကောင်း ထိုမျက်လုံးနှစ်လုံးသည် ဒိုင်ယာရီလို အမှတ်အသားပြု၍ ထားလေ၏။ အကြောင်းမူကား မမြနှင့် မောင်နှမနှစ်ဝမ်းကွဲတော်စပ်သူ အောင်ကဲသည် ထိုအိမ်၌ ထမင်းစားကျွန်ခံလုပ်ကာ မီးဖိုချောင်၌ အပတ်တကုတ် အလုပ်လုပ်ကိုင်၍ နေသည်မှာ မမြအပါးမှာ မခွာနိုင်သောကြောင့် ဖြစ်ရာလေသတည်း။

မီးဖိုချောင်၌ အခြားအစေခံမိန်းမများရှိကြသော်လည်း အောင်





ကဲသည် ထိုမိန်းမများအနက် တစ်ယောက်မှ မိမိနှင့် အဖက်မတန်ဟု သဘောရရှိလေ၏။ အကြောင်းမူကား မမြ၏ကွယ်လွန်သော မိခင်ဘက်က စပ်လိုက်လျှင် သူဌေး မောင်ဖေနှင့် ဆွေမျိုးနီးစပ်ဖြစ်၍ နေလေရာ သူဌေးအငွေ့အသက်ပါသူဖြစ်ကြောင်း မိမိကိုယ်ကို ကောင်းစွာသိလေ၏။

မြို့အုပ်နှင့် မမြစပ်ထားကြောင်း၊ ဖခင်ဖြစ်သူက စပ်သော်လည်း မမြမှာ ရှိန်းရှိန်းဖိန်းဖိန်းမျှ မဖြစ်ကြောင်း၊ မြို့အုပ်နှင့်ပေးစားလျှင် ရေထဲခုန်ဆင်း၍ သေမည်ဟူသော မမြ၏စကားများကို လည်းကောင်း ကြားသိဖူး၏။ ယနေ့မြို့အုပ်နှင့် တွေ့ရာ၌လည်း မမြ၏မျက်နှာထား အဘယ်ပုံရှိသည်ကို သတိထားမိလေ၏။

အောင်ကဲ၏ စိတ်၌ကား မြို့အုပ်သာ မိမိ၏ရန်သူဖြစ်သည်ဟု သဘောရလေရာ မြို့အုပ်ကို မမြမကြိုက်ကြောင်း သိရခြင်း၌ အောင်ကဲ၏စိတ်ထဲမှာ မိမိ၏အတွက်ပဲဟု အခါခါ သဘောရခဲ့လေ၏။ ခင်မောင်မှာမူ ဤအိမ်၌ ကမ်စား ရပ်စားဖြစ်သဖြင့် မိမိထက်ပင် အခြေနိမ့်သည်ဟု သဘောရလျက် ခင်မောင်၏ရန်ကို ခွင်းနှံ့ရန် မခက်ဟု စိတ်ချ၍ထားလေ၏။ အကြောင်းမူကား မိမိမှာ ခင်မောင်ထက် ငယ်ဂုဏ်ရှိသည်ကို သိလေ၏။

အစေခံခေါင်း ဒေါ်စာဥကလည်း 'ဆွေချင်းထပ်မြတ် မျိုးချင်းခြုံလုံ'ဟူသော စကားကို အကိုးအကားပြုကာ အခါခါအားပေးလေ၏။ မမြ ကိုယ်တိုင်ကလည်း အောင်ကဲ စိတ်မနှံ့မှန်းသိသဖြင့် အရောဝင်လေ၏။

ထိုနေ့မှာ မြို့အုပ်မင်းသည် ဤအိမ်၌ အံရက်မပါ ဆာဒါနံနက်စာကို အနိုင်နိုင်အားထုတ်ကာ စားပြီးနောက် မောင်ဖေနှင့် အတန်ငယ်စကားပြောဆိုပြီး ပြန်၍ သွားလေရာခင်မောင်ကိုမှနှုတ်ဆက်၍မသွားချေ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

မြို့အုပ်ထွက်သွားပြီးနောက် အောင်ကဲက အစေခံခေါင်း ဒေါ်စာဉထံသို့ ကပ်ပြီးလက်ကုတ်ကာ . . .

"အဒေါ် ပွဲထဲက ရန်းဆိုတာမျိုးတွေ ဖြစ်ကုန်ကြပြီ၊ သူတို့အစားကျွန်တော်ရှက်လိုက်တာ အဒေါ်ရယ် . . ."

"မင်းက ဘာရှက်နေရတာလဲ"

"ဟိုလူ နှစ်ယောက်အစားပေါ့ အဒေါ်ရဲ့၊ ဩော် . . . အောင်ကဲ . . . အောင်ကဲ မင်းမှာ ရန်သူတွေ တယ်များပါကလား အောင်ကဲရယ် . . . အဟီ"

ဟု ပန်းကန်ဆေးရင်း ပြောလေ၏။

"ဘာရန်သူတွေလဲကွဲ့"

"အို . . . အဒေါ်က သိပဲ မသိသေးဘူးလား၊ တယ်နတာကိုးလေးတင်ပွဲ ခံရလိမ့်မယ်ထင်တယ်၊ မင်းသားကလေးမှာ ဘီလူးတွေဝိုင်းနေ



သလို ဖြစ်နေတာပဲ၊ နို့ပေမယ့် ဇာတ်ထဲများမှာတော့ ဘီလူးတွေ ဘယ်လောက်များများ မင်းသားက နိုင်တာပဲ၊ အခုတော့ မင်းသားကလေးကို အောင်ကဲမှာ ဘီလူးနှစ်ယောက်နဲ့ တွေ့နေပါကော ဒေါ်စာဉရဲ့ . . ."

"ဩော် . . . ကိုအောင်ကဲ မင်းသားကလေးမှာ ဘယ်က ဘီလူးရန်သူတွေနဲ့ တွေ့နေရသလဲ"

"ဟိုမြို့အုပ်နဲ့ ဟိုဆရာဆိုတဲ့ လူပေါ့၊ လူတွေကဖြင့် လူဇော်ချည်းပဲ၊ မြအတွက် သူတို့အချင်းချင်း စောင်နေကြတယ် အဒေါ်ရဲ့၊ သိပ်ရယ်စရာကောင်းတာပဲ ငုံးဆူ လူမသိဆိုတာလို အောင်ကဲစပ်ကြားထဲက ဆူနေမှန်း သူတို့မသိရှာတော့ ရှုးနေကြတာပဲ"

"ဩော် . . . ဒီလိုလား အေးအေး အဟုတ်သားပဲ၊ ဒါထက် အောင်ကဲရေ . . . စဥ့်အိုးမှာ ရေကုန်နေပြီကွဲ့၊ ရေတစ်ထမ်းလောက်ကွယ် အဒေါ်မအားလို့ပါ ခပ်မြန်မြန်ကလေး . . . . အောင်ကဲရေ မတော်တဆ မင်းရေထမ်းတာကို မမြ မြင်သွားရင် စိတ်မကောင်းဖြစ်ပြီး အဒေါ်ကို ဆူမှာလည်း စိုးရသေးတယ်ကွဲ့"

"မမြင်အောင် ထမ်းတာပေါ့ အဒေါ်ရယ် ဟုတ်တယ် အဒေါ် ကျွန်တော်အလုပ်လုပ်တာကို သူမကြည့်နိုင်ရှာဘူး၊ ကျွန်တော်က အကဲခတ်ကြည့်တယ်"

အောင်ကဲသည် ဒေါ်စာဉ၏ စကားနှင့်အားတက်ပြီး ရေတစ်ထမ်းမက မီးဖိုရှိ အိုးတွေ ခွက်တွေမှာ မြစ်ရေလျှံ၍ ကျသွားပြီးနောက် ကျန်နေရစ်သလို အကုန်အစင် ရေပြည့်၍နေကြလေ၏။

မမြ မမြင်အောင် တိတ်တိတ်ထမ်းပါမည်ဟု ပြောသော်လည်း မိမိရေထမ်းသည်ကို မမြ မြင်ရလျှင် အသနားသာ၍ ပိုပြီးအချစ်မှာ အမြစ်သာ၍ စွဲမှာပဲဟု စိတ်ထဲမှာ အောက်မေ့ကာ မမြ မြင်အောင် တမင်သက်သက် ရေကိုများစွာထမ်းခြင်းပင်ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မမြသည်ကား မြို့အုပ်ရောက်လာခြင်းအတွက် စိတ်လက်မကြည်မသာဖြစ်ကာ မိမိ၏အခန်းအိပ်ရာတွင် ပက်လက်လှန်လျက် "ဒီမုန်းစရာကောင်းတဲ့ မြို့အုပ်ကို ငါအဟုတ်တကယ်ယူရတော့မှာလား၊ မြွေပွေး မြွေဟောက်နှင့်တူသော ၎င်း၏ကြောက်စရာကောင်းသော လက်မောင်းများထဲမှာ ငါသည် တကယ်ပင် ပတ်ရစ်မွှေ့ယမ်းခြင်းကို ခံရတော့မှာလား"

စသည်ဖြင့် တွေးတောဆင်ခြင်ကာ ရင်ထဲမှာ မီးဝင်၍ တောက်လျက်နေလေသတည်း။

ထိုနေ့မှစ၍ မြို့အုပ်မင်းသည် အိမ်ကို မကြာမကြာရောက်လေ၏။ ရောက်သည့်အခါတိုင်း မမြကို အင်္ဂလိပ်စာ စစ်ဆေးမေးလေ့ရှိရာ မမြမှာ ၎င်းလာသမျှသော နေ့များ၌ အသူရကာယ်တိုင်းပြည်ကို ရောက်လာသကဲ့သို့ ဖြစ်လေ၏။ မြို့အုပ်သည် မမြကို စစ်မေးရုံမက ခင်မောင်သင်ပြသော နည်းလမ်းများကိုပင် အပြစ်ရှာစပြုလေ၏။ မမြ၏ စိတ်၌ ခင်မောင်ကိုမသိမသာ အထင်အမြင်သေးခြင်း ဖြစ်စေနိုင်သည့် စကားများကို အသုံးပြုလေ၏။

ခင်မောင်မှာမူကား . . . မမြအပေါ်သို့ ညွှတ်ယိမ်းသောစိတ်၏ တိုးတက်ခြင်း အရှိန်ကို အနိုင်နိုင်ချုပ်တည်းကာ မကြာမီစွန့်ခွာ၍ သွားဖို့ရန် သန္နိဋ္ဌာန်ချပြီး ဖြစ်လေရာ မိမိအပေါ်၌မမြ အထင်အမြင်သေးလျှင် မိမိ၏လွတ်မြောက်ခြင်းလမ်းသည် သာလွန်လွယ်ကူဖို့ရှိသည်ဟု အောက်မေ့ကာ မြို့အုပ်အပေါ်၌ အဘယ်သို့မှသဘောမထားရုံမက မိမိကို ဤကဲ့သို့ အကဲယုတ်အောင် ကြိုးစားခြင်းသည် မိမိကောင်းဖို့ဖြစ်သည်ဟု သဘောထားကာ တစ်နည်းအားဖြင့် မြို့အုပ်ကို ကျေးဇူးတင်လေ၏။

ထိုကဲ့သို့ နေရာ၌ မမြစိတ်မှာ မြို့အုပ်၏လက်မှလွတ်အောင် ကယ်နိုင်သူသည် ခင်မောင်သာဖြစ်သည်ဟု အားကိုးပြုပြီးလျှင် ခင်မောင်ကို တစ်နေ့ထက် တစ်နေ့ ပိုမို၍ အစိုးရအောင် ရှုပါရုံခါတ်အစွမ်းဖြင့်





အနည်းနည်း ညှဉ်းပန်းလေ၏။

ခင်မောင်သည်ကား ရှေးကနှင့်မတူ မြေအပေါ်၌ မျက်နှာသာမပေး တိုး၍သာတည်မြဲလျက် မိမိ၏ စိတ်နှလုံးကို ဣန္ဒြေတည်းဟူသော ကျုံးမြောင်း ခံတပ်တို့ဖြင့် ခိုင်လုံအောင်ပြုလေ၏၊ သို့ ခိုင်လုံအောင်ပြုလေလေ မမြ၏စိတ်ထဲ၌ ခင်မောင်အဖိုးတန်လေလေဖြစ်လျက် ခင်မောင်၏ ရှေ့သို့ ရောက်သည့်အခါတိုင်း မျက်နှာမှာ ဝမ်းနည်းရုပ်ကို ဆောင်ရှာလေသတည်း။

တစ်နေ့သ၌ အိမ်မှာ မည်သူမှမရှိ၊ ခင်မောင်တစ်ယောက်တည်းသာရှိလေ၏၊ မမြသည်ကား အိမ်နောက်ဖေးရှိ ဒေါ်စာဥ၏ တင်းကုတ်ကလေး၌ ဒေါ်စာဥနှင့်စကားပြော၍ နေလေ၏။ အောင်ကဲမှာ စက်ထဲ၌ အလုပ်လုပ်၍နေလေ၏။

ခင်မောင်သည်ကား တစ်ကိုယ်တည်း အိမ်ခေါင်းရင်းရှိ ပက်လက်ကုလားထိုင်၌ စာဖတ်၍နေလေသတည်း၊ သို့ စာဖတ်၍နေခိုက်တွင် မိုးသည်းထန်စွာ ရွာသွန်းလေ၏။ ခင်မောင်သည် မိုးပက်သဖြင့် ခေါင်းရင်းကအပေါက်ကို ထ၍ပိတ်လေရာ ထိုအခါ မှောင်၍သွားသောကြောင့် စာကို မဖတ်နိုင်သဖြင့် စာအုပ်ကိုပိတ်ပြီး နဖူးထက်တွင် လက်တင်လျက် မေးမှိတ်ကာ မိမိ၏ ထူးခြားသော အခြေအနေကို ဆင်ခြင်၍ နေလေသတည်း။

ထိုအခိုက်တွင် မမြသည် ကျောက်ကာ ဗန်းကလေးဟစ်ခုနှင့် ဦးခေါင်းကို ဆောင်းကာ အိမ်ပေါ်သို့တက်၍ လာလေ၏။

ခင်မောင်သည် မမြင်ဟန်ဆောင်၍ နေလေ၏။ မမြသည် အိမ်ပေါ်သို့ တက်သွားလေ၏။

အတန်ငယ် ကြာသောအခါ အောက်သို့ဆင်းလာကာ ခင်မောင်၏အပါးသို့ ကပ်လာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"မြ မမိုလို့ အပေါ်မှာ မိုးတွေအများကြီးစိုနေတယ်၊ လာလုပ်ပေး စမ်းပါ . . ."

ဟုပြောပြီး လှည့်သွားရာ ခင်မောင်သည် လည်ပင်းကိုကြိုးတပ်၍ ဆွဲသလို မမေးမမြန်းဘဲ ယောင်အမ်းပြီး လိုက်ပါ၍ သွားလေ၏။

လှေကားမှာ နှစ်ယောက်သား ယှဉ်လျက် တက်သွားကြရာတွင် မမြမှာ ရှေ့နားက ကျလေ၏၊ မမြသည် ခတ်မြန်မြန်တက်သဖြင့် တစ်ချိုး သော လှေကားထစ်၌ ခြေချော်၍ သွားသဖြင့် ခင်မောင်သည် လက်တစ် ဖက်နှင့်မမြ၏ ကျောကိုဖေးမသလိုပြုလေရာ မမြမှာ မိမိဘက်သို့ ယိမ်း လာသဖြင့် ဖက်လိုက်သလိုဖြစ်၍ သွားလေ၏။

ခင်မောင်သည် မိမိလက်ကို မလွှတ်ချင်သကဲ့သို့ဖြစ်သော်လည်း လွှတ်လိုက်ရလေ၏။ သို့ လွှတ်လိုက်ရခြင်း၌ ခင်မောင်မှာ မိမိ၏ စိတ် အလိုကို များစွာ အားစိုက်၍ ငြင်းဆန်ရလေသတည်း။

မိုးသည် တိုး၍ သည်းထန်လေ၏၊ ဝှေ့တိုက်ဝင်လာသော လေ အေးသည် မမြကို ခင်မောင်၏ရင်ခွင်သို့ တိုးဝင်အောင် တိုက်တွန်းသလို လုပ်၍နေလေ၏။

အိမ်ပေါ်သို့ ရောက်သွားကြလေ၏။ ပြတင်းတံခါးများမှ လေ သည် အိမ်ကို မိုးရေဖြင့် ဆေးသလို ရိုက်ခတ်ဖျန်းပက်လေ၏၊ နှစ်ယောက် သား ပြတင်းပေါက်များကို ပိတ်ကြလေရာ နဂိုက မိုးမှောင်ကြောင့် ညို ၍နေသော အခန်းမှာ ညို့ရာမှမှောင်၍သွားသဖြင့် တစ်ယောက်ကို တစ်ယောက် ခပ်မည်းမည်းအရိပ်သာသာမျှမြင်ရလေ၏။

မမြပိတ်သော ပြတင်းပေါက်မှာ ကျပ်၍နေသဖြင့် ဆွဲ၍မရ ပြတင်းတံခါးရွက်တစ်ခုကို လေနှင့်မမြသည် သူတပြန် ငါတပြန်လု၍ နေလေ၏။ အကြောင်းမူကား ပွင့်လန်၍နေသော ၎င်းတံခါးရွက်ကို လေ သည်ပျဉ်ထောင်နှင့် တိုက်ကပ်၍ထားရာ မမြ၏ အားဖြင့် အတန်ကြာဆွဲ





ယူ၍ မရဘဲနေလေ၏။

နောက်ဆုံး၌ လေအားသည် အတော်ကလေးလျော့၍သွား သဖြင့်တံခါးရွက်သည် ပျဉ်ထောင်မှ ကွာ၍လာပြီး ပိတ်ကာ နီးသောအခါ မကောင်းကြံသော လေနတ်သားသည် အပြင်ကနေပြီးလျှင် လျင်မြန်စွာ အားနှင့်တွန်းလိုက်ရာ မမြ၏ လက်ညှိုးကလေးမှာ တံခါးရွက်နှစ်ခု၏ စပ်ကြား၌ အညှပ်ခံရသဖြင့် အတော်နာကျင်သောကြောင့် "အမယ်လေး ကိုကိုရဲ့ . . . လာပါဦး"ဟု ခေါ်သဖြင့် ခင်မောင်သည် ပြေးသွားလေရာ လက်ညှိုးကို လက်တစ်ဖက်နှင့်ကိုင်ကာ အနာကြောင့် တွန့်လိမ်၍နေ လေ၏။

ခင်မောင်သည် ဘာလုပ်မိမှန်းမသိဘဲ မြ၏လက်ကိုဆွဲကိုင်လိုက် လေ၏။ ထို့နောက် ဟ၍နေသော တရပ်ကပ်ကြားမှ ဝင်လာသော ဖျော့ မှေးသည့် အလင်းရောင်ထဲတွင် နူးညံ့သောလက်ကလေးကို ကိုင်ဆုပ်ကာ ကြည့်သောအခါ သွေးစို့၍နေသည်ကိုမြင်ရသဖြင့် "တော်တော် နာသွား ပါကလား . . မြရယ်" ဟုပြောပြီး မိမိ၏ ရှပ်အင်္ကျီအိတ်ထဲမှ ဖြူစင်သော လက်ကိုင်ပဝါကလေးကို ထုတ်ကာ သွေးကို မှင်နှိပ်သလို နှိပ်၍ယူလေ၏။

"ဘယ့်နှယ် နေသေးသလဲ"

မမြသည် အသက်ကို ရှိုက်ကာရှူပြီး . . .

"ပူရှိန်းရှိန်းဖြစ်နေတယ် . . . ကိစ္စမရှိပါဘူး"

ဟုပြောပြီး လက်ချောင်းကို ခင်မောင်၏ လက်ထဲမှ နုတ်၍ ယူပြီး . . . .

"ဟိုအခန်းထဲမှာ . . . ကိုကိုလာပါဦး"

အခန်းမှာ တိုး၍မှောင်လေ၏၊ ခင်မောင်သည် ပြတင်းပေါက် တစ်ခုကိုဖွင့်လေရာ အတော်ကလေး လင်း၍လာလေ၏။

၎င်းပြတင်းပေါက်အနီး မမြ၏အခန်းနှင့်ကပ်လျက်ရှိနေသော



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြက် အဝိုင်းဘက်သို့ မြသည် ထဘီကလေးကို လက်တစ်ဖက်နှင့် မြှောက်ကိုင်ကာ သွားလေ၏။ ပက်ဝင်သော မိုးရေသည် ထဘီအနားနှင့် ဖြူစင်သန့်ရှင်းသော ခြေသလုံးများကိုစွတ်စိုစေ၏။ ထိုနေရာသို့ရောက်သောအခါ မျက်နှာကြက်ကိုမော်ကြည့်လျက် . . .

"ဟော ဒီနေရာက မိုးယိုနေတယ် . . . ကိုကို၊ မြလည်း မမီဘူး" ဟုပြောကာ ပြလေ၏။

ခင်မောင်သည် အရပ်မြင့်သဖြင့် ကုလားထိုင်တစ်ခုပေါ်သို့ တက်လျှင် ထိုနေရာကိုလက်နှင့်မီဖို့ရှိ၏၊ သို့သော်လည်း ဘယ်လိုဖာရမည် မသိချေ၊ သို့ဖြစ်သောကြောင့် ရပ်ကာ ကြည့်နေလေ၏။

ထို့နောက် ခင်မောင်သည် ရေယိုသောနေရာကိုကြည့်နေရာမှ မမြ၏မျက်နှာကိုကြည့်လိုက်သောအခါ မိမိကို အများကြီးဆိုလိုသော မျက်လုံးများနှင့် မော်လျက်ကြည့်နေသည့် လှပသော မျက်နှာကလေးကို မြင်ရသဖြင့် ရေယိုသောနေရာကို သတိမေ့ပြီး စပါးကြီးညို့ခံရသလို ဖြစ်ခါသောင်းကျန်းထကြွသော မိမိ၏ဆန္ဒစိတ်အားကို မနိုင်သဖြင့် ယိမ်းယိုင်ပြိုလဲ အားခဲ၍မရသော မျက်နှာထားတစ်မျိုးဖြင့် မြ၏မျက်နှာကိုသိမ်မွေ့သော မျက်လုံးများနှင့်ကြည့်ကာ မသိမသာကလေးမှ ပြုံးလျက် ဦးခေါင်းကို ညင်သာစွာခါရင်း အပါးသို့ရောက်ကာ . . .

"ဩော် . . . မြမြ ကိုကို ဘယ့်နှယ်လုပ်ရမလဲ၊ ကိုကိုတော့ စိတ်ကို ချုပ်လို့ မရတော့ဘူး"

ဟု ပြောကာ "ဘယ့်နှယ် ဖြစ်ဖြစ်ဟယ် မတတ်နိုင်ဘူး" ဟု စိတ်ထဲမှာ တွေးပြီး မမြကို လျင်မြန်စွာ ပွေ့ယူမိလေ၏။

မမြ၏ နူနယ် ပျောင်းပျော့သော ကိုယ်ခန္ဓာသည် စိတ်ညို့ဆရာ၏ အာကမ္ဗုန စိတ်ဓာတ်အရှိန်ဖြင့် ပတ်ရစ် ဆွဲငင်ခြင်းခံရသလို နည်းနည်းမှ မငြင်းဆန်နိုင်ဘဲ ပြိုလဲသည့် သစ်ပင်ပျိုပမာ ခင်မောင်၏ ခိုင်မာ





သော ရင်ခွင်ကို ယိမ်းမှီအားပြုသဖြင့် ခင်မောင်လွှတ်လိုက်လျှင် လဲကျ၍ သွားတော့မည်ကဲ့သို့ဖြစ်၍နေလေသတည်း။

ခင်မောင်သည် ပုထုဇဉ်လူသားဖြစ်၍ လည်းကောင်း၊ မယားသေဆုံးသဖြင့် လည်းကောင်း၊ ရာထူးပြုတ်ကာ အလုပ်မရှိသောကြောင့် လည်းကောင်း ဤကမ္ဘာလောကကြီး၌ အဖော်မရှိ တစ်ကိုယ်တော်ကဲ့သို့ ဖြစ်ကာ သွေ့ခြောက်၍နေသော နှလုံးသည် အချစ်ဆိုသော မိုးရေနှင့်ထိသောအခါ သွေ့ခြောက်၍နေသော မြေသည် ရေကို စုပ်သလို မစုပ်ဘဲ နေနိုင်ပါမည်လား။

ရုပါရုံ၏ တန်ခိုးသတ္တိသည် အဝေးမှပင်နေ၍ မြင်ရသော စကြဝတေးမင်းမင်း၏ နှလုံးကို ပူဆွေးခြင်းဖြစ်အောင် တတ်စွမ်းနိုင်လေရာ မမြကဲ့သို့သော ရုပါရုံအထူးအမြတ်နှင့် အနီးအကပ်တွေ့ရသော ခင်မောင်၏ နှလုံးမှာ ကျွမ်းလောင်၍ မသွားဘဲ မနေနိုင်တော့သည်ကား ထူးခြားသော အခြင်းအရာမဟုတ်ပေ။

လောက၌ ယောကျာ်းသည် မိန်းမများအတွက် အကောင်းဆုံး အမြတ်ဆုံးသော ရတနာဖြစ်၏၊ မိန်းမသည်လည်း ယောကျာ်းအတွက် အကောင်းဆုံး အမြတ်ဆုံးသော ရတနာဖြစ်၏၊ လူသတ္တဝါ အဖို အမတို့ အတွက် ဤကမ္ဘာလောကဓာတ်၌ ထိုရတနာ နှစ်ခုထက် ပိုမိုထူးကဲသော ရတနာမရှိချေ။

စိန် ရွှေ ရတနာ လယ်ယာ မိုးမြေ ဂုဏ် အသရေတို့သည် ထိုရတနာနှစ်ပါး၏ တည်ရာပလ္လင် ညောင်စောင်းဖြစ်ကြလေသည်၊ ထိုရတနာ နှစ်ပါးကို ရရှိခံစားရအောင် စွမ်းဆောင်သည့် လက်နက်အင်အားမျှဖြစ်ကြလေသည်။

၈

လောကကြီး၌ အပြစ်ကိုရှာသော ပညာရှိပုဂ္ဂိုလ်ဖြစ်သူ "မန်လည် ဆရာတော်ဘုရားကြီး"က မိန်းမတို့ကို "မရှိမကောင်း ရှိမကောင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



မပေါင်းလည်းခက် ပေါင်းလည်းခက်"ဟု ဆို၏။ ထိုအဆိုသည် မိန်းမများနှင့်သာ သက်ဆိုင်သည်မဟုတ်၊ ယောက်ျားများနှင့်လည်း သက်ဆိုင်သင့်လေသည်။

ထိုအဆိုကို အပြန်ပြုကာ "မရှိလည်းကောင်း ရှိလည်းကောင်း၊ မပေါင်းလည်းကောင်း ပေါင်းလည်းကောင်း" ဟု ဆိုလျှင်လည်း မှားမည်မဟုတ်ချေ။

အကြောင်းမူကား ခမ္ဘလောက ဉာသဘာဝအတိုင်း လူတို့၏ စိတ်ထဲ၌ အကောင်းဘက်သို့ စောင်းလျက်နေသည်ကများသဖြင့် မိန်းမနှင့်ယောက်ျား ထိုကဲ့သို့ နီးကပ်၍ လူသူပြတ်လတ်သော အခါများ၌ အကောင်းအဖြစ်မှ တိုးတက်ကာ အကန်းအဖြစ်သို့ ရောက်တတ်လေရာ ခင်မောင်မှာ ထိုအခါ၌ အကောင်းတွင် အကန်းဝင်လျက် မိမိလုပ်မိသော အရာသည် အဘယ်ကမ်းသို့ ဆိုက်ရောက်မည်ကို မမှန်းမဆနိုင်ဘဲ အကြမ်းဘဝသို့ရောက်သဖြင့် မမြ၏ ဖျူဝင်းပပ အသနားခံ၍နေသော မျက်နှာလှလှကလေးကို ထက်လှစွာသောအချစ်ဇောနှင့် အချစ်ဒေါသန်စွာ တအားကုန် ထပ်ခါ ထပ်ခါ နမ်းရှုပ်လိုက်လေသတည်း။

ထိုအခိုက် မမြ၏အကြောအခြင် အသွေးအသား ကောဋ္ဌာသ အစုအဝေးမှာ မြေငလျှင် တုန်လှုပ်သလို ပြင်းထန်စွာ လှုပ်ရှား၍ သွားသည်ကို ခင်မောင်သည် သိသိသာသာတွေ့ရှိခံစားလိုက်ရလေသတည်း။

ထိုအခိုက်တွင် မိုးသံသည် စဲ၍သွားလေ၏။ လှေကား၌နင်း၍ တက်လာသော ခြေသံတစ်ခုကို ကြားရလေ၏။ ခင်မောင်သည် ထိတ်ခနဲဖြစ်ကာ သတိရပြီး မမြကို လွှတ်ချ၍ အပြင်သို့ထွက်လာလေရာ လှေကားထိပ်၌ အောင်ကဲနှင့် ရင်ဆိုင်တွေ့နေသဖြင့် . . .

"ဟော့ . . အောင်ကဲ၊ ငါလည်း မလုပ်တတ်ဘူးကွယ်၊ မမြဆီသွားပြီး ကြည့်လုပ်ပေးလိုက်စမ်းပါ . . . မိုးတွေ ယိုနေလို့"





ဟု မမြ ကြားအောင် ကျယ်ကျယ်ပြောလိုက်လေ၏။

ကြောက်ရွံ့ တုန်လှုပ်၍နေသော မမြသည် ခင်မောင်၏ စကားသံကိုကြားရသောအခါ အနီးအပါးရှိ အဝတ်ဟောင်းတစ်ခုကိုယူပြီး ကပျာကရာ အကျီလက်များကို ပင့်တင်ကာ ကြမ်းပေါ်၌ရှိသော ရေများကို အလုပ်များသော အမူအရာ ဟန်ပန်ဖြင့် သုတ်သင်၍နေလေ၏။

အောင်ကဲသည် မသက်သာသော မျက်နှာနှင့် ခင်မောင်ကိုကြည့်ကျက် ခင်မောင်ပြောစကားကို သတိမထားအားဘဲ နေလေ၏။

ထို့နောက် ခင်မောင်ဆင်းသွားသောအခါ ခင်မောင်ကို ပခုံးချင်း တိုက်လျက် တက်၍သွားလေ၏။ အောင်ကဲသည် အထက်သို့ လှေကား သုံးထစ်ရောက်သောအခါ ရပ်ကာ နောက်သို့ အံသွားကြိုးကိုက်ပြီး မျက်လုံးမှုန်လျက် စိတ်ထဲကကြုံးဝါးကာ ခင်မောင်ကို လက်သီးနှင့် နောက်က နေ၍ပြလေ၏။

ခင်မောင် နောက်သို့ ပြန်ကြည့်လိုက်သောအခါ အောင်ကဲသည် မျက်နှာပိုးသတ်ပြီး ခင်မောင်ထံဆင်းလာ၍ . . .

"ဆရာ့ကျောမှာ ကြမ်းပိုး"

ဟုပြောပြီး ခင်မောင်၏ ရှပ်အကျီ ကျောပေါ်မှ ကြမ်းပိုးကိုဖမ်းတန်ပြ၍ လှေကား လက်ရန်းကို ကျော်ပြီး ကြမ်းပိုးကိုအောက်သို့ ပစ်ချဆန်ပြလေ၏။ ထို့နောက် . .

"ဆရာ . . . ခုတင်က ဘာပြောသလဲ"

ဟု မေးလေ၏။

ခင်မောင်သည် ၎င်း၏မျက်နှာကို မျက်နှာထားတည်တည်နှင့် ကြည့်၍ နေလေ၏။

အောင်ကဲသည် မငြိမ်မသက်ဖြစ်ကာ သဘောကောင်းသော မျက်နှာနှင့် ပြုံးလျက် . . .



www.burmeseclassic.com

www.burmeseclassic.com



"ခုတင်က . . ဆရာပြောလိုက်တာ ကျွန်တော်မကြားလိုက်လို့"

"အပေါ်မှာ မိုးယိုနေတယ်၊ မမြကိုသွားပြီး ကူလိုက်ပါ။ အပေါ်မှာရှိတယ်"

"ဟုတ်ကဲ့ . . . ဆရာ၊ အပေါ်မှာလား"

"နို့ . . မင်း ဘာလုပ်မလို့ တက်လာတာလဲ"

အောင်ကဲသည် ယီးတီးယားတား ဖြစ်နေပြီး . . .

"ကျွန်တော် အိမ်ထဲ မိုးများပက်သလားလို့"

"မပက်ဘူး . . . မိုးယိုနေတယ် သွားလုပ်လိုက်"

"ဟုတ်ကဲ့ . . . ဆရာ . ."

ဟုပြောပြီး အောင်ကဲသည် တက်သွားလေ၏။

အောင်ကဲသည်ကား အိမ်အောက်၌ မည်သူကိုမျှ မမြင်ရသဖြင့် မမြနှင့် ခင်မောင်ကို မသင်္ကာ၍ ကြည့်ရှုရန် တက်၍လာခြင်းဖြစ်လေ၏။ ယခုမှာမူကား မိမိမသင်္ကာဖြစ်သည့်အတိုင်း အိမ်ပေါ်သို့ နှစ်ယောက်စလုံး ရောက်၍ နေသည်ကို သိရသဖြင့် မသင်္ကာခြင်းမှာ ခိုင်လုံသော ထောက်ခံချက်ကိုရလေ၏။

သို့ဖြစ်သောကြောင့် ခင်မောင်ကို ထိုအခါကစပြီး ရန်သူဟု သဘောထားကာ နောက်ကနေ၍ ကြိမ်းဝါးလိုက်လေ၏။ ခင်မောင်ကို တွဲတွဲ ဝင်ဝင် မျက်နှာချင်းဆိုင်မိသောအခါ၌ကား ကြောက်ရွံ့သောစိတ်ကြောင့် ဆွံ့အ၍ နေလေ၏။

အိမ်ပေါ်သို့ ရောက်၍ သွားသောအခါ မမြ အလုပ်လုပ်နေသည်ကိုမြင်သဖြင့် ရပ်ကာစဉ်းစားလျက် မသင်္ကာသော စိတ်မှာ အတော်ကလေး ပေါ့သလိုလိုဖြစ်၍ သွားလေ၏။

သို့သော်လည်း အောင်ကဲသည် အရူးစစ်စစ်ကြီး မဟုတ်သဖြင့် တစ်နှင့်နှစ် ပေါင်းလျှင် သုံးဖြစ်သည်ကို သိသည့်အလား ဒီရေကလေးကို





သုတ်သင်ရုံ အလုပ်မျှအတွက် မှောင်သော အိမ်ခန်းထဲကို နှစ်ယောက်အတူတူ ရောက်ကြခြင်းမှာ ထူးခြားသည်ဟု သဘောရရှိလေ၏။

မူလကပင် မမြနှင့် ခင်မောင်တို့၏ အကဲကို အမြဲခတ်ကာ သတိနှင့် စီးစောင်းကြည့်လျက် ရှိခဲ့လေရာ ထိုမသင်္ကာခြင်းစိတ်သည် ပေါ့မလိုလိုဖြစ်ရာမှ တိုး၍ထက်သန်လာပြန်လေ၏။

"အမယ်လေး . . . မြရယ်၊ ဒီက တစ်ယောက်လုံးရှိလျက်သားနဲ့ တစ်ခုခုဖြစ်ရင် ပြောရောပေါ့။ ဘာပြုလို့ အပင်ပန်းခံ၍ လုပ်နေရတာတုန်း၊ ဩော် . . . ထဘီတွေတောင် ရေစိုလို့ပါကလား . . ပေးပါ . . ပေးပါ ကျုပ်လုပ်ပါ့မယ်"

ဟုပြောပြီး မမြ၏ လက်က အဝတ်ကို ယူမည်ပြုကာ ရှေ့နား၌ ထိုင်လေ၏။ ထိုအခိုက်တွင် မိုးစဲသဖြင့် ယိုသောရေ ရပ်၍သွားလေ၏။

"အမယ်လေး . . အခုမှ မလာပါနဲ့ ကိုအောင်ကဲရဲ့ ပြီးပါပြီ၊ ရော့ . . ဒီအဝတ်ကိုသာ လျှော်လိုက်ပါတော့"

ဟုပြော၍ စွတ်စိုသော အဝတ်ကို ပေးပြီး မိမိ၏ အိမ်ခန်းကို ဝင်၍ သွားလေ၏။ အောင်ကဲလည်း အဝတ်ကိုကိုင်လျက် မမြ၏ နောက်သို့လိုက်ကာ အခန်းထဲသို့ဝင်မည်ပြုလေရာ မမြသည်နောက်သို့ လှည့်ပြီး

"ကိုအောင်ကဲ ဘယ်လာမလို့လဲ . . . သွားလေ"

ဟု ပြောလေ၏၊ အောင်ကဲက . .

"ဩော် . . အထဲမှာ လုပ်ဖို့ ရှိသေးသလားလို့ပါ"

ဟု ပြောပြီး လှည့်ပြန်၍ အောက်သို့ဆင်းလာလေ၏။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

မမြသည် အိပ်ရာ၌ ခွေလျောင်းကာ မကြာမီက ဖြစ်ပျက်ပြီးသည့်အမှုကို ဆင်ခြင်၍ နေလေ၏။

ခင်မောင်၏ နွေးသော ရင်ငွေ့သည် မိမိ၏ ကိုယ်၌ မံသ စက္ခုဖြင့် မမြင်နိုင်သော လွန်စွာနူးညံ့ သိမ်မွေ့သည့် နတ်ဝတ်ကမ္ဗလာ တစ်မျိုးပမာ တရှိန်ရှိန်ရစ်ပတ်လျက် ရှိသေးသကဲ့သို့ တွေ့ရှိခံစားရလေ၏။

မိမိ၏မျက်နှာမှာ ခင်မောင်၏ လက်ချက်ကြောင့် မမြင်နိုင်သော အမှတ်တစ်မျိုး ပမာ တစ်နည်းအားဖြင့် ကျန်ရှိနေသကဲ့သို့ဖြစ်လေ၏။ မကြာမီက လှုပ်ရှား ထကြွ တရှူရှူဖြစ်လိုက်ရသော အချစ်သွေး လှိုင်းတံပိုးသည် လုံးလုံးကြီး မငြိမ်မသက် အရှိန်မပျက်သေးသဖြင့် မာဖိယား အထိုးခံရသူပမာ မှိန်းစက်ကာ တွေးရင်း ခင်မောင်၏မျက်နှာ၌ ထက်သန်စွာ ထင်ပေါ်သော ဇောစိတ်အဟုန်ကို မျက်လုံးမှ ဖျောက်၍မရ ဝင်းဝင်းတောက်စွာ ထင်မြင်၍နေရလေသတည်း။

ခင်မောင်၏ ပြုမူခြင်းသည် ခက်ခဲစွာ ကွေးနှိပ်ထားခဲ့သော



အချစ်၏ လေးကိုင်းကိုဖြုတ်လွှတ်လိုက်သည်နှင့်တူသည်ကို တွေးမိလေ၏။ ဆန်ဆောင်လျက် အပြင်သို့ မပေါ်မထင်ရအောင် ကြိုးစား၍ အလုံပိတ်ထားသော ခင်မောင်၏အချစ်သည် ကြာမြင့်စွာ ပိတ်ပင်၍မရ . . ရေနွေးအိုးဘို့င်လာ ကွဲပေါက်သလို အဟုန်နှင့် ကွဲပေါက်ခြင်းဖြစ်ကြောင်း တွေးတောဆင်ခြင်ကာ ၎င်း၏အချစ်ကို စိတ်ချယုံကြည်ခြင်း၌ အတိုင်းမသိ နှစ်သိမ့်ခြင်း ဖြစ်၍နေလေ၏။

အချစ်တည်းဟူသော အပူရှိန်ဖြင့် တောင့်တင်း ညောင်းညာသွေ့ခြောက်ကာနေသော မမြ၏ အာရုံကြော သိန်းသန်း ကုဋေတို့မှာ ခင်မောင်၏ ရင်ငွေ့တည်းဟူသော အေးကြည်သော မိုးရေဖြင့် ဆွတ်ဖျန်းခြင်းကို ခံရပြီးလျှင် ပျောင်းအိ ကျေနပ်လျက် ဆိဆွတ်သော ဂွမ်း၏ပမာဖြစ်တည်၍ နေရှာလေသတည်း။

သို့နေရာ၌ တစ်နွေလုံး ပူပြင်း သွေ့ခြောက်ပြီးနောက် မိုးဥတုရောက်လာသဖြင့် မြေမျက်နှာ တောတောင် ချောင်းမြောင်း ဟူသမျှမှာ စိမ့်စမ်းရေ များစွာအောင်လျက် ဝေမှောင် မှိုင်းညို့ မြစိမ်းရောင် စို၍လာသလို မမြ၏ ကိုယ်ခန္ဓာ တောတောင် ချောင်းမြောင်းတို့မှာလည်း အချစ်တည်းဟူသော မိုးဆောင်သဖြင့် စိုပြည် ဝေမှောင် စိမ်းလဲ့ရောင် လျှမ်း ရေပန်း ရေတံခွန် စိမ့်စိမ်းတွေ သွန်းဖျန်းကာ တောမြောင်ခြေစခန်းတို့မှာ ရေလွှမ်း၍ နေရှာလေသတည်း။

ခင်မောင်၏ အချစ်ကို ထင်ရှား သိသာသဖြင့် အလွန်တရာဝမ်းမြောက် ပျော်ရွှင်နေရာတွင် မြို့အုပ်၏မျက်နှာကို ထင်မြင်မိလေ၏။ ထိုအခါ အချစ်၏ လမ်းသည် အဘယ်မျှလောက်ခက်ခဲ ပင်ပန်းမည်ကို ထင်မြင်ကာ လန်းရွှင်သော စိတ်၏ အလင်းရောင်မှာ မြူရိပ်ကလေး ဆိုင်းသလိုဖြစ်၍ လာလေ၏။

ထို့နောက် တစ်ဖန် အားတင်းကာ မျက်စိမှာ လျှမ်းတောက်လျက်



www.burmeseclassic.com

www.burmeseclassic.com



"နောင်ခါလာ . . နောင်ခါဈေး . . ဘယ်အရေးဖြစ်ဖြစ် ဒီမြို့အုပ်နှင့်လွှတ်ရင် တော်ပြီ . . ချစ်သူ၏ရင်ခွင်ကို ဝင်ရခြင်းဖြင့် မုန်းသူ၏ အနှောင့်အယှက်ဘေးရန်မှ လွတ်ကင်းခြင်းထက် ပိုမိုထူးမြတ်တဲ့အရာ ဘဝမှာ မရှိနိုင်၊ ချစ်သူ အတွက် အငတ်ခံနိုင်သည်၊ ချစ်သူအတွက် အဆင်းရဲခံနိုင်သည်၊ ဖခင်စိတ်ဆိုးသဖြင့် ခံရမည့် ဆင်းရဲဒုက္ခတွေဟာ မုန်းသူနှင့် ကွေကွင်းပြီး ချစ်သူ၏ရင်ခွင်ထဲသို့ ဝင်ရောက် ခိုလှုံရခြင်း သုခနှင့်စာလျှင် အနည်းငယ်မျှ ဝန်လေးမည်မဟုတ်" စသည့် အကြောင်းအရာများကို ဆင်ခြင်ကာ အချစ်၌ အဘယ်လိုပဲဖြစ်ဖြစ် နှစ်တော့မည်ဟူသော စိတ်ကို တင်းလိုက်လေ၏။

ခင်မော်မှာမူ စိတ်ကိုမနိုင်သဖြင့် ယိုင်လဲ ဖောက်ပြန် မိမိကိုယုံကြည်၍ အပ်နှံထားသော တပည့်မကလေး အပေါ်၌ ထိထိကြီးစွန့်မိသည့်အတွက် "ငါ ကျေးဇူးမဲ့တဲ့ သတ္တဝါပါကလား၊ ငါ . . ယုတ်မာတဲ့ အကောင်ကြီးဖြစ်ပြီ၊ မမြမှာ ကောင်းရာသို့ ရောက်ဖို့ရှိပါလျက် ငါ ဝင်၍ နှောင့်ယှက်မိပါကလား . . . မတော်တဆ ငါ့ သူငယ်ချင်း သိသွားရင် နောင် ဘယ်အခါမျှ မျက်နှာကို ပြန်ကြည့်ဝံ့တော့မှာ မဟုတ်ပါကလား၊ ငါ မှားလေခြင်း၊ ငါ မိုက်လေခြင်း . . ငါ့မှာ အလုပ်အကိုင်မရှိ မယားချေကလေးတစ်ယောက်ကို တင့်တင့်တယ်တယ်မှထားနိုင်ဖို့ နည်းလမ်းမရှိပါဘဲလျက် ငါ ဖျက်ဆီးမိလေခြင်း" စသည်ဖြင့် တွေးတော ဆင်ခြင်အလွန်ပင် စိတ်မကောင်းဖြစ်ရှာလေသတည်း။

အကြောင်းမူကား ခင်မောင်သည် မမြ၏ ခန္ဓာကိုယ်၌ တစ်စုံတစ်ရာပြောင်းလဲခြင်းဖြစ်အောင် မပြုရသော်လည်း အပြစ်အမှောင်အညစ်အကြေး၏ မြူမှုန် သန့်ရှင်းသွေးအပ်သည့် ကျောက်သလင်းပမာ လွန်စွာ ကြည်လင်သောစိတ်၌ မြူခိုးဝင်ရောက် နောက်ကျုညစ်ထေးခြင်း အဖြစ်သို့ ပြောင်းလဲအောင်ဖျက်ဆီးမိသည်ဟု မိမိကိုယ်ကို မှတ်ထင်၍ နေရှာလေသတည်း။

× × ×





ထိုအခိုက်တွင် မိုးစဲသဖြင့် လေလာသောကြောင့် စင်ကြယ်သွေ့ခြောက်၍နေသော အိမ်ခြေရင်းရှိ ရေတွင်း၏ အုတ်သံမံတလင်း၌ အောင်ကဲသည် ရေတွင်းနံရံကိုမှီကာ ထိုင်လျက် ပါးနှစ်ဖက်ပေါ်တွင် လက်နှစ်ဖက်ကို တင်ကာ မိုးကောင်းကင်ကိုမော်ကြည့်ရင်း တစ်ကိုယ်တည်း မိုးနှင့် စကားပြော၍နေလေ၏။ သို့စကားပြောရာ၌ စကား၏ အနက်အဓိပ္ပာယ်လေးနက်ခြင်းကို တစ်ခါတစ်ခါ လှုပ်ရှားသော လက်သြိုးဖြင့်ဖြည့်စွက်လေ၏။

"ဒီအကောင် အိမ်ပေါ်ကို တက်တယ်၊ အိမ်ထဲမှာလည်း မှောင်တယ်၊ မြကို သူ စကားပြောချင်လို့ တက်တာပဲ၊ မြက သူ့စကားကို လက်မခံလို့ ပြန်ဆင်းလာတာပဲ၊ ငါ တက်မသွားရင် သု မြကို ဘာများလုပ်မလဲ မသိဘူး၊ ဩော် . . . မြမြ၊ မင်း လက်မထင် . . . လွှတ်သွားပါကလား၊ မောင်ကြီးတက်လာပေလို့ပေါ့ မြရယ်၊ မောင်ကြီး . . . ား တက်မ . . . မြကို ဒီအကောင်ဟာ မှောင်ထဲမှာ ဘယ့်နှယ်များလုပ်မလဲ မသိဘူး"

အောင်ကဲ၏ မျက်လုံးများသည် မမြ၏မျက်နှာကို ထင်မြင်၍နေလေ၏။ မိမိ၏ရှေ့၌ မမြရပ်ကာ မိမိအား ပြုံးရွှင်သောမျက်နှာနှင့်စိုက်ခါကြည့်၍ နေသည်ကို မြင်ရသလို ဖြစ်သလိုနေသဖြင့် စကားပြောရာ၌ လက်ဟန်သာမဟုတ် ခေါင်းဟန်လည်းပါမှန်းမသိပါ၍ လာလေ၏။ အသံစကားမှာလည်း ကျယ်မှန်းမသိ ကျယ်၍လာလေ၏၊ လက်ဟန်သာမက မျက်စ မျက်နှနှင့်ဖြစ်၍ လာလေ၏။

"မမြ မင်းတယ် ရက်စက်တဲ့ မိန်းမကလေးပါကလား . . မြရယ်၊ မောင်ကြီးချစ်သလို မချစ်လို့ ဒီတစ်ရပ်သား လူကပ်ပါးကို အိမ်ပေါ်မှာ မင်း လက်သင့်ခံတာပေါ့နော်၊ ဒီ တစ်ရပ်သားမှာ ဘာများမြော်မြင်စရာရှိလို့ပါလဲကွဲ့မြရဲ့၊ မောင်ကြီး အဟုတ် တကယ်ချစ်တဲ့ မေတ္တာကို မမြ ကြည်လို့ စိတ်နာပြီး အခုလို အရွဲ့တိုက်တာလား၊ မောင်ကြီး ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



မခံချိရုံကလေးဖြစ်စေတော့လို့ သဘောထားပြီး တမင်သက်သက် သူ့ကိုကြိုက်ဟန်ဆောင်ပြီး ကစားတာလား မောင်ကြီး ချစ်တာတွေကို စာနဲ့လို့များ ပြလိုက်ချင်ပါရဲ့ . . မြရဲ့၊ ဒီကပ်ပါး ကြမ်းပိုး နောက်ပိုးတဲ့အကောင်မှာ ရုပ်ရည်ကိုကြည့်လိုက်ပါဦး မြရယ်၊ ဘာများ မက်စရာ ရှိလောက်ပါသတုံး . . . အရုပ်ဆိုးမို့ သူနဲ့ဖြင့် ဘာမှမဖြစ်တန်ဘူး ဟဲ့ လို့ မြစိတ်မှာ သဘောထားပြီး အရောများ ဝင်မိတာလား၊ အရုပ်ဆိုး မပြီနဲ့ဆိုတဲ့စကားကို မြ ကျပ်ကျပ်သတိထားပါ။ အရုပ်ဆိုးကို ပြီမိရင် အားနာပြီး ငြိတတ်တာမျိုး . . မြရဲ့၊ ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာတဲ့၊ မောင်ကြီး ငယ်ငယ်က ချစ်ခဲ့တဲ့လူပါ . . အသစ်ကိုမြင်တာနဲ့ အဟောင်းကိုကြည့်တော့မှာလား၊ ဩော် . . . မမြ . . မမြ "အာကာကို လွှာပုံပြုပါလို့ မေရုကိုတဲ့ စုတ်တန်ချိ သမုဒ် မှင်ဖျော်လို့ ချစ်တာတွေ စာစီလို့ ကုံးရင် ဆုံးစမမြင်" ဆိုတဲ့ စာဟာ မြအပေါ်မှာ မောင်ကြီးချစ်တဲ့ အချစ်တွေအတွက် ရှေးပညာရှိများ စပ်ဆိုခဲ့တဲ့ စာလို့မှတ်လိုက်ပါ မြရယ်၊ မြ . . . ဒီလိုရက်စက်ရင် မြသောက်တဲ့ ဒီရေတွင်းထဲကို အကျိုးမဲ့ မောင်ကြီး ဆင်းပြီး ချက်ချင်းသာ သေဖို့ရှိတော့တာပဲ" စသည်ဖြင့် တဖျစ်တောက်တောက် ပြောဆို၍ နေပြီးမှ တစ်စုံတစ်ရာကိုတွေးမိပြီး အံကြိတ်ကာ လက်သီးဆုပ်လျက် . . .

"သယ် . . လူလုပ်လို့ ဒီအရေးမှာ ငါ . . ဒင်းကို ဘာပြုလို့ အရှုံးပေးရမှာလဲ၊ အောင်ကဲတဲ့ . . . ကြာအင်းက - သာရှင်း နွားသိုးကိုတောင်ဖွဲ့ကျွတ်အောင် ချွတ်ခဲ့တဲ့ အကောင် ဘယ်လိုအကောင်မှတ်သလဲ၊ ယောက်ျား တံခွန် လူရည်ချွန်က ကောင်းကင်တမွတ် စွန်ကိုလွှတ်သတဲ့၊ ဒီနက်မှော်နယ် တရိုးမှာ အောင်ကဲ မှန်စာကို ဘယ်မှန်စာက သာခဲ့သတုံး မရာမတန် တော်သုံးတဲ့ ပွဲရုံကို ကုယ်ပါက မျက်စောင်းထိုး ဆိုတဲ့စကားလို လူဝင်စားကပ်ပါး သူတောင်းစား သာသာက အောင်ကဲ ၏ပွဲရုံကို ခဲမယ်လို့





ဒင်းကြံလာတာကို ငါ ခံ၍ နေရိုးလား၊ အိုးကိုမှ အားမနာတဲ့ အမဲရိုးစုတ်ချာဟာ မဟုတ်တာလုပ်လာမှ မဟုတ်နဲ့ ငါကြံပြီး ဒဏ်ပြန်တပ်ခင်းတော့မည် ဒီအိမ်နဲ့ ဒီရွာမှာ ဒင်း ကြာကြာမနေရ၊ ရှင်လိုရင်သွားနေလိုရင်နားတဲ့၊ အောင်ကဲရဲ့ လူစကိုခြားနားအောင် ပြရ ဦးတော့မှာပဲ" စသည်ဖြင့် တွေးတော၍နေခိုက်တွင် တစ်ဖန် မိုးဖွဲပြန်၍ ကျလာသဖြင့် အောင်ကဲသည် ရေတွင်းမှ ထပြေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ထိုနေ့ညသို့ ခင်မောင်သည် အိပ်၍မပျော်၊ သန်းခေါင်ကျော်၍ သွားလေ၏။ အိပ်၍ မပျော်သဖြင့် အိပ်ရာနံဘေးရှိ ဖယောင်းတိုင်ကို မီးထွန်းပြီး မဂ္ဂဇင်းစာအုပ်ကို ဖတ်လေ၏။

သို့သော်လည်း ဒီစာထဲသို့ မရောက် . . . အရုပ်ရှစ်မျက်နှာသို့ ရောက်ကာနေသဖြင့် စာအုပ်ကို ပိတ်ကာ ချပြီး ခုတင်မှဆင်း၍ ပြတင်းပေါက် တစ်ပေါက်ကိုမှီလျက် အမှောင်ထဲသို့ကြည့်၍နေလေ၏၊ "မမြတို့ မချစ်ပါဘူး၊ တွေ့လျှင်လည်း တစ်စုံတစ်ရာမျှ မပြုတော့ပါဘူး" ဟူသော နေ့အခါက ဆုံးဖြတ်ချက် ချလိုက်သောစိတ်သည် တင်းရာမှ လျော့၍ သွားပြီးလျှင်မမြ၏မျက်နှာကလေးကိုသာ အမှောင်ထဲ၌ ထင်၍နေလေ၏။

အတန်ငယ် ကြာသောအခါ ထင်လာ မြင်လာသော သဏ္ဍာန်ကို ကြိုးစား၍ ဖျောက်ဖျက်ကာ အိပ်ရာကို ပြန်၍လာပြီးလျှင် ဖယောင်းတိုင်မီး



ကို ငြိမ်း၍ မျက်လုံးများကို အတင်းမှိတ်ပြီး အိပ်ပျော်အောင် ကြိုးစားလေ၏။

ထိုညမှာ ဆိတ်ငြိမ်လျက် လေသံနှင့် ပိုးမွှားတိရစ္ဆာန်တို့၏ အသံများနှင့် နာရီသံများကိုသာ ကြားရလေ၏။ မျက်ခွံများသည်ကား မလေးမလံ ခုခံငြင်းဆန်၍သာ နေကြလေ၏၊ မိမိ၏ မျက်နှာထက်၌ ဝဲ၍နေသော သဏ္ဍာန်သည်ကား မမြ၏သဏ္ဍာန်ဖြစ်လေသဖြင့် ဖျောက်ဖျက်၍မရ၊ တစ်ညလုံး ကြောင်တောင် နေရတော့မည်ကဲ့သို့ ဖြစ်၍ နေလေသတည်း။

ဤကဲ့သို့နေရာ မျက်လုံးများကို အတင်းမှိတ်လေ၏။ အဘယ်မျှပင် မျက်လုံးများကို ကြိုးစား၍ မှိတ်သော်လည်း ထိုသဏ္ဍာန်ကို တားဆီးပိတ်ပင်၍ မရချေ၊ စွဲလမ်းသော စိတ်သည် အကောင်အထည်ကို ထင်ရမြင်ရအောင် ဖန်တီး၍သာနေလေသတည်း။

သို့ဖြစ်လေရာ တစ်ဖန်အိပ်ရာမှ ထပြန်လေ၏။ အိမ်ရှေ့အခန်းပြတင်းတံခါးဘက်သို့သွားပြီး ခဏကလေးမျှ အပြင်ကိုကြည့်ပြီး နောက်ပြန်၍ လှည့်လာပြီး နောက်ဖေးသို့သွားလိုသဖြင့် အတွင်းသို့ဝင်လေရာ အခန်း(၂)ခု၏ စပ်ကြား အခန်းလွှတ်ကြီးသို့ရောက်လေ၏။

အခန်း(၂)ခု အနက် အရှေ့ဘက်ခန်းမှာ မမြ၏ ဖခင်အိပ်သော အခန်းဖြစ်လေ၏။ အခန်းတံခါးကို ပိတ်လျက် အနောက်ဘက်အခန်းမှာ မမြအခန်းဖြစ်လေ၏။ တံခါးမှာ အတော်ကလေး ဟ၍နေလေရာ ၎င်းဟသော အကြားမှ ဓာတ်မီးရောင်ကိုမြင်ရသဖြင့် ရပ်ကာ အတွင်းကို ကြည့်မိလေ၏။

ထိုအခိုက်တွင် မျက်နှာကြက်မှ အိမ်မြှောင်တစ်ကောင် စုတ်ထိုးလိုက်သော အသံသည် ဆိတ်ငြိမ်သော ညအခါဖြစ်သောကြောင့် အလုံးဈယ်လွင် ထင်ရှားလျက် တစ်အိမ်လုံးမှာ ပဲ့တင်ခတ်၍ သွားမည်ဟု



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထင်ရလေ၏၊ ခင်မောင်သည် အဘယ်အတွက်ရပ်ကာ အတွင်းကို မိမိ ကြည့်မိသည်ကို မတွေးမိဘဲနေလေ၏။

တောက်ပသော ကြေးခုတင်ပေါ်၌ မိမိဘက်ကိုစောင်းလျက် မကွေးမဆန့် အိပ်၍နေသော မမြက ဖြူစင်သောဇာခြင်ထောင်အောက် ၌မြင်ရလေ၏။ ဇာခြင်ထောင်မှာ ဖန်ပေါင်းချောင်ကဲ့သို့ ကြည်လင်စွာ ဖောက်ထွင်းမြင်နိုင်၏၊ မမြ၏ လက်တစ်ဖက်မှာ မျက်လုံးများကို ကွယ် ၍နေသည်ကို မြင်လေ၏။

ခင်မောင်သည် နုနယ်ပြေပြစ်ချစ်ဖွယ်ကောင်းလှသော ကိုယ်ခန္ဓာ ကလေးကို စိုက်ကာကြည့်၍နေလေ၏။ "အဘယ်အတွက် ဤတံခါးပွင့် ၍ နေပါသလဲ" စဉ်းစားကာ နေလေ၏။

မမြသည် တွန့်လျက် တစ်စောင်းနေရာမှ ပက်လက်လှန်လိုက်လေ ၏၊ ဖြူစင်သော ခေါင်းအုံးပေါ်၌ မှင်ရေကိုလောင်း၍ချထားသည်နှင့် တူသော ဆံပင်တို့မှာ ခါတ်မီးရောင်တွင် နက်ပြောင်လျက် ဖြူစင်သန့် ရှင်းသော မျက်နှာကို တိုး၍ထင်ပေါ်အောင် ဖန်တီးသည်နှင့်တူလေ၏။

သို့ ပက်လက်နေခိုက်မှာ နီ[illegible]ချည်မြင့်ချည်နေသော ရင်မို့ကလေး ကို ကြည့်ကာ အပါးသို့ကပ်ပြီး မှီအုံ[illegible]ဖွယ် သဘောထားကာ မိမိ၏ ဦး ခေါင်းကို ညင်သာစွာတင်လိုက်ရလျှင် အဘယ်မျှလောက် နှစ်သိမ့်ချမ်း မြေ့ အတွေ့၏ ထူးခြားခြင်းဖြစ်မည်ကို စဉ်းစားနေမိလေ၏။

တစ်ခါတုန်းက ဤခန်းမကြီး၌ စိတ်ကို မချုပ်တည်းနိုင်သဖြင့် ပွေ့ယူသည့်အခါ မမြ၏မျက်နှာ၌ ကျေနပ်ကြည်သာတိုး၍ ချစ်ဖွယ်ရာ ဖြစ်သော အမူအရာကိုပြကြောင်း ပြန်တွေးမိ၏။ အတွင်းသို့ဝင်၍ သွား ပြီး အပါး၌ကပ်ကာ ထိုင်လျက် ပခုံးကလေးကို ကိုင်ကာ သူ၏နားအနီးသို့ ကပ်ပြီး 'မြရေ' ဟုခေါ်ခါ ညင်သာစွာလှုပ်၍ နှိုးချေက ဇကန်ဒိဋ္ဌ မဖြင့် ဆန်ဘဲ မျက်လုံးကလေး မော်ကြည့်ပြီး မိမိ၏လည်ပင်းကိုဆီး၍ဖက်လိုက်





မည်ဟု ဒိဋ္ဌအမှန်သိလေ၏။ သို့ဖြစ်သောကြောင့် တံခါးသို့တိုး၍ကပ်ပြီး တံခါး၍ရွက်ကို ကိုင်ကာ ရပ်လျက် ဝင်ရလျှင်တော်မည်လားဟု စဉ်းစား၍ နေလေသတည်း။

ခင်မောင်သည် မမြကို လုံးလုံးလျားလျားမပိုင်သော်လည်း မမြ၏ စိတ်ကိုကား ပိုင်ပြီဖြစ်ကြောင်းကို သိရ၏။ သို့သိပြီးသော ယောကျ်ားများ သည် ထိုကဲ့သို့သော အခါအခွင့်မျိုးနှင့်ကြုံကြိုက်သည့်အခါ ထိုစိတ်မျိုး သည် မပေါ်လာဘဲ ရှိနိုင်ပါမည်လား။

ခုတင်ပေါ်၌ အသင့် ခင်မောင်ကိုစောင့်စား၍နေသည်နှင့်တူနေ သော မမြနှင့် ခင်မောင်၏ စပ်ကြား၌ မခိုင်လုံသော စည်းတစ်ခုသာ တားလျက်ရှိ၏။ ထိုစည်းသည် ကျူးကျော်ဝင်ရောက်ရန်ခက်သော စည်း မဟုတ်ချေ၊ မယ်သီတာကို ရာမမင်းဝိုင်းသော စည်းမျိုးမဟုတ်၊ သူခိုးကို ကန့်ကွက်ခြင်း မပြုနိုင်ချေ၊ သို့သော်လည်း ထိုစည်းသည် သူခိုး၏စိတ်၌ ရှိသော သစ္စာစောင့်ခြင်း ခိုင်လုံသလောက်သာ ထိုစည်းသည်ခိုင်လုံ၏။

ဋ္ဌင်းစည်းသည်ကား . . "ဋ္ဌင်း၏ ဖခင် ငါ့သူငယ်ချင်း မောင်ဖေ ဟာ ငါ၏ကျေးဇူးရှင်ပါတကား" ဟူသော စိတ်ဖြစ်လေသည်။

ခင်မောင်သည် ဝင်းပြောင် တောက်ပလျက် ပြင်းထန်သော အရှိန်အဝါဖြင့်မိမိကို သွေးဆောင်ကာ ဆွဲငင်သော ထိုရူပါရုံ၏ ကျော့ ကွင်းကိုမြင်သောအခါ ထိုသစ္စာစောင့်သောစိတ်သည် ထိုရူပါရုံတန်ခိုး အရှိန်ကြောင့် ပျောက်ကွယ်၍နေလေ၏။

သို့ဖြစ်သောကြောင့် တံခါးကိုကိုင်ပြီး ညင်သာစွာဆွဲလိုက်လေရာ ကြိတ်ခနဲမြည်သောအသံသည် တစ်အိမ်လုံးမှာ ပဲ့တင်ခတ်သွားသလို ကျယ်လေ၏။ သို့ဖြစ်သောကြောင့် ခင်မောင်သည် တံခါးကို လက်မလွှတ် ဘဲရပ်ကာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက် နေလေ၏။

ခုတင်ပေါ်၌ ဓါတ်မီးရောင်အောက်တွင် ဝါဂွမ်းပုံနုနုကလေးပမာ



www.burmeseclassic.com

www.burmeseclassic.com



ကြွကြွရွရွကလေးနေရှာသော မမြ၏ ရင်ဘတ်မို့မို့ ကလေးပေါ်၌ ၎င်းနံဘေးသို့ ခပ်ကားကားလေးဝိုင်းကာ ထွက်လျက် လေးစပရိန် ခံလျက်ထားသည်နှင့် တူသော တင်ပါးပြင်နှင့် ထိုထိုထက်အောက် တောင်စောင်နံလျား နိမ့်လျှောသည့် အခြေအနေများပေါ်၌ ခင်မောင်၏ စက္ခုကမြ တည်းဟူသော လွန်ပူသည့် ဖောက်ထွင်းလျက်နေလေသတည်း။

ထို့နောက် တစ်ကိုယ်မျှဝင်လောက်သော တံခါး၏ ဟာသော အပေါက်ဖြင့် အခန်းတွင်းသို့ လှမ်းနင်းဝင်ရောက်၍သွားလေ၏။

ထိုအခါ ဇီးဖြူဖန်ခါးသီးစားပင်အောက် ဝင်လာရောက်ပြီး ခြေထို မြှောက်ကာ ရန်သူ၏ အသံအနံ့ကို ခံယူသည့် သမင်ပမာ ရပ်တန့်ကာ နားစွင့် နောက်တစ်လှမ်း မဆင့်ဝံ့သေးဘဲ ငြိမ်သက်စွာ ငံ့၍နေလေ၏။

တစ်စုံတစ်ရာ အသံကိုမျှ မကြားရ၊ ခွေးမွေးအပ်ကလေး ကြမ်းပေါ်သို့ကျလျှင် မိုးချုန်းသည်ဟူ ထင်မှတ်ရလောက်အောင် ဆိတ်ငြိမ်ခြင်းသည် ကြီးမားသဖြင့် ၎င်းဆိတ်ငြိမ်ခြင်းသည် ဖမ်းကိုင်၍ရလုခမန်း မှတ်ထင်ရလေ၏။

ခင်မောင်သည် တုန်လှုပ်သော ကိုယ်ခန္ဓာကို နှိမ်နင်းကာ ရဲဆေးတင်ပြီးလျှင် ခြေလှမ်းကျယ်ကျယ်လှမ်းပြီး ဖနောင့်မှစ၍ ခြေဖျား၌ဆုံသော သူခိုးတို့၏ နင်းနည်းမျိုးဖြင့် နင်းကာ သုံးလေးလှမ်းအမြောက်တွင် ခုတင်ဘက်သို့ရောက်သွားပြီး ခုတင်ကို လက်နှစ်ဖက်နှင့်ကိုင်ကာ မမြ၏ မျက်နှာကို စိုက်ကာကြည့်၍နေလေ၏၊ မမြသည်ကား ကလေးများအိပ်သလို နှာခေါင်းမှ အသက်မှန်မှန်ရှူလျက် ရင်ဘတ်မှာ ကားကားကျက မသိမသာကလေး လှုပ်ရှား၍ နေလေသတည်း။

ခင်မောင်၏ မျက်နှာသည် မမြ၏ မျက်နှာအနီးသို့ ကပ်ရောက်၍သွားလေ၏၊ ခင်မောင်၏ လက်တစ်ဖက်သည် မမြ၏ ပခုံးတစ်ဖက်အနီး၌ ကပ်ကာ ထောက်၏။ လက်တစ်ဖက်မှာ တစ်ဖက်သော ပခုံးအနီး





၌ ထောက်ခါ နီးကပ်စွာကြည့်လေရာ ရင်ဘတ်ချင်း မျက်နှာချင်းထိတော့မလိုဖြစ်၍ နေလေ၏။

ထိုအခိုက်တွင် မမြသည် ညည်းညူလှုပ်ရှားကာ ပက်လက်နေရာမှ ခင်မောင်၏ဘက်သို့ စောင်းလိုက်လေလျှင် ခင်မောင်သည် လျင်မြန်စွာပြန်၍ ရပ်ပြီး လက်ပိုက်ကာ စိုက်၍ ကြည့်နေလေ၏။ နူးညံ့သော ပါး ကလေးပေါ်မှ မွှေးကြိုင်သော ပေါင်ဒါနံ့သည် နှာဝကိုမြူဆွယ်လာလေရာ ခင်မောင်၏ရင်ထဲ၌ ဖိုခနဲ လှိုက်ခနဲဖြစ်သွားလေ၏။

ထိုလှုပ်ရှားခြင်းသည် ခင်မောင်၏ သတိကို နှိုးဆွလိုက်သလို ဖြစ်လေ၏။ "မတော်ပါကလား . . . ဒင်းကလေးဟာ ငါ့ကို ချစ်တာ မှန်သော်လည်း အမိုက်အမဲမို့ မစဉ်းစားဘဲ ချစ်တာနဲ့တူတာပဲ၊ သူကလက်ခံသော်လည်း သူ့ကိုပိုင်တဲ့ ဖခင်ဟာ ငါ၏ကျေးဇူးရှင်ကြီးပါကလား"ဟု တွေးမိလေ၏။

သို့ တွေးမိသော်လည်း မျက်စိအောက်၌ ရှိနေသော ငြင်းဆန်ခြင်းကိုပြုမည်မဟုတ်သည့် ပါးဖယောင်းပုံကလေးကို ပွေ့ဖက်ကာ တအားကုန်နမ်းရှုံ့ချင်လေ၏။ သို့ပင်စိတ်ရှိသော်လည်း ၎င်းစိတ်ဆင်ရိုင်းကို သတိဉာဏ်တည်း ဟူသော ချွန်းဖြင့် အုပ်ကာ သက်မကြီးချလျက် ပိုက်ထားသော လက်များကို အားမရှိသလိုဖြုတ်ချပြီး နောက်သို့ လှမ်းဆုတ်ကာ ခွာခဲ့လေ သတည်း။

သို့ ခွာ၍ လာရင်း နောက်သို့လှည့်လိုက်သောအခါ ခြေရင်းဘက်ရှိ မှန်ကြီးထဲတွင် မိမိအရိပ်ကိုမြင်ရသဖြင့် မသက်မသာသော မိမိ၏ မျက်နှာကိုမြင်ရသောကြောင့် ရပ်ကာကြည့်၍ နေရာတွင် မှန်ရှေ့၌ ပြောင်လက်သော အရာတစ်ခုကိုမြင်ရလေ၏။

ထိုအရာကို မြင်ရသဖြင့် သွား၍ ကြည့်ရာ မမြ၏ စိန်လက်ကောက်တစ်ရံဖြစ်သည်ကို တွေ့ရသဖြင့် အံ့အားသင့်လျက် စိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး "သူဌေးများမှာတော့လည်း စိန်ရွှေ လက်ဝတ်လက်စားများကို ကလေး ကစားစရာလို ထားကြတာပါကလား၊ ဩော် . . . မမြ မမြ ငယ်ငယ်ရွယ်ရွယ်နဲ့ မေ့တတ်လျော့တတ်လိုက်တာ" ဟု တွေးရင်း လက်ကောက်တစ်ကွင်းကို ကိုင်၍ကြည့်ပြီး အပြင်သို့ ထွက်သွားပြီးလျှင် တံခါးကိုပြန်၍ လုံအောင်စေ့လေ၏။ ထို့နောက် နောက်ဖေးသို့ထွက်သွားပြီး မကြာမီ မိမိ၏ အိပ်ရာသို့ပြန်၍ရောက်လေ၏။

အိပ်ရာ၌ တစောင်းလဲကာ မြင်ခဲ့တွေ့ခဲ့သော မမြကို ထင်မြင်၍ နေလေ၏။ မျက်စိထဲ၌ ထင်မြင်အားကြီးသဖြင့် ထ၍သွားခဲ့မိရာ ထင်မြင်ခြင်းသည် ဆထက်လွန်ကဲ ပိုမိုထက်သန် ထင်ရှား၍ လာလေသတည်း။

သို့ ထင်မြင်ရာ၌ မိမိကိုယ်ကို ညံ့ဖျင်းသည် . . မမြသည် ဝင်ဖို့ရန် လွယ်ကူအောင် မိမိအတွက် တံခါးကို ဖွင့်ထားတာပဲ . . အထဲရောက်ပြီးမှ မစွန့်ဝံ့တဲ့ ငနဲဟာ အသုံးမကျ မရထိုက်သူပဲ ဟု တွေးတောကာ နောင်တရလေ၏။

သို့ နောင်တရလေရာ "ဟယ် ဘယ်လိုပဲဖြစ်ဖြစ် ငါသွားပြီး ခွတ်နှစ်လိုက်ပါတော့မယ်လေ" ဟု စိတ်ကိုတင်းပြီး ထ၍ ထိုင်လေ၏။ ထိုင်ရင်း မိမိကိုယ်ကို ရဲဆေးတင်လေ၏။ ထို့နောက် ထပြီး တစ်လှမ်းနှစ်လှမ်းသွားလေ၏။ ခြေရင်း ခုတင်တိုင်ကိုကိုင်ကာ ဆိုင်းရပ်ပြီး "မတော်ပါဘူး ထင်ပါရဲ့လေ . . . ဒါကို ကျူးလွန်မိုက်မှားရင် အင်မတန်မှ သစ္စာမဲ့တဲ့ လူယုတ်မာဖြစ်ဖို့သာ ရှိပါကလား" ဟုတွေးပြီး ခုတင်တိုင်ကို မှီရင်း ခေါင်းငိုက်ဆိုက် ချကာ စဉ်းစားပြီး အိပ်ရာသို့ ပြန်၍ အိပ်လေ၏။

သို့နေခိုက်တွင် နှောင့်ယှက်သော စိတ်သည် ထက်သန်သော အားအရှိန်နှင့် ပေါ်လာပြန်ရာ မနည်းကြီးငြင်းဆန်ရသော်လည်း မရ နတ်ဆိုးနှင့် နတ်ကောင်းလွန်ဆွဲကစားသလို အကောင်းစိတ်နှင့် မကောင်းစိတ်သည် ခင်မောင်အား တစ်လှည့်စီ နားသွင်းကာ အားချင်းပြိုင်၍နေကြလေသတည်း။





ဆိုး ။ "ထ . . လက္ခ၊ ဟေ့ . . မင်း တယ်ညံ့တဲ့အကောင်ကပဲ၊ ငနဲမက အထဲကြွဖို့ ပွဲပြပြီး ခေါ်နေတာ မသိဘူးလားကွဲ့ . . ."

ကောင်း ။ "မတော်ဘူး၊ မလုပ်ကောင်းဘူး . . . မမိုက်နဲ့ ကျေးဇူးရှင်နော်၊ နောင်အစဉ် မေတ္တာတုံးပြီး လူချစ်ချင်း မုန်းရလိမ့်မယ် . ."

ဆိုး ။ "ဟား ဟား ဟား တယ်မှားတာပဲ၊ ဒါမျိုးမှ လူချစ်ချင်း တိုးပြီး ချစ်တာ . . အလကား တမင် ဖျက်ဆီးဖို့ ကြံတာမဟုတ်ဘဲ သူငယ်ချင်း ဘဝက သမက်ဘဝရောက်ရင် သာပြီးရင်းမသွားဘူးလား"

ကောင်း ။ "သည်ဘဝ မရောက်ဘဲ အိမ်ပေါ်က ကန်ချမှာ စိုးရသေးတယ် ဆရာ . . မယားရေးကြောင့် ခားဘေးသင့်တတ်သတဲ့၊ သူ့အဖေက ဩဇာတန်ခိုး တော့်တော်ကြီးတာ လူတစ်ယောက်ကို ဆန်စက်ထဲ အကောင်လိုက် မီးထိုးပစ်နိုင်တဲ့ လူနော်. . သတိထား . . . တစ်ကောင်ကြွက် တစ်မျက်နှာ တခြားရပ်ရွာမှာ မတော်တာကို မလုပ်ကောင်းဘူး"

ဆိုး ။ "ဘာဖြစ်လို့ မကောင်းရမှာလဲ . . လူ့ရဲ၊ ဒင်းကလေးက အတင်းပေးနေတာ . . ငြင်းသေးသလား"

ကောင်း ။ "ကလေး အမိုက်မို့ အတင်းပေးတာကို မငြင်းရင် ကလေးထက် မိုက်ရာကျမှာပေါ့"

ဆိုး ။ "ဒီလို သိုက်ကောင်းမျိုးဟာ တစ်သက်မှာ တစ်ခါပေါ်တာ . . ပေါ်ခိုက်မှာမှ အတော်မရိုက်ရင် လူမိုက်ပေါ့"

ကောင်း ။ "ဒီလို နေရာမျိုးမှာ မိုက်တာပဲ ကောင်းပါတယ် . . ."

ထိုကဲ့သို့သော နည်းမျိုးဖြင့် အကောင်းနှင့်အဆိုးလွန်ဆွဲကြရာ ခင်မောင်မှာ ခုတင်ပေါ်၌ ထိုင်ချီ လျောင်းချည်ဖြစ်၍နေလေ၏။ နောက်ဆုံး၌ မျက်လုံးများ တိုး၍ ကျယ်လာသောကြောင့် အိပ်ရာမှထပြီး ခြေနောက်



www.burmeseclassic.com

www.burmeseclassic.com

ကိုဆင်းကာ မီးဖိုတံခါး အပြင်သို့ထွက်ပြီးလျှင် မိုးသားတိမ်တိုက်များထဲတွင် ငုတ်ချည် ပေါ်ချည်နေသော လရောင်အောက်၌ တောင်မြောက်လေးပါး လှည့်လည်သွားလာလျက် နေလေသတည်း။

မမြသည်ကား . . ခင်မောင် အခန်းထဲ ဝင်သည်ကိုလည်းကောင်း၊ မိမိ၏ ခုတင်ပေါ်၌ လက်ထောက်ကာ မျက်နှာကို စီး၍ ကြည့်သည်ကိုလည်းကောင်း၊ လက်ကောက်ကို တင်၍ထားသော ဗီရိုဘက်သို့ သွားသည်ကိုလည်းကောင်း မြင်သော်လည်း အိပ်ပျော်ဟန်ဆောင်၍ နေလေ၏။

သို့ ဟန်ဆောင်ကာ အတော်အသင့် မျှော်လင့်လျက်နေခိုက်တွင်ခင်မောင် အခန်းထဲမှ ထွက်၍သွားသည်ကို မြင်ရသောအခါ အတန်ကြာကလေး မကြေမချမ်းဖြစ်၍ နေပြီး နောက်အတွေးများသည် အိပ်မက်အဖြစ်သို့ ပြောင်းလဲကာ အိပ်ပျော်သွားလေသတည်း။

ထို့နောက် အတန်ကြာလျှင် ခင်မောင်သည် အိမ်ပေါ်သို့ ပြန်၍တက်လေ၏၊ အိမ်အပေါ်ထပ် လှေကားကို တက်၍ တစ်ဝက်လောက်ရောက်သောအခါ လှေကားခြေရင်းမှ အသံလိုလိုကြားရသဖြင့် လှည့်၍ကြည့်လိုက်ရာ ရိပ်ခနဲ မီးဖိုဘက်သို့ ဖြတ်ဝင်သွားသလိုလို မှတ်ထင်ရသော သဏ္ဌာန်တစ်ခုကို မြင်လိုက်လေ၏။

ခင်မောင်သည် သေချာစွာနားထောင်ရင်း ကြည့်၍နေသော်လည်း အသံကိုလည်း ဆက်လက်၍မကြားရ၊ မြင်လည်း မမြင်ရသောကြောင့် ငါ့စိတ်က ထင်တာထင်ပါရဲ့ဟုတွေးပြီး အိမ်ပေါ်ကိုတက်၍ သွားလေ၏။ အိပ်ရာပေါ်သို့ ရောက်သောအခါ အိပ်ပျော်၍ သွားလေ၏။

❁ ❁ ❁

## အခန်း (၆)

နံနက် အိမ်၌ဆူညံလှုပ်ရှားသော အသံများကြောင့် အိပ်ရာမှနိုးပြီး ရုတ်ခနဲ ထ၍ထိုင်လိုက်သောအခါ အိမ်ခန်းအတွင်းအပြင် ဝင်ထွက်သက်ဆင်းသွားလာ လှုပ်ရှား၍နေကြသော အစေခံများနှင့် မောင်ဖေကိုမြင်ရလေရာ ဘာများဖြစ်ပါလိမ့်မလဲဟု တွေးရင်း ၎င်းတို့ကို ကြည့်၍နေလေ၏။

မမြသည်ကား မသာယာသောမျက်နှာနှင့် ပြတင်းပေါက်ကို မှီကာ အိမ်ရှေ့ကိုကြည့်၍ နေလေ၏။ သို့နေရာမှ နောက်ကိုလှည့်ကြည့်၍ ခင်မောင်၏ မျက်လုံးများနှင့် မျက်လုံးချင်းဆိုင်မိသောအခါ အခါတိုင်းနှင့်မတူသော ကြွေ့ကို ၎င်း၏မျက်နှာ၌မြင်လိုက်ရသဖြင့် ခင်မောင်၏ စိတ်ထဲမှာ လေးလံခြင်းဖြစ်၍ လာလေ၏။

ထိုအခိုက် အခန်းတွင်းမှ တီးတိုးစကားပြောသော အသံလိုလို

www.burmeseclassic.com

www.burmeseclassic.com



ကြားရသဖြင့် နားစိုက်၍ထောင်လေ၏။ သို့ပင် နားထောင်သော်လည်း စကားလုံးကွဲကွဲပြားပြား မကြားရချေ။

စကားသံတိတ်၍သွားပြီးနောက် မောင်ဖေက ရှေ့က အောင်ကဲ ကနောက်ကလိုက်လျက် အခန်းထဲမှ ထွက်၍လာကြသည်ကို မြင်ရလေ၏။ မောင်ဖေသည် ခင်မောင်ကိုလှမ်းကြည့်ပြီး နှုတ်ခမ်းများကို တင်းတင်းစေ့လျက် ကပ်၍လာလေရာ ခင်မောင်သည် ထိုင်ရာမှထပြီး . . .

"ဘာဖြစ်သလဲ ကိုဖေ"

ဟုမေးလေ၏။

မောင်ဖေသည် ခင်မောင်၏ မျက်နှာကို စေ့စေ့ကြည့်လျက် . .

"ညက စိန်လက်ကောက်တစ်ရံ ပျောက်သွားတယ် . . အိမ်မှာလည်း သူခိုးတက်တဲ့ အမှတ်လက္ခဏာ တစ်ခုမှ မတွေ့ရဘူး၊ စဉ်းစားဖို့ခက်နေတယ်"

"ညက ကျုပ်လည်း တော်တော်ကြာ နိုးနေတာပဲ၊ ခြော် ဟုတ်တယ်၊ ကျုပ်အောက်မှာ အတော်ကြာလမ်းလျှောက်ပြီး အိမ်ပေါ် ပြန်တက်လာတော့ လှေကားရင်းမှာ လူရိပ်လိုလိုတော့ မြင်လိုက်ရတာပဲ၊ နောက်ကျုပ်ရပ်ကြည့်နေပြီး ဘာသံမှမကြား၊ ဘာကိုမှလည်း မမြင်ရတာနဲ့ စိတ်ထဲမှာ ထင်တာလို့ မှတ်ပြီး အိမ်ပေါ်တက်လာတာပဲ"

မောင်ဖေသည် ခင်မောင်ကို မကြည့်ဘဲ နံဘေးကို လှည့်ကာ စဉ်းစားသလို အမူအရာနှင့်နားထောင်၍နေလေ၏။ ထို့နောက် ခင်မောင်၏ ဘက်သို့လှည့်ပြီး . . .

"ဟုတ်တယ် . . ခင်ဗျား လမ်းလျှောက်နေတာကို ကျုပ်မြင်မိတယ်"

ဟုပြောပြီး ခင်မောင်၏မျက်နှာကိုကြည့်ရာမှ တခြားဘက်သို့ လှည့်၍ငေးနေပြန်လေ၏။





မမြသည်ကား ပြတင်းပေါက်မှ ခွာပြီး မသာမယာသော အမူအရာနှင့် အခန်းထဲသို့ဝင်၍သွားလေ၏။

ခင်မောင်၏ စိတ်၌ မနေသာ မထိုင်သာ ဖြစ်၍လာလေ၏။ "အိမ်ပတ်ဝန်းကျင်၌ မိမိလမ်းလျှောက်သည်ကို မြင်သည်ဆိုလျှင် မမြ၏အခန်းတံခါး၌ မိမိရပ်ကာ ကြံစည်၍ နေသည်များကိုလည်း မြင်လေမလား"ဟု တွေးတောလျက် မငြိမ်မသက်ဖြစ်လေ၏၊ မောင်ဖေ၏ မျက်နှာထားပုံမှာ ထူးခြားသည်ကိုလည်း သိရ၏။

မမြ၏ နေပုံမှာလည်း ခါတိုင်းနှင့်မတူ အောင်ကဲလည်း အပြစ်ကင်းစင်၍ စိတ်ထဲ၌ ရှင်းလင်းကြည်လင် ကျွတ်လွတ်သူတို့၏ စိတ်လက်မသာမယာခြင်း အသွင်ကို ဆောင်ကာ မနီးမဝေး၌ ရပ်ကာ စကားမပြောဘဲနေလေ၏။

ခင်မောင်သည် မကျေနပ်သော အမူအရာဖြင့် ညကမြင်သလိုလိုဖြစ်မိသော အရိပ်သဏ္ဍာန် အကြောင်းကို ပြန်၍ပြောလေ၏။

ထိုစကားကို အောင်ကဲကြားသောအခါ အောင်ကဲသည် မငြိမ်မသက်ဖြစ်ကာ လှုပ်ရှားပြီး တစ်ဖက်သောခြေပေါ်၌အားပြုကာရပ်၍ နေရာမှ အခြားတစ်ဖက်သောခြေပေါ်သို့အားကို ပြောင်းကာ ရပ်လေ၏။ ထို့နောက်ချောင်းဆိုးသလိုဖြစ်ပြီး ထိုနေရာမှ ပြတင်းပေါက်ကိုသွားပြီး "ထွီ"ဟု အသံမြည်အောင် တံတွေးကို ဟက်၍ချပြီး ပြတင်းပေါက်ကို ကျောနှင့်မှီကာ လက်ပိုက်လျက် စီရင်ချက်ကို ချနိုင်သောသူ၏မျက်နှာထားမျိုးနှင့် တစ်ချက်တစ်ချက် ခင်မောင်၏ မျက်နှာကိုကြည့်လေ၏။

မောင်ဖေသည် အောင်ကဲဘက်သို့ ရုတ်တရက် လျှင်မြန်စွာ လှည့်ပြီး . . .

"ဟေ့ကောင် . . . မင်း ဘာလုပ်နေသလဲ၊ 'အောက်သွား"

ဟုပြောလိုက်လေ၏။ အောင်ကဲလည်း ပြတင်းပေါက်မှ ဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ညင်းစွာခွာပြီး သွားလေ၏။ မောင်ဖေ၏ မျက်လုံးထောင့်မှာ စိတ်ကိုဆောင်ခြင်းကြောင့် အနီရောင် ပေါ်ပေါက်၍လာပြီး ခင်မောင်၏ အပါးသို့ကပ်ကာ ခင်မောင်၏ မျက်နှာကို စေ့စေ့ကြည့်ပြီး . . .

"စဉ်းစားဖို့ သိပ်ခက်နေတာပဲ၊ ကျုပ်တော့ မယုံနိုင်အောင်ရှိတာပဲ . . သို့သော်လည်း မြင်တဲ့လူက ရှိနေတယ်"

ဟု ထစ်ငေါ့ လှုပ်ရှားစွာ ပြောလေ၏။

ခင်မောင်မှာ တိုး၍ မျက်နှာပျက်လျက် စေ့၍နေသော နှုတ်ခမ်းနှစ်ခုမှာ မသိမသာ ကွာ၍သွားပြီး မောင်ဖေ၏ မျက်နှာကို မျက်တောင်မခတ်ဘဲ ကြည့်၍နေလေ၏။ ထို့နောက်ပြုံးပြီး . . .

"ဘာလဲ ကိုဖေ၊ ကျုပ်ကိုများ ထင်သလား၊ ဟုတ်တယ် . . မသက်ာစရာတော့ဖြစ်နေတာပဲ၊ ကျုပ် ညက ထမိတာကိုး . . . ဘယ်သူမြင်သလဲ မသက်ာရင် ရှာနိုင်ပါတယ် . . . မိတ်ဆွေ ကျုပ်မှာ ဖိစီးတဲ့အကုသိုလ်ကံမကုန်သေးလို့ အခုလို အထင်ခံရတာပဲ ကျုပ် စိတ်မဆိုးပါဘူး"

ဖေ ။ "ကျုပ်လည်း မယုံချင်ပါဘူး၊ ယုံဖို့ အင်မတန်ခက်တာပဲ . . . သို့သော်လည်း အခုလိုထင်နေရတာထက် ရှင်းလင်းသွားတာက ကောင်းတာပဲ၊ ဘယ်သူမှလည်း အနားမှာမရှိဘူး။ တို့နှစ်ယောက်တည်း ရှိတယ်၊ ကျုပ်စိတ်ထဲမှာ ရန်ကင်းရုံကလေးရှာပါရစေ၊ မိတ်ဆွေထံမှာ ရှာလို့တွေ့မှာကိုသာ စိုးတာပဲ၊ မတွေ့ပါစေနဲ့လို့ သဘောထားရတာပဲ . . ပြောသူက ဒိဋ္ဌပြောနေလို့ပါ"

ခင်မောင်မှာ တိုး၍ မျက်နှာပျက်လေ၏။ မျက်နှာနီမြန်းလျက်မျက်လုံးများမှာ စို၍ လာလေ၏။

"ရှာပါ မိတ်ဆွေ၊ ကျုပ် ကျေနပ်ပါတယ်"

မောင်ဖေသည် စိတ်လက်မကြည်မသာ မျက်နှာမသာမယာနှင့် ခင်မောင်၏ မွေ့ရာခြေရင်းကို လှန်ရှာလေ၏။ ဘာကိုမှမတွေ့ရသဖြင့်





မျက်နှာမှာ လန်း၍လာလေ၏။ ထို့နောက် နံဘေးကိုလှန်၍ရှာလေ၏။ ဘာကိုမျှ မတွေ့ရချေ။

ထို့နောက် ခေါင်းရင်းကိုလှန်လိုက်သောအခါ နှစ်ယောက်စလုံးမှာ မျက်လုံးများကျွတ်ထွက်၍ ကျတော့မလိုဖြစ်သွားလေ၏။ စိန်လက်ကောက်နှစ်ကွင်းသည် ဝင်းခနဲပေါ်လာသည်ကို မြင်ကြရလေ၏။ ခင်မောင်မှာ မတ်တတ်က လဲကျတော့မလိုဖြစ်သွားသဖြင့် သတိပြုကာ ခုတင်တိုင်ကို ကိုင်၍ထားရလေ၏။

ထိုအခိုက်တွင် အောင်ကဲသည် ဒေါ်စာဥနှင့် ကျေနပ်ရွှင်ပြစွာ စကားပြောဆို၍နေကြလေ၏။

"ဆရာဖြစ်လို့မဟုတ်ပါဘူး . . . ရာဇဝတ်ဘက်မှာ အလုပ်လုပ်ခဲ့တဲ့လူ ပညာတတ် တစ်ယောက်ဟာ အခုလို အရိုင်းဉာဏ် အတုံးအတစ်မျိုးတော့ ကြံမယ်လို့ နည်းနည်းကမှ မထင်ဘူး"

ဟုပြောပြီး စာအုပ်ကို ခေါင်းငုံ့ကာ လှန်လှော၍နေလေ၏။ အောင်ကဲမြင်သည်ဟူသော စကားသည် မမြ၏ အထင်အမြင်ကို သာလွန် ရှင်းလင်းခြင်းဖြစ်အောင် ပြုလေ၏။ အောင်ကဲ၏ အတုံးအတစ်ဉာဏ်မိုက်သည် သာလွန်သိသာ၍လာလေ၏။

"သမီး . . သူ့ကို မထင်ရင် ဘယ်နည်းနဲ့ သူ့အိပ်ရာအောက်ကိုရောက်တယ်လို့ ဆိုမလဲ . . ဖေဖေက သူ့ကို အိမ်မှာ မနေစေချင်လို့ဉာဏ်ဆင်တယ် ဆိုမလား"

မမြသည် စကားပြန်၍မပြောဘဲ ငြိမ်သက်စွာ စာမျက်နှာကိုသာကြည့်၍နေလေ၏။

ထိုအခိုက်တွင် ခင်မောင်သည် ခြေသံမကြားရအောင်တက်၍လာပြီး ၎င်းတို့သုံးယောက်ကို မြင်သောအခါ မျက်နှာကိုမော်၍ မပျက်သောမျက်နှာနှင့် ခြေလှမ်းကို ကျဲကျဲလှမ်းပြီး သွက်လက်စွာကပ်



www.burmeseclassic.com

www.burmeseclassic.com



၍လာလေ၏။ မောင်ဖေသည် လက်ကသတင်းစာကိုသာ ကြည့်၍ နေလေ၏။ သုံးယောက်သား စကားမပြောဘဲ နေကြလေ၏။

"အခု ကျွန်တော့် အပေါ်မှာတော့ အပြစ်ထင်ရှားနေပြီ . . ကိုဖေ၊ ဘယ်လိုစီမံချင်တယ်ဆိုတာသာ သိပါရစေ"

မောင်ဖေသည် ခင်မောင်၏မျက်နှာကို လှည့်ကြည့်ပြီး . . .

"အင်မတန် စိတ်မကောင်းဖြစ်တယ် . . မိတ်ဆွေ၊ ဘာမှတော့ မလုပ်ပါဘူး"

ဟုပြောပြီး မျက်နှာကိုတင်းကာ . . .

"ဒီမှာ နေလို့တော့ မဖြစ်ဘူးထင်တယ်"

"ကျွန်တော့်ကို ဘာမှမလုပ်ဘူးဆိုတာ ကျေးဇူးတင်ပါတယ်၊ သွားဖို့ဆိုတာကတော့ အသင့်ပါပဲ၊ သို့သော်လည်း ကျုပ်အပေါ်မှာ အပြစ်မရှိတာတော့ ဘုရားသာသိမှာပဲ"

မမြသည် ထိုင်ရာမှထပြီး ခင်မောင်၏မျက်နှာကို အားပေးသော မျက်နှာထားနှင့်ကြည့်ကာ . . .

"ကိုကို့မှာ အပြစ်မရှိတာ မြသိပါတယ်"

ဟုပြောပြီး မျက်ရည်လည်၍လာလေ၏။

စာသင်ရင်း ငေး၍နေသော ကျောင်းသား၏ နားရွက်ကို ဆရာက ဆွဲလိုက်သည့်အခါ သတိရ၍လာသလို မောင်ဖေသည် တွေဝေ၍ နေရာမှမျက်လုံးပြူးပြီး မမြကို အံ့သြသလိုကြည့်လေ၏။ ထို့နောက် ခင်မောင်၏ မျက်နှာကိုကြည့်လေ၏။ ခင်မောင်သည် မည်သူ့ကိုမျှမကြည့်ဘဲ မသက်မသာသော မျက်နှာနှင့်တော်ရာကို ငေးရင်း လည်ချောင်း၌ အလုံးကြီးတစ်လုံးကိုမျို၍ ချလေ၏။

မောင်ဖေ၏ စိတ်ထဲ၌ မပေါ်ဖူးသေးသော အရာတစ်ခုပေါ်ပေါက်၍လာလေ၏။ ထိုအရာသည်ကား မိမိ၏ သမီးနှင့် ခင်မောင်၏အပေါ်၌





မသက်ာခြင်းဖြစ်လေသတည်း။ မောင်ဖေမှာ များစွာ မျက်နှာပျက်၍သွားလေ၏။ ၎င်း၏နှုတ်ခမ်းများသည် ဆူဝေ၍ လာသော ရေနွေးအိုး၏အဖုံးလို ဖြစ်၍လာလေ၏။ စကားတစ်လုံးကိုမျှ မထွက်စေရအောင် မနည်းကြီးချုပ်တည်း၍ ထားရသောအသွင်ရှိလေ၏။

ခင်မောင်နှင့် မမြမှာလည်း အပြစ်ရှိသော ကလေးများ၏ မျက်နှာလိုဖြစ်၍ လာလေ၏။ ၎င်းတို့၏ စိတ်ထဲ၌ရှိသော အရာများသည် မျက်နှာ၌ကြေးမုံပြင်ပမာ ထင်ပေါ်၍လာလေ၏။ သို့ ထင်ပေါ်ခြင်းကို လျှို့ဝှက်ခြင်း မပြုနိုင်ကြချေ၊ ဖြစ်လိုရာ ဖြစ်စေတော့ဟူ၍ စိတ်ကိုလျှော့ကာ စွန့်လွှတ်ခြင်း ပြုကြရသကဲ့သို့ ဖြစ်၍ နေကြလေ၏။

ထိုအခိုက်တွင် မောင်ဖေသည် စိတ်ကိုများစွာ တင်းသော လက္ခဏာအသွင်ရှိလေ၏။ ထို့နောက် နှုတ်ခမ်းများဖြူ၍ တုန်လှုပ်လျက် ခင်မောင်ကိုကြည့်ကာ . . .

"ညက မမြအခန်းထဲကို ရောက်တယ်ဆိုတာ ငြင်းနိုင်ပါရဲ့လား"

ဟုမေးလေ၏။

"ကျွန်တော့်ကို ထင်ချင်သလိုသာ ထင်ပေတော့၊ ကျွန်တော်မှာတော့ကာ အခုအခြေအနေကိုရောက်မှဖြင့် ဒီမှာဆက်လက်ပြီး နေဖို့ အကြောင်းလည်း မရှိတော့ပါဘူး၊ ကျွန်တော့်အပေါ်မှာ အပြစ်တစ်စုံတစ်ခုနဲ့ ပတ်သက်ပြီး တစ်စုံတစ်ရာမှ မလုပ်ဘူးဆိုတာအတွက် အများကြီး ကျေးဇူးတင်တာပါပဲ . . ကျွန်တော့်အား သွားဖို့ကိုသာ အခွင့်ပြုပါတော့ ကိုဖေ"

ဟုပြောပြီး ထိုနေရာမှ ခွာ၍ ဦးခေါင်းကို အပြစ်ရှိသူတို့၏ ပမာငိုက်စိုက်မချဘဲ ဦးခေါင်းကို မော်လျက် ထိုနေရာမှထွက်ခွာ၍ သွားလေသတည်း။

မမြသည် နှုတ်ခမ်းဖျားကလေးကို ကိုက်လျက် ကျန်ရစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ လက်၌ရှိသော စာအုပ်ကိုသာ လိပ်ကာဖြစ်ကာကိုင်လျက် မငြိမ်မသက်ဖြစ်၍ နေလေသတည်း။

မမြ၏ စိတ်ထဲ၌ ရှုန်းရင်းဆန်ခတ်ဖြစ်၍ နေလေ၏။ မိမိ၏ အခန်းထဲသို့ ခင်မောင်လာသည်ကို မိမိအသိဖြစ်လေ၏။ စိန်လက်ကောက်ထားသောနေရာသို့ ခင်မောင်သွားသည်ကို သိ၏။ သို့သော်လည်း ထိုလက်ကောက်ကို ခင်မောင် ခိုးဝှက်ခြင်း မပြုကြောင်းကို စိတ်ချလက်ချ သိ၏။

သို့သော်လည်း ခင်မောင်၏ ဘက်ကနေပြီး ပြောစရာစကားကို ရှာ၍မရဘဲ နေလေ၏။ မိမိ၏နှုတ်ခမ်းမှ ထွက်သမျှသော စကားတို့သည် ခင်မောင်၏ အပေါ်၌ ဝန်လေးခြင်းဖြစ်ဖို့သာ ရှိသည်ကို သိလေ၏။ သို့ဖြစ်သောကြောင့် စကားမပြောဘဲနေလေ၏။

မောင်ဖေ၏ စိတ်၌ကား ဤအိမ်၌ ခင်မောင်နေလျှင် မိမိ၌လည်းကောင်း၊ သမီးအတွက်လည်းကောင်း မကောင်းကျိုးသာလျှင် ပေးဖွယ်ရာရှိသည်ဟု တွေးမိလေ၏။ ခင်မောင်၏ ဘက်သို့ပါ၍နေဟန်ရှိသော မမြ၏ အမူအရာကို သတိထားမိလေ၏။ သို့ဖြစ်သောကြောင့် ဆက်လက် မေးမြန်းခြင်း တစ်စုံတစ်ရာမပြုဘဲ ထိုနေရာမှ ရှောင်ခွာ၍ သွားလေသတည်း။

ထိုကဲ့သို့ စကားမပြောဘဲနေခြင်းသည် ခင်မောင်ကို အိမ်၌ မထားချင်သောစိတ်၏ ထင်ရှားခြင်းဖြစ်လေ၏။ ခင်မောင်လည်း ထိုအကြောင်းကို အသိဖြစ်လေ၏။ သို့ဖြစ်သောကြောင့် ထိုနေရာမှ ရွှေ့ခွာ၍ သွားပြီးလျှင် မိမိ၏ပစ္စည်းအနည်းငယ်မျှကို သိမ်းဆည်းရန်သွားလေ၏။

ထို့နောက် ဆယ့်ငါးမိနစ်ကျော်ခန့်ကြာသောအခါ ခင်မောင်သည် မိမိ၏အထုပ်ကလေးကို ဆွဲကိုင်လျက် အိမ်ပေါ်မှ ဆင်း၍ လာလေ၏။

မမြသည် အိမ်ပေါ်ထပ်မှ ဆင်းသော လှေကားရင်းနှင့် မနီးမဝေး





သောက်ရေအိုးစင်အနီးတွင် ရပ်ကာ အိမ်ရှေ့ကို ကြည့်မျှော်လျက်နေလေ၏။

သို့နေခိုက်တွင် ခင်မောင်အိမ်ပေါ်မှ ဆင်း၍လာသော ခြေသံကို ကြားရလေ၏။ သို့ပင် ကြားရငြားသော်လည်း လှည့်၍မကြည့်ဘဲနေလေ၏။

ခင်မောင်သည် မိမိကို မကြည့်သော မမြ၏အပါးကို ရောက်သောအခါ ခြေလှမ်းပျက်၍ သွားလေ၏။ ရပ်တော့မလိုလို ဖြစ်လေ၏။ သို့သော်လည်း မရပ်ဘဲ မမြ၏ အနားမှ ပွတ်လျက်ဆင်း၍သွားလေသတည်း။

မမြသည် ခင်မောင်ကို နောက်မှ စက္ကန့်အနည်းငယ် ဝဝကြီး ကြည့်၍ နေလေ၏။ သို့ကြည့်နေခိုက်တွင် ခင်မောင်သည် နောက်သို့ လှည့်ကြည့်လေ၏။ မျက်နှာချင်းဆိုင်မိလေလျှင် မမြ၏မျက်နှာ၌ ဝိုင်းလည်၍နေသော မျက်ရည်၏ အရှိန်ကိုမြင်ရသောအခါ ခင်မောင်၏ အသည်းနှလုံးကိုဆွဲ၍ဖမ်းသလို ဖြစ်၍ သွားသောကြောင့် ခင်မောင်သည် ဆက်လက်၍ မကြည့်ဘဲ ချာခနဲလှည့်ပြီးလျှင် ဦးခေါင်းကို ငိုက်ဆိုက်ချလျက် ကတိုက်ကရိုက်သွားလေရာ အိမ်ရှေ့၌ ခင်း၍ ထားသော အုတ်ခဲလမ်း၌ ထောင်၍နေသည့် အုတ်ခဲတစ်ခုကိုတိုက်ကာ လဲတော့မလိုဖြစ်၍ သွားလေသတည်း။

မမြသည် လမ်းအကွေ့ ငှက်ပျောခြံအကွယ်၌ ခင်မောင်ပျောက်ကွယ်၍ သွားသည့်တိုင်အောင် ကြည့်လိုက်ပြီး အိမ်ပေါ်သို့ပြေးတက်ကာ မိမိ၏အိပ်ရာပေါ်သို့ မိမိကိုယ်ကို ပစ်ချကာ မချုပ်တည်းနိုင်သော စိတ်ကို အကုန်အစင်လွှတ်ပြီး ရှိုက်ကြီးတငင် ငိုကြွေးရှာလေ၏။

မမြသည် မိမိ၏မျက်နှာကို ခေါင်းအုံးထက်တွင် မြှုပ်နှံကာ မိမိ၏ဆံပင်များကို ကိုင်ဆွဲ၍ဖြတ်ရန် ကြိုးစား၍နေသလိုရှိလေ၏။ ထိုအခိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြြင်နာစွာ မိမိ၏ကျောပေါ်သို့ လာ၍တင်သော လက်တစ်ခု၏အရှိန်ကြောင့် စောင်းငဲ့ကာ မော်၍ကြည့်လေရာ ဒေါ်စာဥဖြစ်သည်ကို သိရလေသတည်း။

"မြရေ . . မြ သတိထား ကလေးရယ်၊ ဖြစ်သမျှ အကျိုးအကြောင်းကို အဒေါ်ရိပ်မိပါတယ်၊ အဒေါ်ပြောခွင့်မရဘူး၊ ပြောရမှာလည်း မနည်းကြီးခက်တာပဲ . ."

ဟု မျက်ရည်စက်လက်နှင့် ဒေါ်စာဥကပြောလေ၏။

ထိုအခါ မမြမှာ သာလွန်မခံမရပ်နိုင်အောင်ဖြစ်ပြီး . .

"အဒေါ် သိရင် တော်ပါပြီ . . ကိုကို့မှာ ဘာအပြစ်မှမရှိပါဘူး၊ အဒေါ်သိတယ်မဟုတ်လား . ."

ဟုပြောပြီး မျက်ရည်များကို ခေါင်းအုံးနှင့် သုတ်ကာထိုင်လျက် မျက်နှာကို ခေါင်းအုံးထဲတွင် ဆက်လက်မြှုပ်နှံ၍ ထားလေ၏။

ဒေါ်စာဥသည် အပါး၌ထိုင်ကာ ကြွချီကြွချီနေသော ကျောပေါ်၌ လက်တစ်ဖက်ကိုတင်လျက် အမျိုးမျိုးအားပေးရှာလေသတည်း။

"တူမကြီးတို့ အဖြစ်အပျက်ကို အဒေါ်အကုန်သိတယ်၊ တူမကြီးသိပေမယ့် အဒေါ်လည်းမတတ်နိုင်ဘူး၊ အဒေါ်ဘယ်လိုလုပ်ရမလဲမသိဘူး . ."

မမြသည် စွတ်စိုသော မျက်နှာနှင့် မော်ကြည့်ကာ . . .

"ဒေါ်ဒေါ် သိရင်တော်ပါပြီ၊ အခုတော့ သွားပြီ . . . သူ့မှာ ဘာအပြစ်မှလည်း မရှိဘူး ဒေါ်ဒေါ်ရဲ့ . . . အခု ဘယ်မှာတွေ့လိုက်သလဲ၊ ဒေါ်ဒေါ့်ကို စကားတစ်လုံးမှ ပြောမသွားဘူးလား၊ ဘယ်ဘက်ကို သွားသလဲ ဒေါ်ဒေါ် . ."

"အေး အေး . . ဒေါ်ဒေါ်သိတယ်၊ ဒေါ်ဒေါ် စကားပြောချင်ပေမယ့် သူသူငါငါတွေမြင်မှာစိုးလို့ ဘာမှမပြောလိုက်ရဘူး။ ဒေါ်ဒေါ့်







ကို လက်ပြပြီး ချောင်းကမ်းပါးဘက်ကိုဆင်းသွားတာပဲ"

"ဒေါ်ဒေါ် ကျွန်မ မကွယ်နိုင်တော့ဘူး . . . ကျွန်မတို့ . ."

ဟု ပြောကာ မမြသည် မျက်နှာကို ခေါင်းအုံးပေါ်တွင် ထပ်မံ၍မြှုပ်ပြန်လေ၏။

"အေး အေး . . တူမကြီး ဒေါ်ဒေါ်သိတယ်၊ ဒေါ်ဒေါ် နားလည်တယ်၊ စိတ်ကိုသာ ခိုင်ခိုင်ထားတော့ တူမကြီး၊ ဒါမျိုးဆိုတာ ဖြစ်တတ်တာပဲ . . နောင်အကြောင်းရှိသေးရင်လည်း တွေ့ရမှာပေါ့ တူမကြီးရယ် . . အားမငယ်ပါနဲ့ . . . တူမကြီး ဒီလိုဖြစ်တော့ ဒေါ်ဒေါ့်မှာ . . ."

ဟုပြောပြီး ဒေါ်စာဥသည် မျက်နှာကို အကျီလက်နှင့်တိုက်ဆွဲကာသုတ်လိုက်လေ၏။

ထိုအခိုက်တွင် လှေကားပေါ်တွင် ခြေသံများကို ကြားရသဖြင့် နှစ်ယောက်သားမှာ မျက်နှာများကို သွေ့ခြောက်အောင်လုပ်ကြလေ၏။ ဒေါ်စာဥသည် အခန်းထောင့်၌ ရှိသော တံမြက်စည်းကို ယူကာ လှဲ၍နေလေ၏၊ မမြသည် မှန်ကြီးရှေ့၌ ရပ်ကာဖြီးလိမ်းဟန်ပြု၍ နေလေသတည်း။

မကြာမီ အခန်းထဲသို့ရောက်လာသူများသည်ကား ဖခင်ဖြစ်သူမောင်ဖေနှင့် အောင်ကဲဖြစ်လေ၏။

ဂင်းတို့သည် ဒေါ်စာဥနှင့် မမြကို ခေတ္တမျှ ရပ်ကြည့်ကြလေသည်။ ထို့နောက် စကားတစ်လုံးမျှမပြောဘဲ မောင်ဖေသည် မိမိ၏အခန်းထဲသို့ ဝင်၍သွားရာ အောင်ကဲလည်း လိုက်ပါ၍သွားလေသတည်း။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ထို့နောက် တနင်္ဂနွေနှစ်ပတ်လောက်ကြာ၍ သွားလေ၏။ မမြမှာ အပူရုပ်ကို ဖျောက်ဖျက်ကာနေရသော်လည်း ဖခင်ဖြစ်သူ၏မျက်လုံးများသည် သမီး၏အတွင်းစိတ်ကို ဖောက်ထွင်း၍ သိလေ၏။ သို့ပင်သိသော်လည်း မသိဟန်ဆောင်၍ နေလေ၏။

မောင်ဖေ၏စိတ်၌ ဖြစ်ပျက်သမျှကို မိမိ၏အပြစ်ဟု သဘောထားအယူရှိလေ၏။ လူဝင်စားတစ်ယောက်ကို မိမိကလက်ခံ၍ မထားမိခဲ့လျှင် မိမိ၏ချစ်လှစွာသော တစ်ဦးတည်းသော သမီးကလေးမှာ ဤကဲ့သို့မဖြစ်ရဟု စဉ်းစားကာ သမီးကလေး အဘယ်ပုံပျော်အောင် ကြံရမည်ကိုသာ အားထုတ်ကြိုးပမ်းရှာလေသတည်း၊ သို့ကြိုးပန်းခြင်း၌ မြို့အုပ်သည်ပါဝင်လေ၏။ မောင်ကြွားသည် အိမ်သို့ ရှေ့ကထက် ပိုမိုများပြားစွာရောက်၏။ မမြမှာ မြို့အုပ်ကို မကြည်ဖြူဘဲလျက် ဧည့်ဝတ်ကျေအောင်ပြုရရှာလေသတည်း။



မောင်ဖေသည်ကား သမီးပျိုတစ်ယောက်ကို ထိန်းကြောင်းရခြင်းသည် နွားလားဥသဘအကောင်တစ်ရာကို ထိန်းကြောင်းရသည်ထက် ဝန်လေးခက်ခဲသည်ဟု မှတ်ထင်စပြုလေ၏၊ ခင်မောင်နှင့်ဖြစ်ပျက်ခဲ့သောအရေးသည် မောင်ဖေ၏စိတ်ကို ရုတ်တရက် လင်းပွင့်ခြင်းဖြစ်စေလေသတည်း၊ သို့ဖြစ်သောကြောင့် ဝန်လေးသော သမီးအရေးကို ဒေါ်စာဥနှင့်လွှဲကာ မြို့အုပ်နှင့်လျင်မြန်စွာ ကိစ္စချောအောင်သာ ကြံစည်ဖို့ရှိတော့သည်ဟု စိတ်ကို ဒုန်းဒုန်းချလိုက်လေသတည်း။

အောင်ကဲသည်ကား ခင်မောင်ထွက်၍ သွားသောအခါ မမြနှင့်မိမိ၏ စပ်ကြား၌ရှိသော တောင်ကြီးတစ်လုံးပြို၍ သွားသည်ဟု အယူရှိကာ များစွာ ရွှင်လန်းလျက်နေလေ၏။ သို့ ရွှင်လန်းလျက်နေရာတွင် မြို့အုပ်မင်းနှင့်မမြကို အဆောတလျှင် ပေးစားရန် ကြံစည်ကြကြောင်းများကို သိရသောအခါ ထိုလဲပြိုသော တောင်ကြီးအစား မဟာသမုဒ္ဒရာကြီး ဆီးတား၍ လာပြန်သလိုဖြစ်ရပြန်လေရာ လတ်ဆတ်ရွှင်ပျသောစိတ်သည် နွမ်းနယ်သွေ့ခြောက် နောက်ကျို၍ သွားပြန်လေသတည်း။

ဒေါ်စာဥမှာမူ တူမကလေးအတွက် စိတ်လက်မချမ်းသာ . . ခင်မောင်နှင့်ဖြစ်ပျက်သည့် အကြောင်းအရာများကို ကောင်းစွာသိရလေရာ မမြကိုမြင်တိုင်း သနားလျက် မကြံတတ်အောင် ရှိနေသည့်အတွင်း မချစ်မနှစ်သက်သော မြို့အုပ်မင်းနှင့်နေရာကျအောင် စီမံ၍ ပေးရခြင်းကိစ္စမှာ များစွာဝန်လေးခြင်းဖြစ်ရှာလေသတည်း။

မြို့အုပ် မောင်ကြွားသည်ကား အိမ်ကို မကြာ မကြာရောက်လာလေ၏။ လာရောက်သည့်အခါ မမြက ဒေါ်စာဥအား ရှောင်၍မပေးအောင် အမြဲတောင်းပန်လေ၏။ သို့သော်လည်း ဒေါ်စာဥမှာ မောင်ဖေ၏ အလိုကို လိုက်ရသူဖြစ်လေရာ မြို့အုပ်မင်း အခွင့်သာအောင် လုပ်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြို့အုပ်သည်ကား မမြနှင့် ခင်မောင်ဖြစ်ပျက်ခဲ့သည့် အကြောင်းကို အနည်းငယ်မျှ မရိပ်မိချေ၊ မြို့အုပ်ဟူသော မိမိ၏ဂုဏ်ကိုသာ အားကိုးယုံကြည်လျက် မမြကဲ့သို့သော မိန်းကလေးသည် ကတော်ဂုဏ်၏ သွေးဆောင်ခြင်းကို မငြင်းနိုင်ရာ မိမိ၏လမ်းသည် လွယ်ကူရှင်းလင်းရာ၏ ဟူသော ယုံစားခြင်းစိတ်ဖြင့် အိမ်သို့ လာရောက်သည့်အခါတိုင်း ပိုင်နိုင်သောအမူအရာကို အသုံးပြုလေ့ရှိ၏။

မြို့အုပ်မင်း လာသည့်အခါတိုင်း အောင်ကဲမှာ ဝဲစားသည့်ခွေးပမာလို ငြိမ်သက်စွာ မနေနိုင်ဘဲ တလှုပ်လှုပ် တရွရွ ကူးသန်းသွားလာကာ မမြအား မြို့အုပ်မင်း လွတ်လပ်စွာ စကားမပြောသာအောင် အလုပ်များလေ့ရှိ၏။ မမြသည်ကာ မြို့အုပ်မင်း၏ စကားများကို အလွန်ယဉ်ကျေးစွာ အမြငြင်းဆန်လေ၏၊ သို့ ငြင်းဆန်သည်ကို မြို့အုပ်မင်းသည် ဟန်လုပ်သည်ဟု ထင်မှတ်လေ၏။ အကြောင်းမူကား မမြသည် မြို့အုပ်မင်း စိတ်ပျက်လောက်သော စကားများကို အသုံးမပြု၊ ဖခင်၏ စိတ်သဘောအလိုကို သိသောကြောင့် ဖခင်စိတ်မကောင်းမည်ကို စိုးသည့်အတွက် မြို့အုပ်၏အလိုကိုလိုက်လျောကာသာ နေခဲ့ရရှာလေ၏။

သို့နေလေရာ ရက်ပေါင်းအတော်ကြာ၍ သွားလေ၏။ ဒေါ်စာဥကလည်း မောင်ခင်မောင်နှင့် ဖြစ်နိုင်ဖို့ မရှိတော့သည့်အခြေအနေကို ထောက်၍ ဖခင်စိတ်ကောင်းအောင်ကြိုးစားကာ ဖခင်၏ အလိုကိုသာ လိုက်ဖို့ရန် အကြောင်းများကို ပြောလေ၏။ သို့ ပြောဖန်များသောအခါ၌ နုနယ်ပျိုရွယ်သော မမြ၏နှလုံးမှာ အမြဲတင်းမာ ခက်ထရော်၍မနေနိုင် မိမိအတွက် ဖခင် စိတ်နှလုံးအေးစေတော့ဟု သဘောထားရလျှင် ကောင်းလေမည်လားဟူသော သို့လော သို့လော အကြံများပေါ်ပေါက်စပြုလေသတည်း။

အကြောင်းမူကား ခင်မောင် ထွက်သွားသည်မှာ တစ်လကျော်ခန့်





ကြာရှိပြီး ဖြစ်သော်လည်း သတင်းတစ်စုံတစ်ရာမျှမကြားရတော့သည် ဖြစ်သောကြောင့် . . . "ခင်မောင်လည်း မိမိကို သတိရတော့မှာမဟုတ်၊ တွယ်တာမက်မောကာ မပေါ်လာတော့သည်ဖြစ်သော လူကို မျှော်၍နေရခြင်းဟာ မိမိ၏စိတ်ကို တဖြည်းဖြည်း မီးရှို့သည်နှင့်သာ တူပေတော့မည် . . "ဟုတွေးမိလေ၏။

"ရည်းစားတစ်ထောင် လင်ကောင်း တစ်ယောက်တဲ့၊ တူမကြီး လောကမှာ ပထမ ချစ်သူနဲ့ချည်း အကြောင်းဆုံစည်းတယ်ဆိုတာ မဖြစ်နိုင်သလောက်ရှားတာပဲ၊ တဖြည်းဖြည်းတော့ ဒီလိုပဲ မေ့ကြရတာပဲ၊ ကြိုးစားပြီး ဖျောက်ဖျက်ဖို့သာ ရှိတော့တာပဲ၊ ပျော်ရာမှာ မနေရ တော်ရာမှာနေရမယ်ဆိုတဲ့စကားလို အိမ်ထောင်ရေးမှာလည်း စိတ်နောက်ကို လိုက်ရတာမျိုး မဟုတ်ဘူး၊ အရှည်ကို ကြည့်ရတာမျိုးကွဲ့ တူမကြီးရဲ့ . . "

ဟု ဒေါ်စာဥက မမြ၏ဆံပင်ကို ဖြီး၍ ပေးရင်း တစ်နေ့သော မွန်းလွဲအချိန်တွင် ပြောလေ၏။

"အိမ်ထောင်ရေးမှာ ဘယ်အရာ အရေးကြီးဆုံးလို့ ဒေါ်ဒေါ်ဆိုမလဲ၊ အချစ်ဟာ အရေးကြီးဆုံး မဟုတ်ဘူးလား၊ တကယ့်အချစ် . . ချစ်ရိုးမှန်တဲ့အချစ်ထက် ဘယ်ဟာက ပိုပြီး အရေးကြီးမလဲ ဒေါ်ဒေါ်ရဲ့"

"ဘယ်လိုဟာကို ချစ်ရိုးအမှန်လို့ဆိုမလဲ . . ယောကျ်ားကလေးနဲ့မိန်းကလေးတွေပြီး ဘာမှန်း ညာမှန်းမသိဘဲ ချစ်တာကို ချစ်ရိုးအမှန်လို့ ဆိုမလား . . . ချစ်တိုင်းလည်း ချစ်ရိုးအမှန်မဟုတ်ဘူး"

"နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် ချစ်တာချစ်ရိုးအမှန်ပေါ့ ဒေါ်ဒေါ်ရဲ့"

"နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် ငယ်ငယ်က ချစ်ကြလို့ လိုက်ပြေးကြပြီး နောင်အခါတော့ ရန်ဖြစ်ပွား . . ကွဲပြားသွားကြတာတွေကိုတော့ ဘယ်လိုဆိုမလဲ . . အခု တူမကြီးနဲ့ မောင်ခင်မောင်



www.burmeseclassic.com

www.burmeseclassic.com



မှာအပြန်အလှန် ချစ်တယ်လို့တောင် စိတ်ချ လက်ချပြောနိုင်ရဲ့လား။ မောင်ခင်မောင်ဟာ တူမကြီးကို တကယ်ချစ်ရင် အခုလို ချက်ချင်းထွက်သွားနိုင်မှာမဟုတ်ဘူး"

"မသွားရင် ဘယ့်နှယ်လုပ်နေမလဲ ဒေါ်ဒေါ် . . အခုလို ဖြစ်ရတဲ့ အခါ အရှက်ဆိုတာ လုံးလုံးကင်းတဲ့ ယောကျ်ားမှသာ မသွားဘဲ တရစ်ဝဲဝဲနေမှာပဲ၊ ကိုခင်မောင် ဘယ်လိုလူလဲဆိုတာ ကျွန်မကောင်းကောင်းသိပါတယ် . . . "

"တူမကြီး စိတ်ကတော့ ထင်တာပေါ့လေ၊ အချစ်ဆိုတဲ့ မှန်ကို မျက်စိမှာတပ်ပြီးရင် ဒီမှန် လှည့်စားတိုင်း မြင်ရတာမျိုးပဲ၊ အမှန်ကို မမြင်နိုင်ဘူး၊ နောင်အတူတူပေါင်းသင်းပြီးလို့ ပူနွေးတဲ့ အချက်ဟာ အတော်ကလေးအေးသွားမှ တစ်ယောက်ကို တစ်ယောက် ဘယ်လိုဆိုတာ အမှန်ကိုသိရတာမျိုး တူမကြီးရဲ့ . . . "

"အခု ဘယ်မှာများနေတယ်မသိဘူး ဒေါ်ဒေါ် . . ဟိုဘက်ကမ်းကို ဒေါ်ဒေါ်ရောက်ရဲ့လား . . "

"ဒေါ်ဒေါ် ရောက်တာပေါ့၊ ဘာဖြစ်လို့လဲ . . မောင်ခင်မောင်ရှိတယ်ထင်လို့လား . . မရှိပါဘူး"

"ဒေါ်ဒေါ် မေးမြန်းကြည့်ရဲ့လား . . "

"မေးစရာမရှိပါဘူး၊ သူရောက်နေကျ ဘိုးနက်ဆိုင်ကို ဒေါ်ဒေါ်ရောက်လို့ ရန်ကုန်မသွားခင် တစ်ညအိပ်ပြီး သွားတယ်လို့ ဘိုးနက်မိန်းမ မယ်သွဲ့က ပြောတာပဲ၊ ဘာများပြောသွားသလဲလို့ မေးတော့ ဘာမှပြောမသွားပါဘူးတဲ့ . . "

"ဒီလိုဖြင့် အခု သူ ဒီမှာမရှိဘူးပေါ့ . . "

"မပြောတတ်ဘူး၊ ဟသ်ာတများ ခိုနေဦးမလား မသိဘူး၊ ဟသ်ာတမှာတော့ သူ့အသိမိတ်ဆွေတွေလည်း အများသားကပဲ တူမကြီးရယ် . .





နဲ့ပေမယ့် တွေးမနေပါနဲ့တော့အေ . . ဖြစ်နိုင်ဖို့လမ်းတော့ ဒေါ်ဒေါ် စဉ်းစားလို့ မရဘူး . . "

"ဒီလိုဖြင့် ကျွန်မ ဒီမြို့အုပ်ကိုပဲ ယူရတော့မှာလား ဒေါ်ဒေါ်၊ ပိုက်ဆံချမ်းသာတဲ့ သားသမီးဖြစ်ရတာများဟာ ဘာမှမကောင်းပါလား ဒေါ်ဒေါ်ရယ်၊ ကိုယ်ချစ်တဲ့လူနဲ့လည်းမပေါင်းရ၊ ဆင်းရဲသူ ဆင်းရဲသားများမှာတော့ ချစ်တဲ့လူနဲ့ လိုက်ပြေးသွားတာပဲ ဒီလိုလိုက်ပြေးရတာများ တာသိပ်ပျော်စရာ ကောင်းမှာပဲ၊ ဒေါ်ဒေါ်တို့ ပြေးဖူးရဲ့လား . . . "

"ပြေးဖူးတာပေါ့ တူမရယ် . . ဒေါ်ဒေါ်တို့တုန်းကတော့ မောင်က လူဆိုးမို့ သတ်ပစ်မှာစိုးလို့ ပြေးရတာကိုး တူမရဲ့၊ မြစ်ကူးချောင်းဖြား လှေငယ်တစ်စင်းနဲ့ ပြေးလွှားရင်း ရောင်းချစားသောက်ခဲ့ရတာပဲ . . "

"ဒီလိုနေရတာ မပျော်ဘူးလား . . "

"ပျော်တာပေါ့ တူမရဲ့ . . ဆင်းရဲမှန်း ဘာသိမလဲ၊ ရသလောက်နဲ့ ပျော်ပျော်ပါးပါး လင်မယားနှစ်ယောက်တည်း ဝယ်ချမ်း စားသောက်လုပ်ကိုင်နေကြတာပဲ၊ ပျော်ပေမယ့် နောက်အတော်ကြာလို့ ရိုးသွားတော့ စိတ်ညစ်ရတာပဲ . . "

"စိတ်ညစ်ရမှာကတော့ ဘယ်သူမဆိုပေါ့ ဒေါ်ဒေါ်ရဲ့၊ [illegible]ပေမယ့် မညစ်ခင် ပျော်လိုက်ရသေးတာက အမြတ်ရတာပေါ့၊ အခုလို ဒီမြို့အုပ်ကိုယူပြီး ဖျော်လည်း မပျော်ရဘဲ နောင် စိတ်ညစ်စရာတွေသာ အဖတ်တင်နေရင် ငွေထုပ်လူခိုး အဘိုးအိုကျန်ရစ်ဆိုတာလို ဖြစ်မှာ သိပ်ကြောက်တာပဲ၊ လွန်ခဲ့တဲ့ လထဲက ဖေဖေ့စက်ထဲမှာ ကူလီလုပ်တဲ့ မယ်ညိုဟာ ဘိုးဆောင်ဆိုတဲ့ တခြားကူလီတစ်ယောက်နဲ့တွေ့ပြီး ကြိုက်လို့ တစ်လမှ မကြာခင် လိုက်ပြေးသွားသတဲ့ ဒေါ်ဒေါ်ရဲ့ . . ဟိုအောက် ပုသိမ်ဘက် ဝင်လယ်စပ်တွေတောင် ရောက်ခဲ့ကြသတဲ့၊ အခုတော့ လင်မယား နှစ်ယောက် ပျော်လို့ ဈေးရောင်းနေကြသတဲ့ . . ဒီလိုများဖြစ်ရရင်သိပ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှာပဲ၊ လောကမှာ ကုသိုလ်ကံကောင်းသူများမှာတော့ သိပ်ကောင်းတာပဲ . . . ကျွန်မတို့တော့လည်း တယ်ကံဆိုးပါလား ဒေါ်ဒေါ်ရယ်၊ ရှေးဘဝက အကြောင်းပဲထင်ပါရဲ့နော် . . "

× × ×

နောက် တစ်လလောက် ကြာ၍သွားလေ၏။ စက်သူဌေးမောင်ဖေ၏သမီး မမြနှင့် မြို့အုပ် မောင်ကြွား ထိမ်းမြားမည့်သတင်းသည် ဟင်္သာတမြို့၌ အနှံ့အပြား ကြားသိရလေ၏။

မြို့အုပ်မောင်ကြွားမှာ မိမိအိမ်၌ မိတ်ဆွေ သူငယ်ချင်းများစွာတို့နှင့် နေ့ညမစဲပျော်ပွဲဆင်ကာ သူရာသဘင် ခင်းကျင်းလျက် လူတသင်းတို့မှာ ဝင်းဝင်းတောက်သောမျက်နှာများနှင့် နေကြလေ၏။ မောင်ကြွားမှာ မင်္ဂလာပွဲကို လွတ်လပ်စွာဆင်နွှဲနိုင်ဖို့ရန် ခွင့်ခြောက်လယူထားလေ၏။

၎င်း၏အဖော်များမှာ ဟင်္သာတမြို့ရှိ အရာရှိကြီးငယ် ကုန်သည်-သူဌေး-စာရေးကြီး-စာချီကြီး-ဂုဏ်ဖြပ်ကြီးသူတွေ ဖြစ်ကြလေ၏။ ရန်ကုန်မြို့နှင့်အခြား အမြို့မြို့အနယ်နယ်ရှိ မိတ်ဟောင်း ဆွေဟောင်း သောက်ပေါင်း သောက်ဖော်တို့လည်း ဆိုက်ရောက်၍ နေကြလေရာ မြို့အုပ်မောင်ကြွား၏ ကျယ်ဝန်းသော အိမ်နှင့်ခြံမှာ နေ့ရော ညဥ့်ရော အတီးအဆို အက အခုန်တို့နှင့် ခြိမ့်ခြိမ့်မွမ်းလျက်နေလေ၏။

မောင်ကြွား၏ လခမှာ မများလှသော်လည်း သူဌေးသမီးကိုရတော့မည်ဖြစ်ရာ ငွေကိုရေလိုသုံးနိုင်ရုံမက ငွေကို ရေဖြစ်အောင်လုပ်သော်လည်း ကိစ္စမကြီးလှချေ၊ အရက်သေရည်သည်ကား ငွေအဖြစ်မှ ရေအဖြစ်သို့ ရောက်သောအရာဖြစ်လေသတည်း။

မောင်ဖေ၏ အိမ်၌ အခိုင်းအစေတို့နှင့် လူချမ်းသာတို့၏ ဘာဝ





သုတ်သင်ရှင်းလင်း၍မှ မရနိုင်အောင် ကပ်တွယ်ရစ်ပတ် မှီပေါက်တတ်သည့် နွယ်ပင်နှင့်တူသော နီးဝေးမရွေး သူဌေးဆွေမျိုး မနည်းကပ်အောင်ဆွဲကာဇာပ်မှ ပြတ်ပြတ်သတ်သတ် ဟတ်မိရုံမျှသောဆွေမျိုးဟူသမျှတို့သည် မီးခိုးလုံးရိုက်အောင် တရုံးရုံးနေကြလေ၏။ အိမ်ရှေ့မဏ္ဍပ်ကြီးကိုဆောက်လုပ်ရာ၌လည်း နီးတစ်ချောင်းကို လူပေါင်းများစွာ ဝိုင်းအုံ၍ ကူညီသယ်မ ချီနှောင်ကြလျက် ဆူညံလှုပ်ရှား၍ နေကြလေ၏။

မမြကိုကား တော်ဆက်ရမည့် ရတနာ ကျောက်မြတ်ကလေးကို အပေါက်မှ ထွက်ကာ ပျောက်ပျက်မှာစိုးရသလို ဂရုစိုက်သောမျက်လုံးတပ်ကြီး ခြွေရံခလျက် မင်းကတော်လောင်းကလေးကို အပျင်းဖြေမညောင်းကြဘဲ သောင်းသောင်းဖြဖြ အပေါင်းဝိုင်းရံကာ မ၍နေကြတော့မလိုဖြစ်နေကြရာ တစ်အိမ်လုံး ပျော်ရွှင်ရာတွင် မမြတစ်ယောက်တည်း၏စိတ်မှာသာ မှောင်ကျ၍နေလေ၏။

အောင်ကဲမှာမူ ရည်းစားကိုလူလုသလိုဖြစ်ကာ မမြကို မြင်သည့်အခါတိုင်း အကြင်နာမျက်လုံး မီးအုံးသည့်နှလုံးမျိုးနှင့် ကြည့်ကာခင်မောင် အပေါ်၌ မိမိတစ်မျိုးတစ်မည် မကြံမိချေက ယခုလိုအရေးသည် ယခု လောက်လျင်မြန်စွာ ဆိုက်ရောက်လာဖို့ မရှိသည်ကို တွေးမိကာနောင်တ ရသလိုဖြစ်၍နေလေသတည်း။

ထိုအခါသည်ကား ဝါဆိုလ၏ အဦးအစ မိုးရိပ်တိမ်ထောင် ဝေမှောင်လှိုင်းထ ကိုးခွင်မှာ မှိုင်းကြွလျက် သိုင်းရစ်ခါခသော လရာသီ မိုးအစဖြစ်သတည်း။

မမြသည် ပြတင်းပေါက်မှ ချောင်းဘက်သို့ မျှော်ကာ အုံ့မှိုင်းညိုဆိုင်းသည့် မိုးခွင်အောက်၌ စိမ်းစို နုပျိုသော တောရိပ်တောင်ရိပ်တို့ကိုအခံပြုကာ အထင်းသား ထင်ရှား၍နေသောတံတားကြီးနှင့် မိုးသက်လေထဲတွင် ရေညိုထဲမှ ဖွေးခနဲ ဖွေးခနဲ ထကာ လိုက်တမ်းပြေးတမ်း ကစား



www.burmeseclassic.com

www.burmeseclassic.com



နေသော လှိုင်းများကို ရှုမျှော်ကာ မေးထောက်လျက်ကြိုးကျသည့် ရာဇဝတ်သားသည် အဆုံးတိုင် အစီရင်ခံရမည့်နေ့ရက်ကိုစောင့်သည့် အလား . . . အပျိုစင်ကညာအဖြစ်၏ ဆုံးရှုံးသောကျေခြင်းအချိန် နီးကပ်လာခြင်းကို ကြောက်ခြင်းမလှ ကြောက်ရွံ့ကာ စောင့်စား၍ နေရရှာလေသတည်း။

တစ်-တစ်-တစ် . . တစ် ဟုကြားရသော နာရီ၏ စက္ကန့်သံသည် မိမိကို နောက်ဆုံးအချိန်သို့ရောက်အောင် အမြဲမရပ်မနား တွန်းပို့၍ နေသည်ဟု မှတ်ထင်ရသဖြင့် မခံမရပ်နိုင်သောကြောင့် ထိုအသံကို မကြားရအောင် နားနှစ်ဖက်ကိုပင် ပိတ်ထားမိလေ၏။

မကြည်လင်သော အာကာသကောင်းကင်မိုးလယ်ပြင်သည် မိမိ၏အပေါ်၌ မျက်မှောင်ကုတ်ကာ ခြိမ်းခြောက်ဟိန်းဟောက်လျက် မထီလေးစား ရယ်မောလှောင်ပြောင်၍ ကစားသလို တစ်ခါ တစ်ခါ ချုန်းထစ်လျက် ဝင်းခနဲ လျှပ်စစ်ပျက်သည့်အခါ တစ်ကိုယ်လုံး ကြက်သီးထလျက် ကျောထက်မှာ ဖိန်းခနဲတက်၍သွားလေ၏။

မှုးယစ်မူးရောင် အမြဲလောင်လျက် မျက်လုံးစိုက်စိုက် မျက်ကြောလေးလေးနှင့် စီးကရက်ကို မခွဲတရို့ ပါးစပ်၌ ခပ်စိုက်စိုက်တပ်ကာ အိမ်ကိုတက်၍ လာလေ့ရှိသော မြို့အုပ်မောင်ကြွား၏မျက်နှာကိုထင်မြင်မိသည့်အခါတိုင်း မမြသည် မိမိကိုယ်ကို ကျားစာကျွေးခံရတော့မည့်သူကဲ့သို့ မှတ်ထင်လေ၏။

"ဒီကျားဟာ အဘယ်မျှလောက် ထူးမြတ်တဲ့ နတ်ကျားမို့ ငါ့ကို အခုလို အထူးတလယ် ဂရုစိုက်ကာ နတ်တင်မယ့် အုန်းသီးလို မွှေးနံ့သာနဲ့ လှပသန့်ရှင်းအောင် ဂရုစိုက်၍နေပါသလဲ" ဟုတွေးကာ လှလှပပ သန့်သန့်ရှင်းရှင်းနှင့် ဆင်ယင်ပြုပြင်၍ ထားသော မိမိ၏ကိုယ်ကို သတိထားမိလေ၏။ စင်စစ်အားဖြင့်ကား မမြမှာ အဝတ်အစား နွမ်းနယ်စွာနှင့်





မဖြီးမလိမ်းဘဲ တွေ့ကြရသည့်အခါတိုင်း ဒေါ်စာဥမှစ၍ အားလုံးသောသူတို့မှာ တိုင်းပြည်ပျက်တော့မည့်အရေးကို ထိတ်လန့်သလိုဖြစ်ကြလေ၏။

မိမိ၏ နုနယ်ပျိုမျစ် ကျစ်လျစ်ပြည့်တင်း ချောညက်သည့် အသားအဆင်း လက်မောင်းကလေးဝင်းဝင်းကို လှန်လှောကိုင်ကြည့်ကာ "အသောက်သမား ကျားငစီးနဲ့ စားဖို့ရန် ငါ့ကို တမင်သက်သက်အလှမွှေးပြီး ထားကြတာပဲ" ဟု စိတ်ထဲ၌ အောက်မေ့ကာ မခံချိမခံသာဖြစ်လေ၏။ ဤကျား၏ အစားကို ခံရခြင်းထက် ဤပထဝီမြေကြီးမျိုတာကို ခံရခြင်းက ပိုမို၍သက်သာမှာပဲဟု စိတ်ထဲ၌အောက်မေ့လေ၏။

သို့ထွေထွေရာရာ စဉ်းစားရာတွင် "ကိုကို အဘယ်မှာများ နေပါလိမ့်မလဲ၊ အရှက်ကွဲ၍ ဝမ်းနည်းပြီး ထကြွတဲ့ လှိုင်းရေထဲကို ဆင်းပြီး အေးချမ်းခြင်းကို အပြီးအငြိမ်း ရှာလေပြီလား၊ ကိုကို အမှန်သေလျှင် မိမိလည်း မသေဝံ့စရာမရှိ၊ ဟိုဘက်ချောင်းကမ်းပါး ရေသဖန်းပင်ရိပ် ညိုညိုကလေးအောက်မှာ နှစ်ယောက်အတူသေရလျှင် ဤချောင်းရိုးတစ်လျှောက်မှာ နတ်မောင်မယ်ဖြစ်ကာ အမြဲအစဉ်အတူတကွ ရေကစား၍ နေကြရမှာပဲဟု စိတ်ထဲ၌အောက်မေ့လေ၏။ ထိုအကြံသည် မမြ၏ သဏ္ဌာန်၌ အမှန်ပေါ်ပေါက်သည့်အကြံဖြစ်၏။ ခင်မောင် တကယ်သွေးဆောင်လျှင် ထိုအကြံကို ဧကန်ပင် လိုက်ပါဖို့ရှိခဲ့လေ၏။

တစ်ခါ တစ်ခါ စွန့်စားကာ ခင်မောင်ကိုလိုက်၍ ရှာရလျှင်ကောင်းမလားဟုတွေးမိ၏။ မိန်းမသား ပျိုပျိုရွှယ်ရွှယ်ချောချောလှလှကလေးမှာ စွန့်စားခြင်းပြုလေက ကျားပေါ်သည့်တောအရပ်ကို ချေသမင်ငယ် ကပ်သလိုဖြစ်ကာ ခင်မောင်ကို မတွေ့ရရုံမက မြို့အုပ်နှင့် တွေ့ခြင်းထက်ဆိုး လိမ့်မည်ဟူသော အကြောင်းကိုလည်းကောင်း၊ မိမိအတွက် ဖခင်မှာ ရတက်မီးတောက် အသက်သို့ရောက်မှာကို



www.burmeseclassic.com

www.burmeseclassic.com

လည်းကောင်း တွေးတော ဆင်ခြင်ထင်မြင်ကြောင့်ကြ စိတ်မချနိုင်ခြင်းကြောင့် မစွန့်စားဘဲ ရှိနေရလေသတည်း။

အကြောင်းမူကား ဖခင်ဖြစ်သူသည် တစ်ဦးတည်းသော သမီးကလေးကို မိခင်နှင့်မခြား အုပ်ချုပ်ခဲ့ရုံမက သမီးကလေးဆင်းရဲမှာစိုးသဖြင့် မမြင်ယ်စဉ်က မမြ၏မိခင် သေဆုံးခဲ့၍ ယခုတိုင် အိမ်ထောင်မပြုဘဲ နေခဲ့လေရာ သားအဖ နှစ်ယောက်၏ အချစ်သည် ကမ္ဘာပေါ်၌ နမူနာတင်လောက်အောင် အဆုံးတိုင်ကြီးမား မြဲစွဲသော အချစ်ဖြစ်လေရာ ငါးရာ့နှစ်ဆယ့်ရှစ်သွယ်သော မေတ္တာသည် သားအဖ နှစ်ယောက်စလုံးအတွက် တစ်ထောင့်ငါးရာ မေတ္တာထက်ပင်ကြီးမားထက်သန်၍နေလေရကာ မိမိအတွက် ဖခင်သည်မိန်းမကိုမှ မယူနိုင်ရှိခဲ့လေရာ ဖခင်အတွက်လည်းမိမိမှာ အချစ်ကို စွန့်ပစ်ကာ ဖခင်၏အလိုကိုလိုက်ရမည့် တာဝန်သည် လွန်မင်း ကြီးလေး၍နေလေသတည်း။

❁ ❁ ❁

၉

## အခန်း (၈)

အထက်ဖော်ပြပါ အကြောင်းအရာများ ဖြစ်ပျက်၍နေစဉ် ခင်မောင်သည် ဟင်္သာတမြို့ရှိ မိတ်ဆွေတစ်ယောက်၏ အိမ်၌ ခေတ္တနေထိုင်လျက်ရှိလေ၏။ သို့နေသော်လည်း နေ့စဉ် နေ့တိုင်း ဟင်္သာတနှင့် (၅)မိုင် ကွာသော နတ်မော်ရွာဘက်သို့ မလာဘဲ မနေနိုင်ချေ။

အိမ်မှ ထွက်စဉ်အခါက ရန်ကုန်ကို တစ်ခါတည်း ပြန်ဖို့ကြံစည်သွားခြင်းဖြစ်လေ၏။ သို့ပင် ကြံစည်သော်လည်း မသွားနိုင်သဖြင့် ဟင်္သာတမှာ ထစ်၍နေခြင်းဖြစ်လေ၏။ မမြနှင့်နီးကပ်စွာ နေစဉ်အခါက စိတ်ကို ချုပ်တည်း၍ ရသလိုလိုရှိခဲ့၏။ ယခုကဲ့သို့ ခွဲခွာ၍ လာရသော အခါ၌ကား ချုပ်တည်း၍မရတော့ချေ။ "ငါ . .. ဟိုအခါက စည်းစောင့်ခဲ့မိသမျှတွေဟာ မိုက်မှားခြင်းသာဖြစ်တာပဲ" ဟုအောက်မေ့ကာ နောင်တရလျက် ယူကြုံးမရ ဖြစ်ရလေ၏။

အိမ်ကို ပြန်၍ကပ်ဖို့ရန် နည်းလမ်းမရှိတော့ချေ။ ငါ၌ အပြစ်မရှိ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို မမြသိမှာပဲ၊ ကိုဖေလည်း တွေးတောဆင်ခြင်တုံတရား နည်းပါးသူမဟုတ်သဖြင့် ငါ့မှာအပြစ်မရှိကြောင်းကို ယခုအခါ သိကောင်းသိမှာပဲ၊ ငါ . . ရွာထဲကို မျက်နှာသွား၍ ပြရလျှင် တော်လေမည်လား၊ ငါဒီအရပ်မှာရှိသေးကြောင်း မမြသိရင် ဘယ်လိုနေမလဲ စသဖြင့် အမျိုးမျိုးတွေးတောလေ၏။

သို့ ဟသ်ာတနှင့် နတ်မော်ရွာကို ကူးသန်းသွားလာ၍ နေရာတွင် တစတစ မြို့အုပ်နှင့် မမြ ထိမ်းမြား မင်္ဂလာပြုတော့မည်ဟူသော သတင်းကိုကြားရလေ၏။ သို့ ကြားရသောအခါ ဟသ်ာတကိုမှ မပြန်နိုင်ဘဲ နတ်မော်ချောင်းအနီးရှိ မိမိနှင့် ချစ်ကျွမ်းဝင်သော ဘိုးနက်-မယ်သွဲ့တို့၏ဆိုင်ကလေး၌ တည်းခိုနေထိုင်ကာ ကူညီရောင်းချ၍နေလေ၏။

ဘိုးနက်နှင့် မယ်သွဲ့လင်မယားနှစ်ယောက်သည်ကား ခင်မောင်၏ အဖြစ်အပျက်များကို သိရှိကြပြီးဖြစ်၍ များစွာသနားသဖြင့် အားပေးစကားများ ပြောကြားကာ ဆွေမျိုးအရင်းအချာကဲ့သို့ သဘောထားကြလေ၏။

ခင်မောင်၏စိတ်၌ အခါများစွာ တွေးတောမိသည်မှာ မမြသည် မြို့အုပ်နှင့် ညားတော့မည်မှန်၏။ သို့ပါလျက် ငါသည် မမြကိုရအောင် ဉာဏ်စွမ်း ဉာဏ်စ မထုတ်နိုင်ဘဲ အဘယ်အတွက် ဤအရပ်မှာ အညော်ခံ၍ နေသင့်ပါသနည်း၊ တစ်ခါတည်း ရှောင်ရှား၍ သွားလျှင်ကောင်းလေမည်လားဟု စိတ်ကူးမိလေ၏၊ သို့သော်လည်း စိတ်ကူးတိုင်းမဖြစ် လူတမပါ မြို့အုပ်နှင့် မညားမီ မမြကိုတွေ့လို တွေ့ငြား ကိုးစားမျှော်လင့်ကာ အဝေးသို့ မသွားဘဲ နေလေသတည်း။

အားလပ်သည့်အခါများ၌ ခင်မောင်သည် ချောင်းကမ်းပါး၌လည်းကောင်း၊ ချောင်းတံတားမှလည်းကောင်း မမြတို့၏ အိမ်ဘက်တို့ရှုမျှော်ကာ နေရှာလေ၏။

တစ်နေ့သ၌ ညနေအချိန်တွင် ခင်မောင်သည် လှေကလေးတစ်စင်းနှင့် ချောင်းထဲတွင် စုန်ကာ ဆန်ကာ နေခိုက်တွင် မမြတို့အိမ်ရှိရာ ကမ်းဘက်သို့ နီးကပ်၍သွားလေ၏။ သို့ နီးကပ်၍သွားလေရာ ခပ်လှမ်းလှမ်းမှ ချောင်းကမ်းပါး၌ အဝတ်များကို လဲပုံ၍နေသူတစ်ယောက်ကို မြင်ရသဖြင့် သေချာစွာ ကြည့်လေရာ အခြားသူမဟုတ်၊ အောင်ကဲဖြစ်ကြောင်းကို သိရလေ၏။

ထိုအခါ မမြကိုပင် မတွေ့ရသော်လည်း အိမ်သားတစ်ယောက်ကို တွေ့ရခြင်း၌ အတော်ကလေး အားတက်သလိုဖြစ်ကာ အောင်ကဲရှိရာသို့ လှေဦးကို တည့်ကာသွားလေရာ ဝါးတရိုက်လောက်သို့ရောက်လျှင် အောင်ကဲ ရေထဲ၌ ကူးခတ်၍နေသည်ကိုမြင်ရလေ၏။

ခင်မောင်သည် အတန်ငယ် ကွာလှမ်းသောနေရာမှ အမှတ်တမဲ့ကြည့်၍ နေလေ၏။ အောင်ကဲသည်ကား ခင်မောင်ကို သတိထားမိဟန်မရှိ၊ တင်ကျီးပမာ ဒရေထဲ၌ ငုတ်ချည်ကူးချည် တစ်ကိုယ်တည်း တပျော်တပါးနေလေသတည်း။

သို့ နေခိုက်တွင် အထက်မှ အိုးတစ်လုံးသည် ရေပေါ်၌ ချာလယ်လယ်မျော၍ လာလေ၏။ ထိုအိုးသည် အောင်ကဲရှိရာဘက်သို့ တူရှုလာသလို ရေကြောတွင် ပါလေရာ အောင်ကဲသည် အိုးကိုမြင်လျှင် ရွှေအိုးငွေအိုး မှတ်ထင်လေသလား မသိ ကူးယက်၍ လိုက်လေ၏။ အိုးသည်ကား အောင်ကဲ၏ လက်နှင့်မီလုဆဲဆဲဖြစ်ပြီးမှ ခေါင်းခါသလို လှုပ်လျက်ဝဲငယ်တစ်ခုတွင် ချာလည်လည် လည်ပြီး ခွာထွက်ကာ ရေလယ်ဘက်သို့ အမြန်မျောလေ၏။ အောင်ကဲသည် လိုက်၍ဖမ်းလေရာ အိုးနှင့် ဝေးမှန်းမသိ ဝေး၍သွားပြီးနောက် အိုးသည် ထက်သန်သောရေကြော၌ မိပြန်သဖြင့် တစ်ဖန်တိုး၍မြန်သော အရှိန်နှင့်သွားလေရာ အောင်ကဲမှာ ဝါးတရိုက်ခန့် ကွာ၍ ကျန်ရစ်သည့်တွင် နောက်သို့လှည့်၍ကြည့်ရာ ကမ်းနှင့်အတော်ဝေးသည်ကို သိရသဖြင့် ပြန်၍ကူးခပ်လေ၏။

သို့ပင် ကူးခပ်ရာ ပထမသုံးလေးချက်အရှိန်နှင့် ရှေ့သို့တိုးပြီး







www.burmeseclassic.com

www.burmeseclassic.com



နောက် ရပ်တန့်ကာ ရေစီးတွင် မိပြီးလျှင် ရှေ့သို့မတိုးနိုင်ဘဲ ခွေးယက်သလို ယက်၍နေလေ၏။

ခင်မောင်သည် အတန်ငယ်ကြာစွာ ပြုံးလျက်ကြည့်၍ နေလေ၏။ သို့ကြည့်နေခိုက်တွင် အောင်ကဲသည် ခြေကုန် လက်ပန်းကျသည့်အသွင်ဖြင့် ရေထဲတွင် တဖွားဖွားဖြစ်စပြုလေရာ ခင်မောင်သည် ပြုံးရာမှ မျက်လုံးကျယ်ပြီး ထိတ်လန့်အံ့အားသင့်လျက် လှေကလေးကို တက်သုတ်လှော်၍ သွားလေ၏။ အောင်ကဲနှင့် နှစ်လံ သုံးလံခန့် ကွာသောနေရာသို့ ရောက်သောအခါ အောင်ကဲမြုပ်၍ သွားသည်ကိုမြင်ရသဖြင့် ခင်မောင်သည် တက်ကိုချကာ လှေပေါ်မှ ရေထဲသို့ထိုး၍ ဆင်းပြီး အောင်ကဲနှင့် အလားတူစွာမြုပ်၍ သွားလေသတည်း။

အတန်ကြာသောအခါ နှစ်ယောက်သားပေါ်၍ လာလေ၏။ ထို့နောက် တစ်ဖန် နှစ်ယောက်စလုံး ရေထဲ၌ နပန်းလုံးသလိုဖြစ်ပြီး မြုပ်၍သွားကြပြန်လေ၏။

ထိုအခိုက်တွင် မြင်သူတို့က ဝိုင်း၍အော်ကြ ဟစ်ကြသဖြင့် ကမ်းပါး တစ်ဖက် တစ်ချက်၌ လူတွေပြည့်နှက်၍ လာကြလေ၏။ နောင်တစ်ကြိမ် နှစ်ယောက်သားပေါ်၍ လာသောအခါ အောင်ကဲက အပေါ်က ခင်မောင်က အောက်မှနေလျက် ပက်လက်တစောင်းထိုးကာ မိကျောင်းကို လက်ပြန်ကြိုးတုပ်၍ဖမ်းသလို အောင်ကဲ၏ လမ်းနှစ်ဖက်ကို ကျောဘက်မှချုပ်လျက် ခင်မောင်သည် ကမ်းဘက်သို့ထိုး၍သွားလေ၏။ လှေကလေးမှာမူ ရေကြောသို့ လိုက်ပါကာ မျောစုန်၍သွားသဖြင့် အခြား လှေတစ်စင်းက လိုက်၍ဆယ်လိုက်တွင် ခင်မောင်နှင့်အောင်ကဲသည် ကမ်းသို့ရောက်ကြလေရာ ခင်မောင်သည် အသေလိုလဲ၍နေသော အောင်ကဲ၏အပါးတွင် လဲ၍နေလေ၏။

ထိုအခိုက်တွင် ကြည့်၍နေသူများအနက် အတော်အတန်







အားလည်သူတို့ ထွက်၍လာကြပြီးလျှင် အောင်ကဲ၏ဝမ်းမှ ရေများကို ထွက်အောင်လုပ်ကြလေရာ အောင်ကဲမှာ အသက်မရှူသဖြင့် ခင်မောင်မှာလည်း အတော်ကလေး အားရှိ၍လာသောကြောင့် လဲရာမှလူး၍ ထပြီး အောင်ကဲကို အသက်ရှူအောင် မိမိသင်ကြားတတ်မြောက်ခဲ့သော "ဖတ်စ်အိတ်ပညာ" အစွမ်းဖြင့် လုံ့ဆော်၍ပေးလေရာ အောင်ကဲ အသက်ရှူ၍လာလေသတည်း။

ထို့နောက် ကြည့်သူများအနက် ခင်မောင်ကို မှတ်မိသူတို့က "ဆရာကလေး . . . ဆရာကလေး" ဟုခေါ်ကာ ၎င်း၏စွမ်းရည်သတ္တိရှိရင့်ခြင်းကို ချီးမွမ်း သြဘာပေးကြပြီးလျှင် အောင်ကဲက ရွာသို့လိုက်ပါရန် ခေါ်သဖြင့် အောင်ကဲနှင့်အတူ လိုက်ပါ၍သွားရလေ၏။

အောင်ကဲသည်ကား လမ်း၌ ခင်မောင်ကို ဒူးတုပ်ကာ ရှိခိုးလေ၏၊ အသက်သခင် ကျေးဇူးရှင်ကြီးဖြစ်ကြောင်းကို ပြောလေ၏။ ခင်မောင်ကားဂရုမစိုက်ဘဲ အခြားလူများနှင့်သာစကားပြော၍သွားလေ၏။

မမြသည် ဆူဆူညံညံ လူသံများကို ကြားရသောအခါ အိမ်ပေါ်မှလှမ်း၍ကြည့်လေ၏။ အိမ်၌ ခိုင်းစေလုပ်ကိုင်၍ နေသူတို့သည်လည်း ထွက်လာကြလေ၏။ မမြသည် များစွာသော သူတို့အထဲတွင် ခင်မောင်ကိုမြင်ရသောအခါ "ကိုကို . . ကိုကို" ဟုခေါ်လျက် အိမ်ပေါ်မှ ပြေး၍ဆင်းတော့မလိုလုပ်ရာ ဒေါ်စာဥက ပြေး၍လာပြီး မမြ၏ပခုံးကို ကိုင်လျက် အနားသို့ကပ်ပြီး တီးတိုးစကားကိုပြောကာ အိမ်ပေါ်မှ မဆင်းရအောင် တား၍ ထားလေ၏။

လူအများတို့က အောင်ကဲရေနစ်၍ ခင်မောင်က ကယ်ဆယ်လာကြောင်းပြောပြကြသည်ကို ကြားရမှ မမြသည်အကြောင်းကို သိရလျက် ဒေါ်စာဥအား "ကိုကို့ကို ခေါ်လာပါ အဒေါ် . . ဘာပြုလို့ မခေါ်သလဲ . . သွန်မ စကားပြောချင်တယ် . . ခေါ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတောင်းပန်လေ၏။

စာ။ "နေပါဦး တူမကြီးရဲ့၊ မတော်တဆ တူမကြီး ဖေဖေပြန်လာလို့ တွေ့ရင် ဘယ့်နှယ်လုပ်မလဲ . ."

မြ။ "တွေ့ရင် . . . ဘာလုပ်ရမလဲ . . ဘာမှလုပ်စရာမရှိဘူး၊ ဒီလိုဖြင့် ကိုကို့ကို မြစကားမပြောရတော့ဘူးလား . . ဘာဖြစ်လို့လဲ ကိုကို့မှာ ဘာအပြစ်ရှိလို့လဲ"

အချို့သော အစေခံများက ခင်မောင်ကို အိမ်ပေါ်သို့တက်ရန် ခေါ်ကြလေ၏။ ခင်မောင်သည်ကား ငြင်းပယ်လျက် အခြား အသိတစ်ယောက်နှင့်သာ တီးတိုးစကားပြော၍ နေလေ၏။ ဒေါင်ကဲကလည်း အိမ်ပေါ်သို့ ခေါ်လေ၏။ ခင်မောင်သည်ကာ စကားပြန်၍မပြောဘဲ နေလေ၏။

ခင်မောင်သည် မမြကို ဝမ်းနည်းသော မျက်နှာနှင့် တစ်ခါတစ်ခါ ကြည့်လေ၏။ မမြသည်လည်း ငိုတော့မလို မျက်နှာကလေးနှင့် ခင်မောင်ကို စိတ်အားထက်သန်စွာကြည့်လေ၏။ မမြ၏နှလုံးသည် မမြ၏ကိုယ်တွင်း၌မရှိ၊ ရင်ခွင်ကိုပေါက်ခွဲ၍ ထွက်ခါ ခင်မောင့်ထံသို့ ရောက်လာလေ၏။ ရောက်လာကြောင်းကို ခင်မောင်လည်း အသိဖြစ်လေ၏။ ခင်မောင်၏ ရင်ထဲ၌ကား မြေငလျင်တုန်လှုပ်သလို လှုပ်ရှားလျက် နှလုံးသားသိမ့်သိမ့်ခါ၍ နေလေသတည်း။

ခင်မောင်သည် မကြာမကြာ ကြည့်ရာမှ ဆတ်ခါ ဆတ်ခါ ကြည့်လေ၏။ မမြမှာ မငြိမ်မသက်ဖြစ်ကာ ရင်ကိုလက်တစ်ဖက်နှင့်ဖိနှိပ်ရင်း ခေါ်တော့မလို ဆင်းလာတော့မလိုဖြစ်၍ နေလေ၏။ ခင်မောင်သည် ထိုကဲ့သို့ မြင်ရသောအခါ မခံမရပ်နိုင်၊ အသည်းဆိုင်ကို ဝါးရှသလိုဖြစ်လျက် ကြွေဆည်၍မရနိုင်ဘဲ ထက်သန်သော မျက်လုံးများနှင့် မမြကို ကြည့်ရင်း မိမိ၏ခြေလက်ကို အစိုးမရ၊ မည်သူကိုမှလည်း သတိမရဘဲ







မမြကို စိမ်းစိမ်းကြည့်ရင်း အိမ်ဘက်သို့ ချဉ်းကပ်၍လာလေရာ ပရိသတ်များလည်း အံ့အားသင့်လျက်တစ်ကြောင်း၊ အကြောင်းကို သိကြပြီဖြစ်သဖြင့် ကြင်နာသနားလျက်တစ်ကြောင်း၊ စကားပြောဖို့ မဆိုထားဘိ အသက်ကိုမှ ရှူဖို့ သတိမရကြဘဲ ငြိမ်သက်စွာ ရပ်ကျလျက် ၎င်းတို့နှစ်ယောက်ကိုသာ ကြည့်၍နေကြလေ၏။

မမြသည်လည်း အချစ်က လွှမ်းမိုး အသနားဇာ စိတ်ကိုစိုးသဖြင့် အရှက်အကြောက်ကို သတိမရ၊ မည်သူ မည်ဝါရှိသည်ကိုမှလည်း အမှတ်မထားဘဲ အချစ်နတ်ပူးကပ်ကာ အရူးလိုဖြစ်ပြီးလျှင် မျက်တောင်မခတ်ဘဲ ခင်မောင်ကို ကြောင်တောင်ကြည့်လျက် လက်နှစ်ဖက်ကို တဖြည်းဖြည်း ဆန့်ပြီး ရှေ့သို့တိုးမှန်းမသိ တိုး၍ လာပြီးလျှင် ခါးပန်းအနီးရောက်သောအခါ ခင်မောင်ရှိရာသို့ တစ်ခါတည်း ခုန်၍ချလိုက်လေရာ ခင်မောင်သည် ရင်ခွင်နှင့် အသင့်ခံပြီး မမြကို ပွေ့ယူလိုက်လေ၏။ မမြသည် ခင်မောင်၏ရင်ခွင်ကို ဦးခေါင်းနှင့်ဝှေ့ကာ "ကိုကို" ဟုခေါ်လျက် ရှိုက်ငိုရှာလေသတည်း။

ခင်မောင်လည်း မျက်ရည်ကို မချုပ်တည်းနိုင်ဘဲ မမြ၏ ကျောကို လက်တစ်ဖက် ဖက်ကာ ဦးခေါင်းကို လက်တစ်ဖက်နှင့်သပ်လေရာ မမြသည် မျက်ရည်များနှင့်မော်၍ ကြည့်လေလျှင် မျက်လုံးလေးလုံးတို့သည် မခွဲမခွာ မျက်တောင်မှ မခပ်နိုင်ဘဲရှိနေကြရာတွင် ပရိသတ်များထံမှ ပြင်းထန်စွာအသက်ရှူသောအသံနှင့် ပျားအုံလို မြည်သောအသံများကိုသာ ကြားရလေသတည်း။

အတန်ငယ် ထိုကဲ့သို့နေပြီးနောက် ခွဲခွာပြီးလျှင်ခင်မောင်သည် နောက်သို့လှည့်ကာ လျင်မြန်စွာ သွားလေရာ မမြသည် တစ်လှမ်းနှစ်လှမ်း လျင်မြန်စွာလှမ်း၍ လိုက်လေ၏။ "ကိုကို . . ကိုကို . . " ဟုခေါ်လေ၏။ ခင်မောင်သည် နောက်သို့လှမ်းကာ မမြထံသို့ ပြန်ပြီး . .



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ပါ . . မြရယ်၊ ကိုကို သွားပါရစေ . . ကိုကို လွန်လှပြီ လူတွေမြင်ကုန်ကြပြီ . . မတော်ပါဘူး ပြန်ပါ . ."

ဟုပြောရင်း အိမ်ဘက်သို့ တွဲဆောင်လေ၏။

ထိုအခိုက်တွင် ဒေါ်စာဥနှင့် အခြားမိန်းမများစု၍လာကြပြီး မမြကို တွဲကာ အိမ်ပေါ်သို့ပို့ကြလေ၏။

ခင်မောင်သည် နောက်သို့ပြန်၍ မကြည့်ဘဲ လူစုထဲတွင် ဖြတ်ကာ သွားလေ၏။ မမြသည်ကား ဒေါ်စာဥ၏ ရင်ခွင်၌ ဝင်ရောက်ခါ ရှိုက်ငို၍ နေလေ၏။ ဒေါ်စာဥသည် မမြကို အပေါ်ထပ် အိပ်ခန်းသို့ တင်ပို့လိုက်လေသတည်း။

မကြာမီ ဖခင်ဖြစ်သူ အခန်းထဲသို့ ဝင်ရောက်၍လာပြီး တစောင်းခွေလျက်ရှိသော မမြကို ခဏမျှကြည့်ပြီး စကားတစ်လုံးမျှမပြောဘဲ နေလေ၏။ အကြောင်းမူကား အဖြစ်အပျက်ကို ကြားသိပြီး ဖြစ်လေ၏။

မောင်ဖေသည် တစ်ယောက်တည်းသော သမီးဖြစ်သည့် အတွက် မမြကို သီးရင့်ပြင်းထန်စွာ မပြောရက် မဆိုရက်သည့်အပြင် ဤယခု ဖြစ်ပျက်ရခြင်းတို့၏အကြောင်းရင်းသည် မိမိပင်ဖြစ်သည်၊ လူဝင်စားတို့ အိမ်၌ တင်ကာ မြှောက်စားမိသောကြောင့် ဖြစ်သည်ဟု အယူရှိသဖြင့် ဤမျှလောက်ပြောရဆိုရသည့်အတွက် စိတ်ထဲ၌ များစွာ မကောင်းဖြစ်၍ နေရှာလေ၏။

သို့သော်လည်း "ငယ်ရွယ်သူတို့ဘာဝဖြစ်မိတာပဲ နောင်တဖြည်းဖြည်းတော့ မေ့မှာပဲ မြို့အုပ်ကတော်ဖြစ်ပြီးလို့ တော်တော်ကလေးကြာရင် နေသားကျသွားမှာပဲ"ဟု အားကိုးပြုကာ မိမိ၏အခန်းထဲ၌ စားပွဲအနီး ကုလားထိုင်ကို ထိုင်ကာ ပြတင်းပေါက်ကိုကြည့်လျက် စဉ်းစားနေပြီး နောက်သို့လှည့်ကာ အပြင်သို့ဆင်းသွားပြီး မြို့အုပ်မင်းနှင့် စကားပြော၍ နေလေ၏။

ထိုအခိုက်တွင် ခင်မောင်သည် မိမိ၏ မိတ်ဆွေတစ်ယောက်ဖြစ်





သူ ကိုနောင်၏ အိမ်၌ အခြားအသိများနှင့် စကားပြော၍ နေလေ၏။ ခင်မောင်မှာ ရောက်ရာအရပ်၌ ခင်မင်သိကျွမ်းသူပေါ်များ၍ ရန်သူမရှိသူဖြစ်လေရာ ဤအသိမိတ်ဆွေများမှာ ငယ်ပေါင်းကြီးဖော်မဟုတ်၊ ဤအရပ်သို့ ခင်မောင်ရောက်မှ သိကြသူများဖြစ်သော်လည်း ခင်မောင်ကို များစွာခင်မင်ကြလျက် ဤယခုအရေး၌ ခင်မောင်ကို သနားကြသဖြင့် ကူညီခြင်းများစွာ ပြုလိုကြသော်လည်း မြို့အုပ်တန်ခိုးနှင့် မောင်ဖေ၏ တန်ခိုးကလွန်စွာကြီးသဖြင့် မတတ်နိုင်ကြဘဲ ခင်မောင်ကို သနားရုံမျှသာ တတ်နိုင်ကြလေ၏။

များစွာသော မိတ်ဆွေတို့က အားပေးစကားပြောကြသော်လည်း ခင်မောင်မှာ အားမရှိ မိမိအတွက် မမြ ဤမျှလောက် အရှက်ကွဲရှာသည့် အကြောင်းကိုတွေးကာ မမြကို သနားမဆုံးဖြစ်လျက် စိတ်ကို အဘယ်မျှပင် ထိန်းကြကာ ငါ့သူကို မေ့လျော့ဖျောက်ဖျက်ပါတော့မည်ဟု တင်းသော်လည်းမရ ယခုမှ ရှေးကထက် သာပြီး အခက်ကြီးကြုံ၍ နေလေသတည်း။

BURMESE CLASSIC .com

မမြ၏ အပါးကိုလည်း မကပ်နိုင် အဝေးကိုလည်း မသွားနိုင် ဤအနီးအနား၌ ဘဝဲလယ်လယ်သာ နေရတော့မည်ကဲ့သို့ဖြစ်၍ နေလေသတည်း။

ထိုနေ့ညဉ့်၌ ခင်မောင်သည် ကိုနောင်၏ အိမ်မှာ အိပ်လေ၏။ အိပ်သော်လည်း မှိတ်ရုံမှမမှိတ်နိုင် "မြမြကလေးဟာ ငါ့လိုပဲနေရှာမှာပဲ အိပ်လို့မှပျော်ပါ့မလား ငါ့အတွက်ကြောင့် မမြမှာ သခင်နှိပ်စက်ညှဉ်းပန်းခြင်းကို ခံ၍နေရရှာလေသလား"စသည်ဖြင့် တစ်ညဉ့်လုံးတွေးတောကာ အိပ်၍မပျော်ဘဲ အရုဏ်တက်အချိန်လောက်တွင် အိပ်ရာကထ၍ အိမ်ပေါ်မှဆင်းပြီး ဘယ်ကိုသွား၍ ဘယ်ကိုလာရမည် အဘယ်ပုံကြံရမည် အဘယ်မှာနေရမည်စသော အကြောင်းများကို ဆင်ခြင်စဉ်းစား၍ နေလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

အရှေ့ဘက်ကောင်းကင်စပ်မှာ တက်ကြွ၍လာသော နေမင်းရောင်ခြည်ဖြင့် ဝင်း၍နေလေ၏။ မိုးကောင်းကင် ဗဟိုထက်၌ကား ဖြူဖွေးသော တိမ်အတန့်တန့်တို့နှင့် အေးမြပြာမှိုင်းသော မိုးရောင်ကိုမြင်ရလေ၏။ ထိုအခါ သီတင်းကျွတ်ပွဲတော်ကြီး၏အစဖြစ်လေ၏။

ဤသီတင်းကျွတ်ပွဲတော်ကြီး ပြီးလျှင် မမြသည် မြို့အုပ်၏ ရင်ခွင်သို့ ရောက်ရတော့မည် ဆဲဆဲဖြစ်လေ၏။ မမြကို တခါတည်း စိတ်လျှော၍ ဝေးရာသို့ သွားဖို့သာရှိတော့၏။ အကြောင်းမူကား ရက်အနည်းငယ်မျှအတွင်း၌ တစ်စုံတစ်ရာကြံစည်နိုင်ဖို့ နည်းလမ်းမရှိနိုင်တော့ချေ။ ထိုအကြောင်းကို တွေးလိုက်သောအခါ ခင်မောင်မှာ အသက်မရှူနိုင်အောင် ရင်ကျပ်သလိုဖြစ်၍ နေရှာလေ၏။

ကိုနောင်၏ အိမ်ခေါင်းရင်း စကားစိမ်းပင်အောက်ရှိ ညှိမှိုင်းသော အရိပ်၌ရပ်ကာ လက်နှစ်ဖက်ကို နောက်သို့ ပစ်ရင်းခေါင်းငုံလျက် အကြံရခက်၍ နေလေ၏။ ၎င်းစကားစိမ်းပင်ကို ပတ်ပတ်လှည့်ကာ လျှောက်လျက် ဘာကိုလုပ်ရမှန်း ဘာကိုကြံရမှန်းမသိဘဲ နေလေ၏။ အိမ်များမှာ တံခါးပိတ်ကြလျက် ဆိတ်ငြိမ်သော နံနက်ဖြစ်လေ၏။ မနီးမဝေး အုန်းပင်တစ်ပင်မှ တောကျီးတစ်ထောင်သည် ခင်မောင်ကို စိုက်ကာကြည့်လျက် တစ်ချက်တစ်ချက် မင်းဘာဖြစ်သလဲဟု ပြောင်လှောင်၍ မေးသလို ခေါင်းညိတ်ကာတောသံအောသံနှင့် မြည်တွန်စကားပြောလေ၏။

ခင်မောင်သည် ၎င်းကိုမော်၍ကြည့်၏။ ၎င်း၏ စကားကို နားမဲလည်သောအခါ သစ်ပင်အနီး၌ ခေါင်းငုံ့လျက် အပြန်အလှန်ဖြည်းညင်းစွာရှောက်၍နေလေ၏။

သို့နေရာမှ လျင်မြန်စွာ အိမ်ရှေ့သို့ လှည့်ထွက်ပြီး မမြတို့ အိမ်ဘက်သို့ လျှောက်သွားလေသတည်း။

❖ ❖ ❖

BURMESE CLASSIC .com

## အခန်း (၉)

အိမ်ကိုမြင်လောက်သော နေရာက မမြ၏ အခန်းဘက်ကို လှမ်း၍ကြည့်လေ၏။ အခန်းပြတင်းတံခါး ပိတ်လျက်ရှိသည်ကို တွေ့မြင်ရလေ၏။

ခင်မောင်သည် အနီးသို့ ကပ်ရောက်၍ သွားလေ၏။ နိုးကြားသွားလာ၍နေသူ တစ်စုံတစ်ယောက်ကိုမျှ မမြင်မတွေ့ရချေ။ သို့ဖြစ်၍ အနီးဆုံးအိမ်ထဲသို့ ဝင်ပြီးလျှင် မမြ၏အခန်းဘက်သို့ အနီးဆုံးသော ပန်းချုံကြီးများထဲသို့ ဝင်ကာတမော့မော့နှင့် ပြတင်းတံခါးပွင့်လာနိုးကို မျှော်ကိုးလျက် လူသူလေးပါး မြင်မှာစိုးသဖြင့်လည်း တောင်မြောက်လေးပါးကို ကြောက်ရွံ့သော မျက်လုံးများနှင့်ကြည့်ရင်း နေလေသတည်း။

သို့နေခိုက်တွင် "မမြ အခန်းထဲမှာ ဘယ်လိုနေပါလိမ့်မလဲ အိမ်ရာထဲမှာ အိပ်၍မပျော်ဘဲ လူးလိမ့်၍ နေလေသလား သို့တည်းမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံးမအိပ်ရသဖြင့် အခု လင်းအားကြီးမှ အိပ်ပျော်၍နေလေသလား မမြတော့ရှိမှာပဲ ဘယ်ကိုမှသွားရမယ်မဟုတ်ဘူး" စသည်ဖြင့် တွေးတော ခါ မိမိဝင်ရောက်ဖူးသော အခန်း၏ အနေအထားကို စိတ်ထဲ၌ တွေးတော ထင်မြင်၍နေလေသတည်း။

ထိုသို့နေခိုက်တွင် ပြတင်းတံခါးပွင့်၍ လာပြီးလျှင် ဖြူဖျော့အားငယ်သော မမြ၏ မျက်နှာကလေးသည် ကောင်းကင်၌ရှိသော ဖြူဖျော့ဖျော့ တိမ်ရောင်ကို ဆောင်ကာထွက်ပေါ်၍ လာလေသတည်း၊ မမြ၏ အမူအရာမှာ မပျော်သောအိပ်ရာမှ ထ၍လာသောအသွင်ရှိလေ၏။ မဖြူမပြင်သောဆံပင်မှာ ဖိုးရိုးဖားယားနှင့် မျက်လုံးတစ်ဖက်ကို အုပ်လုခမန်းဖြစ်ရာ လက်နှင့်ဖယ်ပြီး မေးထောက်လျက် အောက်ကိုမကြည့် ကောင်းကင်ကိုသာ ကြည့်၍ နေလေ၏။

ထိုအခိုက်တွင် မြောက်ဘက်မှ လာသောလေပြည်သည် ပန်းရုံတို့၏အကြားတွင် တောက်တီး မြည်တွန်ကာ ညင်သာစွာဖြတ်သန်းလေသတည်း၊ မမြသည်ကား ကောင်းကင်ကို မျှော်ရင်း တစ်ချက်တစ်ချက် သက်မကြီးချလိုက်လေရာ မမြ၏ မသက်မသာသောအမူအရာကို ခင်မောင်သည် ကောင်းစွာမြင်ရလေသတည်း။

ခေါ်ရလျှင် ကောင်းလေမလား . . မတော်တဆ တခြားလူများ ကြားလျှင် ခက်နေမလားဟု ခင်မောင်၏ စိတ်၌ဆင်ခြင်စဉ်းစားရင်း ရေငတ်သူသည် ရေကြည်ကိုမြင်ရသလို ခင်မောင်၏မျက်လုံးများသည် အထက်ပြတင်းပေါက်ရှိ ရူပါရုံစမ်းပေါက်ကို မျှော်ကာ မှတ်သိပ်၍နေရှာလေသတည်း။

မမြသည် ကောင်းကင်ကို မော်၍ ကြည့်နေရာမှ စိမ်းလန်းလတ်ဆတ် နိုးလတ်စမို့ အသက်ဓာတ်လန်းရွှင်ကာ လှုပ်ရှား၍နေသည်နှင့်တူသော လေပြည်တွင် လှုပ်ရှားသည် ပန်းပင်များနှင့် အသက်ရှင်၍





နေသော ပန်းခြံကို ကြည့်လေ၏၊ ခင်မောင်မူကိုကား မမြင်ရချေ၊ အရှေ့ဘက်ကောင်းကင်၏ အရောင်သည်တဖြည်းဖြည်း ရင့်၍လာလေ၏။ ခင်မောင်၏ စိတ်ထဲ၌ တစ်စက္ကန့် တစ်မိနစ်သည် လွန်စွာအရေးကြီးလေ၏။ မမြကို အရဲစွန့်ကာ ခေါ် ချင်၏။ ခေါ်လည်းမခေါ်ဝံ့ချေ၊ မြန်မြန်ကြီးမြင်ရအောင် အဘယ်ပုံလုပ်ရမည်ဟု မကြံတတ်ဘဲ နေလေ၏။

သို့ဖြစ်၍ "မြရေ . . မြ . . ဒီမှာ ကိုကိုရှိတယ်လေ၊ ဒီဘက်ကိုကြည့်စမ်းပါ" စသည်ဖြင့် အသံမထွက်ဘဲ နှုတ်ခမ်းကို လှုပ်ကာသာ ခေါ်၍နေရရှာလေသတည်း။

သို့ခေါ်လေရာ ထက်သန်သောဇောစိတ်၏ အဟုန်သည် မမြ၏ စိတ်ကို သွားရောက်ထိခတ်မိသည့်အလား မမြမှာ ကြားယောင်ယောင်စိတ်၌ဖြစ်ကာ လည်ကလေးကို ဆန့်လျက် ပန်းခြံထဲတွင် ထိုသို့ ဤသို့ ကြည့်လေ၏။ သို့ကြည့်ရာတွင် ခင်မောင်ကို မြင်လေရာ မမြသည် ဝဲယာယိမ်းယိုင်လှုပ်ရှား စိတ်အားထက်သန်စွာ ငိုပြုံးပြုံး၍ နောက်ကိုတစ်ချက်တစ်ချက် လှည့်ကြည့်၏ ပန်းခြံအပြင်ဘက် အနီးအနားကိုလည်း လှမ်း၍ ကြောင့်ကြစွာ ကြည့်ပြီး ပြတင်းပေါက်က ခုန်၍ဆင်းရတော့မလိုဖြစ်လျက် အကြံမရသော အနေဖြင့် မငြိမ်မသက်ဖြစ်ကာ "သတိထားလူမြင်မယ် . . ငြိမ်ငြိမ်နေ မထနဲ့ ထိုင်ပါ ထိုင်ပါ" ဟူသော စကားများကို တီးတိုးလှမ်း၍ ပီသစွာ နှုတ်ခမ်းများကို လှုပ်ရှားပြောရင်း လက်ကိုပြလေ၏။ "မြ . . . လာခဲ့မယ်" ဟူသော အမှတ်ဖြင့် မိမိ၏ ရင်ဘတ်ကိုပုတ်၍ ပြရင်းပြောလေ၏။ မမြမှာ တစ်ကိုယ်လုံး ရှိုးရှိုးရွရွဖြစ်ကာ ပြတင်းပေါက်မှ အပြင်သို့ထွက်၍ ကြည့်ရသဖြင့် ထိုးစိုက်၍ ကျလုခမန်းဖြစ်လေ၏။

မကြာမီ မမြသည် နောက်သို့ လှည့်ကာ ပျောက်ကွယ်၍ သွားလေ၏။ ထို့နောက်အတန်ငယ် ကြာသောအခါ ပန်းခြံထဲ၌ မမြသည်



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်၏ ရင်ခွင်သို့ ရောက်သွားလေသတည်း။

"ကိုကို . . မြ ဘယ်လိုပဲ ဖြစ်ဖြစ် အခုပဲ လိုက်ချင်တော့တာပဲ၊ ကိုကို မခေါ်ရင် မြ ဒီမြို့အုပ်ကြီးကို ယူရတော့မယ်၊ မြို့အုပ်ကို ယူရရင် မြ အသက်သေမှာပဲ"

"ဘယ့်နှယ် လုပ်မလဲ မြ ရယ်၊ မြ . . ကိုကိုနဲ့လိုက်ရင် မြ ဖခင် ဒုက္ခဖြစ်မှာပဲ၊ ကိုကို့မှာလည်း အလုပ်အကိုင် နေရာတကျ မရှိသေး . . ကိုကို မြ ကို ဘယ်လိုလုပ်ပြီး ထ ားရမလဲ"

"ကိစ္စ မရှိပါဘူး ကိုကို၊ မြမှာ လက်ဝတ်လက်စား စိန်ရွှေ တစ်သောင်းဖိုးလောက်ရှိပါတယ်၊ ဒါနဲ့ပဲ ရင်းနှီး ကြံစည်ပြီးနေထိုင်ကြတာပေါ့"

"မတော်ဘူး . . မြ လက်ဝတ်လက်စား ပစ္စည်းတွေနဲ့ ပြေးရင် ကိုကို့မှာ ဝန်လေးမှာပဲ၊ ကိုကို သွားတော့မယ် ကြံလို့ . . မြ မျက်နှာကလေးကို မြင်ရစေတော့လို့ သဘောထားပြီး စွန့်စားလာတာပါ။ မြကို ကိုကို မခေါ်နိုင်ဘူး၊ မြ ဆင်းရဲလိမ့်မယ်"

မမြသည် စကားပြန်၍ မပြောဘဲ ခင်မောင်၏ ရင်ခွင်၌ မျက်နှာကိုတင်ပြီးလျှင် ငိုရှိုက်ကာသာ နေလေရာ ခင်မောင်သည် ယုယအားပေးလျက် ကျောကိုသပ်ကာ ပြောသည်မှာ . . .

"ကိုကိုနဲ့မြ မတွေ့ရရင် အတော်လေသားပဲ မြရယ်၊ အခု တွေ့ကြလို့ ဒုက္ခဖြစ်ကြရတာပဲ . . အကြောင်းက ဒီလောက်ပဲ ရှိကြတာမို့ ယနေ့မနက်ဟာ နောက်ဆုံး ခွဲခွာဖို့ရန် နှုတ်ဆက်ဖို့ လာရတဲ့ နံနက်ပါ၊ မြအတွက် ကိုကိုမှာ အသည်းကို မီးလောင်သလို ဖြစ်ပြီး တစ်သက်လုံး ငရဲခံရသလို နေရဖို့သာ ရှိတော့တာပဲ၊ နို့ပေမယ့် ကံကြမ္မာက မြမြနဲ့ ကိုကို့အပေါ်မှာ မကြင်နာတာမို့ ဘယ်လိုမှ မတတ်နိုင်ကြဘူး၊ မငိုပါနဲ့ မြရယ် . . . မြ ငိုရင် ကိုကို့မှာ သာပြီး ဝန်လေးဖို့သာ ရှိတာပဲ . . ကိုကို





ဘာမှ မတတ်နိုင်ဘူး၊ မြမှာတော့ကာ တဖြည်းဖြည်း ဒီသောက အပူဟာ အေးပါလိမ့်မယ်၊ မြမှာ သောကအပူအေးရင် ကိုကို စိတ်ချမ်းသာမှာပါပဲ ကြိုးစားပြီး မြ ဖေဖေရဲ့ စကားကိုသာ နားထောင်ပါ။ နောင်ခါတော့ ချမ်းသာပါလိမ့်မယ်၊ ကိုကို့အတွက် ဘာမှမပူနဲ့မြ . . ကိုကို့မှာ ယောကျာ်းပါ ကိုကို မြအတွက်သာ ပူတာပဲ . . မြစိတ်အေးရင် ကိုကိုအေးမှာပဲ၊ မြမှာ ပူရင် ကိုကိုလည်းပူရမှာပဲ၊ ကမ္ဘာ့ပေါ်မှာ မချစ်မနှစ်သက်တဲ့ သူတွေနဲ့ ပေါင်းဖော်ရသူတွေ အများကြီး ရှိကြပါတယ်၊ သို့သော်လည်း ပေါင်းမိလို့ တော်တော်ကြာတော့ ချစ်ကြရတာပဲ၊ တစ်ယောက်ကို အသည်းစွဲချစ်ကြပြီး ပေါင်းကြသူတွေထဲမှာလည်း တော်တော်ကြာတော့ တစ်ယောက်ကိုတစ်ယောက်မုန်းပြီး မျက်နှာချင်းမှ မကြည့်နိုင်လောက်အောင် ဖြစ်လို့ ကွာကြ ရှင်းကြရတာတွေအများကြီး ရှိကြပါတယ်၊ မြ မြို့အုပ်နဲ့ ညားပြီး တစ်စတစ်စ အချစ်ဝင်ကာ အေးချမ်းခြင်း ဖြစ်ပါစေဆိုတာ ကိုကို အမြဲဆုတောင်းပါ့မယ်၊ မြ စိတ်ကို ဒုန်းဒုန်းချပြီး အေးအေးနေပါတော့ ဆိုတာ ကိုကို့ကို ကတိထားစမ်းပါ မြရယ်၊ မဖြစ်နိုင်တဲ့ အရေးမှာ မီးကိုသာ မွှေးနေရင် ဒီဘဝဟာ ငရဲခံရတဲ့ ဘဝထက် ဆိုးပါလိမ့်မယ် . . မြ စိတ်အေးမယ် မဟုတ်လား"

"ကိုကိုနဲ့ မြအကြောင်းပါကြရင် အခုချစ်သလို ချစ်ကြတော့မှာ မဟုတ်ဘူး၊ မုန်းကြ ရလိမ့်မယ်လို့ ကိုကိုဆိုလိုသလား၊ မြတော့ ဘယ်တော့မှ ကိုကို့ကိုမမုန်းနိုင်ပါဘူး၊ ကိုကို့မှာတော့ ဒါမျိုးကို တွေ့ဖူး ကြုံဖူးလို့ အရေးမကြီးဘူးထင်ပါရဲ့၊ မြ အချစ်ဟာ ဘယ်လောက်ကြီးတယ်ဆိုတာကို ကိုကိုမသိလို့ ကိုကို့စိတ်နဲ့ နှိုင်းပြီး ပြောတာလား . ."

ဟုပြောကာ မမြသည် မျက်ရည်ကိုသုတ်ပြီး ခင်မောင်၏မျက်နှာကို မော်ကြည့်ကာ ပြောလေ၏။

"မဟုတ်ဘူး မြ . . ကိုကိုက ဥပမာကိုပြောတာပါ၊ ကိုကိုချစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဟာ ဘယ်မျှလောက် ကြီးမားတယ်ဆိုတာ ပြောပြစရာ စကား မရှိပါဘူး . . ."

"လောကမှာ အချစ်ထက် အရေးကြီးတာ ဘာရှိသေးသလဲ ကိုကို နောင် ဘယ်လိုပဲဖြစ်ဖြစ် မြ စိတ်မှာတော့ ရောက်ရာပဲလို့ အောက်မေ့ ပါတယ်၊ ကိုကို လူစွမ်းလူစနဲ့ပါ မြ စွန့်လို့မှ မစွန့်ဝံ့ဘူးလား"

ခင်မောင်သည် စဉ်းစား၍နေလေ၏။

"ကိုကို ဘာကိုစဉ်းစားနေသလဲ၊ ကိုယ်ချစ်တဲ့သူတစ်ယောက် သူများရင်ခွင်ထဲ ရောက်မှာကို ကိုကိုခံနိုင်သလား၊ ခံနိုင်ရင် တကယ်မချစ် လို့ပေါ့၊ ချစ်လို့ အသက်ကို သတ်သေကြသူတွေတောင် ရှိပါသေးတယ်၊ အချစ်ကြောင့် အဆင်းရဲမခံဝံ့ဘူးလား၊ မြတော့ အရင်က အမျိုးမျိုး စဉ်းစားတာပဲ၊ အခု မြ မစဉ်းစားနိုင်တော့ဘူး၊ ဖေဖေက မြကို ချစ်တာ မှန်ပေမယ့် ဖေဖေက မြကို မသနားဘူး၊ မသနားလို့သာ ဒီမြို့အုပ်နဲ့ ပေးစားဖို့ ကြံတာပေါ့ . . . သည်တော့ မြလည်း သူ့ကို မသနားတော့ဘူး၊ ဘယ်သူ ကဲ့ရဲ့မှာကိုမှလည်း မြ ဂရုမစိုက်ချင်တော့ဘူး၊ ကိုကို မကျေနိုင် လို့ ငတ်သေရင် သေပါစေ၊ မြကိုထားခဲ့ပြီး ကိုကိုသွားရင် နောင် မြကို မတွေ့ရတော့ဘူးလို့သာ စိတ်ချပါ၊ အခု မိုးလည်း လင်းတော့မယ်၊ အိမ်က လူတွေလည်း နိုးတော့မယ်၊ ကိုကို ဒီမှာစောင့်နေပါ . . . မြ ပစ္စည်းများ ကို သွားယူမယ်"

ခင်မောင်သည် မမြ၏မျက်နှာကို စိုက်ကာကြည့်လျက် အသက် မရှူဘဲ နေလေ၏။ နှုတ်ခမ်းကို ကိုက်ကာ အရှေ့ဘက်ကောင်းကင်ကို မျှော်ကြည့်ရင်းဝင်းတောက်သောမျက်လုံးများသည်မှေးမှောင်၍သွားလေ၏။

"ဟုတ်လား . . ကိုကို၊ မြဟာ အဝံမတန် ကဲတဲ့မိန်းကလေးလို့ ထင်ပြီး တွေးနေတာလား၊ မြကို ချစ်ရင် ဘာမှတွေးနေစရာ မရှိပါဘူး၊ မြ လိုက်မယ်နော်၊ မြကို မထားခဲ့ပါနဲ့၊ မြ ဒီမြို့အုပ်ကြီး လက်ဖျားနဲ့







အထိခံရမှာကို ရွံလွန်းလို့ပါ၊ မြကို မကယ်နိုင်တော့ဘူးလား . . ကိုကို ယောကျ်ား မဟုတ်ဘူးလား၊ ကိုကို့ကို သူရသတ္တိနဲ့ပြည့်စုံတဲ့ယောကျ်ားလို့ မြစိတ်မှာထင်သမျှတွေဟာ အကုန်မှားပြီထင်တယ်၊ ကိုကို မြကို နက်နက် နဲနဲမချစ်ဘူးဟုတ်လား . ."

ခင်မောင်သည် အသက်ကို ရှိုက်ခါ ရှူလေ၏။ အနီး အပါး သစ်ပင်များပေါ်မှ ကျီးကန်းများသည် အော်စပြုလေ၏။ နေမင်း၏ အလင်းရောင်ခြည်ဖြင့် သစ်လွင်စွာလောင်း၍ထားသော ရွှေတောင်ကြီး များနှင့် တူသည့် အရှေ့ကောင်းကင်ရှိ တိမ်တန်းများသည် နီရာမှ ဝါစ ပြုလေ၏၊ မနီးမဝေး အိမ်တစ်အိမ်မှ ကြေးစည်သံနှင့် ဘုရားရှိခိုးသံကို ကြားရလေ၏။ မကြာမီ အိမ်သားများ ထကြတော့မည်၊ ဤ တိုတောင်း သော အချိန်၌ ခင်မောင်မှာ လျင်မြန်စွာ စိတ်ကို မဆုံးဖြတ်လျှင် ဤတွေ့ ခြင်းသည် နောက်ဆုံးကွဲဖို့ရန်ဖြစ်သော တွေ့ခြင်းပေတကားဟု ခင်မောင် ၏စိတ်၌တွေးမိသဖြင့် မမြကို ပွေ့ယူကာ အားပါးတရ နမ်းရှုပ်ပြီး . . .

"ကိုင်း . . . မမြ ကိုကိုလည်း မခွဲနိုင်တော့ဘူး၊ မြ သဘောပဲ ကိုကို ဒီက စောင့်နေမယ် . . အမြန်သာ ပြင်ပေတော့၊ စိန်တွေ ရွှေတွေ ကိုတော့ မယူခဲ့နဲ့မြ . . ကိုကို့မှာလည်း ဘာမှတော့ မရှိဘူး"

ဟုပြောကာ မမြကို ရင်ခွင်မှ လွှတ်လိုက်လေ၏။ မမြသည်လည်း အိမ်နောက်ဖေးသို့ ပြေးဝင်ပြီး ပျောက်ကွယ်၍သွားလေသတည်း။

ခင်မောင်သည် အတန်ငယ် ကြာစွာ စောင့်၍နေလေ၏။ အနည်း ငယ်မျှသော လှုပ်ရှားသောအသံကို ကြားရရုံမျှနှင့် ခင်မောင်မှာ ထိတ် လန့်ကြောက်ရွံ့၍ နေလေ၏။ တစ်စက္ကန့်ကို တစ်နာရီ မှတ်ထင်လေ၏။ ထို တိုတောင်းသော အချိန်အတွင်း တွေးတောစရာ များစွာသော အကြောင်းအရာတို့သည် ပေါ်ပေါက်၍ လာကြလေ၏။

မိမိ၌ ငွေကြေးဟူ၍ တစ်ပြားတစ်ချပ်မှမရှိ၊ မမြကို အဘယ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြီး အဘယ်နည်းဖြင့် ဆောင်ယူကာ အဘယ်ကို ပြေးရမည်နည်း။ အဘယ်နည်း၊ မမြ၏ ဖခင်သည် မမြကို ကေန်စွန့်ပစ်တော့မည်။ သို့ စွန့်ပစ်လိုက်ချေက မမြကို အဘယ်ပုံလုပ်ကိုင် ကျွေးမွေးလျက် နုနယ်လှပသူကလေးကို ချမ်းသာအောင် ထားနိုင်ပါမည်နည်း။ မမြသည် သူဌေးသမီးဖြစ်၏။ ငယ်စဉ်အခါကစ၍ စည်းစိမ်တည်းဟူသော ကမ္ဘာထက်၌ လူးလွန့်ခါနေခဲ့သူ တစ်ယောက်ဖြစ်၏။ စည်းစိမ်၌ အသက်မွေးလေ့ရှိလျက် အလွန်နူးညံ့လှစွာသော လေမွေ့ရာပေါ်တွင် အမြဲအိပ်စက်ခဲ့သော သူသည် ကြမ်းတမ်းသော ကျောက်ဆောင်ထက်၌ အဘယ်နည်းဖြင့် အိပ်စက်နိုင်ပါမည်နည်း။ ဤမျှလောက် နုနယ်ပျို့ရွယ်သော ကလေးအမိုက်သာသာကလေးကို ချမ်းသာစွာ ထားနိုင်ရန် နည်းလမ်းမရှိပါဘဲလျက် သွေးဆောင်၍ ခေါ်ချေက မိမိသည် အဘယ်မျှလောက် ဆိုးသွမ်းယုတ်ညံ့သူဖြစ်မည်ကို စဉ်းစားမိလေ၏။

ခင်မောင်မှာ စွဲလောင်၍နေသော အချစ်သည် အသည်းနှလုံးကိုပေါင်းတင်၍ ထားသလို ပြုတ်ကြွေလုခမန်းရှိလေ၏။ ငါကား အသက်ကြီး၏ သူကားလွန်စွာ ဂုဏ်ကျက်သရေနှင့်ပြည့်စုံ၍ စိတ်သဘောဖြူစင်သန့်ရှင်း နှင်းရည်ဖြင့် အမြဲဆေးကြောစင်ကြယ်၍နေသော စပယ်ဖြူ ပန်းနုနုကလေးနှင့် တူ၏။ မိမိနှင့်လားလားမျှ မထိုက်မတန်ဟူသော အတွေးကလည်း အချစ်နှင့်လွန်ဆွဲ၍နေလေ၏။

ထိုပြင် ဘွားတောစရာအချက်တစ်ခုမှာ ငယ်ရွယ်သူတို့၏ စိတ်သည် အရပ်လေးမျက်နှာမှလာသော လေပြည်တို့၏ ထိပါးနမ်းရှုတ်ခြင်းကို မငြင်းမဆန်ခံ၍ နေတတ်သော ပန်းပွင့်ပန်းငုံနှင့်တူ၏။ ပျားကိုလည်း မငြင်း ပိတုန်းကိုလည်းမဖယ် လိပ်ပြာ၏ တက်နားခြင်းကိုလည်း ငြိမ်သက်စွာခံတတ်၏။ ပိုးပရွက်တို့၏ နှိပ်စက်ခြင်းကိုလည်း ပယ်လှန်ခုခံခြင်းမပြုကြချေ။ အချစ်ဆိုသည့် သင်းပျံ့ကြိုင်လှိုင်သော ပန်းရနံ့ဖြင့် လာသမျှကို





ခရီးဦးကြိုဆိုပြုတတ်လေသည်။ အကြောင်းမူကား အဆီကို စုပ်ယူရန်လာသော ပျားကောင်ကြောင့်လည်း ရနံ့ကိုပြန်၍မသိမ်း၊ ရက်စက်ကြမ်းကြုတ်စွာ ထိုးစုတ်ကာ ပန်းဆီအရသာကို တစ်ထိုင်တည်း အဝသောက်သုံးသော ခေါင်စုတ်ကရင်နှင့်တူသည့် ပိတုန်း လိပ်ပြာတို့ကြောင့်လည်း ရနံ့၌ချုပ်ချယ်ခြင်းမရှိ လာသမျှကို ရနံ့နှင့်ဆီးကြိုတတ်လေသည်။

မမြမှာ ထို့အတူဖြစ်လေသလား၊ ရှေးဟောင်းရေစက်ဆုံ၍ ငါ့အားအချစ်ကို ပုံခြင်းမဟုတ်မူ၍ အတွေ့ကိုမရှောင်ဘဲ ကြုံတွေ့သမျှသောသူကို လက်ခံကောင်းလက်ခံမည့်နည်းမျိုးအတိုင်း ငါ့ကိုလက်ခံခြင်းဖြစ်လေရော့သလား၊ ထိုကဲ့သို့ ဖြစ်ချေက မမြ၏အချစ်သည် ငါ၌ နှစ်နှစ်ကာကာ ရှေးဖူးစာရေစက်၏ လက်ဖြင့် ထွင်းထုမှတ်သားသော အချစ်ဖြစ်မည်မဟုတ်၊ အတူတကွ နေထိုင်ပေါင်းသင်း၍ ပြီးသောအခါ၌ ပေ့ါပျက်ပျက်ဖြစ်ကာ အမှားကိုသိမြင်လျက် ပူပင်ဆင်းရဲ ဝမ်းနည်းခြင်းဖြစ်လေမလား။ ဤကဲ့သို့ဖြစ်ချေက မိမိမှာ ကလေးကို မုန့်ပေး၍ကြိုက်သည်ဟူသော စကားလိုဖြစ်ဖို့ရှိသဖြင့် စိတ်ထဲ၌ ချီတုံ ချတုံဖြစ်၍နေပြီးမှ "ဟယ် . . . ငါ့အတွက်ဖြင့် ဒင်းကလေးမှာ ဝန်လေး ဆင်းရဲခြင်းဖြစ်စေဖို့ တော်မယ်မထင်ပါဘူး၊ အခုနေတွင်ပဲ ငါ သူ့ကို ချော့ပြီး ပြန်လွှတ်သလိုနေတာပဲ၊ သည်အတိုင်း ရှိပါစေတော့"ဟု စိတ်ကိုအနိုင်နိုင်သိမ်းဆည်းပြီး ခြံထဲမှ ထွက်၍သွားလေ၏။

ခြံအပြင်သို့ရောက်သောအခါ မမြသည် အထုပ်ငယ်တစ်ခုကို ပိုက်လျက် ခြံထဲသို့ရောက်၍လာသဖြင့် ခင်မောင်သည် မိမိကို မမြ မြင်မှာစိုးသောကြောင့် ချုံအကွယ်တစ်ခု၌ ထိုင်လျက် ငြိမ်သက်စွာနေရင်း ခြံထဲကို ချုံ အကြိုအကြားအပေါက်များမှ ကြည့်လေရာ မိမိကို မတွေ့မမြင်သဖြင့် ငိုမလို ရှုံ့မဲ့သော မျက်နှာကလေးနှင့် လည်ကလေးကိုဆန့်ကာ ခြေဖျားကလေးကို ထောက်လျက် တောင်မြောက်လေးပါးကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



၍နေသည်ကို မြင်ရလေ၏။

မမြသည် ထိုကဲ့သို့ ကြည့်ရှုံမက ခြံအတွင်း ပန်းချုံ ပန်းရုံတွေကို ပတ်ပတ်လည်ပြေး၍ ကြည့်ရှုလေ၏။ အထပ်ငယ်ကလေးကို လက်တစ်ဖက်က ရင်မှာကပ်ကာပိုက်၍ ဖိနပ်မရှိ ဖြူစင်တောက်ပသော ခြေများနှင့် ရွှေခြေကျင်းကြီး ပေါ်ပေါက်လောက်အောင် ကတ္တီပါထဘီပြာမှိုင်းမှိုင်းကို လက်တစ်ဖက်ဖြင့် ကြွကြွကလေးကိုင်မြှင့်ကာ ရွှေသမင်မကလေးပမာ ခွေ့ခနဲ ကြွခနဲ အပြေးကလေးတစ်ချက် အခုန်ကလေးတစ်သွယ်ထက် သန်သော မျက်နှာနှင့် ထိုထက်မှ ဤဘက်သို့ လေထဲလွင့်ကစားသည့် ပန်းပွင့်ကလေးပမာ ဖြစ်၍ နေသည်ကိုလည်းကောင်း၊ တစ်ခါ တစ်ခါ ရပ်ခါ မချိုသောမျက်နှာနှင့် ရင်ဘတ်ကို လက်နှင့်အုပ်ပြီး ကြွသော ရင်ကလေးမှာ ပြန်၍ မကျအားအောင် အသက်ကို အောင့်၍ထားသကဲ့သို့ ရှိနေသည်ကိုလည်းကောင်း၊ နှုတ်ခမ်းများလှုပ်ကာ တစ်စုံတစ်ရာကို တီးတိုးပြောသလိုလုပ်ပြီး ဒေါသနှင့်နှုတ်ခမ်းကို ကိုက်သည်ကိုလည်းကောင်း၊ တောက်ပြောင် ကျယ်ဝန်းထွန်းပသော မျက်လုံးကြီးများမှာ မျက်ရည်တွေ လည်လျက် ချာချာလည်အောင် ဇောစိတ်ဆောင်လျက် လေးမျက်နှာဘက်သို့ လည်းကောင်း၊ မျက်လုံးများ၏ အရှိန်ကို ယမ်းငွေ့လိုက်သည်ကို လည်းကောင်း၊ ဒေါထလျက် နှုတ်ခမ်းကလေးကိုစူကာ ခြေကိုဆောင့်သည်ကိုလည်းကောင်း၊ အားပျော့ကာ မျက်လုံးမှေးလျက် ခပ်ငေးငေးကလေးနေရာမှ မျက်ရည်ပေါက်ကြီးများ စို့လာပြီး အနီးရှိ ခုံတန်းလျှားကိုကိုင်ကာ အားပျော့စွာထိုင်၍ချပြီး ခုံတန်းနောက်မှီထက်၌ မှီတင်အပ်သော လက်မောင်းများပေါ်သို့ ခေါင်းကိုချပြီးလျှင် ကြော့ရှင်းသော ကိုယ်ကလေးမှာ တကြွကြွဖြစ်အောင် ရှိုက်ငိုသည်ကို လည်းကောင်း မြင်ရသဖြင့် ခင်မောင်မှာ မချိမဆန့်ဖြစ်ခါ ဘယ်လိုပဲ ဖြစ်ဖြစ် ခြံထဲသို့ အတင်းပြေးဝင်ပြီး ပွေ့ယူကာ ပြေးချင်သော အချစ် စိတ်နှင့်





အသနားစိတ်သည် လှိုင်းလုံးကြီးထသလို ရင်ထဲ၌ ကြွ၍လာ လေရာ ထိုစိတ်ကို မနည်းကြီး ချုပ်နှောင်၍ထားရရှာလေသတည်း။

မမြသည် ဦးခေါင်းကို လက်မောင်းများပေါ်၌ တင်၍ ဝဲယာဆောင်းငဲ့ လှုပ်ရှားပြီး တစ်ဖန် အံကြိတ်ကာ ချုပ်တည်း၍ မျက်နှာကို အဝတ်ထုပ်နှင့် သုတ်ကာ အဝတ်ထုပ်ကို ပိုက်ပြီး မော့လျက် ငေးမောကာ ဝဲယာ တောင်မြောက်ကို ကြည့်လေ၏။

ထို့နောက် ခြံအပြင်သို့ ရောက်၍သွားလေရာ ခင်မောင်ပုန်းကွယ်၍နေသော ခြုံအနီးသို့ရောက်၍ သွားလေ၏။

ခင်မောင်သည် အနည်းငယ်မျှ လှုပ်ရှားခြင်းကို ပြုချေက မမြသည် လှုပ်ရှားသောအသံကို ကြားနိုင်လောက်အောင် နီးကပ်၍ နေ၏။ ကြားလျှင် ကြားရာဘက်သို့လှည့်၍ ကြည့်က လွယ်ကူစွာ တွေ့မြင်ဖို့ ရှိ၏။ သို့သော် မမြသည် အနီးအပါးကို မရှာ အဝေးကိုသာ လှမ်း၍ ကြည့်၏။

“သူ ငါ့ကို လှည့်စား၍ ပြေးလေပြီ၊ အဘယ်ကို ရောက်ပါလိမ့်မလဲ” ဟူ၍သာ အဝေးကို စိတ်စောလေ၏။ မည်မျှပင် ဝေးစေကာမူ မမြသည်စွန့်စား၍ လိုက်မည်ဟု စိတ်ကို ပြင်ဆင်ပြီး ဖြစ်လေ၏။ မြို့အုပ်ကို ယူရတော့မည့် နီးကပ်သော ရက်ကိုလွန်စွာ ကြောက်ရွံ့၍ နေလေသတည်း။

ခင်မောင်သည်ကား မလှုပ်ရှား၊ မမြ၏ ဖြူစင်လှပသန့်ရှင်းသော ခြေကလေးများကို စူးစိုက်ကာ ကြည့်လျက်သာ နေလေ၏။ “ဘယ်လိုပဲ ဖြစ်ဖြစ် ငါ ပွေ့ယူ၍ ပြေးရလျှင် ကောင်းလေမလား” ဟူ၍လည်း တွေးမိ၏။ သို့သော်လည်း ထကြွသောင်းကျန်းသော စိတ်ကို ဖိနှိပ်ကာ အသက်ကိုမျှ ပြင်းပြင်းမရှူဘဲ နေလေသတည်း။

“ဒင်း ငါ့ကို တမင်လာပြီး လှည့်စားတာပဲ၊ ငါ့ကို အဟုတ်တကယ်



www.burmeseclassic.com

www.burmeseclassic.com



မချစ်၊ ငါကသာ သူ့ကို ချစ်ရခြင်းဟာ အပိုဖြစ်တာပဲ၊ ငါ့ကို မချစ်တဲ့ လူတစ်ယောက်ကို ငါချစ်နေလို့ အကျိုးမရှိ၊ ငါ့မှာ အားကိုးရာ မရှိပါကလား၊ မြို့အုပ်၏ လက်မှ ငါ့ကိုကယ်မယ့်လူ မရှိပါကလား . . ငါ့မှာ ခိုကိုးရာမဲ့ ဖြစ်နေပါကလား" ဟု တွေးတောကာ အတိုင်းမသိ အားငယ်ခြင်း ဖြစ်ပြီးလျှင် စိတ်အားလျော့လျက် မတ်တတ်မှ ဒူးညွှတ်ကာ အရှုံကြီးပြတ်၍ ကျသလို လဲကျလောက်အောင် မမြမှာ စိတ်အား ကိုယ်အား ဆုတ်နစ်၍ သွားလေသတည်း။

သို့သော်လည်း အချစ်ကို အမုန်းနှင့် ဖြေဖျောက်ကာ "ငါ သူ့ကို မချစ်ဘူး၊ ငါ သူ့ကို မုန်းပြီး၊ ငါ့ကို လိမ်လည်တဲ့ လူကို ငါ ဘာပြုလို့ ချစ်ရမှာတုံး၊ ငါ့ကို မချစ်တဲ့ လူကို ငါ ဘယ်အတွက် ချစ်ရမှာတုံး" ဟူ၍ စိတ်ကို တင်းခါ ချာခနဲ နောက်ကို လှည့်ပြီး အိမ်ဘက်သို့ လှည့် ပြီးလျှင်မြန်စွာ ဒေါမာန်နှင့် ပြန်သွားလေ၏။

အဘယ်မျှပင် စိတ်ကို တင်းသော်ငြားလည်း မိမိ၏ အခန်းထဲသို့ ရောက်သောအခါ တင်းသမျှ အားတွေ ပျက်ပြိုကျပြီးလျှင် အိပ်ရာပေါ်သို့ လှဲချကာ ပျော့ခွေသော ရေပုံးကြီးပမာ ခွေ့ခွေ့ကလေး နေရှာလေသတည်း။

ခင်မောင်လည်း မိမိ၏ ပုံးကွယ်သော နေရာမှထွက်ပြီးလျှင် တစ်ချုံမှ တစ်ချုံ ကူးကာ မိမိကိုယ်ကို ဖျောက်နိုင်သမျှ ဖျောက်ပြီးလျှင် ခပ်သုတ်သုတ်သွားလေ၏။

အိမ်နှင့် အတော်ဝေးသောအခါ၌ကား ပျော့နဲ့ အားငယ်လျက် ကိုယ်ကို မနည်းကြီး သယ်၍သွားရာ တံတားကြီးပေါ်သို့ရောက်လျှင် မောပန်းစွာ ထိုင်ပြီး အိမ်ဘက်သို့ လှမ်း၍ မျှော်ကာ ကြည့်၍ နေလေသတည်း။

အရှေ့ဘက် ကောင်းကင်၏ ဝါဝင်းသောအရောင်သည် တဖြည်းဖြည်း ရဲရင့်၍ လာလေ၏။ အေးမြသော လေ၏တိုက်ခတ်ခြင်းကြောင့် ဖြာမှိုင်းသော မြစ်ရေသည်လည်း ဖြိုးဖြိုးဖျပ်ဖျပ် လှုပ်ရှားကာ တံတားတိုင်ကြီးများကို ရိုက်ခတ်တိုးဝှေ့လေ၏။

တကြွိတ်ကြွိတ်မြည်ကာ စုန်ဆန်သွားလာသော လှေသမ္ဗာန်တို့၏ အသံများသည် ရေသံနှင့် ရောစပ်ကြလေ၏။ တံတားပေါ်မှ ပိန်ညင်းငှက်တစ်ကောင်သည် ထက်သန်သော အသံဖြင့် ရေထဲသို့ ထိုးစိုက်၍ ချလေရာ ခင်မောင်သည်အိပ်မက်မှနိုးသလို သတိရပြီး ထိုင်ရာမှ အားယူ၍ ထပြီးလျှင် တစ်ကိုယ်တည်း ဆက်လက်ကာ တစ်ဖက်ကမ်းသို့ လေးလံသော ခြေလှမ်းများနှင့် လှမ်းနင်း ရှောင်ရှား ဤဘက်နှင့်ဝေး၍သွားလေသတည်း။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

အောင်ကဲသည် များစွာလှုပ်ရှား၍ နေ၏။ အစာငတ်သော ခွေး ပမာလို မြစ်နှင့် အိမ်၊ အိမ်နှင့် တံတားများစွာ ကူးသန်းသွားလာ၏။ တစ်ခါ တစ်ခါ ရေတွင်း၌ မှီရပ်ကာ မမြ၏အခန်းဘက်ကို ရှုမျှော်လေ၏။ အိမ် အနီးအပါး ပတ်ဝန်းကျင်၌လည်း လှည့်လည်ကာ ယောင်ပေပေ လုပ်၍ နေ၏။ တစ်ခါ တစ်ခါ ငှက်ပျောခြံထဲ၌ တစ်ကိုယ်တည်း ထိုင်ကာ စဉ်းစား၍ နေလေ၏။

မမြမှာမူ အခန်းထဲမှ မထွက်ဘဲ နေလေ၏။ ဒေါ်စာဥသည်လည်း မမြ၏ အပါးမှ မခွာဘဲ အိမ်ထောင်မှု သားမွေးမှု တရားများ၏ ကောင်းခြင်း အနှစ်သာရတို့ကို ဟောပြောကာ အားပေးနားချအတည်နှင့် အသော ရောစပ်ကာ အားပေးပြီး ရဲဆေးကိုတင်ရန် ကြိုးစား၍သာ နေလေ၏။

သို့ပင် ကြိုးစားသော်လည်း မမြမှာ အားမတက်ဘဲ နှစ်ရက်မျှ



လိုတော့သည့် မင်္ဂလာပွဲ၏ ကြောက်မက်ဖွယ်သော အခမ်းအနားကို တင်ကြိုထင်မြင်ကာ ကြောက်ခြင်းမလှ ကြောက်၍သာ နေရှာလေသတည်း။

မချစ် မကြင်နာ လွန်စွာ မုန်းထား မြင်ရုံနှင့် မျက်စိ ခါးသော ဤမြို့အုပ်၏ စက်ဆုပ်ဖွယ်သောရင်ခွင်ထဲသို့ အရှင်းမဝင့်ချင်ဘဲ ဝင်ရတော့မည့် အရေးကို တွေးကာ ကျားစာ အကျွေးခံရမည့် နွေ့ကြီး၏ နီးကပ်ခြင်းကို ကြောက်သလို ကြောက်ရွံ့၍ နေလေသတည်း။

မမြကို မြို့အုပ်နှင့် ထိမ်းမြားမင်္ဂလာပြုရန် စီမံ၍ထားသောနေ့ မရောက်မီ လေးငါးရက်ခန့်အလို ညဦးအချိန် ခင်မောင်သည် တစ်ဖက် ကမ်းအိမ်ငယ်တစ်ခု၏ သေးငယ်သော အခန်းကလေးတစ်ခန်း၌ မြစ်ဘက်ကို ရှုမျှော်သည့်သေးငယ်သော ပြတင်းပေါက်ကလေးကို တုတ် ထောက်၍ဖွင့်ကာ ရေနံဆီမီးခွက်တစ်ခုကို ထွန်းပြီး စာတစ်စောင်ကို ရေး၍နေလေ၏။

မြစ်ဘက်မှ လေတိုက်သဖြင့် မီးတိုင်၏အရောင်မှာ လေထဲတွင် လွင့်ပါလျက် အခန်းငယ်၌ အလင်းရောင်မကျ မှိုင်းကျပ်ခိုးသာ ကျန် သဖြင့် ပိုးထိုးသော စားပွဲစုတ်အောက်မှ မုန့်သေတ္တာပုန်းလွတ်တစ်ခုကို ကုန်း၍ယူပြီး ထိုပုန်းထဲ၌ မီးခွက်ကိုထည့်ကာ ဆက်လက်ကာ ရေး၍ နေလေ၏။

ထိုင်သော ကုလားထိုင်မှာထောင်၍ထားသော ထင်းရှူးသေတ္တာ အစုတ်တစ်ခုဖြစ်လေ၏။ ရေးသော စက္ကူမှာ တစ်ပဲတန် လက်ရေးစာ အုပ်ထဲမှ ဆုတ်၍ရသော စက္ကူဖြစ်လေ၏။ ရေးသော ကလောင်မှာ ကလောင်မဟုတ် မနည်းကြီးနှိပ်၍ ခြစ်နိုင်မှ စုတ်လုခမန်း မချိမဆန့် နာ ကျင်သော စက္ကူတွင်အရာထင်သော လက်သမားခဲတံဖြစ်လေရာ မကြာ ခဏနှုတ်ခမ်းသို့ တို့ကာတံထွေးနှင့် စွတ်နိုင်မှ တော်ရုံပင်ကျနိုင်သော ခဲတံ



www.burmeseclassic.com

www.burmeseclassic.com



မျိုးဖြစ်လေ၏။

ခင်မောင်သည် စာကိုရေးပြီးနောက် ထပ်ခါထပ်ခါ ဖတ်လေ၏။ သို့ ဖတ်ပြီးနောက် စာအိတ်တစ်အိတ်၌ ထည့်ကာ ပိတ်ပြီးလျှင် အခန်းတစ်ဖက် နံရံ၌ရှိသော ပျဉ်ခုတင်ကလေးပေါ်သို့ သွားလှဲပြီး နဖူးပေါ်၌ လက်တင်ကာ ဆင်ခြင်၍နေလေ၏။

သို့နေရာမှ တစ်ဖန်ထပြီး မီးတိုင်ကို ယူကာ အိပ်ရာနံဘေး၌ ထား၍မီးခွက်ကို ၎င်းအပေါ်မှ တင်လေ၏။ ထို့နောက်တစ်ဖန် တစ်အိတ်ထဲက စာကိုထုတ်ကာ အိပ်ရာပေါ်တွင် ပက်လက်လှန်၍ ဖတ်ပြန်လေ၏။

အတန်ကြာ ထပ်ခါထပ်ခါ ဖတ်ပြီးသောအခါ စာကိုလက်မှာကိုင်လျက် နဖူးလက်တင်စဉ်းစားရင်း အိပ်ပျော်၍ သွားလေ၏။ ထိုအခါ သန်းခေါင်ကျော်အချိန်ခန့်ရှိလေ၏။ အခြားအခန်း၌ အိပ်ပျော်နေသူတို့အနက် တစ်ဦးတစ်ယောက်၏ ဟောက်သံနှင့် လေသံမှတစ်ပါး အခြားအသံဟူ၍မရှိချေ။ လွန်စွာဆိတ်ငြိမ်၍နေလေသတည်း။

ခင်မောင်မှာမူ အိပ်၍ပျော်သည်ဆိုသော်လည်း အတွေးများသည် အိပ်မပျော်၍ နိုးခြင်းနှင့် အိပ်ခြင်းစပ်ကြား၌ ရှိနေလေ၏။

ထိုအခိုက်တွင် အခန်း၏ တစ်ခုသော ထောင့်၌ဟ၍နေသော ကြမ်းထရံအကြားမှ ဦးခေါင်းတစ်ခုတိုးဝင်၍ လာလေ၏။

ခင်မောင်သည်ကား အိပ်မက်တစ်ခုဖြစ်သောအနေမှ အိပ်ပျော်ခြင်းအဆင့်သို့ တိုး၍ရောက်ကာ လွန်ခဲ့သည့်ညဉ့်၌ မအိပ်ရသောကြောင့် အတော်ပျော်၍ သွားလေ၏။

တိုးဝင်လာသော ဦးခေါင်းသည် ပခုံးတွင် ကြိုးနှင့်တပ်ထားသော သစ်သားရုပ် ဦးခေါင်းလို လှုပ်ရှားလှည့်လည်လေ၏။ မျက်လုံးများလည်း ချာချာလည်နေ၍ နေလေ၏။

ထိုဦးခေါင်းသည် တဖြည်းဖြည်းရှေ့သို့တိုး၍လာရာ ပခုံးပါ၍ လာ





လေ၏။ ကြမ်းထရံမှာ အတော်ဆွေးနေသဖြင့် ကြမ်းတမ်းစွာ မမြည်နိုင်ဘဲ စုတ်ပြဲကြွေကာ တစ်ကိုယ်လုံး ဝင်သာသောအပေါက်ကြီးဖြစ်၍ သွားလေရာ တစ်ကိုယ်လုံးဝင်ရောက်၍လာပြီး မတ်တတ်ရပ်ကာ အိပ်ပျော်၍နေသူကို လှမ်း၍ကြည့်လေ၏။ ၎င်း၏လက်၌ မောင်းချထား အရိုးဖြူဖြူကို ဖွင့်လျက်ကိုင်ထားသည်ကို မှိတ်သော မီးရောင်၌ပင် တွေ့မြင်နိုင်လေ၏။

ထိုသူသည် အိပ်ရာအနီးသို့ ကပ်လာပြီး ခြေရင်း၌ ရပ်ကာကြည့်၍ နေ၏။ အိပ်ပျော်နေသူသည်ကား အသေလို အဆန့်သားနေလေ၏။ ထို့နောက် နံဘေးသို့လှည့်ကာ ကပ်လျက်လျှောက်လာပြီးစိုက်ကာ ကြည့်လေ၏။ လက်တစ်ဖက်မြှောက်ကာ အိပ်ပျော်နေသူ၏အပေါ်၌ တစ်စုံတစ်ရာလုပ်မလိုလိုပြုပြီးမှပြန်၍ ရုပ်သိမ်းလိုက်လေ၏။

ထို့နောက် ခေါင်းရင်းဘက်သို့ တိုး၍ကပ်သွားလေ၏။ မျက်နှာပေါ်သို့ သေချာစွာ ငုံ့၍ကြည့်ပြီး လက်တစ်ဖက်နှင့် ခင်မောင်၏လက်ထဲက စာကိုယူကာ မီးရောင်၌ဖတ်လေ၏။ ထို့နောက်လျင်မြန်စွာလှည့်ပြီး ဝင်သော အပေါက်မှ အပြင်သို့ထွက်သွားလေ၏။

ညတစ်ည သန်းခေါင်းကျော်အချိန်တွင် မမြသည် မအိပ်နိုင်ဘဲ လူးလွန့်၍နေရသော အိပ်ရာမှထပြီးလျှင် မာတ်မီးကိုဖွင့်ကာ ကိုယ်လုံးပေါ်မှန်ကြီးရှေ့၌ ရပ်ပြီးလျှင် မိမိသဏ္ဌာန်ကိုကြည့်ကာ နေလေ၏။ မျက်နှာမှာ အားငယ်မှုမှိန်သော အသွင်လက္ခဏာကိုမြင်ရလေ၏။ အမြဲစောင့်ကျပ်လျက် ရှိသော ဒေါ်စာဥသည်ကား ခုတင်နံဘေးကြမ်းပေါ်၌ ရှိသော အိပ်ရာပေါ်တွင် တရှူးရှူးနှင့် အိပ်ပျော်၍နေလေ၏။

မမြသည် မှန်ထဲ၌ ကြည့်၍နေရာမှ နောက်သို့လှည့်ကာ ဒေါ်စာဥကိုမြင်သောအခါ စဉ်းစားလျက် စိုက်ကာကြည့်၍နေလေ၏။

"သူတို့မှာတော့ ပျော်လို့ပဲ နက်ဖြန် ငါ့ကိုကျားစားကျွေးမယ်ဆိုမှ အပျော်ကြီး ပျော်ရမှာကြောင့် ညကိုမြန်မြန်ကြီး ကုန်လွယ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပျော်ပျော်ကြီး အိပ်ရာထင်ပါရဲ့ . . . "ဟု မကြည်သာသော အမူအရာနှင့်ကြည့်ပြီး နောက်သို့ လှည့်ကာ မှန်ရှိရာသို့ကပ်၍သွားပြန်လေ၏။

ညှိုးငယ်စွာကြည့်၍နေရာမှ မျက်မှောင်ကုတ်ကာ တစ်စုံတစ်ခုသော အကြံကိုရသဖြင့် အံကြိတ်ပြီးလျှင် စိတ်ကိုတင်းသော အသွင်ဆောင်၍လာလေ၏။ ထို့နောက် မိမိ၏စိတ်အကြံကို သဘောကျကာ မျက်နှာ၌ ဝင်းထိန်၍လာလေ၏။

ဦးခေါင်း၌ ရှုပ်ပွေစွာ ပတ်၍ထားသော ဆံပင်ကို ဖြေချပြီး ပြတင်းပေါက်တစ်ခုကို ဖွင့်၍ ပြတင်းပေါက်အနီး စားပွဲဝိုင်းကလေးပေါ်၌ ရှိသော ရေတာကောင်းမှ ရေကိုခွက်ထဲသို့ လောင်းထည့်ပြီးလျှင် မျက်နှာသစ်လေ၏။

ထို့နောက် ပြတင်းပေါက်ကိုပိတ်ပြီး မှန်ရှေ့သို့ပြန်၍လာပြီးလျှင် ဖီးလိမ်းစပြုလေ၏။ သို့ ဖီးလိမ်း၍ပြီးသောအခါ ဗီရိုထဲမှ အဝတ်များကို ထုတ်ပြီး ထဘီအင်္ကျီအမျိုးမျိုးတို့ကို ရွေးချယ်လေ၏။ မှန်ကြီးရှေ့၌ ရပ်ကာ ထဘီများကို တစ်ထည်ပြီးတစ်ထည် မိမိ၏ ခါး၌ကပ်၍ကြည့်လေ၏။ သဘောကျသော ထဘီများကို နံဘေးသို့ပစ်ချလေ၏။ နောက်ဆုံး၌ သဘောကျသော ထဘီတစ်ထည်ကို ရရှိဝတ်ဆင်လေ၏။

ထို့အတူ အင်္ကျီများကိုလည်း ရွေးချယ်ဝတ်ဆင်ပြီးလျှင် အခြား ဗီရိုအံဆွဲတစ်ခုမှ သေတ္တာကလေးတစ်ခုကိုထုတ်ပြီး ခြေချင်းလက်ကောက်စသည်တို့ဖြင့် ဆင်ယင်ပြီးလျှင် သိုးမွေးစောင်အညိုကလေးကို ခြုံကာ မိမိ ၏ကိုယ်ကိုမှန်ထဲ၌ ရှေ့နောက်အပြန်အလှန် အရိပ်ကြည့်လေ၏။ ထို့ နောက်တံခါးကို ဖြည်းညင်းစွာဖွင့်ပြီးလျှင် တစ်ကိုယ်တည်း အိမ်ပေါ်မှ ဆင်း၍သွားလေသတည်း။

အတန်ငယ်ကြာသောအခါ မမြသည် ချောင်းကမ်းပါးသို့ ရောက်၍သွားလေ၏။ လသည် ရေးရေးကလေးမျှ အနောက်ဘက်စောင်း၌ ပေါ်၍နေလေ၏။ မြူတိမ်မှင်ခဲတို့သည်ကား လျင်မြန်စွာ တပ်ချီ၍သွားကြလျက် ဖြူပျော့အားငယ်တစ်ခြမ်းသွယ်လ,ကို မညှာမတာဖြတ်ကျော်နင်းကျော်၍သွားကြလေ၏။

ချောင်းရေတို့သည်ကား လရောင်၏ အလင်းအားနည်းသဖြင့် မှင်ရောင်လို မည်းသည်ဟု မမြစိတ်ထဲ၌ မှတ်ထင်ရလေ၏။ တစ်ခါတစ်ခါ လေလှိုင်းဖြင့် လှုပ်ရှားသော နေရာကလေးများမှာ လင်းသလိုလို အရောင်ကလေးပေါ်ပေါက်၍ လာလေ၏။

မမြသည် ကမ်းနဖူးတွင် ရပ်ကာ ငြိမ်သက်စွာ စီး၍နေသော ရေများကို ကြည့်၍နေလ၏။ သို့ကြည့်၍နေရင်း မိမိသွားမည် ကြံရွယ်သော ခရီးလမ်းကို တွေးတောဆင်ခြင်လိုက်သောအခါ ဤညဥ့်၏အရောင်ကဲ့သို့မှေးမှောင်သော ခရီးလမ်းဖြစ်သည်ကို တွေ့ရှိရလေ၏။ မည်းနက်သောရေသည် ရောက်လတ့ံသော ဘဝ၏သဏ္ဌာန်ကို ပုံဆောင်၍ပြသည်နှင့်တူလေ၏။ အကြောင်းမူကား မည်းမှောင်သော ရေတို့သည် မည်းမှောင်သည့် ညဥ့်၌ မည်းမှောင်သော ခရီးလမ်းကို နောက်သို့မဆုတ်ဘဲသွားကြရာ အဘယ်ကို ရောက်မည်ဟူသော အသိကင်းသည့် ရေများဖြစ်ကြလေသတည်း။

တစ်ဖက်၌ မအောင်မမြင်မရမရှိသော အချစ်၏စွန့်ပစ်ခြင်းကို ခံရခြင်း တစ်ဖက်၌ မနှစ်လို မုန်းထားကြီးမားကြောက်မက်ဖွယ်ကောင်းလှသော အချစ်နှင့် ဖီလာဖြစ်သည့် အခြေအနေ၏ နှိုးကပ်ခြင်းသည် မမြ၏ နုနယ်သော နှလုံးသွေးကို ရုန်းရင်းဆန်ခတ်ဖြစ်စေသဖြင့် အရွှေ့ပမာခဏအတွင်း ဖောက်ပြန်ခြင်း ဖြစ်ခဲ့လေ၏။

မမြသည် ငယ်စဉ်ကတည်းက အလိုဆန္ဒဟူသမျှ ပြည့်ဝခဲ့၍ ဖခင်တို့မည်သည် သမီးကိုအထူးချစ်ခင်တတ်ကြလေရာ မမြကဲ့သို့ ချောမောလှပ လိမ္မာသော သမီးပျိုကလေးကို ၎င်း၏ဖခင်သည် အဘယ်မျှ ချစ်







www.burmeseclassic.com

www.burmeseclassic.com



မည်ကို သိနိုင်လေ၏။ ထိုချောမောလှပသော သမီးကလေးမှာလည်း တစ်ဦးတည်းသော သမီးကလေးဖြစ်သည်ကို ထောက်ပြန်သော် အဘယ်မျှ ပိုမိုချစ်ပေမည်နည်း။ ထိုတစ်ဦးတည်းသော သမီးကလေးမှာလည်း မိတဆိုးကလေးဖြစ်ပြန်လေရာ ထိုပိုမိုသော အချစ်သည်အဆုံးမရှိ ကြီးမားနိုင်လေ၏။

ထိုပြင်မှတစ်ပါးလည်း အဖေတစ်ယောက် သမီးတစ်ယောက်ချစ်ခင်စွာနေကြခြင်း၌ မိခင်ကဲ့သို့ ထိပါးပူးကပ်စွာချစ်ရခြင်းမျိုးမဟုတ်ချေ။ သို့ဖြစ်လေရာ ထိုအချစ်မှာ အဘယ်အခါမှ ဖခင်ဖြစ်သူ၏စိတ်၌ ပြည့်ဝခြင်း မရှိနိုင်ဖြစ်လေရာ ထိပါးပူးကပ်ခြင်းအစား အလွန်အကျွံ အလိုလိုက်ခြင်းဖြင့် အချစ်၏ပြည့်ဝခြင်းကို ရှာကြံခဲ့လေ၏။ သို့ဖြစ်လေရာ ဖခင်းအလိုလိုက်ခြင်းသည် အတိုင်းအရှည်ပမာဏကို ကျော်လွန်၍ လာခဲ့လေ၏။

သို့ဖြစ်လေရာ နုနယ်သော ကလေးမမှာ အလိုပြည့်ဝခြင်း၌ အကြောင်းကို စ၍နေသဖြင့် အနည်းငယ်မျှ အလိုမပြည့်မဝသောအခါ၌ အဘယ်မျှလောက် ကြီးသောစိတ်၏ဆင်းရဲခြင်းကို ခံစားရမည်ကို ဆင်ခြင်သိရှိနိုင်ဖွယ်ရာရှိလေ၏။

ယခုအခြေအနေ၌ကား အလိုတကာ့အလိုထဲတွင် အကြီးဆုံးသောအလို တစ်ကြိမ်တစ်ခါမှ မကြုံစဖူး ထူးခြားသောအလို မင်းဝတ်၊ ဩဇာ၊ သရက်၊ ဒူးရင်း၊ ဝက်သား၊ ကြက်သား၊ ချိုး၊ ခါ ဟင်းမျိုးတို့နှင့် မတူ ထူးခြား၍ ဤလောကဓာတ်ကြီး၌ အထူးဆုံး အမြတ်ဆုံးသော အချစ်တည်းဟူသော အရသာကြီးကိုတောင့်တ မွတ်သိပ်လျက် မပြည့်မဝဘဲနေရသော အလိုဆန္ဒမီးသည် အချစ်ကိုမှီဝဲခြင်းမပြုရသောအခါ၌ နှလုံးသား နှလုံးသွေးကို မှီဝဲစပြုရာတွင် မနှစ်မလိုမုန်းထားသော အရာတစ်ခုသည်များ ကြိတ်နင်းတော့မည့် မီးရထားကြီး ခုတ်၍လာသလို နီးကပ်





၍ လာလေရာ ထိုနှလုံးသွေးမှာ ခြစ်ခြစ်လောင်ကာ ပွက်ပွက်ဆူပြီးလျှင် နွမ်းသွပ်ခြင်း ဝေဒနာသည် ပေါ်ပေါက်၍လာခဲ့လေ၏။

ထိုအပြင် ညဥ့် တရေးနိုးအချိန်အခါ၌ တွေးဖြစ်သောစိတ်သည် နေ့အချိန်၌ တွေးသော စိတ်မျိုးနှင့်မတူ၊ ညဥ့်၏ ဆိတ်ငြိမ် မည်းမှောင်ခြင်းသည် အတွေးကိုထက်သန်စေ၏။ နေ့အချိန်၌ မဖြစ်နိုင်ဟု မှတ်ထင်သော အရာမျိုးကို ညဥ့်အချိန် တွေးကြံရာ၌ ဖြစ်နိုင်သတဲ့သို့ မှတ်ထင်ရ၏။

သို့ဖြစ်သောကြောင့် အချစ်ဆိုသည့် စိမ့်စမ်းရေပေါက် ကင်းမဲ့ကာ ချစ်သူ၏ ရှုတ်ချ စွန့်ခွာခြင်း ခံရသော ဘဝ၌ နေရခြင်းထက် ဤနတ်မော်ချောင်းထဲ၌ သချိုင်းကိုရှာရခြင်းက ပိုမိုမြတ်လိမ့်မည်တကားဟု ဖောက်ပြားစိတ်ထင် အကြံဝင်ပြီးလျှင် မိမိ၏ မသာကို မိမိကိုယ်တိုင် ဆောင်ယူချလာသောအနေဖြင့် လာခဲ့လေရာ မည်းမှောင်သော ညဥ့်နှင့် မည်းနက်သော ရေတို့သည် ဆီး၍ခြောက်လှန့်သလိုပြုကာ ဟန့်တားသဖြင့် ကမ်းထိပ်၌ရပ်ကာ အဘယ်အခြေအနေဟု မသိရ. . မည်းမှောင်သောဘဝနှင့် မည်းမှောင်သော မရဏသေလမ်းခရီးကို မျှော်မှန်းဆင်ခြင်အကြောက်ဝင်လျက် ချီတုံချတုံဖြစ်၍ နေရှာသတည်း။

သို့ရပ်ကာ ရေများကို ကြည့်၍နေခိုက်တွင် မီးကလေးများ မှိတ်တုတ် မှိတ်တုတ်နှင့် သွားလာသော တံငါလှေကလေးများကို မြင်ရလေ၏။ တစ်ခါ တစ်ခါ လှေသံ ရေသံတက်သံကလေးများကို ကြားရလေရာ ထိုအသံနှင့် ထိုမီးရောင်ကလေးများသည် ညဥ့်၏ အသက်ပမာ မှတ်ထင်ရလေသတည်း။

ရေထဲသို့ ခုန်ဆင်းကာ သေခြင်းထက် အောက်ဘက်သို့စုန်၍ သွားသော ဟိုမီးလှေနှင့် လိုက်ပါ၍ သွားရလျှင် ကောင်းနိုးနိုး မှတ်ထင်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုလွှင့်ပါးသော စိတ်ကို တစ်ဖန်ပြန်၍ ခေါ်ပြီးလျှင် သေလျှင် ကောင်းမည်ဟု မိမိ၏စိတ်ကို တင်းကာအားပေးပြန်လေသတည်း။

"ကိုကို သွားပြီ၊ ငါ အသက်ရှင်နေရင် ဒီ မြို့အုပ်ကို ယူရတော့မည်၊ သေရင် အခုလို ကြပ်ကြပ်တင်းတင်း နေရမှာမဟုတ်၊ လွတ်လွတ်လပ်လပ်နတ်များလို နေရမှာပဲ . . သွားချင်ရာသွား ရမယ်၊ ချစ်သူများကိုလည်း ခေါ်ယူနိုင်သတဲ့၊ ငါသေရင် သူ့ကို တွေ့အောင်လိုက်ရှာမယ်၊ တွေ့ရင် ငါ့နောက်ကို လိုက်ရအောင်ခေါ်မယ်၊ သည်တော့ ကွဲဖို့မရှိတော့ဘူး။ ဒီ မြို့အုပ်နဲ့လည်း လွတ်မှာပဲ၊ သေရင် ခေါင်းမှာရှာနီကလေးနဲ့ အချိတ်ထဘီကလေးနဲ့ ကိုကို့ကို အိပ်မက်သွားပြီးပေးမယ်၊ ကိုယ်ရောင်သွားပြီးပြမယ်၊ အခု သူ့ကိုစွန့်သွားတယ်၊ သေပြီးရင်လည်း သူ့ကိုရှုလောက်အောင် ငါ လှလှပပ အခုလိုကိုယ်ရောင်ပြရင် ရှုမှာပဲ၊ ရှုရင် ငါသေသလို ရေထဲဆင်းသေလိမ့်မယ်၊ သည်တော့ ပေါင်းရမှာပဲ" စသည် ငယ်ရွယ်သူတို့၏ ဘဝတွေးမိ တွေးရာ မည်းမှောင်သော သေခြင်း၌ပင် ထိန်လင်းတောက်ပ ပျော်ဖွယ်ရာ ကောင်းလှသော အခြေအနေကိုထင်ရောင် မြင်ရောင်ဖြစ်ကာ အရှေ့[illegible]ကာက်ဟူသမျှ လွင့်စဉ်ပြီးလျှင် ဝမ်းသာစိတ်တအားဝင်လျက် စိတ်ရှုးသွေးရှုးအရှုရောင်တက်သဖြင့် မျက်နှာမှာပြုံးရွှင်ကြည်လင်၍လာလေ၏။

သို့ နေခိုက်တွင် အင်္ဂလိပ်စာအုပ်တစ်အုပ်၌ ရိုပ်ငြိမ်သော တောအုပ်တစ်ခု၏အောက် သာယာအေးကြည်သော စမ်းချောင်းကလေး၌ ဦးခေါင်းမှာ ပန်းတွေဝေလျက် ပန်းများ၏အလယ်တွင် ပက်လက်ကလေး၏ ရုပ်ပုံကို ထင်မြင်မိလေရာ မိမိကိုယ်ကိုလည်း ထိုနည်းအတိုင်း တွေးထင်ဆင်ခြင်လျက်သာလွန်၍ အားတက်ကာ ရေထဲ၌သေရခြင်းသည် ကျက်သရေအရောင်အဝါကြည်နူးဖွယ်ရာ တစ်ခုခုရှိသည်ဟု မှတ်ထင်နေလေ၏။





ထိုကဲ့သို့ တွေးတောကာ အနီးအနားသို့ကြည့်လိုက်ရာ တောပန်းပင်တစ်ခုမှ အခက်အလက်တွေဝေလျက် ပွင့်၍နေသည်ကို မှေးမှိတ်သော လရောင်ကလေးဖြင့် မြင်ရလေ၏။

မမြသည် လျင်မြန်စွာ ထိုတောပန်းပင်သို့ သွား၍ကြည့်လေရာ အပင်မဟုတ် ချုံတစ်ခုကို နွယ်၍တက်သော နွယ်ပန်းတစ်မျိုးဖြစ်သည်ကို တွေ့ရှိရသဖြင့် လျင်မြန်စွာ ချိုးပြီးလျှင် မိမိ၏ဦးခေါင်းကို ပန်းနွယ်များနှင့် ပတ်ဆင်လေ၏။ သို့ပတ်ဆင်၍ ပြီးသောအခါ မိမိအဘယ်ပုံရှိသည်၊ ရုပ်ပုံထဲက မိန်းမကလေးနှင့်တူမည် မတူမသိကို အိမ်၌ရှိသော မှန်ကြီးထဲ၌ ပြေး၍ကြည့်ချင်သကဲ့သို့ဖြစ်လေ၏။

ထို့နောက် ချောင်းကမ်းပါးသို့ တစ်ဖန်လှည့်၍ သွားပြီးရပ်ကာ လက်များကို ပိုက်လျက် စဉ်းစား၍ နေပြန်လေ၏။ သို့စဉ်းစားပြီးနောက် လက်နှစ်ဖက်ကို ချောင်းဘက်ကို ဆန့်ကာမတ်တတ်မှ ရှေ့သို့အမြစ်မှလဲသည့် သစ်ပင်ပမာရှေ့သို့ ယိမ်းလိုက်လေသတည်း။

ထို့နောက် မမြမှာ ရှုန်းရင်းဆန်ခတ်ဖြစ်ပြီး သတိမရတော့ဘဲ ညဥ့်မှောင်ထက်ပိုမိုထူထဲသော မှောင်ကြီးသည် ပိတ်[illegible]ကာဆီးခြင်းပြုလိုက်လေတည်း။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

မမြသည် သတိရ၍လာသော အခါ အံ့အားသင့်၍နေလေ၏။

မြောနေ သွားခြင်းသည် ထိတ်လန့်ကြောက်ရွံ့ခြင်းကြောင့် ဖြစ်လေ၏။ မိမိ၏ ကိုယ်တစ်ကိုယ်လုံးမှာ လှုပ်ရှား၍နေသည်ကို သိရလေ၏၊ ထိုလှုပ်ရှားခြင်းသည်ကား အအယ်ရဲ့သို့သော လှုပ်ရှားခြင်းပေနည်းဟု စဉ်းစားပြီး အိပ်ရာမှနိုးသလို အားယူ၍ ထလိုက်ရာ ဓာတ်မီးများ ထိန်လျက်နေသည်ကို မြင်ရလေ၏ "ငါ ဘယ်ကိုရောက်နေပါသလဲ၊ ငါ ဘယ်ကိုသွားမလို့လဲ" ဟုတွေးတောကာ ပတ်ဝန်းကျင်ကိုကြည့်လိုက်သော အခါ စိတ်ထဲ၌ သာလွန်ရှုပ်ထွေး၍သွားစေသော အချင်းအရာကိုမြင်ရလေ၏။ ထိုအချင်းအရာသည်ကား အမြန်သွားလျက်ရှိသော ဘတ်စ်ကား အစ်စင်းပေါ်သို့ ရောက်၍နေခြင်းဖြစ်လေသတည်း။

တစ်ခုသော ထောင့်၌ ခေါင်းကို ခေါင်းမြီးခြုံလျက် ဘတ်စ်ကား



ပြတင်းပေါက်ပေါ်၌ ဦးခေါင်းကို တင်ကာ အမြင်ဘက်ကိုမျက်နှာမူလျက် အိပ်ပျော်သလိုနေသော လူတစ်ယောက်၏ သဏ္ဌာန်ကိုမြင်ရလေ၏။ ထိုလူသည်ကား မမြကို ဂရုမစိုက်သလို လိုက်ပါ၍ လာလေ၏။

မမြသည် မိမိ၏အဖြစ်အပျက်ကို ပြန်၍ စဉ်းစားလေ၏။ သို့စဉ်းစားလိုက်သောအခါ နတ်မော်ချောင်းကမ်းပါး၌ မိမိရပ်၍နေပြီး ရေထဲသို့ ခုန်ချမည်အပြုမှာ တစ်စုံတစ်ယောက် နောက်မှလာ၍ ပွေ့ယူပြေးရာ ရုန်းရင်းဆန်ခတ်ဖြစ်သည်ကို သတိရလေ၏။ ထို့နောက် တစ်စုံတစ်ရာကိုမျှ သတိမရ ယခု ဘတ်စ်ကားပေါ်သို့ ရောက်၍နေသည်ကိုသာ သိရလေ၏။

ယခုထိုင်သောသူသည် မိမိကို ပွေ့ယူတင်ဆောင်၍ လာသည့် လက္ခဏာရှိသည်ဟု သဘောရသဖြင့် . . .

"ရှင် ဘယ်သူလဲ"

ဟု ထိုင်နေသူအား လှမ်း၍မေးလေ၏။

ထိုင်နေသူသည် စကားလည်းမပြော၊ လှည့်၍လည်း မကြည့်၊ အသက်ပြင်းပြင်းရှူကာ အိပ်ပျော်၍ နေသော အသွင်ရှိလေ၏။

မမြသည် မိမိ၏လက်များကို ကြည့်လေရာ လက်ကောက်များ မရှိတော့သည်ကို တွေ့ရှိရသဖြင့် တစ်ဖန် ခြေကိုကြည့်ပြန်ရာ၌လည်း ခြေချင်းများ မရှိသည်ကို တွေ့ရပြန်လေ၏။

ထိုအခါ "ငါသည် လူဆိုးတစ်ယောက်၏ လက်သို့ရောက်လေပြီ" ဟု အတွေးရောက်ကာ ထိတ်လန့်ခြင်း ဖြစ်ရှာလေ၏။ "မိမိကို ထိုလူဆိုးသည် အဘယ်သို့ခေါ်ဆောင်ကာ အဘယ်ပုံပြုမည်နည်း၊ မိမိကို တခြားမြို့ရွာသို့ ခေါ်ဆောင်ပြီး ရောင်းချလေမလား . . သို့တည်းဟုတ် . . အတင်း အဓမ္မ သားမယားအဖြစ်သို့ရောက်အောင် ပြုလေမလား" စသည်ဖြင့် တွေးတောကာ မိမိ၏ အိမ်မှ အချိန်မတော်ထွက်၍လာမိ



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် နောင်တရပြီး ကြောက်ခြင်းမလှ ကြောက်၍ နေရှာလေသတည်း။

သို့ဖြစ်သောကြောင့် ယိုင်လျက် အိပ်ပျော်၍နေဟန်ရှိသော သူကို ဆက်လက်၍ မခေါ်ဘဲ အဘယ်ပုံ ကြွရမည်ကို စိတ်ကူးလေ၏။ မိမိ၏ မျက်လုံးများကို ကျယ်စွာ ပြူး၍ကြည့်ကာ မိမိ၌ဖြစ်ပျက်ရခြင်းသည် အဟုတ်တကယ်လား၊ အိပ်မက်များ ဖြစ်၍ နေသလား စသည်ဖြင့် ဆင်ခြင်စဉ်းစားလေ၏။

သို့စဉ်းစားရင်း မိမိ၏ ကိုယ်ကို ကိုင်တွယ်စမ်းသပ်၍ကြည့်၏။ ပေါင်နှင့် တင်ပါးကို လက်များဖြင့် ဆိတ်ဆွ၍ကြည့်၏။ အခါများစွာ အိပ်မက်တို့သည် အဟုတ်တကယ်ဖြစ်ပျက်သလို ထင်ရှားသည်ကို တွေးမိလေ၏။ သို့သော်လည်း အိပ်မက်များ၌ ငါ အိပ်မက်တာလား၊ တကယ်ဖြစ်ပျက်၍ နေသလားဟု စဉ်းစား သတိထားမိသည့်အခါ တကယ်မဟုတ်၊ အိပ်မက်ဖြစ်ကြောင်း သတိရ၏။ ယခုသည်ကား အဟုတ်တကယ် ဖြစ်ပျက်ခြင်းကို မငြင်းနိုင်အောင် သိသာသဖြင့် များစွာ ထိတ်လန့်ခြင်းဖြစ်ရှာလေသတည်း။ ၏

× × ×

ခင်မောင်သည် တဲအိမ်ကလေး၌ နံနက်မိုးလင်း၍ အိပ်ရာမှ နိုးသောအခါ ပထမသတိရသောအရာသည် ညဉ့်၌ရေးသောစာ ဖြစ်လေ၏။ အိပ်ရာပေါ်၌ စာကိုရှာ၍ မတွေ့ရသောအခါ ပျာယီးပျာယာ ရှာဖွေလေ၏။ သို့ . . ရှာဖွေသော်လည်း အဘယ်နေရာမျှ မမြင်ရသောအခါ "အဘယ် နည်းဖြင့် ဤစာပျောက်၍သွားပါသနည်း၊ လေ တိုက်လေသလား၊ ကြွက် ချီလေသလား" စသည်ဖြင့် စဉ်းစား၍နေခိုက်တွင်





ကြူထရံအပေါက်ကို မြင်ရသောအခါ အံ့အားသင့်၍ သွားလေ၏။

ထို့နောက် တစ်ကိုယ်တည်း ပြုံးရယ်မိလေ၏။ အကြောင်းမူကား "ပစ္စည်း တစ်စုံတစ်ရာ မရှိ၊ အသက်နှင့် ကိုယ်မှ မသေလို့ ကျန်နေရသော ငါလိုလူ၏ အခန်းကိုဝင်သော သူခိုးသည် ငါ့ထက် ကံဆိုးတဲ့သူခိုးဖြစ်မှာပဲ၊ ဘာကိုမျှ မတွေ့သည်အတွက် လက်ကမြင်းပြီး စာရွက်ကို ဆွဲ၍သွားလေသလား" စသည်ဖြင့် တွေးတောမိလေ၏။ ထို့နောက် စာရွက်အသစ်တစ်ခုကို ယူပြီး တစ်ဖန် စာထိုင်၍ ရေးပြန်လေသတည်း။

သို့ရေးရင်း မပြီးမီ ဆိုင်းရပ်ကာ စဉ်းစားပြီးနောက် "မထူးပါဘူးလေ၊ စာပေးပေမယ့် အလကားပါပဲ၊ ကွဲခြင်း အတူတူမှာ ပြတ်ပြတ်တောက်တောက် မှေ့မှေ့ပျောက်ပျောက် ကွဲနေရတာပဲကောင်းပါတယ်၊ ဒီစာဟာ သူကလေးရဲ့ စိတ်နှလုံးကို မီးရှို့သလို ဖြစ်ဖို့သာရှိတာပဲ၊ ကွဲပြီးမှဖြင့် ဘယ်ကိုပဲရောက်ရောက် ဘယ်မှာပဲနေနေ အကြောင်းကြားပေမယ့် သူလည်း လာနိုင်မှာမဟုတ်၊ မတော်တဆ စွန့်စား လိုက်လာပြီး ငါနဲ့တွေ့ရင်လည်း ဆင်းရဲမှာပဲ၊ မတွေ့ရင်လည်း မတော်တဆ ဒုက္ခတောင်ဖြစ်ချင် ဖြစ်ဦးမှာပဲ" စသည်ဖြင့် တွေးပြီး စာကိုဆုတ်ပစ်လိုက်လေ၏။

ထိုနံနက်၌ပင် ခင်မောင်သည် မမြတို့ အိမ်ဘက်သို့ ချောင်းကမ်းထိပ်မှ နောက်ဆုံးရပ်ကာ မျက်လုံးများမှာ မြူတွေဝိုင်းလျက် အားရအောင်ကြည့်၍နေလေ၏။

နေရောင်တွင် နီလွင်တောက်ပသော မမြ၏ အိမ်အမိုးကို မြင်ရလေ၏။ အိမ်ခေါင်မိုး အနီး၌ အုန်းလက်များသည် လေမတိုက်သဖြင့် ငြိမ်သက်စွာနေကြလေရာ ညှိုးငယ် ဆိတ်ငြိမ်ခြင်းအမှတ် လက္ခဏာကိုပြကြလေ၏။ လတ်ဆတ်စွာ လှုပ်ရှားသော ချောင်းရေများနှင့် ပေဒါပင်များသည် နေရောင်တွင် လင်းပြောင်တောက်ပကြလျက် လတ်ဆတ်သော အသက်ဖြင့် လန်းရွှင်၍ နေကြဟန်ရှိလေသတည်း၊ ထိုအသက်ရှင်သော



www.burmeseclassic.com

www.burmeseclassic.com



လောကစာတ်ကြီး၏ အလယ်၌ ခင်မောင်၏ စိတ်နှလုံးသာလျှင် အသေဖြစ်၍ နေလေသတည်း။

သို့ကြည့်၍ နေရာမှ ခင်မောင်သည် သက်မကြီးကို ချပြီးလျှင် ဖြည်းညှင်းစွာ နောက်သို့လှည့်လျက် တစ်ဖက်မှ တုပ်နှောင်ဆွဲငင်၍ ထားခြင်းကို ခံ၍နေရသည်နှင့် တူသော ခြေများကို လေးလံစွာ သယ်ယူလျက် နှေးနှေး ဖင့်ဖင့် ထွက်ခွာ၍ သွားရှာလေသတည်း။

× × ×

မမြ မိုတိုဘတ်နှင့် ပါသွားပြီး နောက်တစ်နေ့၌ နတ်မော်ရွာ တစ်ရွာလုံးမှာ အုတ်အော်သောင်းတင်း ဖြစ်၍နေလေ၏။

မမြ၏ ဖခင်မှာ အရှုးပမာ ချာချာလည်လျက် နေလေ၏၊ အရှုး အောင်ကဲနှင့် လိုက်၍ပြေးသည်ဟု သိရသောအခါ ထောင်းခနဲ ဒေါသမီး တဟုန်တည်း တောက်လေ၏။ ထို့နောက် "ငါ့ သမီး မရှိတော့ပါကလား။ ငါ မိုက်လို့ အခုလိုဖြစ်ရတာပဲ၊ ခင်မောင်နဲ့ ပေးစားလိုက်ရင် အခုလို ဖြစ်မှာမဟုတ်ဘူး၊ ခင်မောင်နဲ့ မပေးစားမိသည့်အတွက် အရှုးနဲ့ ညားရတာပါကလား" ဟုတွေးကာ ဒေါသ အရှိန်ကျိုးပေါက်ပြီး တောက်ကြွသော မီးငြိမ်းကာ ယူကြုံးမရ နောင်တရခြင်း ဖြစ်လေ၏။

အိမ်သားအားလုံးကို သိမ်းကျုံး ဆူပူကြိမ်းမောင်းကာ နှင်ပစ်လေ၏။ ဒေါ်စာဥမှာ နေစရာမရှိသဖြင့် တခြားအိမ်တစ်အိမ်သို့ သွားပြီးလျှင် မမြ၏ အကြောင်းကို မျက်ရည်စက်လက်နှင့် ပြော၍သာနေလေ၏။

မြို့အုပ်မောင်ကြွားမှာ လွန်ခဲ့သော ရက်များ၌ အချောဆုံးသော မိန်းကလေးကို ရပြီး ထင်ရှားသော သူဌေး၏သမက်ဖြစ်ရတော့မည့် အရေးအတွက် အောင်ပွဲ ဆင်ယင်ကျင်းပ၍ နေခဲ့လေရာ ထိုနေ့၌ကား





. . ခမ်းနားသော တိုက်တာ နန်းတော် အဆောက်အအုံမှာ ညတွင်းချင်း မီးလောင်၍ ပျက်စီးကာ ပြာကျသည့် အသွင်လိုဖြစ်၍နေလေ၏။

၎င်းကို ချီးပင့် မြှောက်စား ပျော်ပါးသောက်စားခြင်း၌ ကူညီကာ အခမ်းအနားကို ဝင်းပြောင်ထိန်လက်အောင် ပြုခဲ့ကြသော မိတ်ဆွေခေါ် သူတို့အနက် အများတို့သည် သောက်စားပျော်ပါးစဥ်ကထက် ပိုမို ပျော်ပါးခါ ထိုကဲ့သို့ ဖြစ်ပျက်ခြင်းသည် ၎င်းတို့၏ နှလုံးသွေးကို မောင်ကြွား၏ ဝီစကီအရက် ထက် ပိုမိုထကြွအောင် ပြုလိုက်လေ၏။ ၎င်းတို့မှာ နှစ်ပွဲ နှစ်ကြိမ် ပျော်နွှဲကြရလေ၏။ ပထမ ပျော်ပွဲမှာ မောင်ကြွား၏ အောင်မြင်ခြင်းပျော်ပွဲဖြစ်လေရာ ဒုတိယပျော်ပွဲမှာကား မောင်ကြွား၏ ဆုံးရှုံးပြိုလဲ အရှက်ကွဲခြင်း၏ ပျော်ပွဲဖြစ်လေ၏။

မောင်ကြွား၏ ရှေ့၌ ဟန်ဆောင်ကာ ဝမ်းနည်းသော မိတ်ဆွေများ အနက် အချို့က မောင်ကြွား၏ ကွယ်ရာ၌ "ဒီ အောင်ကဲဆိုတဲ့ အရှုးကို ငါ တယ်သဘောကျတယ်ကွယ်၊ လောကမှာ ထူးထူးခြားခြား ရူးတဲ့အရှုး ကွဲ့၊ အိမ်ဦးမှာတောင် ထိုင်တဲ့အရှုးပဲ . . " ဟူသော စကားမျိုးကို အသုံး ပြုကြလေ၏။

အချို့က အရှုးမဟုတ်ကြောင်း မမြကို မရမက ကြံလိုသည့် အတွက် အရှုးဟန်ဆောင်နေသူဖြစ်ကြောင်းနှင့် ထင်မြင်ချက်ပေးကြလေ၏။ အဘယ်လိုပင် ထင်မြင်ချက် ကွဲလွဲစေကာမူ အောင်ကဲ၏ အောင်မြင်ခြင်း၌မူကား စိတ်သဘော ကွဲပြားခြင်းမရှိ ဝမ်းမြောက် ဝမ်းသာကြောင်း ကို ညီညွတ်စွာ ဆုံးဖြတ်ချက်ချကြလေ၏။

အချို့ကလည်း "ကောင်မကလေး ကံကောင်းတာနဲ့ တူတာပဲ၊ မောင်ကြွားကို ယူရင် စည်းစိမ်းလည်းပြုတ် . . မောင်ကြွားရမ်းပုံနဲ့ နောင် အလုပ်များ ပြုတ်မှဖြင့် အသောက်သမား အဖတ်တင်ပြီး ငါးဖယ်ခြောက် သလို အတောခံရမှာပဲ၊ အောင်ကဲဆိုတဲ့ အကောင်က ခိုင်းချင်သလို



www.burmeseclassic.com

www.burmeseclassic.com



အခိုင်းခံပြီး သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းလိမ့်ဦးမယ်" စသည်ဖြင့် ပြောကြလေ၏။

မောင်ဖေမှာမူကား တဟီးဟီး သက်မချလျက် အိမ်ပေါ်၌ မငြိမ်မသက် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်လေ၏။ အိမ်ပေါ်နှင့် အိမ်အောက် ဆင်းချည် တက်ချည် နေလေ၏။ အိမ်၌ ဆူပူ၍ ပြီးသောအခါ စက်ထဲသို့ သွား၍ ဆူပူလေ၏။

ထို့နောက် တဖြည်းဖြည်း အဆူအပူရပ်ကာ ဆိတ်ငြိမ်လျက် အိမ်ကြီးမှာ မီးမရှိသော မီးဖိုပမာလို သွေ့ခြောက်လျက် မောင်ဖေ၏ နှလုံးမှာ သမီးအတွက် ငြိစွဲသော မီးခဲကြီး ဝင်အောင်းကာ တကျွေ့ကျွေ့ပူလောင်၍နေလေသတည်း။

မောင်ကြွားမှာမူကား အရှက်ကို အရက်ဖြင့် ဖြေဖျောက်ကာ နေဝင် နေထွက် သောက်၍သာ နေရရှာလေသတည်း။

× × ×

ရန်ကုန်မြို့ မီးရထားရုံကြီး၏ ရှေ့၌ အောင်ကဲနှင့်မမြသည် ရောင်ပေပေနှင့် ရပ်ကာ လူစုထဲတွင် တောင်သွားရမလိုလို မြောက်သွားရမလိုလို ဖြစ်၍ နေကြလေ၏။

မမြသည် မိမိ၏အဖော် အောင်ကဲ၏ အနီးမှ မခွာဘဲ ကပ်ကာ မျက်နှာ တငယ်ငယ်နှင့်နေလေ၏။ တစ်ခါ တစ်ခါ အောင်ကဲလူစုထဲတွင် ပျောက်၍ သွားမည်စိုးသည့်ပမာ အောင်ကဲ၏ အကျႌလက်ကို ကိုင်ဆွဲလေ၏။ မျက်နှာမှာ မှေးမှိန်လျက် ကြောက်ရွံ့သော အသွင်ပေါ်၍နေလေသတည်း။

အောင်ကဲသည်ကား အထက်ကနှင့်မတူ သားနားစွာ ဝတ်ဆင်





လျက် တောသား ဂိုက်ကောင်းသူတစ်ယောက်၏အသွင် ရှိလေ၏။ ရန်ကုန်မြို့သားများထက် ဖျတ်လတ်သွက်လက် လျင်မြန်ဟန်ရှိသော်လည်း ပိုမိုခြင်းသည် အတုယူခြင်း၌ ချိန်သားမကျခြင်းကို သိသာစေသည့်ပြင် ပျာလောင်သည့်အမူအရာရှိသော မျက်နှာ မျက်လုံးများသည် ရန်ကုန်သား မဟုတ်ရုံမက ရန်ကုန်မြို့သို့ အရောက်အပေါက်နည်းသူဖြစ်ကြောင်းကို လူလယ် လူပါး လူ့ရှာပါးများ သိသာလေ၏။ သို့ဖြစ်သောကြောင့် ရာပန်းစားလေ့ရှိသူ နှစ်ဦးသုံးဦးတို့သည် ၎င်းတို့ကို အုပ်ရန်ချောင်းသော ကျားပမာလို မျက်ကြော မပြတ်အောင် ကြည့်နေကြလေ၏။

ထိုကဲ့သို့ အဘယ်ကို သွားရမှန်းမသိဘဲ နေကြရာတွင် ရှာလပတ်ရည် ဆိုင်တစ်ဆိုင်သို့ သွားကြလေ၏။ ၎င်းတို့ကို အချောင်ဖမ်းရန်ကြံစည်သော လူဆိုးသုံးလေးယောက်သည် အပါးသို့ ရစ်သီ ရစ်သီ ရောက်၍လာကြလေ၏။ ထိုအခိုက်တွင် မီးရထားရုံရှေ့၌ မကြာမီက စု၍နေကြသော လူများသည် အသီးသီးထွက်၍ သွားကြရာ လူရှင်း၍ ကျန်ရစ်လေ၏။

လူဆိုး သုံးယောက်သည် အောင်ကဲ၏ အပါးသို့ ကပ်လာပြီး . . .

"ခင်ဗျားတို့ ဘယ်သွားကြမလို့လဲ . . "

ဟု မေးလေ၏။

အောင်ကဲမှာ ဖြေစရာ စကားမရှိချေ၊ အကြောင်းမူကား မူလကပင် အဘယ်နေရာသို့ သွားရန်ဟု ကြံစည်၍ လာသူမဟုတ်ဖြစ်လေရာ နေရာကို အပြောရခက်၍ နေလေ၏။

မမြမှာ ကြောက်ရွံ့လျက် မျက်နှာငယ်၍ လာလေ၏။ အောင်ကဲသည် မမြကို ကြည့်လိုက်ရာ ကြောက်ရွံ့ပုံကိုမြင်လျှင် မိမိကိုယ်တိုင်လည်း အတော်အားငယ်၍ သွားလေ၏။ သို့သော်လည်း မျက်နှာကို အတည်ထားပြီး ၎င်းတို့ကို အလေးဂရုမပြုသလို နေလေ၏။ ထိုကဲ့သို့နေခြင်း



www.burmeseclassic.com

www.burmeseclassic.com



သည် လူဆိုးများအား ပိုမို၍ အားပေးသလို ဖြစ်လေ၏။ အကြောင်းမူကား ထိုအမူအရာမျိုးသည် မသက်ာခြင်း ကြောက်ရွံ့ခြင်းကိုသာ လွန်သိသာစေသော အမူအရာမျိုးဖြစ်လေ၏။

"မင်းတို့ ဘယ်က လာတာလဲ"

ဟုမေးလေ၏။

မမြသည် စိတ်ကို ပြန်၍ တင်းပြီး . . .

"ကျွန်မတို့ ဘယ်ကလာလာ . . ရှင်တို့နဲ့ ဘာဆိုင်သလဲ"

ဟု မျက်နှာထားတည်တည်နှင့် ပြန်၍ပြောပြီး ရှာလပတ်ရည်ကို အမျိုးရခက်၍ နေဟန်ရှိသော အောင်ကဲဘက်သို့လှည့်ကာ . . .

"ကိုအောင်ကဲ . . မြင်းရထား ခေါ်လေ"

ဟုပြောလေ၏။

အောင်ကဲလည်း အကြောက်အရွံ့ကို ဖျောက်နိုင်သမျှ ဖျောက်ကာ မမြ မကြောက်ရအောင် စိတ်ကိုတင်းသော အနေဖြင့် မိမိကိုယ်ကို မတ်စွာထားလျက် အကျီအိတ်ထဲက လက်ကိုင်ပဝါ ခပ်ညစ်ညစ်ကို ထုတ်ကာ ထောင့်၌ချီ၍ထားသော အထုံးကို ဖြေ၍ ပိုက်ဆံ နှစ်ပြားကိုပစ်၍ ပေးပြီး လူဆိုးများဘက်သို့ လှည့်၍ကြည့်ကာ . . .

"ပုလိပ်မင်းကြီးအိမ် ဘယ်မှာလဲ"

ဟုမေးလေ၏။

လူဆိုးတစ်ယောက်က . . .

"ဘာလုပ်မလို့လဲ . . ပုလိပ်မင်းကြီးကို သိသလား"

ဟုမေးလေ၏။

မမြသည် အောင်ကဲကို အံ့အားသင့်သော အမူအရာနှင့် ကြည့်၍ နေလေ၏။

"မသိပါဘူး၊ ကျွန်တော်တို့ တောကပဲ၊ ကျွန်တော်တို့ ဝရီးက





ပုလိပ်မင်းကြီး အိမ်မှာ ဘဏ္ဍာစိုးလုပ်တယ်၊ လာကြိုမယ်ဆိုတာ ဘာဖြုလို့ မကြိုသလဲ မသိဘူး"

လူဆိုးများသည် တစ်ယောက်ကို တစ်ယောက် ကြည့်ကာ မျက်ရိပ် လက်ရိပ်ပြကြလေ၏။ အချို့က မယုံကြည်ဟန်ရှိသော်လည်း အတော်ကလေး စိမ့်ကြောက်၍ သွားကြဟန်ရှိလေ၏။ အောင်ကဲနှင့် မမြကို ထပ်မံ၍ အကဲခတ်ကြ၏။ မမြ၏ သားနားပုံနှင့် အောင်ကဲ၏ပုံကို ယှဉ်၍ ကြည့်ကြလေ၏။ ထို့နောက် တစ်ယောက်နှင့်တစ်ယောက် တီးတိုးစကားပြောကြပြီး တစ်ယောက်က "လာပါကွယ် . . သွားမယ်" ဟု ပြောပြီး မမြကို ကြည့်ကာ . . .

"ဟိုဘက် မြင်းပြိုင်ကွင်း အဟောင်းဘက်မှာရှိတယ်၊ လမ်းမတော်ဘက်ကိုသွား . . . "

ဟု တစ်ယောက်က ပြောလေ၏။

တစ်ယောက်က . . .

"ကန်တိုမင် ထဲမှာလေ၊ အဲဒီလမ်း တည့်တည့်သာ လိုက်သွား"

ဟု ပြောပြီး ထွက်သွားကြလေ၏။

ထိုအခိုက် မြင်းရထား တစ်စင်းမောင်း၍လာရာ ခေါ်ပြီး အနောက်ဘက်သို့ စီးနင်း လိုက်ပါသွားကြလေသတည်း။

မြင်းရထားပေါ်သို့ ရောက်သောအခါ မမြက ပြုံးရယ်ပြီး . . .

"ကိုအောင်ကဲ ရူးသာ ရူးတယ်၊ ဒီလို နေရာကျတော့ အတော်သားပဲ . . "

"အောင်ကဲ ရူးတယ်လို့ ဘယ်သူပြောသလဲ၊ ဒီအကောင်တွေဟာ လူဆိုးတွေ၊ လူဆိုးဆိုတာ ပုလိပ်ကို အကြောက်ဆုံးပေါ့ . . . ဒီတော့ ကြောက်တာနဲ့ ခြောက်ရင် ပြီးတာပဲ . . ကိုင်း ဒါထက် ဘယ်ကိုသွားမလဲ"

"မသိဘူးလေ . . ဒီလို သွားရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မမြမှာ အသိမိတ်ဆွေ ဆွေမျိုး ညာတိများ မရှိကြဘူးလား"

"ရှိတော့ ရှိတာပဲ၊ ဘယ်မှာ နေသလဲ မသိဘူး၊ ကျွန်မလည်း တစ်ခါတစ်လေမှ ရောက်တော့ မမှတ်မိဘူး၊ အသိတွေလည်း ရှိတာပဲ၊ ဦးကြီးခင်လည်းရှိတယ်၊ အခု ဘယ်မှာ နေတယ် မသိဘူး"

အောင်ကဲသည် ခင်မောင်၏ တဲကို ဝင်ရောက်ဖို့ လာစဉ်က သူ့ခိုး ညာဏ်နှင့် လာရောက်ခြင်းမဟုတ်၊ ခင်မောင်ကို တွေ့ကြုံ စကားပြောရန် လာရောက်ခြင်းမျှဖြစ်လေရာ လွယ်ကူစွာ မတွေ့ရသဖြင့် ထရံပေါက်မှ ဝင်ရသောအခါ၌ ရုပ်ရှင် ဇာတ်ကားများ၌တွေ့ရှိရသော သူရဲကောင်း တို့ကို အားကျသည်နှင့် အရူးစိတ်ပေါ်ပေါက်ကာ သူရဲကောင်း သူခိုး တက်ခါး နန်းတော်ကို ဝင်သည့်အလားကဲ့သို့ မိမိကိုယ်ကို မှတ်ထင်ပြီး လျှင် သူရဲကောင်းအသွင် ဟန်အမူအရာကို မည်သူမျှ မမြင်ဘဲ အသုံးပြု ခဲ့ခြင်းဖြစ်လေ၏။

ထိုကဲ့သို့ လာရောက်ခြင်း၏ ရည်ရွယ်ချက်မှုကား ကောင်းမြတ် သော ရည်ရွယ်ချက်ဖြစ်လေ၏။ ခင်မောင် အဘယ်ကိုသွားမည်၊ အဘယ် မှာနေမည်ကို သိရလျှင် တစ်နည်းနည်းအားဖြင့် အရေးအကြောင်းရှိက မမြကို ကယ်ဆယ်၍ ၎င်းထံသို့ ပို့ရန်ကြံစည်သော ရည်ရွယ်ချက်ဖြစ် လေ၏။

သို့ အခန်းထဲသို့ ဝင်ရောက်ရာ ကံအားလျော်စွာ စာတစ်စောင်ကို တွေ့ရသောအခါ၌ ထိုစာတွင် မိမိသိလိုသော အကြောင်းအရာကိုတွေ့ မြင်သိရှိရလေ၏။ ၎င်းစာမှာ မိမိ ရန်ကုန်မြို့၌ ရှိနေမည့်အကြောင်းကို မမြ သိစေရန် ခင်မောင်ရေးသားသောစာဖြစ်လေ၏။

အောင်ကဲသည် ထိုစာကို ရရှိသောအခါ ခင်မောင်အား မေးရန် မလိုတော့သဖြင့် စာကိုလည်း မေ့လျော့ကာ နေရာတွင် ပြန်၍မထားခဲ့ဘဲ ထွက်၍ သွားခြင်းဖြစ်လေ၏။ ထို့နောက် များမကြာမီ အကြောင်းကိစ္စ





ပေါ်ပေါက်လေရာ မမြကို သေမည့်လမ်းမှ အတင်းကယ်၍လာပြီးလျှင် ခင်မောင်ကို ရန်ကုန်မြို့၌ အတွေ့ရှာပြီး အပ်နှံရန် ခေါ်ဆောင်၍ လာခြင်း ဖြစ်လေ၏။

သို့ ခေါ်ဆောင်၍ လာရာ၌ မမြ၏ လက်ဝတ်လက်စားများကိုပင် စရိတ်လုပ်ရလေ၏။ ထို့အပြင် အဖိုးထိုက်တန်သော လက်ဝတ်လက်စား များနှင့် ရုပ်ယှက်ခတ်သော ရန်ကုန်မြို့ကြီးသို့ သွားခြင်းသည် မကျွမ်း မကျင်သူတို့၏ အတွက် ဘေးအန္တရာယ်အနှောင့်အယှက်ဖြစ်နိုင်သည်ကို လည်း အောင်ကဲသည် တွေးမိဟန်တူလေ၏။

သို့ဖြစ်လေရာ ရန်ကုန်သို့ရောက်လာကြရာ၌ ခင်မောင်ကို ရှာဖို့ ရန် ကိစ္စသာရှိလေရာ ခင်မောင်ကို မတွေ့မီ အဘယ်ပုံနေထိုင်ရမည့် အရေးနှင့် ပတ်သက်၍ အခက်အခဲဖြစ်၍ နေလေသတည်း။

အောင်ကဲသည် နဂိုက မမြကို နောက်ပိုးခဲ့သူဖြစ်သော်လည်း ကျေးဇူးကို သိတတ်သောကြောင့် တစ်ကြောင်း၊ မမြသည် မိမိနှင့် မထိုက် တန်သည်ကို စိတ်ချတော့သည်ဖြစ်သောကြောင့်တစ်ကြောင်း၊ မိမိကို မမြ ချစ်ခင်စုံမက်နိုင်ဖို့ မရှိသည်ကိုသိသောကြောင့် တစ်ကြောင်း၊ အချစ် ကြောင့် စွန့်စားကာ ယခုကဲ့သို့ ကယ်ဆယ်ပြီးနောက် မမြအား လမ်းခရီး တွင် မိမိ၏ ကြံရွယ်ချက်ကိုပြော၍ပြသဖြင့် မမြလည်း အားတက်လျက် အသက်သေခြင်းထက်ဖြင့် ပိုမို၍ကြောက်စရာ တစ်စုံတစ်ရာရှိမည် မဟုတ်ဟု အားကိုးပြုကာ လိုက်ပါ၍ လာခြင်းဖြစ်လေ၏။

အောင်ကဲသည် ထိုကဲ့သို့ မမြကို စောင့်ရှောက်ရခြင်း၌ မိမိစိတ် ကို အမြဲချုပ်တည်းရလေ၏။ မမြက ၎င်းကို အားကိုးယုံကြည်သဖြင့် နီးကပ် ထိပါးခြင်းဖြစ်သည့်အခါတိုင်း အောင်ကဲ၏ အူတွင်း အသည်းတွင်း မှာ ယားယံ လှုပ်ရှားခြင်းဖြစ်လေ၏။ သို့ဖြစ်သည့် အခါတိုင်း အောင်ကဲ သည် အောင်ကဲကို သတိပေး ဆုံးမရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အောင်ကဲ ,. . . နင့်အရာ မဟုတ်ဘူးနော်၊ နင် ဒါကို ကြံလျှင် မွန်မြတ်တဲ့ ပလ္လင်ကို ခွေးတက်ပြီး ထိုင်သလိုနေမှာပေါ့၊ အောင်ကဲ၊ အသင်သည် ကျပ်ကျပ်ကြီး သတိထား၊ မမြဟာ နင့်ကိုလည်း ကြိုက်တာ ချစ်တာ မဟုတ်၊ နင့် အသက်သခင် ကျေးဇူးရှင်ဖြစ်တဲ့ ကိုခင်မောင်ကိုမှ ကြိုက်တာမို့ ပွဲတော်ခွက်ကို ခွေးဝင်၍ယက်လျှင် နှုတ်သီးကို အနှက်ခံရလိမ့်မည်၊ နင့်ကို ယုံကြည်အားကိုးပြီး အရိုးခံသဘောနဲ့ လိုက်ခဲ့သူကို မတရား မကြံလေနှင့်၊ မတရားကြံရင် မိုးသိကြားက မခံဘဲ ဝရဇိန်လက်နက်နဲ့ ခေါင်းရှစ်စိတ်ခွဲလိမ့်မယ်၊ သူ့အဖေက သူဌေးမို့ နင် မတော်မတရား ကျင့်ကြံရင် ထောင်နန်းမှာ စံရလိမ့်မယ်" စသည်ဖြင့် ဖောက်ပြန်လိုသည့် စိတ်မျိုးပေါ်ပေါက်တိုင်း သတိပေးရလေ၏။

အောင်ကဲ၏ သွပ်ချောင် ရှုးနောက်ခြင်းမှာ မတူမတန်သူကို မှန်းထား စိတ်ကူး ဆွတ်နှူးရန် ကြံသော ကိလေသာရမက်ကြောင့် ဖြစ်လေရာ မတူမတန်သူကို ကြံသူတို့အား အများက ရှူးသွပ်သည်ဟု ပြောင်လှောင် ပြောဆိုတတ်သော အလေ့အတိုင်း ပြောင်လှောင်ကြသဖြင့် အများက ဝိုင်း၍ အရူးဟု စွပ်စွဲမှတ်ယူခြင်းကြောင့် အများ၏ စိတ်ဓာတ် အစွမ်းအားဖြင့် ရူးရခြင်း ဖြစ်လေရာ မလျော်သောအကြံကို ဖျောက်သည့် အခါက စ၍ အရူးစိတ်ပျောက်ခဲ့လေ၏။

ထိုနေ့ တစ်နေ့လုံး အဘယ်မှာ စခန်းချရမည်ကို မသိသဖြင့် တယောင်လယ်လယ်နှင့် ရန်ကုန်မြို့မှာ လမ်းနှံ့သလောက်ဖြစ်၍ နေကြလေရာ နေဝင် ညဥ့်ရောက် ဓာတ်မီးတွေ တောက်ခါမှ မမြက . . .

"ဗဟန်းဆိုတာ သီလရှင်များ နေကြတယ်လို့ ကျွန်မ ကြားဖူးတယ် . . . သီလရှင် ဇရပ်တစ်ခုခုကို သွားတည်းရရင်မကောင်းဘူးလား ကိုအောင်ကဲရယ် . ."

ဟု ပြောလေရာ အောင်ကဲသည် သတိရလျက် အတန်ကလေး





စဉ်းစားပြီး . . .

"ဗဟန်းကိုတောင် မသွားရပါဘူး၊ ရွှေတိဂုံ ဘုရား ခြေရင်း ဇရပ်တွေမှာ သူတော်ကောင်းတွေ အများကြီး ရှိတာပဲ . . . ကြားလည်းကြားဖူးတယ်၊ အရင်တစ်ခါလည်း တည်းဖူးတာပဲ . . အဲဒီကို သွားရရင် မကောင်းဘူးလား . ."

ဟု ပြောလေရာ မမြက သဘောကျသဖြင့် ရွှေတိဂုံဘုရားသို့ အခြား မြင်းရထား တစ်စင်းကို ငှားပြီး သွားကြရာ ဘုရားလမ်းသို့ ရောက်ကြလေ၏။

ဘုရားလမ်းထောင့်၌ မြင်းရထား ကုလားက ၎င်းတို့အား အဘယ်ကို သွားကြမည့်အကြောင်းကိုမေးရာ ကုလားကလည်း မြန်မာစကား မတတ်၊ အောင်ကဲနှင့် မမြတို့ကလည်း ကုလား စကားမတတ်သဖြင့် အခက်နှင့် ကြုံတွေ့၍ နေကြလေ၏။

ထိုအခိုက်တွင် ယောက်ျားပျို တစ်ယောက်သည် လမ်းထောင့်၌ ရပ်ကာ လက်နှစ်ဖက်ကို နောက်သို့ ပစ်လျက် လူသွား လူလာတို့ကို ကြည့်၍နေဟန်နှင့် ငေးမောကာ နေသည်ကို မြင်ကြရလေ၏။

၎င်းလူ နေသော နေရာမှာ အတော်ကလေး မှောင်ကျသဖြင့် မျက်နှာကိုလည်းကောင်း၊ လူပုံ လူပန်း ဟန်ပန်ကိုလည်းကောင်း သိဖို့ရန် ခက်လေ၏။ ၎င်းလူသည် အပါး၌ ရပ်လာသော မြင်းရထားကို သတိထားဟန်မရှိချေ၊ မြင်းရထား ကုလားက မိမိကိုငှား၍ လာသူများ ကုလားစကားမတတ်ကြောင်း သိရသဖြင့် ၎င်းလူကို လှမ်းကာ ကုလားလိုပြောလေ၏။

ထိုသူသည် လှည့်၍ကြည့်လေ၏။ အောင်ကဲက . . .

"ကျွန်တော်တို့ ဘုရားကြီးကို သွားမလို့ပါ၊ တဆိတ် ကုလားလို ပြောပေးပါ . ."



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ငှင်းလူက ကုလားလိုပြောလေရာ မြင်းရထားကုလားသည် နားလည်သဖြင့် အမြန်မောင်းနှင်၍ ထွက်သွားလေ၏။

မမြ၏ နား၌ကား ခင်မောင်၏အသံနှင့် တူသည်ဟု မှတ်ထင်သဖြင့် ရထား ပြတင်းပေါက် အပြင်ဘက်သို့ ဦးခေါင်းကို ထုတ်ကာကြည့်လေ၏။ သို့ပင် ကြည့်သော်လည်း သစ်ပင်များကွယ်သဖြင့် မမြင်ရချေ၊ ရထားသည် ဝေး၍ သွားလေသတည်း။

"ကိုအောင်ကဲ . . ဟိုလူ အသံဟာ ကိုကို့အသံနဲ့ တူတာပဲ"

"စိတ်ထင်လို့ပါ . . မမြရယ်၊ မဟုတ်ပါဘူး ထင်ပါရဲ့"

ဟု အောင်ကဲက အမှတ်တမဲ့ပြောလေ၏။

နောက် အတော်ကြာသောအခါ ဘုရားခြေရင်းသို့ ရောက်၍ သွားကြလေ၏။

❁ ❁ ❁

## အခန်း (၁၂)

"ခင်မောင်လည်း မြင်းရထားပေါ်က မေးတဲ့အသံဟာ အရှုံးအောင်ကဲ အသံနှင့်တူတာပဲ၊ အောင်ကဲလည်း မဟုတ်နိုင်ပါဘူး ထင်ပါရဲ့ . . . အောင်ကဲဖြစ်ရင် ဘာပြုလို့ ရန်ကုန်ရောက်လာရမှာလဲ . ."

စသည်ဖြင့် တွေးတောရင်း ထိုနေရာမှ ထွက်ခွာ၍သွားလေ၏။

ခင်မောင်သည် ရန်ကုန်သို့ ရောက်ပြီးနောက် အရှေ့ပိုင်းရှိ မိတ်ဆွေတစ်ယောက်၏ထံတွင် တည်းခိုနေထိုင်ရင်း အလုပ်အကိုင်ရှာဖွေ၍ နေခိုက်မှာ စိတ်လက်မချမ်းသာသဖြင့် ညနေဘက်အချိန်အဘယ်ကိုဟူ၍မဟုတ်ဘဲ မြို့ထဲ၌ လှည့်လည်ရင်း ထိုနေရာသို့ ရောက်သွားလေ၏။ ထို့နောက် ရောက်ရာသို့ ဆက်လက်လှည့်ပတ်ရင်း အိမ်သို့ ပြန်ရောက်သွားလေ၏။

ခင်မောင်သည် ရန်ကုန်မြို့၌ အလုပ်အကိုင်ကို ရှာဖွေသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



နေရာမကျချေ။ မိမိသဘောကျသော အလုပ်ကိုမရသဖြင့် အမျိုးမျိုးသော အကြံတို့ကို ကြံစည်ကာနေလေ၏။

ဎင်း၏ ကိုယ်သည် ဆိုးရွားသော ကံကြမ္မာ၏ မောင်းနှင်ခြင်းကြောင့် လွှင့်စဉ်၍ လာရသော်လည်း စိတ်နှလုံးသည်ကား အချစ်၏ ရေသောက်မြစ် စူးစိုက်ရာ နေရာ၌သာ ကျန်ရစ်သဖြင့် မြန်မာပြည်၏ ဗဟိုဖြစ်သော ဤရန်ကုန်မြို့ကြီးကို လူမရောက် မပေါက်သော တိုင်းပြည်၏ဝေးလံသော ချောင်အကြား အစွန်အနားတစ်ခုကဲ့သို့ မှတ်ထင်ကာ ချစ်သူရှိသော အရပ်နှင့် ဝေးလံသည့် ကမ္ဘာ့အစွန်းကဲ့သို့ မှတ်ထင်၍ နေရှာလေသတည်း။ သို့ဖြစ်၍ ဤမြို့၌ အလုပ်အကိုင် အကြံအစည် အပေါက်အလမ်းမတည့်သဖြင့် ဝေးလံသည့် ရပ်နယ် တစ်ခုခုသို့ စွန့်စား ထွက်ခွာသွားရမည်မှာ များစွာ ဝန်လေး၍ နေလေသတည်း။

ထိုနေ့ ညဉ့်၌ လှည့်လည်ရင်း မိမိတည်းခိုနေထိုင်သော (၃၄)လမ်း တိုက်ခန်းငယ်တစ်ခုသို့ ရောက်သွားလေ၏။

ထိုတိုက်မှာ ဝေါ်ရင်ဂျီ ကုလားလူမျိုးတွေသာများ၍ မြန်မာ လွန်စွာ နည်းပါးလေ၏။ မိမိ၏ အခန်းမှာ မိမိအရာရှိဖြစ်စဉ်အခါက သိခဲ့သော အသိတစ်ယောက်၏ အခန်းဖြစ်လေ၏။ ကြီးကျယ် သားနားသော အခန်းမဟုတ်၊ ရေမိုး လုံလောက်ပြည့်စုံသော်လည်း တစ်လလျှင် အစိတ်-သုံးဆယ်မျှလောက်သာ ပေးရသော အခန်းမျိုးဖြစ်လေရာ တစ်နေ့ရာလုံးမှာ နေ့ရော ညဉ့်ရော ကုလားများ၏ အသံဖြင့် ဆူညံ၍ နေလေ၏။

ညနေချမ်း အခါများ၌ ကြီးလှစွာသော လက်ပံပင်ကြီး၌ ငှက်တွေ ဆက်ရက်တွေ အိပ်တန်း အတက်မှာ ဆူကြသလို ကဇော် ထန်းရည် မူး ယစ်သော ကုလားသံတို့သည် ထိုမှောင်ကျ ညိုညင် မကြည်လင်ဘဲ ညစ်မည်းသွေ့ခြောက် အရောင်မတောက်သောလမ်းကို အသက်ဝင်စေ





သကဲ့သို့ မှတ်ထင်ရလေ၏။ ဎင်းလမ်းမှာ မကောင်းသော မိန်းမများ ရှေးကလောက် မများသော်လည်း လုံးလုံးကြီး စင်ကြယ်သည်ဟူ၍ကား မဆိုနိုင်သေးချေ။

သို့သော်လည်း လူမြင်လျှင် မျက်နှာမပြဝံ့အောင် ဆင်းရဲစုတ်နုတ်၍နေသော ခင်မောင်မှာ ဎင်း၏အသိဖြစ်သူ ထိုအခန်းပိုင်ရှင်က မိမိ မရှိခိုက် နေချင်သလို နေခွင့်ပေးပြီး အဘယ်ကို သွားသည်မသိ ထွက်၍ သွားလေရာ မငြင်းဘဲ ထို အခန်းတွင် ခိုအောင်း၍ နေလေသတည်း။

ထိုအခန်းပိုင်ရှင်မှာ ရှေးအခါက ထိုနေရာ၌ လုပ်ရေးဆောင်တာ များစွာပင် အပေါက်အလမ်း တည့်ခဲ့သော်လည်း ပချုပ် ဥပဒေပေါ် ပေါက်၍လာပြီးကတည်းက အတော်ပင် ကျပ်တည်းသဖြင့် အနည်းနည်း ကြံစည်ကာ ကောင်းရောင်းကောင်းဝယ်အလုပ်နှင့် တူအောင် အိမ်၌ (၉၆)ပါးကို ပျောက်ကင်းစေသည်ဆိုသော အသက်ရှည်ဆေးတစ်မျိုးကို ဆိုင်းဘုတ်ကပ်ကာ ရောင်းချ၍နေရင်း တစ်ဖက်တစ်လမ်း အရပ်ရပ်ရှိ ဘုရားပွဲများကို လိုက်ကာ ဂျောက်ဂျက် ခေါက်ခြင်း အလုပ်ကို လုပ်ခြင်းဖြင့် ပရိယေသန ဝမ်းစာကို ရှာခဲ့လေရာ ယခု ခင်မောင်နှင့် အတွေ့မှာ ထိုနည်းမျိုးဖြင့် ဒိစကြိုတ် ရပ်နယ်များသို့ထွက်၍သွားသောကြောင့် ခင်မောင်မှာ အိမ်စောင့်သဖွယ် မဟာတေဆေးကြီးကို ဝယ်သူလာက ရောင်းချရင်း ကိုယ်ဖျောက်ကာ တစ်ယောက်တည်း နေရခြင်းဖြစ်လေ၏။

ခင်မောင် ပုလိပ်အရာရှိဖြစ်စဉ်က ထိုလူကို ခင်မောင်သည် ပချုပ် ဥပဒေ လက်ထဲများထဲမှာ တစ်ကြိမ် နှစ်ကြိမ်ကယ်ဆယ်ခဲ့ဖူးသည့်အတွက် ယခု ခင်မောင်ဆင်းရဲ ဒုက္ခဖြစ်၍လာခိုက်နှင့် ကြုံတွေ့သောအခါ ကျေးဇူး ကို အထူးဆပ်လိုသော်လည်း အလုပ်အကိုင် အပေါက်အလမ်း မတည့် သဖြင့် မိမိမရှိခိုက်မှာ တေဆေးကြီး ရောင်းချ၍ ရသမျှနှင့် စားသောက် နေထိုင်ရန် လွှဲအပ်၍ ပစ်ခဲ့ခြင်း ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို (၉၆)ပါး တေဆေးကြီးမှာလည်း တစ်နေ့လျှင် တစ်ပုလင်း နှစ်ပုလင်းမျှ မှန်မှန်လာ၍ ဝယ်သူမရှိဖြစ်လေရာ ခင်မောင်မှာ ငြီးငြူစွာ အဆင်းရဲခံပြီး အခြား နည်းတစ်နည်းဖြင့် အထက် ရှမ်းပြည်နယ် နမ်မတူ သို့မဟုတ် ယိုးဒယား ဘန်ကောက်သို့သွားလောက်သော စရိတ်ကို ရဖို့ရန် ရှာကြံ၍ နေလေသတည်း။

မိမိ၏ အခန်းအပေါ်ထပ်၌ကား မြန်မာ နှစ်ယောက်နှင့် ကုလား ဒိန်တစ်ယောက် နေသော အခန်းဖြစ်လေရာ လှေကား အဆင်းအတက် မှာ ၎င်းတို့နှင့် တွေ့မြင်ခြင်းမှတစ်ပါး ပိုမို၍ အကြောင်း အပေါင်းမသင့်၊ ၎င်းတို့၏ နေပုံထိုင်ပုံ ဝင်ထွက်သွားလာပုံများနှင့် ပတ်သက်၍လည်း စိတ်ထဲ၌ များစွာ မသင်္ကာသဖြင့် လှေကား အတက်အဆင်းမှာ တွေ့ သည့်အခါများ၌ တစ်ယောက်ကိုတစ်ယောက် ခေါင်းညိတ်၍ မပြုံးတပြုံး ပြုကာ မြန်မာတို့၏ နှုတ်ဆက်လေ့နည်းမျိုးဖြင့် နှုတ်ဆက်ခြင်းမှတစ်ပါး ပိုမို၍ ကျွမ်းကျင်အောင် ခင်မောင်သည် မကြိုးစားချေ၊ ၎င်းတို့၏ ဂိုက် စတိုင်မှာလည်း မိုက်နိုင်မှ ဝမ်းဝသော နည်းစတိုင်မျိုးဖြစ်ကြောင်းကို ပုလိပ်တို့ဘာဝ သိတတ်သော ဉာဏ်ဖြင့် ဝေဖန်ကာ ကင်းနိုင်သမျှ ကင်း အောင်နေလေသတည်း။

× × ×

မမြနှင့် အောင်ကဲတို့သည်လည်း ဘုရားခြေရင်း ဇရပ်တစ်ခု၌ ဥပုသ်ရက်ရှည် စောင့်သော လူကောင်းသူကောင်းများနေထိုင်သည့် ဇရပ်တစ်ခုသို့ ရောက်၍သွားကြလေရာ ကံအားလျော်စွာ သူတော်ကောင်း များနှင့် တွေ့ကြသဖြင့် ချမ်းသာစွာနေကြရလေ၏။

မမြမှာ မိထွေးရန်ကြောင့် မိမိ၏ ဦးကြီးတစ်ယောက်ထံသို့ အစေခံ





အောင်ကဲကိုခေါ်ပြီး တောမြို့တစ်မြို့မှ ပြေး၍လာရာ ဦးကြီးကို ရှာ၍ မတွေ့သဖြင့် ခိုကိုးရာမဲ့ ဖြစ်၍ လာကြောင်းနှင့် "ရိုးလိမ်-ဉာဏ်မှုသား" ကိုအသုံးပြုလေရာ ဥပုသ်သတင်းဆောက်တည်၍နေသူများသည် ၎င်း တို့အား သနားသဖြင့် များစွာ အရေးတယူပြုကြလေ၏။

အောင်ကဲသည်ကား နေ့စဉ် နေ့တိုင်း ခင်မောင်ကို ရှာဖို့ရန် ထွက်လေ၏။ မမြမှာ ဇရပ်၌ အဖော်များနှင့် နေရစ်လေ၏။ မမြ၏ စိတ် ကား အပေါ် အရှူးအောင်ကဲသည် ဤကြီးသော မြို့ကြီး၌ ခင်မောင်ကို တွေ့အောင် ရှာနိုင်လိမ့်မည်ဟု မျှော်လင့် ကိုးစားခြင်းများစွာ မရှိချေ။ ကံကောင်းထောက်မသဖြင့် မတော်တဆ လမ်း၌ ကြုံမှသာ တွေ့ဖို့ရှိ သည်ကို စဉ်းစားကာ များစွာ စိတ်ပျက်ခြင်းဖြစ်လေ၏။

ကိုခင်မောင်ကို မတွေ့လျှင် ပါရှိသော ငွေကြေး ကုန်က ရန်ကုန် မှာ အဘယ်ပုံနေရမည်ကို စဉ်းစားလေ၏။

ခင်မောင်နှင့် တွေ့လျှင်မူကား မိမိ၏ လက်ဝတ်လက်စားများကို အောင်ကဲ ထုခွဲ၍ ရရှိသော ငွေ အနည်းငယ်မျှနှင့် ရင်းနှီးကာ ဈေးရောင်း ၍ပင် ကျွေးရစေကာမူ ဝန်လေးမည်မဟုတ်၊ ခင်မောင်ကို မတွေ့သဖြင့် အိမ်ကိုပြန်၍ သွားရမည့်အရေးကိုသာ တွေးတောကာ ဝန်လေး၍နေရှာ လေသတည်း။

"သေမည့် ဘေးမှ အောင်ကဲသည် မိမိကို ကယ်ဆယ်၍ လာ သည်မှာ သေခြင်းထက် ပိုမိုကြောက်မက်ဖွယ်ကောင်းသော ဒုက္ခနှင့် တွေ့ ရမှာများ ဖြစ်လေမလား . . "စသည်ဖြင့် တွေးတောခါ တစ်ခါ တစ်ခါ များစွာ ကြောက်ရွံ့ အားငယ်ခြင်းဖြစ်ရှာလေသတည်း။

မိမိကို ကြည့်ရှုထားသော အဖော်ကောင်းများကမူကား မမြ အား ငယ်အောင် များစွာ အားပေးကြလေ၏။ ၎င်းတို့မှာ အသက် ၅၀-[illegible] ရှိသော ဒေါ်မြခင် ခေါ်သူနှင့် ၁၀-နှစ် သမီး မြေးကလေးဖြစ်လေရာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြခင်က ဇာတိမြို့မှာ ရှေးကချမ်းသာဖူး၍ ယခုမှာ ဆင်းရဲသော်လည်း ဆွေမျိုး ညာတိများက ထောက်မ၍ ထားကြသဖြင့် အေးချမ်းစွာ နေရသူ ဖြစ်လေရာ မမြမှာ ဦးကြီးကို ရှာ၍မတွေ့က မိမိနှင့်အတူ ချမ်းချမ်း သာသာနေနိုင်ကြောင်းနှင့် ပြောပြလေ၏။

မမြမှာမူကား ထိုကဲ့သို့ပင် အားပေးသူရှိသော်ငြားလည်း စိတ် အားမတက် အလွန်တရာ အလိုလိုက်သော ဖခင်နှင့် အဘယ်အခါမှ ခွဲခွာ၍ နေဖူးသူမဟုတ်သောကြောင့် ဖခင်ကိုအောက်မေ့ တမ်းတသော သောကမီးရှိန်ကြောင့် ပိန်ချုံး ညှိုးငယ်စ ပြုလေသတည်း။ ချစ်သူ၏ စိတ် မီးစကြီးကလည်း အမြဲတညီးညီး တောက်လောင်ကာ ရင်ခွင်၌ တပြောင် ပြောင်ဖြစ်၍ နေလေ၏။

အောင်ကဲသည် မမြ၌ ခံစားနေရသော သောကလောင်မီးကို သိမြင်လျက် များစွာ စကားမပြော သနားရှိသော ငယ်ကျွန်၏စိတ်ဖြင့် နှစ်သိမ့် ချမ်းမြေ့ခြင်း ဖြစ်အောင်သာ စွမ်းအားရှိသမျှ ဂရုစမ္မစိုက်ထုတ် ကြည့်ရှုလေ၏။

ဇရပ်ပေါ်မှ အရှေ့ဘက်သို့ ကြည့်လိုက်သည့်အခါ မှိုင်းညို့စို ပြည်သော သစ်ပင်ကြီးများ၏ အရိပ်အရောင်တို့၌ ချမ်းမြေ့ စိုပြည် ခြင်းကိုမတွေ့ရ၊ မပြတ်မလတ် လူးလာခပ်လျက်ရှိသော ခေတ်ရထား မော်တော်ကား မြင်းရထားတို့၏ လှုပ်ရှားခြင်းကိုသော်မှ သတိမထား တောတောင် အရိုင်းထဲသို့ရောက်၍ နေသကဲ့သို့ စိတ်၌ မှတ်ထင်၍နေ ရှာလေ၏။

ဘုရားကြီး၏ ဆည်းလည်းသံတို့သည်ကား ရပ်ရွာကို တမ်းတ သော နှလုံးကြောကို အမြဲတီးခတ်ကာ အလွမ်းကို လှုံ့ဆော်၍ ပေးတြ သဖြင့် အခါများစွာ ဆံပင်များကို ပြုပြင်ရှာလေ၏။

"ဖေဖေ . . ဘယ်လို နေပါလိမ့်မလဲ၊ ငါ့အတွက် ဖေဖေ့မှာ





သောကမီးတောက် ရှူးရောက်၍ နေရှာလေသလား၊ ငါ မိုက်လေခြင်း၊ ငါ မှားလေခြင်း" စသည်ဖြင့် ယူကြုံးမရဖြစ်ကာ မိမိအတွက် ရတက်မီး ပွားပြီး အလုပ်ကိုမျှ ပြန်၍မကြည့်နိုင်သဖြင့် အိမ်နှင့်စက်မှာ ဖြစ်ချင်သလို ဖြစ်သည့် အသွင်အပြင်တို့ကို ထင်ရောင် မြင်ရောင်ဖြစ်၍ နေလေ၏။ အခါများစွာမှာလည်း မိမိကို လိုက်လံရှာဖွေသော ဖခင်သည် ရန်ကုန်မြို့ မှာ ချာချာလည်၍နေလေသလားဟု တွေးတောမိလေ၏။ သို့ တွေးတော ပူပင် မရွှင်မပြ မျက်ရည်စနှင့် နေသည့်အခါများ၌ အဖော်ဖြစ်သော ဥပုသ်သည် မိန်းမကြီးက အပါးသို့ ကပ်ကာ အားပေးရှာလေ၏။

× × ×

ဟစ်နေ့သော ညအချိန် မိုးသည် တဖွဲဖွဲ တစိမ့်စိမ့်ရွာ၍ နေလေ ၏။ လေသံနှင့် ဘုရားမှလာသော ဆည်းလည်းသံတိုကိုလည်းကောင်း၊ ချွန်းထစ်သော လျှပ်စစ် မိုးကြိုးသံတို့ကို လည်းကောင်း၊ ကြားရလေရာ စိတ်ထဲ၌ မခံမရပ်နိုင်အောင်ဖြစ်ကာ ဇရပ်ရှေ့နံရံ ပြတင်းပေါက်အနီး၌ စောင်ကလေးခြုံကာ စိမ့်ညိုပြာမှိုင်းသော ကုန်စောင်း မြေနိမ့်သစ်ပင်များ ကို ကြည့်လျက်နေရာမှ ရုပ်ရှင်ဇာတ်ကားတွင် ရောစပ်သည့် အသွင်ပမာ နတ်မော်ချောင်းနှင့် တံတားကြီးများသည် စိတ်နှလုံး၏ မျက်စိထဲတွင် တဖြည်းဖြည်းပေါ်ထင်၍ လာလေသတည်း။

မြစ်ပြင်ပေါ်၌ သွားလာ စုန်ဆန်၍ နေသော ရွက်တို့၏ဖွေးဖွေး အရောင်များကို ရေးရေးရောင်ရောင်မြင်ရသလို ဖြစ်လေ၏။ တဖျပ်ဖျပ် ရိုက်ခတ်လှုပ်ရှား မြူးရွှင် ကစား၍နေကြသော ပြာမှိုင်းသော ရေများပေါ် သို့ ဒေါင့်ဒန်းရိုက်ဆင်းကာ အစင်းအစင်းကျရောက်သော မိုးရေတို့၏ ရက်ကန်းရှည်ပုံကို ရုပ်ရှင်လိုမြင်ရလေ၏။

ငင်းအထဲတွင် ထပ်မံ၍ ရောစပ်သော နည်းမျိုးဖြင့် အိမ်နှင့်ပန်းခြံ



www.burmeseclassic.com

www.burmeseclassic.com



ရိပ်ငြိမ်သော ငှက်ပျောခြံများပေါ်လာပြန်လေ၏။ အိမ်သို့ ခင်မောင် ရောက်၍ လာစက ပျော်ရွှင်စွာနေထိုင် သင်ကြားပုံများကို တွေးမိလေ၏ ထိုအခါ မျက်ရည်တို့သည် အပြင်မှ ပက်ဝင်သော မိုးရေများနှင့် ရောစပ် ကာ မျက်နှာစိုရွှဲလေရာ မျက်နှာကို စောင်နှင့်သုတ်ပြီး ထိုနေရာမှ ထ၍ မိမိ၏အိပ်ရာသို့ သွားမည်အပြုတွင် အဖော်မိန်းမကြီး အပါးကို ရောက် ၍လာပြီး သနားကြင်နာသော မျက်နှာဖြင့် ကြည့်ကာ အားပေးစကား တစ်ခုခုကို ပြောဖို့ရန် နှုတ်ခမ်းကို ပြင်ခိုက်တွင် မမြမှာ စိတ်ကို ချုပ်တည် ၍မရဘဲ ဝမ်းနည်းလျက် အဒေါ်ကြီး၏ရင်ခွင်သို့ ပြေးဝင်ကာ သည်းထန် စွာ ငိုရှိုက်လေ၏။ အဒေါ်ကြီးက မမြ၏သေးသွယ် အားငယ်သော ကိုယ် ကို ရင်ခွင်၌ ပွေ့ယူကာ ကျောကို လက်နှင့်သပ်လျက် ယုယအားပေးရှာ လေသတည်း။

ထိုအခိုက်တွင် ဇရပ်ပေါ်သို့ လူနှစ်ယောက် မိုးခိုရန်ပြေးတက် ဝင်ရောက်၍ လာကြလေ၏။

အဒေါ်ကြီးသည် မမြကို ရင်ခွင်မှ မလွှတ်ဘဲ လူနှစ်ယောက်ကို ကြည့်၍နေလေ၏။ မမြသည် ဦးခေါင်းကို အဒေါ်ကြီး၏ ရင်ခွင်မှ ခွာပြီး ဧည့်သည်လူနှစ်ယောက်ကို မျက်တောင် မခတ်ဘဲကြည့်၍နေလေသတည်း။

မမြသည် ဧည့်သည်လူနှစ်ယောက်အနက် တစ်ယောက်ကို မြင်ဖူး သလိုလို စိတ်၌မှတ်ထင်လေ၏။ အဘယ်မှာ မြင်ဖူးသည်ကိုကား မမှတ် မိချေ။ ၎င်းကိုမြင်လျှင် မြင်ချင်း နဂိုက စိတ်ငယ်၍နေခိုက်မို့ပေလား မသိရ. . ကြောက်ရွံ့သလိုလိုဖြစ်၍ သွားပြီး အဖော်မိန်းမကြီးကို ဖက်တွယ်၍ ထားလေ၏။ ထို့နောက် . . .

"ဒေါ်ဒေါ် ကျွန်မကြောက်တယ်၊ ဘာဖြစ်မှန်း မသိဘူး"

ဟုပြောကာ ဇရပ်အတွင်းဘက်သို့ ဝင်ပြေးပြီးလျှင် အိပ်ရာထဲသို့ ဝင်ခါ တစောင်း အိပ်လျက် "ဒီလူကို ငါ ဘယ်မှာ တွေ့ဖူးပါလိမ့်မလဲ"





ဟု တွေးတောကာ နေလေသတည်း။

ဥပုသ်သည် မိန်းမကြီးသည် ဝင်လာသူနှစ်ယောက်အား နေရာ ထိုင်ခင်းပေးလေရာ နှစ်ယောက်သား ထိုင်ကြလျက် တီးတိုးစကားပြော၍ နေကြလေ၏။ မိုးစဲသောအခါ တစ်ယောက်ကိုတစ်ယောက် လက်တို့ပြီး ဆင်း၍ သွားကြလေ၏။

အောင်ကဲသည် ရန်ကုန်မြို့၌ ခင်မောင်ကို တလည်လည်ရှာ လေ၏။ ခင်မောင် ရေးခဲ့သော စာ၌ မိမိ ရန်ကုန်မြို့မှာပင် ရှိမည်ဟု ပါရှိသည်ကို အောင်ကဲသည် အားပြုကာ တစ်နေ့သ၌ တစ်နေရာရာမှာ တွေ့ရမှာပဲဟု အားကိုးပြုလေ၏။

အောင်ကဲ ဇရပ်သို့ ရောက်လာသည့်အခါတိုင်း မမြသည် ဆီး၍ မေးလေ၏။ သို့မေးသည့်အခါ မမြအားရှိအောင် သတင်း အစအန ကြား လေဟန်နှင့်ပြောဆိုလေ၏။ မမြ၏ စိတ်၌လည်း တစ်နေ့လျှင် တွေ့နိုးနှင့် ကြိုးစား၍ ရှာဖွေရန် အောင်ကဲကိုသာ အားပေးရလေ၏။'

နောက်တစ်နေ့ အောင်ကဲ မြို့ထဲသို့ ထွက်သွားပြီးနောက် မမြ သည် ပျင်းပျင်းရှိသဖြင့် တစ်ကြောင်း၊ အောင်ကဲရှာ၍ မတွေ့သော်လည်း မိမိနှင့် တွေ့လိုတွေ့ငြား အောက်မေ့ကာ မမြသည် ဥပုသ်သည် မိန်းမကြီး အား အနီးအနား လျှောက်၍ လည်ပတ်ကြည့်ရှုဦးမည်ဟုပြောပြီး တစ် ကိုယ်တည်း ထွက်၍သွားလေ၏။

မမြသည် ဘုရားပေါ်သို့ ရှေးဦး ပထမတက်လေ၏။ ဘုရားပေါ် သို့တက်သည်နှင့် တစ်ပြိုင်တည်း လူနှစ်ယောက်သည် လက်ဖက်ရည် ဆိုင်တစ်ဆိုင်မှထွက်ပြီးလျှင် မယောင်မလည် နောက်မှတက်၍ လိုက်သွား ကြလေ၏။

မမြသည် ပန်း ဖယောင်းတိုင်များကို ဝယ်ပြီး ဘုရားကို ရှိခိုးလေ ၏။ လူနှစ်ယောက်လည်း အတန်ငယ် ကွာလှမ်းသော နေရာ၌ ဘုရားကို



www.burmeseclassic.com

www.burmeseclassic.com



ရှိခိုးကြလေ၏။ မမြ ဘုရားရှိခိုးပြီးနောက် လှည့်ပတ်ကာ လျှောက်၍သွားရင်း ပျိုရွယ်သူ ယောကျ်ားဟူသမျှကို ခင်မောင်ပေလားဟု ကြည့်လေ၏။ ခင်မောင်နှင့် တူသူ တစ်ယောက်တလေကို မြင်ရပြီးနောက် ခင်မောင် မဟုတ်သည်ကို သိရသောအခါ များစွာ စိတ်အားငယ်သွားလေ၏။

မကြာမီ အနောက်ဘက် စောင်းတန်းကို ရောက်၍သွားလေရာ ပြုပြင်ထားသော သာယာသော ကုန်းစောင်းကိုစိုက်ကာကြည့်ရင်း တစ်ကိုယ်တည်း ခုံတန်းလျားတစ်ခု၌ ထိုင်ခါနေလေ၏။ အနောက်ဘက်မှ ဖွေ့တိုက်၍လာသော အေးချိုသော လေပြည်သည် မမြ၏မျက်နှာကို ဖျန်းပက်လေ၏။ သာယာသော ဆည်းလည်းသံ ကြေးစည်သံတို့သည် မမြ၏ နား၌ သာယာခြင်း မရှိ၊ လွမ်းလျ တမ်းတ ပူလောင်ခြင်းကိုသာ တိုးတက်စေလေသတည်း။

ထိုနေရာမှ လေထဲတွင် လှုပ်ရှားသော သစ်ကိုင်းသစ်ရွက်တို့နှင့် ရိပ်ငြိမ်သာယာသော သစ်ပင်ကြီးငယ်များသည် သာယာနုပျို စိမ်းစို ရိပ်ငြိမ်သော တော၏အသွင်ကို ဆောင်သော်လည်း မမြ၏စိတ်နှလုံးထဲသို့ ထိုသာယာနုပျိုခြင်း၏ အရှိန် အငွေ့သည် ဝင်ရောက်ကူးစက်ခြင်း မရှိချေ။ သွေ့ခြောက်သော ကန္တာရ၏အစပ်နှင့် တူသည်ဟု ထင်လေ၏။

သို့ ကြည့်၍ နေခိုက်တွင် မတော်တဆ ကိုခင်မောင်သည် မိမိကဲ့သို့ စိတ်လက်လေလွင့်ကာ သွားမိသွားရာ သွားခိုက်နှင့် ကြုံချေက တွေ့ချင်လျှင် တွေ့မှာပဲဟု အောက်မေ့ကာ အနောက်ဘက်စောင်းတန်း မှမြောက်ဘက်သို့လှမ်း၍သွားပြီး ဈေးဆိုင်များ၌ စားသောက်၍နေကြသူများကို ကြည့်ရင်း စောင်းတန်းသို့ဆင်း၍သွားလေ၏။

မျက်ကြောမပြတ်အောင် လိုက်၍လာသူ နှစ်ယောက်သည် တစ်ခုသော ဆိုင်ကို ဝင်ကာ ဆိုင်ရှင်မိန်းမကြီးတစ်ယောက်နှင့်စကားပြောကြလေ၏။





စကားပြောပြီး မကြာမီ ဆိုင်ရှင်မိန်းမကြီးသည် မမြကို လှမ်း၍ကြည့်ပြီး ဆိုင်ကို လူနှစ်ယောက်အား အပ်ခဲ့ပြီးလျှင် ဆင်းလိုက်လာလေ၏။ မကြာမီ မမြ၏ နံဘေးသို့ ရောက်သွားသဖြင့် ပခုံးကိုကိုင်ကာ . . .

"တူမကို မြင်ဖူးသလိုလိုရှိပါတယ်၊ ဘယ်အရပ်ကလဲ"

ဟုမေးလေ၏။

မမြသည် ၎င်း၏မျက်နှာကို မော့ကြည့်ပြီး ထိတ်လန့်သလိုဖြစ်၍သွားလေ၏။ ထိတ်လန့်ကြောင်းကို မိန်းမကြီး သိသဖြင့် တစ်ဖန် ပခုံးကို ကိုင်ကာ ပြုံးရယ်လျက် အားပေးသည် အမူအရာမျိုးနှင့် စကားဆက်ပြောလေ၏။

"ဟုတ်တယ် . . တူမကြီးကို မြင်ဖူးသလိုပဲ၊ အဒေါ် ဘယ်မှာများ မြင်ဖူးပါလိမ့်မလဲ . . . မျက်နှာလည်း တယ်မသာယာပါကလား၊ အဒေါ်ကိုပြောစမ်းပါ . . အဒေါ် ကူညီနိုင်ရင် ကူညီပါရစေ"

မမြသည် မိန်းမကြီးကို သေချာစွာ ကြည့်ပြန်သောအခါ လက်၌ ပရင်းပုတီးကို မြင်ရသဖြင့် အားတက်၍လာပြီး . . .

"ကျွန်မ ဟင်္သာတမြို့ကပဲ"

ဟု ရိုးရိုးပြောလိုက်လေ၏။

"ဩော် . . ဒါကြောင့်ကိုး၊ အဒေါ် ဟင်္သာတမှာနေဖူးတယ် . . ကမ်းနားဘက်မှာ . . တူမကြီးက ဘယ်အရပ်မှာ နေသလဲ"

"ကျွန်မ နတ်မော်ရွာကပါ"

ဟုပြောပြီး ရိုးသားစွာ အဖြစ်အပျက်ကို ဖုံးတန်သလောက် ဖုံးကွယ်၍ ပြောလေ၏။

ထိုအခါ မိန်းမကြီးက . . .

"နတ်မော်ကို အဒေါ် ခဏ ခဏရောက်တာပေါ့၊ တူမ ဖခင် ဘယ်သူ ဒေ့ဝမောင်ဖေ ဆိုတာလည်း အင်မတန်တော့ အကျွမ်းမဝင်ဘူး . .



www.burmeseclassic.com

www.burmeseclassic.com



ကြားဖူး မြင်ဖူးရုံပါပဲ၊ တူမကြီးကိုလည်း မြင်ဖူးမှာပေါ့လေ၊ အခု ဘယ်မှာ နေသလဲ"

ဟု များစွာ သနားကြင်နာသော အမူအရာနှင့် ပြောလေ၏။ မမြက နေထိုင်သောနေရာကို ပြော၍ ပြလေ၏။

မိန်းမကြီးသည် အမှတ်တမဲ့ မိမိ၏ဆိုင်ဘက်ကို ပြန်ကာကြည့်လိုက်လေ၏။ ယောကျာ်းနှစ်ယောက်လည်း မယောင်မလည် ဆင်း၍ လာကြလေ၏။ ထို့နောက်မိန်းမကြီးက . . .

"အေး အေး တူမကြီးရေး . . အသွားအလာ သတိထားနော်၊ ရန်ကုန်ဆိုတာ ရန်သူများတယ်၊ တည်းစရာ ခိုစရာမရှိရင် အဒေါ့်ဆီမှာ နေထိုင်ဖို့ ပြောမလို့ပါပဲ၊ အခု ဟိုဘက် ဇရပ်မှာဆိုတော့ သူတော်ကောင်းတွေနဲ့ပဲ စိတ်ချရပါတယ်၊ အဒေါ် သွားဦးမယ်နော် . . "

ဟုပြောပြီး နံဘေးဆိုင် တစ်ဆိုင်သို့ ဝင်ကာ စကားပြော၍နေလေ၏။ မမြလည်း အောက်သို့ ဆင်း၍သွားလေ၏။

မကြာမီ လူနှစ်ယောက်နှင့် မိန်းမကြီး တွေ့ပြီး တီးတိုးစကား တစ်ခွန်း နှစ်ခွန်းပြောပြီး အခြားဈေးသည်များနှင့် ရယ်မော နှုးညံ့စွာ စကားပြောရင်း မိမိ၏ ဆိုင်သို့ ပြန်ရောက်သွားလေ၏။ ယောကျာ်းနှစ်ယောက်လည်း မမြ၏အပါးမှဖြတ်ကာ မမြ၏ ရှေ့သို့ လွန်၍ ဆင်းသွားကြလေ၏။

အောက်သို့ ရောက်သောအခါ လူသူ အတော်ပြတ်နေသဖြင့် မမြသည် ပြန်၍တက်လာပြီးလျှင် အဆိုပါ မိန်းမကြီး၏ဆိုင်ရှေ့သို့ ရောက်သောအခါ မိန်းမကြီးက ပြုံးရယ်ကာ ဆီး၍နှုတ်ဆက်ခေါ်ငင်သဖြင့် မမြသည်ဝင်၍ထိုင်နေရာ မိန်းမကြီးက စားစရာများကိုပြင်ဆင်ကျွေးမွေးပြီး-

"တူမကြီး ပျင်းရင် လာလည်ပေါ့၊ အဒေါ်သည်မှာ အမြဲရှိတာပဲ"

ဟုပြောဆိုပြီး သတိထားစရာ နည်းလမ်းများစွာတို့ကို ပြော၍





ပြလေ၏။ မမြ ပြန်သောအခါ . . .

"အဒေါ့်တူမ အဒေါ် စိတ်မချပါဘူး၊ လိုက်ပို့ပါဦးမယ်"

ဟုပြောကာ မမြက ငြင်းဆန်သော်လည်း မရဘဲ ဇရပ်အထိ လိုက်၍ ပို့လေ၏။

ဇရပ်သို့ ရောက်သောအခါ ဈေးသည်မိန်းမကြီးက ဥပုသ်သည် မိန်းမကြီးအား မမြကို စိတ်မချ၍ လိုက်ပို့ရကြောင်းစသည်ဖြင့် ပြောပြရင်း အကျွမ်းဝင်၍သွားကြလေ၏။

ထိုနေ့မှစ၍ ၎င်းမိန်းမကြီးသည် မမြထံသို့ နေ့စဉ်လိုလို စားစရာ သောက်စရာကလေးများနှင့် လာလေ၏။ များစွာ ဂရုစိုက်ဟန်ရှိလေ၏။ မမြလည်း ယုံကြည်လျက် ၎င်းမိန်းမကြီး၏ဆိုင်သို့ အခါမရွေး တစ်ကိုယ်တည်း သွားလေ့ရှိလေသတည်း၊ နောက်ဆုံး၌ မိန်းမကြီးက မောင်ခင်မောင်ဆိုသူကို မိမိသိကြောင်း၊ မိမိပါ ကူညီ၍ ရှာပေးမည့်အကြောင်းပြောပြလေရာ မမြသည် များစွာအားတက်လျက် ထိုမိန်းမကြီးကို ခင်မင်၍နေလေ၏။ အနီးအပါးဆိုင်များက မေးသောအခါများ၌ကား မိန်းမကြီးက မမြကို မိမိတူမကလေး တစ်ယောက်ဖြစ်သည်ဟု ပြော၍ပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ထိုအချိန်များအတွင်း ခင်မောင်နေသော အခန်း၏အပေါ် အခန်း၌ လူသုံးယောက်သည် ဖျင် ပက်လက် ကုလားထိုင်များပေါ်တွင် ထိုင်ကာ အလယ်၌ ဘရန်ဒီပုလင်းတစ်လုံး၊ စားစရာများ ဖန်ခွက်များနှင့် စကား ပြော၍နေကြလေ၏။

"ဘယ့်နှယ်လဲ . . ကိုဘိုးကြူး၊ မင်း မိန်းမကြီးဆီက ဘယ်လို စကားရသလဲ၊ နေရာကျမတဲ့လား . ."

"ခင်ဗျားတို့ အဲသာနေပါ။ ကျုပ်စီမံတဲ့ အလုပ်မှန်ရင် နေရာမကျတာများ ရှိဖူးလို့လား"

မောင်တင် ။ "ဘယ်လိုများ စကားရသေးသလဲ . ."

ကြူး ။ "အေးအေးနေပါ၊ နေရာကျပါလိမ့်မယ်၊ ဘိုင်အို စကုတ်ရုံသို့ အပါခေါ်ခဲ့မယ်လို့ ပြောတာပဲ"

မောင်မြ ဆိုသူသည်ကား ၎င်းစကားများကို ကြားသောအခါ



အဖော်နှစ်ယောက်ကို မကြည့်ဘဲ ပုလင်းကို ငုံ့ကာ ရေနှင့်ရောစပ်၍ တစ်ကျိုက်မော့ကာ သောက်ပြီး စီးကရက်ထုတ်၍ ညှိကာဖွာလျက် ပြတင်းပေါက်ဘက်ကို ငေး၍ နေလေ၏။

မောင်ကြူးနှင့် မောင်တင်သည်ကား ၎င်းကို ကြည့်ကာ သဘောမကျသော အမူအရာနှင့် မိမိတို့နှစ်ယောက် အချင်းချင်း တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီး မောင်မြဆိုသူဘက်သို့ မျက်စပစ်၍ ပြကြလေ၏။

ထိုအခိုက်တွင် မောင်မြသည် မိမိကို သဘောမကျကြကြောင်း သိသလို အနေဖြင့် ၎င်းတို့ကို လျင်မြန်စွာ လှမ်း၍ကြည့်ပြီး . . .

"ပြောပါ . . . မင်းတို့ ပြောစရာရှိတာ . . ငါ့အတွက်မပူနဲ့၊ ငါ မင်းတို့အလုပ်မှာ အနှောင့်အယှက် မပြုပါဘူး၊ ဘယ်က ကောင်မလေးတဲ့လဲ . ."

ကြူး ။ "ဟသ်ာတကတဲ့ . . ဒါထက် ချောင်တာတော့ မရှိဘူး၊ ငွေ ၄၀၀-၅၀၀ ချက်ချင်း ရဖို့တော့ . . . ဒါထက်ကောင်းတဲ့ အချက်မရှိဘူး၊ မင်းတို့ . . ငါတို့လဲ . ."

မောင်ကြူးနှင့် မောင်တင်တို့မှာ ကျပန်း ဉာဏ်သမားများဖြစ်ကြလေ၏။ အနီထောင် မြင်းပွဲ ကက် ဖဲ အစုံ ရန်ကုန်မှာ ရှိသမျှ မတရားသော ငွေရလမ်း ဟူသမျှ၌ ခါးပိုက်နှိုက်က စ၍ ဓားပြ အနုကြမ်းလုပ်ငန်းများသို့ တိုင်အောင် အကုန်ဖမင် ဒိုးလို မွှေသူများ ဖြစ်ကြလေ၏။

မောင်မြမှာ ဒီစကြိုတ်နယ်က ရန်ကုန်မြို့သို့ ပညာသင်ရန် လာရောက်ပြီး ငွေကြေးကို ဖြုန်းတီးကာ ပျက်စီးစ လူကလေးတစ်ယောက် ဖြစ်လေရာ ဤလို အကြံများ၌ များစွာ စိတ်မပါသေးသော်လည်း မိမိ၏ အဖော်များ၏အလုပ်၌ နှောင့်ယှက်ခြင်းတစ်စုံတစ်ရာ ပြုဖို့ မကြံ မိမိ၏



www.burmeseclassic.com

www.burmeseclassic.com



ပယောဂမပါလျှင် အေးသည်ဟု သဘောထားကာ နေသူဖြစ်လေ၏။

တင် ။ "ခင်ဗျား မိန်းမကြီးက တစ်ပတ်ရိုက်ပြီး တခြားမှာ ဆွယ်နေရင် ဘယ့်နှယ်လုပ်မလဲ. ."

ကြူ ။ "အခု . . သူ့ကို ငါပေးရတာ အစိတ်ရှိပြီ၊ ဒါနဲ့မှ တစ်ပတ်ရိုက်ရင် ဟောသည်မှာ အသင့်ရှိတယ် . ."

ဟုပြောကာ အင်္ကျီအိတ်ထဲက ထွာဆိုင်မျှ ရှိသော မောင်းချများကို ထုတ်၍ ပြပြီး စကားဆက်ကာ . . .

"သူ . . . ဘာမှ အထူးလုပ်ဖို့ မရှိဘူး၊ ရုပ်ရှင်ကို ကားနဲ့ ခေါ်လာရုံပဲ၊ မင်းနဲ့ ငါက ကားချင်းပူးပြီး ကူးရုံပဲ၊ ကူးပြီး မိန်းမကြီးကို ပါးစပ်ပိတ်ပြီး မောင်းချင်ရာ မောင်းရုံရှိတာပဲ"

"နို့ . . ဒရိုင်ဘာနဲ့ရော နေရာကျပလား"

"သာချိုကွဲ့ . . . သူများ မှတ်လို့လား၊ ဒါတွေ မေးနေစရာ မရှိပါဘူး၊ အကုန်စီစဉ်ပြီးသားပါ၊ အားလုံး အရင်းကက်ပီတယ် . . ငွေ ၅ဝ ထက်ပိုမကျဘူး၊ ငါးဆယ်နဲ့ ငါးရာ-တထောင် . . တစ်ရက်-နှစ်ရက် အတွင်းမှာ ရဖို့အလုပ် ဘယ်မှာ ရှိမလဲ . . . သူငယ်ချင်းရဲ့၊ ရုပ်တော့ မင်းမြင်တဲ့အတိုင်းပဲ . . ဒင်းကုသိုလ်ကံကောင်းရင်လည်း ငါ့ ကုလားကြီးနဲ့အတည်ကိန်းဖွင့်ပေးလိုက်မယ်၊ ကုလားကြီး မြင်ရင်တော့ မက်မှာပဲ"

တင် ။ "ငါတော့ အတည်ကိန်းမျိုးပဲ သဘောကျတာပဲ၊ အလကား ဖျက်ဆီးမပစ်ချင်ဘူး၊ ကောင်မကလေး ကြည့်ရတာ သနားစရာကွဲ့၊ ကောင်းစားသွားရင် ခင်ဗျားတို့ ကျုပ်တို့ ဆက်ပြီး နေရာကျဖို့ပဲ"

"သနားတာ အသာဖယ်ထားဦး သူငယ်ချင်း၊ အခုလတ်တလော လိုနေတာက ငွေကွဲ့၊ နောက် စနေတစ်ပတ်မှာ ကော်ကိန်းမြင်နေတယ်၊ ငါ့ အကောင်က သေသေချာချာပြောထားတယ်၊ ငွေရနိုင်သမျှ ရှာပြီး





အကုန်လောင်းပါတဲ့၊ ဒါကြောင့် ငါ သည်လောက်အပူတပြင်း ကြံနေတာပဲ၊ ရတဲ့နည်းနဲ့လုပ်မှာပဲ၊ ဒီတစ်ခါ ပွရင်တော့ ညီတော်နှစ်ယောက် ရှင်ပြုပြီး အသင်း စက္ကရီဘေရီကလေး ဘာကလေးလုပ်ပြီး အေးအေးနေဖို့ရှိတော့တာပဲ၊ မနှစ်က တစ်ခါ ငွေမရလို့ ကော်ကိန်းတစ်ချက် လွတ်သွားတယ်၊ ဒီတစ်ခါတော့ မလွတ်စေရဘူး . ."

"ဘယ်နေ့ ခေါ်ခဲ့မတဲ့လဲ . . ."

"အလွန်ဆုံး ၃-၄ ရက်ပဲ၊ ကောင်မကလေးကို ယုံအောင် အတော်လုပ်နေရသေးတယ်၊ ဇရပ်က မိန်းမကြီးက မသက်ာဘူးလား မသိဘူး၊ ကောင်မကလေး အဖော်ကတော့ ရှုးပေါ်ပေါ်ရယ်တဲ့၊ သူတို့ ဦးကြီးတစ်ယောက်ကို လာရှာဆိုလား၊ သေသေချာချာတော့လည်း မသိရသေးဘူး၊ အခုအနေတော့ အကော်ချောင်နေတာပဲ"

သို့ စကားပြောနေခိုက်တွင် တံခါးမှ အသံကြားလေ၏။

သုံးယောက်သား စကားရပ်ပြီး အပေါက်မှ ချောင်းကြည့်ပြီး . . .

"ဩော် . . ကိုခင်မောင်လား . . . လာလေ ဝင်ပါ"

ဟုပြောပြီး တံခါးကို ဖွင့်၍ပေးကြလေ၏။

ခင်မောင် ဝင်ရောက်၍လာသောအခါ ညှော်ဝတ်ကျော်စွာ ဘရန်ဒီကို ငှဲ့ပြီးတိုက်ကြလေ၏။ ခင်မောင်လည်း စိတ်ပြေလက်ပျောက်သဘောထားခါ တစ်ခွက်သောက်ပြီး ပက်လက်ကုလားထိုင်၌ ထိုင်လေရာ မောင်ကြူက . . .

"ဘယ့်နှယ်လဲ . . . ခင်ဗျား အလုပ်နေရာကျပလား"

ဟုမေးလေ၏။

ခင်မောင်လည်း အလုပ်ရှားပါးကြောင်း ရှမ်းပြည်နယ်သို့ သွားဖို့ ကြံစည်ကြောင်းကိုပြောပြီး လေးယောက်သား အခြားအကျိုးအကြောင်းများကို ဆက်ကာပြောကြလေ၏။ ခင်မောင်မှာ ၎င်းတို့၏ အသိအကျွမ်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်စဖြစ်သော်လည်း ၎င်းတို့ အဘယ်လိုလူစားများဖြစ်သည်ကို သိလေ၏။ သိသော်လည်း အိမ်နီးပါးချင်းဖြစ်သည့်အလျောက် ၎င်းတို့က ဝင်ထွက်ရန်မှာကြသဖြင့် မသွားလျှင် စိတ်ကြီးဝင်သည်ဟု မှတ်ထင်ခြင်းခံရမည်စိုးသောကြောင့် တစ်ခါတစ်ရံ ၎င်းတို့၏အခန်းသို့ ဝင်ရောက်လှေ့ရှိလေရာ အသိအကျွမ်းဖြစ်၍နေကြလေ၏။

ထိုညဉ့်၌ အတော်ညဉ့်နက်စွာ စကားပြောဆို၍ပြီးသည်နောက် ခင်မောင်သည် အဘယ်ကိုမျှ သွားလာ လည်ပတ်ခြင်းမပြုဘဲအိပ်လေ၏။ ဆေးရောင်းရသော ငွေအစိတ်ခန့် လက်၌ရှိလေရာ အလယ်အပတ် အသုံးအစားကို ခြိုးခြံလျက် အထက်ကိုသွားဖို့ရန် စရိတ်ကို စု၍နေခြင်းဖြစ်လေ၏။

ထိုညဉ့်၌ မှေးခနဲ အိပ်၍ပျော်သည်နှင့်တစ်ပြိုင်တည်း ထူးခြားသောအိပ်မက်ကို မြင်ရလေ၏။ ထိုအိပ်မက်မှာ မိမိ ရုပ်ရှင်ရုံတစ်ခု ရှေ့၌ လမ်းလျှောက်၍သွားစဉ် မမြသည် ဆံပင်ဖိုးရိုးဖားရားနှင့် မိမိထံသို့ ပြေးလာပြီး . . "ကိုကို . . ကျွန်မကို ကယ်ပါ . . ကျွန်မကို သူတို့ အတင်းခေါ်နေတယ်" ဟူ၍ပြောဆိုတောင်းပန်လေ၏။ ခင်မောင်သည် မမြကို ပွေ့ယူကာ နှစ်ယောက်သားအတူ ပြေးကြရာ နောက်မှ ဟုတ် ဓားလက်နက် များနှင့် လူတစ်စု လိုက်၍လာကြလေ၏။ သို့ပြေးရင်း မိမိ ယခုတည်း၍ နေသော အခန်းလှေကားသို့ရောက်လာပြီး လှေကားကို တက်မည်အပြု ဗွင် လန့်နိုးလေ၏။

ခင်မောင်သည် နိုးလျှင် နိုးချင်း ငေါက်ခနဲထ၍ ထိုင်လေ၏။ မျက်နှာကို လက်များနှင့် ပွတ်သပ်လေ၏။ အိပ်မက်မှာ လွန်စွာ ထင်ရှားသဖြင့် အဟုတ်တကယ်လို မှတ်ထင်ရလေသတည်း။

ထို အိပ်မက်ကို ခင်မောင်သည် ဆင်ခြင်စဉ်းစား၍နေလေ၏။ မမြကို အထက်ထက်က မကြာခဏ အိပ်မက်ထဲ၌တွေ့ရ၏။ သို့ပင် တွေ့





ရသော်လည်း ထိုကဲ့သို့ တစ်ကြိမ်တစ်ခါမျှ ရှင်းလင်း သေချာစွာမက်မြင်ခဲ့ရသည်မဟုတ်ချေ။ အဘယ်ကဲ့သို့သော အချင်းအရာပေနည်း။

မမြမှာ အဟုတ်တကယ် ဘေးအန္တရာယ် တစ်ခုခုနှင့် တွေ့ကြုံ၍နေရှာလေသလား၊ ငါ့ကို တမ်းတစွဲလန်းသောစိတ်ကြောင့် ငါ၌ အခုလို ထင်ရ မြင်ရခြင်းပေလား၊ သို့တည်းမဟုတ် ငါက စွဲလန်းသောကြောင့် ယခုလို မြင်မက်ရလေသလား စသည်ဖြင့် တွေးတော ဆင်ခြင်လေ၏။

ထို့နောက်ဆက်လက်၍ အိပ်ရင်း အိပ်မက်အကြောင်းကို တွေးလေလေ စိတ်ထဲ၌ လေးလေလေးဖြစ်၍လာလေ၏။ အိပ်မက်မှာ လွန်စွာ ထူးခြားသောအိပ်မက်ဖြစ်၏။

ရိုးရိုးတန်းတန်းမက်နေကျ အိပ်မက်မျိုးနှင့်မတူ တစ်စိတ် တစ်ဒေသ အိပ်မက်ဖြစ်ရမည်ဟု စဉ်းစားမိ၏။ တကယ်ဆိုရင် ကွဲကွာ၍နေသော ချစ်သူတစ်ဦးဦးကို အိပ်မက်နေကျနည်းမျိုးအတိုင်း ချစ်ခင်ပေါင်းသင်းရသည်ဟူ၍သာ မက်ဖို့ရှိ၏။ ယခုမှာကား ထူးခြားလှချေ၏ တကား၊ မမြကလေး ခမြာမှာ ဧကန်ဒိဋ္ဌ ဘေးဒုက္ခတစ်ခုခုနှင့် တွေ့ရသဖြင့် မိမိကိုတောင့်တအားကြီးသောကြောင့် မမြ၏စိတ်အရှိန်သတ္တိသည် "တယ်လီပက်သီ"ခေါ်သော နည်းမျိုး မိမိထံသို့ ရောက်၍လာပြီးလျှင် အသနားခံခြင်းပင် အမိပ္ပာယ်ရှိရာ၏ဟူ၍ တွေးဆဆင်ခြင်မိသောအခါ ကြောင့်ကြ ပူပင်သောက စိတ်တို့သည် ဖိနှိပ်၍ မရအောင် ပြင်းထန်စွာ ကြွမြောက်၍ လာလေ၏။ မမြကို သူ့ဖခင် ညှင်းပန်း နှိပ်စက်လေသလား၊ သို့မဟုတ် မမြသည် မိမိကိုယ်ကို တစ်စုံတစ်ရာ သေကြေပျက်စီးအောင် ကြံလေသလား၊ သို့မဟုတ် မြို့အုပ်နှင့် ညားပြီး၍ စော်ကား နှိပ်စက်ခြင်းများကို ခံ၍ပင် နေရရှာလေသလား စသည်ဖြင့် တွေးတောထင်မြင်လေ၏။

သို့တည်းမဟုတ် မမြသည် မြို့အုပ်နှင့် ညားရမှာ စိုးကြောက်



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် အိမ်မှ ထွက်ပြေးပြီး တစ်နေရာရာမှာ လူဆိုး သူဆိုးများနှင့်တွေ့ခါ နှိပ်စက်ညှဉ်းပန်းခြင်းများကို ခံ၍ နေရလေသလား၊ မမြ အိမ်က ထွက်ပြေးရာမှ လက်ဝတ်လက်စား ရွှေ ငွေ စိန် ကျောက် ပစ္စည်းများပါသဖြင့် လူဆိုးများ၏ ဘေးရန်နှင့် တွေ့ရှာလေသလားဟူ၍လည်း တွေးတောခါ လူဆိုးများ၏လက်၌မမြ ဆင်းရဲ ဒုက္ခ အမျိုးမျိုးတို့ကို ခံ၍နေရပုံများကို ထင်မြင်မိလေ၏။

တစ်ရပ်တစ်ရွာသို့ မတော်တဆ ရောက်၍သွားပြီးနောက် ယောကျ်ား ကာလသားအများတို့၏ လက်သို့ကျရောက်သဖြင့် မချိမဆန့်ဖြစ်အောင် စော်ကားခြင်းများကို ခံရသော မိန်းမကလေးများ၏ ဆိုးရွားသော ကံကြမ္မာ အကြောင်းများကို ခင်မောင်သည် ကြားရဖူး၏။ သို့ကြားရဖူးသောနည်းမျိုးအတိုင်း နုနယ် သနားဖွယ်သော မမြမှာ ဖြစ်ရချေက အဘယ်ပုံ ဒုက္ခကို မချိမဆန့် ခံရမည်ဟူသော ရုပ်ပုံများကို စိတ်၌ထင်မြင်မိလေ၏။

လူဆိုးများကို ခုခံ ငြင်းဆန်သဖြင့် ကန်ကြောက် ရိုက်နှက်နှိပ်စက်ခြင်းအပြုခံရလျက် တောစပ်ခြုံကြား မသိသောအရပ်များ၌ တစ်နေရာရာမှာ နွားကျောင်းသား၏ လက်သို့ရောက်သည့် ငှက်သူငယ်ပမာလို မျက်လုံးကလေး တလည်လည်နှင့်ကြောက်ရွံ့တုန်လှုပ်ကာ ခွေလျောင်း လဲပြို၍နေပုံများကို ထင်ယောင် မြင်ယောင်ဖြစ်လေ၏။

မကောင်းသော နေရာများသို့ ရောက်သဖြင့် အတင်းအဓမ္မ မချစ်မကြိုက်သူ လူအို သူရဲကြီးများနှင့် အတင်းပေးစားခြင်းကို ခံရလျက် မျက်ရည်ယိုစီး ရှိုက်ကြီးတငင်ငင်ဖြစ်ကာ နုနယ်သော ကိုယ်ခန္ဓာကလေးမှာ ကျားစာ ကျွေးခြင်းကို ခံ၍များနေရရှာလေရော့သလား" စသည်ဖြင့် ထွေထွေရာရာ လောက၌ ဖြစ်နိုင်သမျှ မိန်းမပျိုကလေးများ တွေ့ကြုံတတ်သမျှသော ဘေးဒုက္ခ ဟူသမျှတို့ကို မိမိကြားဖူးသလောက် အရမ်း





လျှောက်ကာ တွေး၍ မကုန်၊ ဘေးအပေါင်းတို့၏ အရေအတွက် မဆုံးအချစ်ဆုံးသော တပည့်မကလေးသာ ဆုံးဖွယ်ရာရှိလေ၏။

သို့ တွေးအားကြီးသောကြောင့် အိပ်၍ မပျော် မှိတ်၍ မရ၊ ထချည်ထိုင်ချည် လမ်းလျှောက်ချီသာ နေလေ၏။

သို့နေခိုက်တွင် ကြောင်နှစ်ကောင်သည် မိမိ၏ အခန်းအနီးအပေါ် အခြားအခန်းလွတ် တစ်ခုကပဲလား . . အခြား တစ်နေရာရာကပဲလား မသိရ၊ ခိုက်ရန်ဖြစ်ပွားသလို . . သည်းမည်း ပြင်းထန်သောအသံဖြင့် ဆူညံကြလေ၏။ ထိုအသံများသည် ဆိတ်ငြိမ်သော ညဉ့်၌ ထိုး၍ကျယ်လေ၏။ အဆိုပါ တွေးတောခြင်းတို့ကြောင့် မှိုတွယ်ရာ ကောင်းစွာမရ၊ ပတ္တာပျက်၍ ပြုတ်လုတဲခါဖြစ်၍ နေသော တံခါးရွက်နှင့် တူသည့် ခင်မောင်၏စိတ်သည် ထိုပြင်းထန်စွာ သောင်းကျန်းသော ကြောင်အော်သံများကို ကြားရသောအခါ တသိမ့်သိမ့် လှုပ်ရှားလျက် မဖြစ်နိုင်သော အရာများကိုပင် တွေးမိလေ၏။ ထို မဖြစ်နိုင်သော အရာသည်ကား မမြ တစ်နေရာရာမှာ ကြမ်းတမ်း ရက်စက်သော နည်းမျိုးဖြင့် အသက်သေဆုံးသဖြင့် ၎င်း၏ဝိညာဉ်သည် ကြောင်ယောင်ဆောင်ကာ ဤထံသို့ လာပြီး အော်မြည်၍ ပြလေသလား ဟူသော ထူးခြားသောအတွေးဖြစ်လေသတည်း။

သို့ တွေးလေ . . တွေးလေ မျက်လုံးကျယ်လေလေ ဖြစ်လေရာ တွေးရင်းပင် မိုးလင်း၍ သွားပြီး တစ်ညဉ့်လုံး မအိပ်ရသောကြောင့် ဦးခေါင်း၌ ကိုက်ခဲလှသဖြင့် ဆံပင်ပွပွရောင်းရောင်း ရှုပ်ရှုပ်ပွေပွေကို လက်နှစ် ဖက်နှင့် ဆုပ်ကိုင်ကာ ခေါင်းငုံ့လျက် ခုတင်ပေါ်၌ ခြေတွဲလွဲချကာ ထိုင်၍ နေလေ၏။

သို့ ထိုင်၍နေရင်း အတန်ကြာစွာ စဉ်းစားနေပြီးနောက် အားငယ်စွာနှင့်ထပြီး မျက်နှာများသစ်၍ စိတ်လက် လေးလံစွာနှင့်ပင် ခြေလက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ရည်ဆိုင်သို့ထွက်၍ သွားလေ၏။

လက်ဖက်ရည်ဆိုင်၌ လက်ဖက်ရည်သောက်၍ ပြီးသောအခါ မတော်တဆ မမြ၏နာမည်ကို သတင်းစာထဲများမှာ တွေ့ရလေမလားဟု အောက်မေ့ကာ စားပွဲပေါ်ရှိ အင်္ဂလိပ် မြန်မာ သတင်းစာတို့ကို ကြည့်လေ၏။ အချုပ်မှာ ဆိုလျှင် မမြ အတွက် အိပ်မက်၏ အနှောင့်အယှက်ဖြင့် အရူးပမာ တွေးချင်တိုင်း ထင်ချင်တိုင်း တွေးတောထင်မြင်၍ နေရှာလေသတည်း။

သတင်းစာများထဲ၌ သတင်း တစ်စုံတစ်ရာမျှ မမြ၏ အကြောင်းနှင့်ပတ်သက်၍ မတွေ့ရှိရသောအခါ ကျောက်စားပွဲပေါ်တွင် မေးထောက်လျက် စဉ်းစား၍နေပြီး ရုတ်တရက် လျင်မြန်စွာ အကြံတစ်ခုခုကိုရ၍ ဦးခေါင်းကို မော်ပြီး ထိုင်ရာမှ ထပြီးလျှင် ပိုက်ဆံသွား၍ပေးပြီး ဆိုင်မှ ထွက်ခဲ့လေ၏။ ရရှိသော အကြံသည်ကား ဟင်္သာတသို့သွားရန် အကြံဖြစ်လေ၏။

ဟင်္သာတသို့တောက်လျှောက်သွားသော မီးရထားမှာ ည ၁၀ နာရီခန့်အချိန်ကျမှ ထွက်ဖို့ရှိလေ၏။

ထိုအချိန်သို့ တိုင်အောင် စောင့်ရမည်ဆိုလျှင် ကမ္ဘာကုန်သည့်တိုင်အောင် စောင့်ရမည်ကဲ့သို့ မြင့်ကြာလိမ့်မည်ဟု စိတ်ထဲ၌ အောက်မေ့လေ၏။ နေမင်း၏ အသွားသည် ထိုနေ့၌ အနှေးဆုံးဖြစ်လေ၏။ မြန်မာပြည်၌ လူစီး လေယာဉ်ပျံများရှိလျှင် တိတ်တိတ်ပုန်းပြီး အမိအရ လိုက်ပါရအောင် အသက်ကိုစွန့်ကာ ကြိုးစားချင်၏။ သွားရမည့် ခရီးမှာလည်း မိုးလင်းမှရောက်မည့် ခရီးဖြစ်လေ၏။

မီးရထားရုံသို့ သွားပြီးလျှင် ဟင်္သာတမြို့မှ လာသူတစ်ဦးတစ်ယောက်ကို တွေ့ချေက စုံစမ်းမေးမြန်းမည့်အကြံနှင့် ရှာဖွေ၏။ သို့သော်လည်း ခရီးသည် တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရသဖြင့် အတန်ငယ်





ကြာစွာစောင့်ပြီး ပြန်၍ လာခဲ့လေ၏။ အိမ်သို့ ရောက်သောအခါ နေမင်းကိုအဘယ်နည်းဖြင့် မြန်မြန်ကြီး ဆွဲ၍ချရမည်ကို ကြံစည်ရာ အလွယ်ဆုံးသော ဆွဲချနည်းကို သတိရလေ၏။ ထိုနည်းမှာ အိပ်ပျော်ခြင်းဖြစ်လေရာ ညဉ့်အခါကလည်း တစ်ညဉ့်လုံး မအိပ်ရ၊ ဦးခေါင်းမှာလည်း ကိုက်လှသောကြောင့် အိပ်ရာထဲတွင် တုံးလုံး လှဲလိုက်လေရာ တွေးတောရင်း မေ့ခနဲပျော်၍ သွားလေသတည်း။

အိပ်ရာမှ နိုးသောအခါ ၅ နာရီခန့်ရှိသဖြင့် ဦးခေါင်းမှာလည်း ပေါ့၍ သွားလေ၏။ အိပ်မက်အကြောင်းနှင့် ပတ်သက်၍ ပူပင် ကြောင့်ကျခြင်းမှာလည်း အတော်ကလေး သက်သာရာရ၍ သွားလေ၏။ သို့ဖြစ်သောကြောင့် ရေမိုးချိုးပြီး အိမ်ကို တံခါးပိတ်၍ လမ်းသို့ထွက်ကာ မတော်တဆ မမြ ရန်ကုန်မြို့သို့ရောက်၍များ နေချေက တွေ့လို တွေ့ငြားသဘောထားကာ လူသွား လူလာတွေကို ကြည့်၍ နေလေသတည်း။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ထိုည၌ ခင်မောင်သည် ရထားနှင့် လိုက်ပါ၍ သွားလေ၏။

ရထားသည် လွန်စွာ အသွားနှေးလေ၏။ နေ့ခင်းက အိပ်၍ ထားသောကြောင့် အိပ်ပျော်ခြင်းဖြင့် အသွားကို တိုး၍ မြန်အောင်မပြုနိုင်ချေ၊ တစ်ညဥ့်လုံး ငုတ်တုတ်ထိုင်ကာ တမှေးမှေးနှင့်သာ လိုက်ပါ၍ သွားရလေ၏။

မိုးလင်း၍ သဘော်ပေါ်သို့ ရောက်ပြီးနောက် မြို့ဘက်ကို မျှော်၍ ကြည့်လိုက်သောအခါ ရင်ထဲ၌လေး၍ သွားလေ၏။ အကြောင်းမူကား ဝမ်းမြောက် ဝမ်းသာ လာရခြင်းမဟုတ်၊ မမြရှိမှ ရှိပါတော့မလား . . မြို့အုပ်မင်းနှင့် ညားပြီး၍ နတ်မော်ရွာမှ ဤမြို့တွင်းသို့ ရောက်၍များ နေလေမလားဟူသော မေးခွန်း နှစ်ချက်စလုံးမှာ မိမိအတွက် တစ်ချက်မျှ သက်သာရာရဖို့မရှိချေ၊ သို့သော်လည်း ပျောက်ဆုံး၍ နေခြင်းထက်ဖြင့် မြို့အုပ်နှင့် ညား၍နေသည်ဟူသော သတင်းက ပိုမို၍အေးဖွယ်ရာ ရှိသည်ဟူ၍သာ မျှော်ကိုးရလေ၏။ သို့ဖြစ်၍ မိမိအကျိုးခံစားရဖို့ တစ်စုံ



တစ်ရာမျှ မရှိဘဲ အိပ်မက်ကြောင့်လာရခြင်းသည် အရူးနှင့် တူလှပေသည်တကားဟု စိတ်၌အောက်မေ့မိလေ၏။

အထွက်နှေးသော သဘော်ကို စိတ်ဆိုးလေ၏။ ထွက်သောအခါ၌လည်း စွတ်ဖားကြီးကို စီးရသလို မှတ်ထင်လေ၏။ သို့သော်လည်း အဘယ်မျှပင် ကြာစေကာမူ နောက်ဆုံး၌ နတ်မော်ရွာသို့သွားသော မော်တော်ကား တစ်စင်းပေါ်သို့ ရောက်လေရာ ရောက်သည်နှင့် တစ်ပြိုင်တည်း ခင်မောင်မှာ မူးဝေမိန်းမော၍သွားလောက်သော သတင်းကို ကြားရလေသတည်း။

အကြောင်းမူကား ခင်မောင်၏အသိတစ်ယောက်သည် ခင်မောင်ကို မြင်လျှင်မြင်ချင်း မမြ-အောင်ကဲနှင့် လိုက်ပြေးသောသတင်းကို အားပါးတရပြောလေသတည်း။

ခင်မောင်မှာ ထိုလူ၏စကားကို မယုံနိုင်အောင်ရှိလေ၏။ သို့သော်လည်း အခြားလူများကလည်း ထောက်ခံကြသောကြောင့် မိမိ၏နားမှာ မယုံဘဲမနေနိုင်တော့ချေ။ အကယ်၍ မမြသည် တစ်ယောက်တည်း ထွက်ပြေးသည်ဆိုချေက မိမိအတွက် မိမိကိုရှာရအောင် ပြေးခြင်းဟု အယူရှိကာ အချစ်ကြောင့်အားတက်ဖွယ်ရာ အချက်ကလေးတစ်ခုရှိသေး၏။ ယခုမှာကား ဘာမဟုတ်သည့် ရှုးပေါပေါအကောင်နှင့် ပြေးခြင်းမှာ အဘယ်လို သဘောထားရမည့်ကို မသိသလောက်ဖြစ်လေ၏။

ပူလောင်သော အချစ်သည် အေး၍သွားလေ၏။ "မမြသည် မိမိမှတ်ထင်သကဲ့သို့ ကောင်းသော မိန်းကလေးမဟုတ်၊ နီးရာနှင့် ငြိတတ်သော အပေါ့စား အပေါစားကလေးပါတကား၊ သူ့အတွက် ငါ၌ သောကဒုက္ခတွေများရခြင်းတွေဟာ သူနှင့် မထိုက်မတန်သည့်သောကတွေပါတကား . . . " စသည်ဖြင့် တွေးလေ၏။

သို့ တွေးနေခိုက်တွင် အိပ်မက်ကို သတိရပြန်သဖြင့် စဉ်းစားပြန်



www.burmeseclassic.com

www.burmeseclassic.com



လေရာ မိမိ၏အိပ်မက်သည် နိမိတ်ကိုဆောင်သော အိပ်မက်အမှန်ဖြစ်သည်ကိုသိရလေ၏။ ထိုအိပ်မက်ကြောင့် ပြန်၍လာရခြင်းဖြစ်၏။ ပြန်၍လာသောအခါလည်း အထောက်မတန်သော သတင်းကိုကြားရင်း အိပ်မက်အတိုင်း စဉ်းစားရမည်ဆိုလျှင် မမြသည် ပျော်ရွှင်စွာ သွားခြင်းမဟုတ်၊ ပျော်ရွှင်စွာ သွားခြင်းမဟုတ်က အတင်း အဓမ္မ ဆောင်ယူ၍ သွားသည်ကို ခံရခြင်းနှင့် တူတာပဲဟုတွေးကာ တစ်ဖန်အပူလုံးကြီးသည် ရင်ဝကို ဆောင့်ကာ တက်၍လာပြန်လေ၏။ ဤရှုံးပေါပေါအကောင်သည် မမြကို မတော်မတရား ကြံလေပြီ၊ အဘယ်နေရာ၌ အဘယ်ပုံများ ဖန်တီး၍ နေပါလိမ့်လဲ . . မမြ ဧကန်၊ သူ့လက်ထဲမှာတော့ ကြာကြာနေမှာမဟုတ်ဘူး၊ သူ့လက်က လွတ်ပြီး တခြား တစ်နေရာမှာ ဒုက္ခတွေ့နေလေသလား စသည်ဖြင့် တွေးတောကာ သတင်းပေးသူအား မေးလေ၏။

"အောင်ကဲနဲ့ပဲလို့ အမှန်သိရသလား၊ မဟုတ်နိုင်ပါဘူး ထင်ပါတယ်ခင်ဗျာ . ."

ဟု မချသွားပြ ပြုံးလျက် မေးလေ၏။

"ဘယ်သူမှ မယုံနိုင်လို့ ခက်နေတာပေါ့ . . မမြလည်းပျောက်၊ အောင်ကဲလည်း မရှိဘူးဆိုတော့ အခက်သားပဲ . . မမြတစ်ယောက်ယောက်နဲ့ လိုက်ပြေးတာမှာ အောင်ကဲအရှုံးက အသားယူချင်လို့ သူ့ကို အထင်ခံရအောင် တမင်ပုန်းနေရင်ဖြင့် မပြောတတ်ဘူး၊ ပုန်းရင်လည်း ဒီအကောင်ဟာ ဒီလောက် လုံလုံခြုံခြုံ ပုန်းနေနိုင်ဖို့ မရှိပါဘူး၊ အတွေးရအင်မတန် ကျပ်တာပဲ . . နှစ်ယောက်စလုံး မရှိတာတော့ အမှန်ပါပဲ"

"သူ့ အဖေကော ဘယ့်နှယ် နေသလဲ . ."

"သူ့ အဖေတော့ အရူးလိုဖြစ်နေတာပဲ၊ အနီးအပါးရွာတွေမှာ လူလွှတ်ပြီး ရှာတာပဲ . . ပုလိပ်ကိုလည်း တိုင်တယ် . . အစအန ဘယ်မှာမှမကြားရဘူး"





"နို့ ဟို . . မြို့အုပ်ကော"

"မြို့အုပ်လည်း ရှက်ပြီး အခွင့်ယူသွားတယ်လို့ကြားတာပဲ . . အရှုံးက တစ်မူးသာဆိုတာ အဲသည့် တစ်မူးမှ - တစ်မူးအစစ်ပဲ . ."

ခင်မောင်သည် စဉ်းစားပြီး "မဟုတ်နိုင်ဘူး၊ အောင်ကဲနောက်ကိုတော့ မမြ ဘယ်နည်းနဲ့မှ တမင်လိုက်မှာ မဟုတ်ဘူး" ဟုတွေးကာ ဦးခေါင်းကို ညင်သာစွာ ခါလေ၏။

ထို့နောက် ရွာကိုရောက်ရင် အကျိုးအကြောင်းစုံကို အကုန်သိရမှာပဲဟု အားကိုးပြုကာ လိုက်ပါ၍သွားလေ၏။

ရွာကိုမြင်လျှင် မြင်ခြင်း ခင်မောင်မှာ ရင်ထဲ၌ ဖို၍သွားလေ၏။

အိမ်သို့ ရောက်၍သွားလေ၏။ အိမ်ရှေ့၌ ညှိုးငယ်စွာ ထိုင်၍နေသော ဒေါ်စာဥသည် ခင်မောင်ကိုမြင်သဖြင့် အံ့အားသင့်ကာ စိုက်လျက်ကြည့်၍ နေလေ၏။ သေသောသူ ပြန်၍ လာသည်ကို မြင်ရသောသူ၏ မျက်နှာ၌ ထိုမျှလောက်အံ့အားသင့်ခြင်း၏ လက္ခဏာပေါ်ရှိမည် မဟုတ်ချေ။

ခင်မောင်သည် အိမ်ပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်တည်း ဒေါ်စာဥထိုင်ရာမှ ထ၍လာပြီး သုသာန်၏သာယာခြင်းကို ဆောင်သော မျက်နှာနှင့် ခင်မောင်၏ အပါးသို့ ကပ်လာပြီး ခင်မောင့် ပခုံးကိုလက်နှင့်ကိုင်ကာ . . .

"မောင်ခင်မောင် ကြားရပလား . . ကြားလို့ လာသလား"

ဟုမေးလေ၏။

"ကျွန်တော် လမ်းကမှ ကြားခဲ့ရပါတယ်၊ ကျွန်တော်ဖြင့် မယုံနိုင်အောင် ရှိတာပါပဲ . . သူ့ ဖေဖေကော"

ဟုပြောကာ ကုလားထိုင် တစ်ခုကို ဆွဲ၍ထိုင်လေ၏။

"ဖအေ လုပ်တဲ့လူမှာတော့ သွက်သွက်လည် ရူးနေတော့တာပေါ့



www.burmeseclassic.com

www.burmeseclassic.com



မောင်ခင်မောင် . . အဒေါ်ဖြင့် ပြောပဲမပြောချင်တော့ပါဘူး၊ အဒေါ်လည်း ဒီကောင်နဲ့ ဒီလိုဖြစ်တယ်ဆိုတာ မယုံနိုင်အောင်ရှိတာပါပဲ၊ အဖေကြီးတော့ ရှက်လို့ အပြင်ကိုတောင် မထွက်ဝံ့တော့ဘူး၊ တစ်ရပ်လုံး တစ်နယ်လုံးလည်း ဆူကုန်ပြီ . . မောင်ခင်မောင် ကူညီပြီး ရှာဦးမှပဲ . . ကိုင်း အပေါ်ကိုတက်ပြီး ကြည့်လိုက်ပါဦး . ."

ဟုပြောပြီး မောင်ခင်မောင်ကို အိမ်အပေါ်ထပ်သို့ ခေါ်သွားလေ၏။

"ရှာဖွေဖို့ဆိုတာတော့ အခက်သားပဲ အဒေါ်ရယ်၊ ဘယ်ရပ်ဘယ်ရွာသွားတယ်ဆိုတာ သတင်းမှ မကြားဘူးလား . ."

"တစ်ခါတည်း ခြေရာပျောက် လုပ်သွားကြတာပဲ . . ဘယ်ကမှ သတင်းအစအနလည်း မကြားရဘူး"

မောင်ဖေ၏ အခန်းထဲသို့ ရောက်သွားကြလေ၏။ မောင်ဖေသည် ပက်လက်ကုလားထိုင်၌ ထိုင်ကာ ရှေ့တည့်တည့်သို့ ကြည့်၍နေလေ၏။ တက်လာသူတို့၏ ခြေသံကို ကြားရသဖြင့် ပက်လက်နေရာမှ ထိုင်လိုက်ဟန်တူလေ၏။ ၎င်း၏ မျက်လုံးများသည်ကား မှေးမှိန်လျက် အလင်းရောင်ကင်းသဖြင့် မမြင်သော သဏ္ဌာန်နှင့် ကြောင်တောင်တောင်နေလေ၏။

၎င်း၏ မျက်နှာမှာ ပိန်ချုံးလျက် အရင်က မောင်ဖေမဟုတ်၊ လျှင်မြန် ထက်မြက်သောအကြံဉာဏ် ဝီရိယ အရှိန် တန်ခိုးတွေ တက်၍နေသော စိုပြည်ခံ့ညား အသက်ဓာတ်လွှန်အားကော[illegible]သော မောင်ဖေမဟုတ်၊ မောင်ဖေ၏ အရိပ်ပမာ ဘဝခြားနား တစ်ပါးသော မောင်ဖေနှင့်တူလေ၏။ ၎င်းနားထင်မှာ ကြပ်လျက် ပိန်ချုံးခြင်းကြောင့် ပိုမို၍ ပြူးသည်ဟု မှတ်ထင်သော မျက်လုံးမှာ လူ၏ မျက်လုံးနှင့် မတူ အသိဉာဏ်မရှိသော ဇီးကွက်၏မျက်လုံးနှင့်တူလေ၏။ ၎င်း၏ ခြေလက်များမှာ







သွေးကြောတွေ ကြွမြောက် ခြေသလုံးသားမှာ ပျားသလက်လို တွဲပျား၍နေလေ၏။

ခင်မောင်ကို မြင်သောအခါ အသက်မရှိ အသေလိုနေသော မျက်လုံးများသည် မသိမသာ လှုပ်၍လာပြီး ခင်မောင်ကို အတန်ကလေး စိုက်ကာကြည့်ပြီး ရှေ့နား၌ရှိသော ကြိမ်ကုလားထိုင်ကို ကြည့်ကာ ဦးခေါင်းကို ညိတ်သလို ပြုလိုက်လေ၏။

ခင်မောင်လည်း ၎င်း၏မျက်နှာကို ကြင်နာသောမျက်နှာထားနှင့်ကြည့်ကာ ထိုင်လေ၏။ မောင်ဖေသည်ကား ခင်မောင်ထံက သတင်းတစ်ခုခုကို ကြားရလေမလားဟု မျှော်လင့်စွာကြည့်သော အမူအရာရှိလေ၏။

ထိုကဲ့သို့ အတန်ကြာ ကြည့်နေပြီးနောက် ပါးစပ်ကို ဖွင့်ဟကာ ကိုယ်ခန္ဓာအတွင်း ဝေးလံသောနေရာ ချောင်တစ်ခုမှ ထွက်လာဟန်ရှိသောအသံဖြင့် . . .

"သတင်း ကြားရတယ်မဟုတ်လား"

ဟုမေးလေ၏။

ခင်မောင်သည် ဦးခေါင်းကို ညိတ်ကာ စကားပြန်၍ မပြောဘဲနေလေ၏။ အကြောင်းမူကား ထိုကဲ့သို့သော အခြေအနေမျိုး၌ စကားမပြောဘဲ နေခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု ခင်မောင်တွေးမိလေ၏။ မောင်ဖေက စကားဆက်ကာ . . .

"သတင်းကြားသလား"

ဟုမေးလေ၏။

ခင်မောင်သည် ဦးခေါင်းကို မော်၍ ခါပြီး . . .

"ကျွန်တော်လည်း ဒီရောက်မှ သိရတာပဲ၊ အခု ဘယ်လိုကြံသလဲ ပုလိပ်ကို မတိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"တိုင်ထားတာပဲ . . . ပုလိပ်လည်း ဘာမှတတ်နိုင်ပုံ မပေါ်ဘူး"

"ပုလိပ်ကိုချည်း လွှဲထားလို့လည်း မကိုက်ဘူး၊ ကိုယ်တိုင်လည်း ဂရုစိုက်ပြီး စုံထောက်ရှာကြံမှ နေရာကျမယ်၊ ကျွန်တော်လည်း ကြိုးစားပါဦးမယ်၊ ကြိုးစားဆို ဒီအနီးအနားမှာတော့ ရှိမယ် မထင်ဘူး၊ ရန်ကုန်မြို့ကိုများ ရောက်နေလား မသိဘူး၊ ကျွန်တော် ရန်ကုန်ကို ချက်ချင်းပြန်ပြီး စုံစမ်းပါ့မယ် . . ကျွန်တော် ရှာရရင် တွေ့လိမ့်မယ်လို့ ထင်တာပဲ"

ဟုအားရှိအောင် ပြောလေ၏။ မောင်ဖေ၏မျက်လုံးများသည် ကျယ်သလိုလိုဖြစ်၍လာလေ၏။

ခင်မောင် ထိုကဲ့သို့ ပြောသည်မှာ မိမိ၏ အိပ်မက်အရ တွေ့ရလိမ့်မည်ဟု အဟုတ် တကယ် . . ကိုးစားခြင်းကြောင့် တစ်ကြောင်း အောင်ကဲနှင့် အတူတကွ မိမိကို မမြလိုက်၍ရှာလေသလားဟူ၍လည်း တွေးမိခြင်းကြောင့် တစ်ကြောင်းဖြစ်လေ၏။

ခင်မောင်သည် စကားစမိပြီးနောက် ဆက်ကာအားပေး ပြောဆိုလေ၏။ ယခုချက်ချင်း ရန်ကုန် ပြန်ရောက်ချင်သော စိတ်ပေါ်ပေါက်ထက်သန်၍ လာလေ၏။

ထိုကဲ့သို့ စကားပြော၍ နေကြစဉ် အောက်မှ "ပို့စ်မင်း"ဟု အော်လိုက်သောအသံကို ကြားရလေ၏။

ခင်မောင်သည် ထိုအသံကို ကြားလျှင် ကြားချင်း မမြဆီက စာများလားဟု တွေးကာ ဝေါက်ခနဲ ခေါင်းထောင်ပြီး ထိုင်ရာမှ ထ၍ အိမ်အောက်သို့ဆင်းသွားလေ၏။ မောင်ဖေနှင့် ဒေါ်စာဥမှာမူ ထိုကဲ့သို့ လှုပ်ရှားခြင်း မဖြစ်ချေ၊ အကြောင်းမူကား နေ့စဉ် စာပို့ကုလား လာသော်လည်း မမြထံမှ စာမပါသဖြင့် ထိုနေ့ စာပို့ကုလား လာသော်လည်း အားပါးမရှိ ဖြစ်လေ၏။

ခင်မောင်သည် ကုလားထံမှ ရသောစာကို တစ်စောင်ပြီး





တစ်စောင် တုန်လှုပ်သော လက်များနှင့် ကိုင်တွယ်ကြည့်ရှုလေရာ စာတစ်စောင်၌ တွေ့ရှိရသော မမြ၏ လက်ရေးသည် ခင်မောင်၏ စိတ်နှလုံး၌ မျှော်လင့်ခြင်း ဓာတ်မီးကိုနှိပ်လိုက်သော ဆွဲစ်သော့ကဲ့သို့ ဖြစ်၍ သွားလေသတည်း။

ခင်မောင်သည် စာအိတ်၏တံဆိပ်များကို သေချာစွာကြည့်လေရာ ရန်ကုန်မြို့တံဆိပ်ကို တွေ့ရှိရပြန်လေရာ တစ်ဖန် မျှော်လင့်ခြင်း တံခါးသည် ပွင့်လင်း၍ သွားပြန်လေ၏။ စိတ်အား ထက်သန်စွာ စာကို ဖောက်၍ ကြည့်လေရာ အောက်ပါစာကိုတွေ့ရလျှင် ခင်မောင်၏ ရင်ထဲ၌ အားတက်ခြင်း၏ ဒီလှိုင်းအဟုန်တို့သည် ရိုက်ခတ်ထကြွ၍ လာလေသတည်း။

ဖေဖေ . . .

ကျွန်မ ချမ်းချမ်းသာသာ ကျန်းမာစွာရှိနေပါသည်။ ကိုအောင်ကဲသည် လွန်စွာသစ္စာရှိပါ၏။ ကျွန်မ ကိုကိုကို မတွေ့ရသမျှ ပြန်၍မလာပါ၊ မြို့အုပ်ကို ယူရမှာစိုးသောကြောင့် ရှောင်၍နေခြင်းမျှ ဖြစ်ပါသည်။

ယခုမှ စာပေးသည့်အတွက် ဖေဖေစိတ်ဆိုးရင် ခံရမှာပဲ၊ ကျွန်မ မချစ်မနှစ်သက် သူနဲ့ အတင်းပေးစားဖို့ ဖေဖေကြံစည်ခြင်းကြောင့် ဖေဖေ့ကို စိတ်နာပြီး စာမပေးဘဲနေမိပါသည်၊ ယခုမှာ စိတ်မနာနိုင်တော့ပါ၊ ဖေဖေ့ကို အများကြီးအောက်မေ့လှသဖြင့် စိတ်ပူနေမှာ စိုးသည့်အတွက် ဤစာကို ရေးလိုက်ပါသည်။

ကိုကို့ကို နောက် လေးငါးရက်ကြာလို့မှ မတွေ့ရင် ပြန်၍လာပါမည် . . . မြို့အုပ်နဲ့ အတင်းပေးစားဖို့ စိတ်ရှိသေးရင် နောက်တစ်ကြိမ် ထွက်၍ မပြေးတော့ပါ . . ချောင်း[illegible] ခုန်



www.burmeseclassic.com

www.burmeseclassic.com



ချပြီး သေပါတော့မည်။

ယခုလည်း ကျွန်မ တမင်သက်သက် ကိုအောင်ထဲနှင့် ထွက်ပြေးတာမဟုတ်ပါဘူး၊ ကိုအောင်ကဲက ကျွန်မ အသက်ကို ကယ်သူဖြစ်ပါသည်။ နောက်မှ အကုန် ဖေဖေ သိရပါလိမ့်မည်။

ခင်မောင်သည် ထိုစာ၏ နောက်ပိုင်းကို ထပ်ခါ ထပ်ခါ ဖတ်လေ၏။ "ကိုအောင်ကဲ သူ့အသက်ကို ဘယ်ပုံကယ်ပါလိမ့်မလဲ . . တမင် အောင်ကဲနှင့် ထွက်၍ပြေးတာမဟုတ်ပါဆိုတာ ဘယ်လိုပုံ ဖြစ်ပါလဲ. . အောင်ကဲ သူ့ကို အတင်းခေါ်ပြီး သွားသလား သို့မဟုတ် အောင်ကဲတို့ မမြကြ ခေါ်၍သွားတာလား၊ ငါ့ကိုရှာတာတော့ အမှန်ပဲ . . စာထဲကရှာဖို့ထွက်တာပဲ . . ဧကန် အောင်ကဲကို အဖော်ခေါ်ပြီး ငါ့ကိုရှာဖို့ ထွက်သွားတာနဲ့တူတာပဲ . . ငါ ဒီစာကို သူ့အဖေအား ပြ၍တော်ပါ့မလား . . . ပြလျှင် ငါ့ကို ရှာဖို့ရန် ထွက်သွားကြောင်း သိလိမ့်မယ်၊ သိရင် ငါ့အတွက်ကြောင့် ယခုလို ဖြစ်တာပဲလို့ဆိုပြီး ငါ့ကို တစ်နည်းနည်းနဲ့ မုန်းလေမလား . . **မပြောလျှင် အတော်ကြာကြာဆက်လက်ပြီး စိတ်ပူ**၍နေတော့မည်၊ **မုန်း**ချင်လည်း မုန်းပေ့စေ . . သူ့မှာ ပူတဲ့မီးဟာ သက်သာရာပဲ ရစေတော့ . . . ဤစာကို ငါပြမည်" ဟု စိတ်အကြံပြုလိုက်လေ၏။

ထိုကဲ့သို့ အကြံပြုခြင်း၌ အတော်ကလေး စိတ်ကျေနပ်ခြင်းဖြစ်ရသော အကြောင်းတစ်ခုမှာ မိမိတို့၏အချစ်ကို မတရားခွဲကာ မမြ မချစ်မနှစ်သက်သော မြို့အုပ်နှင့် ပေးစားဖို့ ကြံမိသည့်အတွက် ယခုလိုဖြစ်ရပါတကား ဟူသော သတိရခြင်းဖြင့် မောင်ဖေမှာ မိမိ၏ အမှားအတွက် နောင်တရဖို့ ရှိသည်ဟူသော အချက်တစ်ခုဖြစ်လေ၏။

ထိုအကြံဖြင့် ခင်မောင်သည် အိမ်ပေါ်သို့ လှေကားကို သုံးထစ်





ကျော်နင်း၍ တက်ခဲ့လေရာ ခဏချင်းတွင် မောင်ဖေ၏ထံသို့ရောက်လာပြီးလျှင်မမြ၏ စာကို မောင်ဖေအားပေးလေ၏။ အခြား စာများကိုကား တုလားထိုင် လက်ရန်းပေါ်တွင် တင်၍ ထားလိုက်လေ၏။

မောင်ဖေသည် စာကို ဖတ်လိုက်သောအခါ မျက်နှာမှာ လင်းလျက် သေရာမှ ရှင်၍ လာသကဲ့သို့ ဖြစ်၍ သွားလေ၏။

"သူ မစုံမက်သူနဲ့ မဖြစ်စေရပါဘူးဗျာ၊ ဒီမြို့အုပ်ဟာလည်း သူ့ဇာတိတွေကို အကုန်ပြလို့ သိရပါပြီ . . အစက ဒီလောက်တောင် မုန်းမုန်းသိရင် အတင်းအဓမ္မမတော်တာ ဖြစ်ပါ့မလား ခင်ဗျာ . . ကိုင်း ဒေါ်စာဥ ကြံစမ်းပါဦး . . ဘယ်မှာ နေတယ် . . ဘယ်ပုံနေထိုင်တယ်ဆိုတာ သိရအောင် မကြံနိုင်ကြတော့ဘူးလား ခင်ဗျာ . . ကြံကြပါဦး. . မိုက်လိုက်တဲ့ သမီးနှယ်ခင်ဗျာ . . လုပ်ရက်ပါပေရဲ့၊ ဘယ်မှာ ဘယ်ပုံနေတယ်ဆိုတာ စာထဲမှာ ထည့်မရေးဘူး . . ကျုပ်ကို စိတ်နာလို့တဲ့ ဒေါ်စာဥရဲ့ . . စိတ်နာလောက်အောင် ကျုပ်က လုပ်ထားမိတာကိုး . . တော်ပါပေရဲ့ဗျာ . . တော်ပါပေရဲ့"

ဒေါ်စာဥလည်း များစွာ အားတက်လေ၏။

"ဒင်း ရန်ကုန်မှာ ရှိရင် တွေ့ရမှာပဲ . . မောင်ခင်မောင် ရှာရင် တွေ့မှာပဲ . . ရန်ကုန်မြို့အကြောင်းကို မောင်ခင်မောင်ထက် သိဖို့လူ မရှိပါဘူး။ ကြာကြာနေလို့ မဖြစ်ဘူး . . မြန်မြန် ရန်ကုန်ကို သွားကြမှ တော်မယ်"

ခင်မောင် "ရန်ကုန်ကနေပြီး ရေးတဲ့စာပဲ . . ကျုပ် ရှာရင်တော့ အမှန်တွေ့မယ်လို့ ထင်တာပဲ . . ရန်ကုန်မြို့မှာ ကျုပ်မသိတဲ့နေရာ မရှိဘူး . . . ယနေ့မီးရထားနဲ့ လိုက်မှ တော်မယ်"

ချိန့်သော မောင်ဖေသည် သန်မာ၍လာလျက် ကုလားထိုင်မှထကာ ကျယ်သောအခန်းထဲ၌ အပြန်အလှန် လမ်းလျှောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်စာဥက . .

"ဒီလောက်တောင်လည်း မလှုပ်ရှားနဲ့ဦး မောင်ဖေ . . မတွေ့မီ အားကုန်ပြီး လဲတော့မှ ခက်မှာ . . အစားအသောက်ကလေးများတို့ ဝင်အောင်စားဦး . . ငှက်သိုက်ကလေးကြောင့် အခုလိုနေနိုင်ပေတာ"

ဟုပြောပြီး ငှက်သိုက် ပြင်ရန် ထ၍ သွားလေ၏။

ခင်မောင်သည် အားပင်ပေးရသော်လည်း ရန်ကုန်မြို့ အရှုပ်အယှက်တွေအကြောင်းကို ကောင်းစွာ သိသူဖြစ်သဖြင့် ကြောင့်ကြပူပင်ခြင်းသည် ပိုမိုလွှမ်းမိုး၍ လာလေရာ စာကိုထပ်ခါ ထပ်ခါ ဖတ်ရင်း တစ်ချက် တစ်ချက် ငေးစိုက်ခါ ဟွေးတောမိသည်ကို မောင်ဖေသတိထားမိလေ၏။ သို့ သတိထားမိသောအခါ၌ တက်ကြွ၍ လာသော စိတ်အားမှာ တစ်ဖန်ပျော့နဲ့ ယိမ်းယိုင်၍ သွားပြန်လေ၏။ အကြောင်းမူကား ရန်ကုန်မြို့မှာ ရှိကြောင်း သိရခြင်းသည် စိုးရိမ်မကင်း ဖွယ်ရာ ဖြစ်သည်ကို တွေးတောပြန်လေသတည်း။

ဒေါ်စာဥသည်လည်း ငှက်သိုက်ကို ယူ၍ လာရာ၌ အပြင်အပမှုအရာမှာ များစွာ အားတက်ဟန်ရှိသော်လည်း စိတ်၌ကား များစွာလေးလံခြင်းဖြစ်လေ၏။ မောင်ဖေအားငယ်မှာ စိုးသောကြောင့်သာ အားရှိအောင် ဟန်ဆောင်ရလေ၏။ အကြောင်းမူကား ရန်ကုန်မြို့ကို နဂိုကပင် တောရိုင်းကြီးပမာ စိတ်၌ အမြဲသဖြင့် အယူရှိခဲ့သူဖြစ်လေ၏။ ထိုနေ့၌ပင် ရန်ကုန်သို့သွားရန် ပြင်ဆင်ကြလေသတည်း။

❁ ❁ ❁

## အခန်း (၁၅)

ရွှေတိဂုံဘုရားပေါ်က ဈေးသည်မကြီးသည် မမြနှင့် ရက်အနည်းငယ် အတွင်းမှာပင် များစွာ အကျွမ်းဝင်လျက် ရင်းနှီး၍ လာလေ၏။ မမြမှာကား မိမိအပေါ်၌ အပြင် အပ ကြင်နာခြင်းကို သိမြင်ရသဖြင့် ငယ်ရွယ်သော သူတို့၏ စိတ်အတိုင်း ကိုးစား ယုံကြည်ကာ ခိုကိုးရာမဲ့သလို ဖြစ်၍နေသော အခြေအနေ၌ အားတက်သလို ဖြစ်၍လာလေ၏။

ဥပုသ်သည် အဒေါ်ကြီးကလည်း မိမိကိုယ်တိုင်က ရိုးသားသဖြင့် ကိုယ်ချင်းစာကာ မိမိနှင့် ရွယ်တူမျှဖြစ်သော ဈေးသည်မကြီး အပေါ်၌ တစ်စုံတစ်ရာ မကောင်းထင်ခြင်းမရှိ . . မမြကို ဂရုစိုက်သည့်အတွက် ဝမ်းမြောက် ဝမ်းသာဖြစ်ကာ မိမိပါ ထိုမိန်းမကြီးကို ခင်မင်လျက် တစ်စ တစ်စ ပိုမို အကျွမ်းဝင်၍ လာလေသတည်း။

ဈေးသည်မကြီးသည် ရှေးဦး ပထမ မမြကို အမဲဟူ၍ အစစ်အမှန် သဘောထားလေ၏။ သို့သော်လည်း မမြ၏ ရိုးသားခြင်း ချစ်ဖွယ်သနားဖွယ် ကောင်းခြင်းကို တစ်နေ့တခြားပိုမိုသိရသောအခါ ရက်စက်စွာ

www.burmeseclassic.com

www.burmeseclassic.com



ကြံစည်လိုသောစိတ်သည် ဆုတ်ယုတ်၍ လာစပြုလေ၏။ ထိုမိန်းမကြီး၏ စိတ်၌အကောင်းနှင့် အဆိုးသည် လွန်ဆွဲ၍ နေလေသတည်း။

မမြ၏ လှပ ယဉ်ကျေးခြင်းသည် ၎င်း၏စိတ်၌ ရတနာ အစိုးထိုက်တန် ဖြစ်လေ၏။ မမြ၏ လှပသော မျက်လုံးများသည် ရတနာမျက်ရွဲအစစ်များဖြစ်ကြ၏။ သာယာချစ်ဖွယ်ကောင်းသောအသံသည် ရွှေသံ ငွေသံဖြစ်လေ၏။ ငွေကြေး ရှားပါး အနေအစား ကျပ်တည်းကျဉ်းမြောင်းသော ရန်ကုန်မြို့ကြီး၌ ထိုကဲ့သို့သော ငွေရလမ်းကို ငြင်းပယ်ခုခံနိုင်ရန် များစွာ ခက်ခဲလေ၏။

ထို့အပြင် ၎င်းကို ငွေပေး၍ ခိုင်းသော လူဆိုးများ အပေါ်၌ ဂတိပျက်ကာ ၎င်းတို့၏ ငွေကို စားသုံးမိပြီးနောက် ဖောက်ပြန် တော်လှန်ခြင်းပြုချေက အဘယ်မျှလောက် ကြောက်မက်ဖွယ်သော ဘေးဒဏ်နှင့် တွေ့ရမည်ဟူသော ရဲတနာ ဥစ္စာသိုက်ကို မတူးဘဲ မနေနိုင်လောက်အောင် ဖြစ်၍ နေလေသတည်း။

သို့ဖြစ်ရာတွင် တစ်ခါ တစ်ခါ၌ကား ငါ့ သမီးကလေးများ ဖြစ်ချေက ငါကြံသလို အကြံခံရ၍ ပျက်စီးခြင်း ဘေးနှင့်တွေ့ရာရလျှင် အဘယ်မျှလောက် ရင်ကွဲဖွယ်ရာ ဖြစ်ခြိမ့်မည့် အကြောင်းကို မတွေးဘဲ မနေနိုင်ချေ။ တွေးမိသည့် အခါ၌ကား လောဘကို အသနား လွှမ်းကာ ငါ အဘယ်ပုံ ကြံရပါမည်နည်းဟု တွေးတောမိလေ၏။

ယခုကဲ့သို့ ကြန့်ကြာ၍ နေသည်ကိုပင် လူဆိုးများက မရပ်နိုင်အောင်ဖြစ်ကြလေ၍ ထိုလူဆိုးကမူကား . . "ခင်ဗျားကြီး သတိထားနော်ကျွန်တော်တို့အပေါ်မှာ တစ်ပတ်ရိုက်ရင် ဟောသည် ဓားကိုသာ ကြည့်ထား" ဟု တစ်ထွာခန့် အသွားရှိသော ဓားမြှောင်ကို ပြလေ၏။ သို့ဖြစ်သောကြောင့် ဈေးသည်မကြီး၏စိတ်၌ မမြအပေါ်၌ အကြင်နာဝင်သည့်အခါတိုင်း လက်ပြောင်တောက်ပ အသွေးကို သောက်နေကျဖြစ်သော ဓားမြှောင် သွေးသောက်ကြီးကို မျက်စိထဲ၌ ထင်ရ မြင်ရလေ၏။





တစ်နေ့သ၌ ဆိုင်တွင် မမြနှင့် ဈေးသည်မကြီး စကားပြော၍ နေရာ အသက် ၅၀ ခန့်ရှိသော ခံ့ညားသော ယောက်ျားကြီးတစ်ယောက် စောင်းတန်းမှ တက်၍ လာလေ၏။

ဈေးသည် ။ "ဪ . . ပွဲစားကြီး မာတော်မူပါရဲ့လား၊ ဘုရားဖူးလာသလား . ."

ခံ့ညား သားနားသော ယောက်ျားကြီးသည် လှပသော မမြကို မြင်သောအခါ မျက်လုံးနှစ်လုံးသည် ပြူး၍နေသဖြင့် မိန်းမကြီး၏ နှုတ်ဆက်စကားကို မကြားမိဘဲနေလေ၏။

ဈေးသည်မကြီးလည်း ပြုံးစနဲ့နဲ့နှင့် အကဲခတ်ကာနေပြီး . .

"ဘုရားဖူး လာသလား ပွဲစားကြီးရဲ့ . ."

ဟု ထပ်ခါ ထပ်ခါ မေးလိုက်ပြန်လေ၏။

ထိုအခါကျမှ ပွဲစားကြီးသည် သတိရပြီး မိန်းမကြီးကို မော့ကြည့်ခါ . .

"ဟုတ်ကဲ့ . . ဟုတ်ကဲ့၊ ဘုရားမရောက်တာ ကြာတာနဲ့ ခင်ဗျာ"

"ဘာရောက်မလဲ ပွဲစားကြီးရဲ့ . . ပွဲစားကြီးက အလုပ်များတာကိုး . . ဘုရား လာလို့လည်း ပွဲစားကြီး အလုပ်မပျက်နိုင်ပါဘူး၊ ဘယ်မှာမဆို ပွဲစားကြီးတို့တော့ အလုပ်လုပ်နိုင်တာပါ"

ပွဲစားကြီးသည် ဆိုင်နားသို့ ရောက်၍လာလေ၏။ အလွန် နူးညံ့ပျော့ပျောင်းသော ပိုးအကျီ ပိုးလုံချည် ခေါင်းပေါင်းတို့၏ အရောင်အဆင်းတို့ကို မမြ မြင်ရသောအခါ အရှယ်နှင့် နှိုင်းယှဉ်ကာ လွန်စွာအံ့အားသင့်လျက် ရီးသားသော မျက်နှာထားနှင့် ပွဲစားကြီးကို ကြည့်လေ၏။ သို့ ကြည့်ခိုက်တွင် ပြင်းထန်သော ရေမွှေးနံ့ကို ရသောအခါ မမြမှာ ထိတ်လန့်သလိုဖြစ်၍ သွားလေ၏။

အကြောင်းမူကား ဤယောက်ျားကြီးသည် မိမိ ကြားဖူးသော ရန်ကုန်သား သက်ကြီး ရွယ်ကြီး ဘိုကေ အပျော်သမားကြီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပဲဟု တွေးမိလေ၏။ ယောကျ်ားကြီးသည်ကား နဂိုက ပြည့်စုံဝလင်သူ တစ်ယောက်ဖြစ်လေရာ ဆိုင်၌ရှိသော လက်သုပ် ချင်းသုပ် စားစရာတို့ အတွက် သွားရည်မကျ၊ မမြအတွက် သွားရည်ကျသော မျက်နှာထား မျိုးနှင့် ကြည့်လေရာ မမြမှာ တိုး၍ထိတ်လန့်ပြီးလျှင် ဆိုင်ရှင်မိန်းမကြီး နောက်နားသို့ ရွေ့ကာထိုင်ပြီး အခြားကို ကြည့်၍နေလေ၏။

ပွဲစားကြီးသည်ကား စည်းစိမ်ဥစ္စာနှင့် လွန်စွာ ပြည့်စုံသူဖြစ်လေရာ ကုသိုလ်ကောင်းမှု ဆည်းပူးခြင်း၊ အပျော်အပါးလိုက်စားခြင်း အလုပ် နှစ်ခုသာ ရှိလေ၏။

ထိုနှစ်ခု၌ အပျော်အပါးလိုက်စားခြင်းမှာ ဤဘဝ၌ လတ်တလော ခံစားရသော ကုသိုလ် အကျိုးဆက်ဖြစ်သည်ဟု အယူရှိသဖြင့် ထိုကုသိုလ် အကျိုးဆက်ကို မပြတ်စေဘဲ နောင်တမလွန် ဘဝရောက်ရာအဖြစ်၌ ဆက်ကာ ခံစားလို၍သာ လှူခြင်း တန်းခြင်း ရဟန်း သံဃာတော်မြတ် များကို မကြာမကြာ ဆွမ်းကျွေးခြင်း၊ ဆင်းရဲသူတို့ကို ကျွေးမွေး ပေးကမ်း ခြင်း စသည် အလုပ်တို့ဖြင့် ထောက်ပံ့ခြင်းကို အမြဲပြုသူဖြစ်လေ၏။ စင်စစ်မှာကား လောကီအပျော်အပါး စည်းစိမ်ပင်ကြီးကို မလဲမပြို မပျက်မစီး ဘဝအဆက်ဆက် ကြွံခိုင်စေခြင်း အလို့ငှာ အဆိုပါ ကောင်း မှုတို့ဖြင့် အမြဲရေလောင်းခြင်း မြေတောင် မြှောက်ခြင်းကို ပြုလေ၏။

"ဒီကလေးမကို အရင် မမြင်ဖူးပါလား . . ဘာတော်သလဲ"

တည်ကြည် ခံ့ညားသောအသံနှင့် မေးလေ၏။

"ကျွန်မ တူမကလေးပါ ပွဲစားကြီးရဲ့ . . . ဪကတော်ကြီး မာပါ ရဲ့လား . ."

"မာတယ်လို့ မရှိပါဘူးဗျာ . . တစ်နေ့ရွေ့ တစ်နေ့ငွေ့ဆိုတာလို ကြာတော့လည်း မတတ်နိုင်ဘူး"

"ပွဲစားကြီးကလည်း ဂရုစိုက်မှပေါ့ ရှင့်၊ ပွဲစားကြီးက တခြား အလုပ်ထဲမှာချည်း လူရော စိတ်ရော ရောက်နေတယ် ထင်ပါရဲ့"





"အင်း . . . အခုမှ မမာတာ မဟုတ်၊ နှစ်လတာဟာ အတော် ကြာလာမှကိုး . . သည်တော့လည်း တတ်နိုင်ဘူး၊ ကိုယ်က နားလည်တာ မှမဟုတ်ဘဲကိုး . . သည်တော့ အမြဲဆရာဝန်နဲ့ ဆရာမနဲ့ပဲ ထားရ တော့တာပဲ၊ ကိုယ်တတ်နိုင်တာကတော့ စားချင်တာစားရဖို့၊ ခေါ်ချင်တဲ့ ဆရာကို ခေါ်နိုင်ဖို့ ကြိုးစားရတာပဲ . . . ကြည့်မယ့် ရှုမယ့်လူတော့ မနည်းဘူး၊ ဒါနဲ့မှ မရရင်လည်း သူ့ကုသိုလ်ပေါ့လေ . ."

"ပွဲကတော်ကို ကြည့်ဖို့ ရှုဖို့ ကူညီဖို့အတွက် အရေးအကြောင်း ရှိရင် ပြောတာပေါ့ . . ဒီက တူမကလေးလည်း ရှိပါတယ်"

"အင်း . . အိမ်မှာတော့ လူများပါတယ်၊ ဒါထက် ပန်းလိုက်တာ . . . မတက်ဖူးလို့ ထင်ပါရဲ့"

ဟု ဆိုကာ . .

"တစ်ပုလင်း သောက်ရင်း အမောဖြေဦးမှ ထင်ပါရဲ့ . ."

ဟု ပြောခါ နေရာကိုကြည့်လေရာ မိန်းမကြီးက ဆိုင်ခုတင်ပေါ် ၌ ဖျာများခင်းပေးပြီး ထိုင်ရန်ပြောလေ၏။ ထို့နောက် မမြအား ကွမ်း ဆေး လက်ဖက် ချင်းသုပ်ပြင်ရန် ပြောပြီး ဆိုတာတစ်ပုလင်းကို ဖြေး၍ ယူလေ၏။

ပွဲစားကြီးလည်း ဆိုတာကို သောက်ရင်း အမောအပန်းဖြေလျက် ဆက်လက်စကားပြောနေလေ၏။ ၎င်း၏အမူအရာ မျက်နှာထားသည် ကား အဝတ်အစားနှင့် လိုက်လျောညီစွာ ရွှင်လန်းနုပျိုလျက် ငယ်ရွယ် သူ ကောလိပ်ကျောင်းသား ကာလသားတို့၏ အမူအရာ သာသာကြီး ရှိလေ၏။

သို့ စကားပြောဆိုရာ၌ မမြကို များစွာ အလေးဂရုပြုဟန်ရှိလေ သည်။ ထို ဂရုစိုက်ခြင်းသည်ကား သမင် ဒရယ် ချေငယ် စိုင် ဆတ်တို့ ကို ဝံပုလွေ သားရဲတို့ ဂရုစိုက်သောနည်းနှင့် တူလှသဖြင့် ၎င်း၏ အမူ့ အသက်၊ ၎င်း၏ အသံစကား၊ ၎င်း၏ မျက်နှာထားတို့သည် မမြ၏ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲ၌ ကြောက်မက်ဖွယ်ရာကြီး ဖြစ်၍နေလေ၏။ ကိလေသာ အချစ်၏ ကြောက်မက်ဖွယ်သော အသွင်အပြင်တို့သည် မမြကဲ့သို့သော နုနယ်စင်ကြယ်သူတို့၏ မျက်စိရှေ့၌ ပရိယာယ် ဟန်အမူအရာတို့ဖြင့် ဖုံးလွှမ်း၍ မရ အတွင်းသားပေါ်ပေါက်အောင် ထင်ရှားတတ်လေသတည်း။

"ပွဲကတော် မကျန်းမာတာ တော်တော်ကြာလှပါပကော"

ဟု ဈေးသည်မကြီးက မမြကို လျှင်မြန်စွာကြည့်ပြီး ပွဲစားကြီးဘက်သို့ လှည့်ကာ ပြောလိုက်လေ၏။ ပွဲစားကြီးသည် ဆိုတာ ဖန်ခွက်ကိုကိုင်ကာ ငေးလျက် ခဏကလေးမျှစဉ်းစားသလို လုပ်ပြီး ထက်သန်သောမျက်လုံးအရှိန်ကို မမြဘက်သို့ လွှတ်ကာ . . .

"အင်း နှစ်နှစ်ကျော် သုံးနှစ် နီးနီးရှိပေါ့ . . ယခုတော့လက်လျှော့ရတော့မလို ဖြစ်နေတာပဲ၊ သားမယား မကျန်းမာပြီဆိုမှဖြင့် အင်မတန် ဒုက္ခရောက်တာပဲ . . ရှိသမျှ အမိုင်းအစေများလည်း လူပမာကို ဂရုစိုက်ရတာနဲ့ အချိန်ကုန်တာပဲ"

"ဒီလိုဖြင့် ပွဲစားကြီး ဂရုစိုက်မယ့် လူ မရှိဘူးပေါ့"

ဟု ခေါင်းငုံ့၍နေသော မမြကို ကြည့်ကာ မိန်းမကြီးက ပြန်ပြောလေ၏။

"အင်း . . . ယခုတော့ ဒီလိုကျနေတာပဲ"

ဈေးသည် မိန်းမကြီးသည် ဆေးလိပ်ကိုဖွာလျက် အတန်ငယ်စဉ်းစား၍နေလေ၏။ မိမိ၌ တွေ့ကြုံ၍နေသော အခက်အခဲမှ လွတ်ဖို့ရန် နည်းလမ်းကို ရှာကြံတွေးတောမိလေ၏။ ထိုအခက်အခဲသည်ကား မမြကို လူဆိုးများ လက်သို့လည်း မအပ်လို . . မအပ်ဘဲနေပြန်ပါက မိမိမှာ ဒုက္ခဖြစ်ရမည်ဖြစ်သော အခက်အခဲဖြစ်လေရာ ပွဲစားကြီးကဲ့သို့သော တန်ခိုးကြီးသော ပုဂ္ဂိုလ်တစ်ယောက်ကို အားကိုးရလျှင် အခက်အခဲမှလွတ်မြောက်ဖွယ်ရာ နည်းလမ်းရှိသည်ဟု ကိုယ်စားပြုလေ၏။ အကြောင်းကို ဆိုသော် မမြသည် ပွဲစားကြီးလက်သို့ရောက်လျှင် အငယ်





အနှောင်းပင်ဖြစ်စေကာမူ မြင့်ရာသို့ ရောက်ကာ စည်းစိမ်ချမ်းသာနှင့် နေရမည်ဖြစ်လေရာ မမြမှာ ချမ်းသာရာရ . . မိမိမှာလည်း ကြီးပွားဖို့လမ်းရှိလေ၏။

သို့ဖြစ်လေရာ ပွဲစားကြီးကို လုံးလုံးလျားလျား အားကိုးပြုရန် စိတ်အကြံပြုလေသတည်း။

မမြသည်ကား ဈေးသည်မိန်းမကြီး၏ စိတ်၌ အဘယ်ပုံကြံစည်နေသည်ကို အနည်းငယ်ရိပ်မိသဖြင့် ဆက်လက်ကာ နားမထောင်လိုသောကြောင့် . . .

"အဒေါ် ကျွန်မ သွားဦးမယ်"

ဟုပြော၍ ထမည်အပြုတွင် မိန်းမကြီးက . .

"နေပါဦး တူမကြီးရဲ့ . . . သွားတော့မလို့လား၊ တော်တော်ကြာမှ အဒေါ်လိုက်ပို့ပါမယ် . . တူမကြီး မသိဘူးနော်၊ တူမကြီးမှာ ရန်သူတွေများနေတယ်"

ဟု ပြောသဖြင့် မမြသည် ထိတ်လန့်ကာ ၎င်း၏ မျက်နှာကို မျက်လုံးပြူးလျက် ထိုင်၍ ကြည့်ကာနေရလေ၏။

ပွဲစားကြီးသည်ကား အံ့အားသင့်သော အမူအရာဖြင့် မမြနှင့် မိန်းမကြီးကို တစ်လှည့်စီ ကြည့်ပြီး . . .

"အင့်ဟင် ဘယ်လို ရန်သူများလဲ . . ဒီကလေးမက ဘယ်မှာနေသလဲ၊ ခင်ဗျားနဲ့ အတူတူနေတယ် မဟုတ်လား၊ ဘယ်လို ရန်သူများမို့လဲ"

မိန်းမကြီးသည် မမြနေသော ဇရပ်နှင့် တကွ အကြောင်းအားလုံးအစုံကို ပွဲစားကြီးအားပြန်၍ ပြောပြလေ၏။ စကားအဆုံး၌ ပွဲစားကြီးက ပေါ့ပေါ့ဆဆ အမူအရာနှင့် . .

"ကြောက်စရာ မရှိပါဘူးဗျာ . . ကျုပ်တို့ ရှိပါသေးတယ်"

ဟု ပြောပြီး မမြ ဘက်သို့ ကြည့်ကာ"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးမ . . ဘာမှ အားမငယ်နဲ့ဟဲ့ . . . ဘကြီးရှိတယ်၊ ဘကြီးခြံထဲကို တစ်ခါတလေ လာလည်တာပေါ့၊ နို့ ဒီလိုနေလို့ မဖြစ်ဘူး၊ တူမတွေ့ချင်တဲ့လူကို မတွေ့မချင်း ဘကြီးခြံထဲမှာ နေချင်ရင် လာနေတာပေါ့ . . အိမ်အကျယ်ကြီးပါ၊ ဘယ်သူမှ လာပြီး အနှောင့်အယှက်မပေးဝံ့ပါဘူး"

စသည်ဖြင့် ပြောလေ၏။

မမြက မိန်းမကြီးကို ကြည့်ကာ . .

"ကျွန်မတော့ အိမ်ကိုသာ ပြန်ချင်တော့တာပဲ အဒေါ်ရယ် . . ရှာလို့ တွေ့တော့မှာ မဟုတ်တော့ပါဘူး။

ဒီလိုလည်း စိတ်မလျှော့ပါနဲ့ တူမကြီးရဲ့ . . တွေ့ပါတော့မယ်၊ အဒေါ် သတင်းအစအန ကြားရပါပြီ . . အလွန်ဆုံး လေး ငါးရက်ပါ"

မမြသည် စကား ပြန်၍မပြောဘဲ ခေါင်းငုံ့လျက် ဖျာစကလေး တစ်ခုကို ချိုးဖွဲ့၍နေလေ၏။ ပွဲစားကြီးကလည်း . . .

"ဘကြီးလည်း ကူညီ စုံထောက်ပေးပါ့မယ် . . ဘကြီးမှာ လက်အောက်ငယ်သား အများကြီးရှိပါတယ်"

ထိုအခိုက်တွင် လူတစ်ယောက်တက်၍ လာလေ၏။ မမြနှင့် ဆိုင်ရှင်မိန်းမကြီးသည် ၎င်းလူကို ထိတ်လန့်သော လက္ခဏာနှင့် ကြည့်ကြလေ၏။ ၎င်းလူကလည်း ၎င်းတို့ကို မျက်တောင်မခတ်ဘဲ ကြည့်ပြီး ဆိုင်နားသို့ ကပ်၍ လာသောအခါ ပြုံးလျက် . . .

"ဘယ့်နှယ် အဒေါ်"

ဟုပြောပြီး ပွဲစားကြီးကို မြင်သောအခါ . .

"ဩော် . . ပွဲစားကြီးပါကလား၊ မာတော်မူရဲ့လား"

ဟုမေးရင်း စီးကရက်ကို ဖွာလေ၏။

"မာပါရဲ့ မောင်၊ အခု ဘယ်မှာ အလုပ်လုပ်သလဲ . . ဘယ်မှာနေသလဲ"





"အခုတော့ ကျွန်တော်လည်း ပွဲစားကလေး ဘာကလေးဖြစ်နေတာပဲ၊ အလုပ်အကိုင်များက နေရာ မကျပါဘူး ပွဲစားကြီးရယ် . . . ပွဲစားကြီးက အရင် အဝယ်တော်အဖြစ်နဲ့ ကျွန်တော့်ကို ပုသိမ်ဘက်လွှတ်မလိုလိုပြောပြီး အခုတော့ ဘာသံမှ မကြားရဘူး"

ဟုပြောလေ၏။

"မောင်က လာမှ မလာဘဲကိုး . . . ဘိုးဘနဲ့ ထွန်းဖေကို လွှတ်လိုက်ရတယ် . . မောင့်ကို သာပြီး သုံးချင်တာပေါ့၊ သို့သော်လည်း ကျဖို့လမ်းရှိပါသေးတယ်၊ တစ်ခါ တစ်ခါလည်း လှည့်လာမှပေါ့"

"ကျေးဇူးပါပဲ ပွဲစားကြီးရယ်၊ ကိုင်း . . . ကျွန်တော် သွားဦးမယ်၊ ကိုင်း . . . အဒေါ် သွားဦးမယ်၊ ဩော် . . ဒါထက် ကြီးကြီးက အဒေါ်ကို တွေ့ချင်လို့တဲ့၊ မနက်ဖြန် နံနက်ကို ဆက်ဆက်လာပါလို့ မှာလိုက်တယ်၊ ဒါလည်း ပြောရင်း ကျွန်တော်လျှောက်လာတာပဲ . . ဆက်ဆက်အဒေါ်"

"အေး . . မောင် အဒေါ်လာခဲ့မယ်၊ စိတ်ချနေပါလို့သာ ပြောလိုက်ပါ . . နေရာကျပါစေ့မယ်"

"ဒီလိုဖြင့် ပြီးတာပဲ အဒေါ် . . . ပေါ့နေတယ်လို့ ကြီးကြီးက ထင်နေတယ် . . အဒေါ့်ကိုအများကြီး အားထားတာပဲ၊ အဒေါ်က လွဲရင် ဘယ်သူ့ကိုမှ မယုံဘူးတဲ့၊ အားလုံး ငွေလေး ငါးရာဖိုး အလုပ်ပဲ . . အခုအခါမှာ နည်းတာမဟုတ်ဘူး"

"အေးကွယ် . . ကိစ္စကလေးတွေက မရှင်းနိုင်သေးလို့ပါ၊ အဒေါ်လာပါ့မယ် . . အဒေါ် မလိမ်ပါဘူး"

"မနက်ဖြန်နော် . . . ဆက်ဆက်"

"နေပါဦး . . သန်ဘက်ခါ သန်ဘက်ခါ စိတ်သာချ နေပါစေ"

"ဒါတော့ အဒေါ့် အကျိုး စီးပွားအတွက်ပါ . . ကျွန်တော် သွားဦးမယ်"

မမြသည်ကား ဇရပ်ပေါ်သို့ မိုးခိုရောက်၍ လာသောမျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိသဖြင့် အလိုလိုကြောက်ရွံ့၍ နေလေသတည်း။

ဇရင်းလူ ထွက်၍ သွားပြီးနောက် အတန်ကြာသောအခါ ပွဲစားကြီးလည်း ဘုရားပေါ်သို့ တက်သွားလေ၏။ မိန်းမကြီးလည်း မမြတို့လက်တို့ကာ . . .

ကိုင်း . . တူမကြီး ပြန်ချင်ရင် အဒေါ်ပို့ရင်း လိုက်ခဲ့မယ်"

ဟုပြောပြီး သုံးယောက်သား ထွက်သွားကြလေရာ မမြက ရှေ့ကသွားလေ၏။ မိန်းမကြီးနှင့် ပွဲစားကြီးက နောက်ကလိုက်လေ၏။

မိန်းမကြီး ။ "သူတို့ လူစုပဲ . . . ပွဲစားကြီးမို့ ပြောရမယ်၊ အခုကျွန်မမှာ အတော်ခက်နေတယ်၊ ကလေးမ ကလေးကိုလည်း သနားတယ်၊ ပွဲစားကြီးမကယ်ရင် ကလေးမကလေး သူတို့လက်ထဲကို ရောက်ရတော့မှာပဲ၊ ကျွန်မလည်း စကားလွန်နေတယ် . . . ခုတင်က ပြောသွားတဲ့ စကားတွေကို ပွဲစားကြီး ရိပ်မိရဲ့ မဟုတ်လား"

"ဩော် . . . ဒါကိုး၊ သူ့ကြီးကြီးဆိုတာ အလကားပေါ့၊ အခုအကောင်တွေ ဘယ်မှာနေသလဲ"

"ဟိုအုရင် မကောင်းဂဲ မိန်းမတွေနေတဲ့ လမ်းထဲမှာ"

"၃၄-လမ်းလား၊ ဘယ်ဘလောက်ကလဲ"

"အထက်ပိုင်းမှာ နံပါတ်(    )တဲ့၊ အခုတော့ ဒီလမ်းဟာ အရင်ကလောက် ထင်ထင်ရှားရှား . . ဟိုတုန်းကလို မဟုတ်တော့ပါဘူး"

"သိပြီ သိပြီ . . ဘာမှ မပူနဲ့၊ ကောင်မကလေးကိုသာ ပျော်အောင်ထား . . . ခြံထဲကိုသာ ခေါ်ခဲ့ပါလေ . . သာပြီး စိတ်ချတာပေါ့၊ လိုက်ပါ့မလား . . ခြံထဲရောက်ရင် တော်ပြီ၊ ရောက်ပြီး နောက် နေရာကျဖို့ အရေးတော့ ကျုပ်ဘာသာကျုပ် စီမံနိုင်ပါတယ်"

"ပွဲစားကြီး အဟုတ်အတည် ကြံမှာဖြစ် ကျွန်မခေါ်ခဲ့မယ်၊ နေရာကျမှာပဲ . . အင်မတန် သနားစရာကောင်းလို့ ကျွန်မပြောတာပါ၊ ဒီအကောင်တွေနဲ့ ဖြစ်သွားမှာ ကျွန်မ သိပ်စိုးရိမ်တာပဲ"





"အတည်ပေါ့ဗျာ . . . စိတ်ချပါ၊ ခြံကိုသာ အရောက်ခေါ်ခဲ့ပါ၊ ခင်းတို့ အရွယ်ဆိုတာ လက်ဝတ်လက်စား အထည်အလိပ်နဲ့ မျှားရင် သိကြားသမီးမခံနိုင်ပါဘူး၊ ကျုပ် အဟုတ်တစ်သောင်းဖိုး ကုန်အောင် ဆင်မယ်၊ အိမ်ကဟာမကြီးတော့ မကြာမီ သေမှာပဲ၊ ခင်ဗျားလည်း ဈေးရောင်းနေဖို့မလိုပါဘူး၊ သူနဲ့ အဖော်အထိန်း အစောင့်အရှောက်လိုလိုက်ပြီး နေတာပေါ့ဗျာ၊ တစ်သက်မဆင်းရဲရပါဘူး"

"ဒီလိုဖြင့် ဝမ်းသာစရာပေါ့ ပွဲစားကြီးရယ် . . အားလုံး ကောင်းဖို့ ဒီအကောင်တွေက ကျွန်မကို ရန်ရှာမှာပဲ . . သူတို့ငွေနည်းနည်းပါးပါး လည်း သုံးထားမိတယ်၊ ကျွန်မကို သတ်လိမ့်မယ်"

"မကြောက်ပါနဲ့လေ၊ ခင်ဗျားကို မသတ်မီ သူတို့အားလုံး လူဆိုးများ ပို့ထားတဲ့ ပေါက်ခေါင်းကို ရောက်အောင်လုပ်ပြရမလား၊ ဝန်ထောက် (    )ကို ပြောလိုက်ရင် ပြီးတာပဲ"

"ဒီလို အားကိုးရမယ်ဆိုရင် ကျွန်မဆောင်ရွက်ပေးပါ့မယ် . . . ဒါထက် ပွဲစားကြီးရဲ့ ကျွန်မ ငွေတစ်ရာလောက် အရေးကြီးနေတယ်၊ ဘယ်မှ ရှာလို့လည်းမရဘူး . . . အိမ်လည်းပြန်ချင်တယ်၊ အခွန်အတွက် ပူနေတယ်"

ပွဲစားကြီးသည် မိန်းမကြီးကို မျက်လုံးပြူးလျက် ကြည့်ပြီး . . .

"ငွေတစ်ရာ များလှချည့်လား"

"ကျွန်မ အတွက်တော့ များတာပေါ့ . . ပွဲစားကြီးတို့မှာတော့ တစ်ညသုံး မရှိပါဘူး"

ပွဲစားကြီးသည် သားရေအိတ်ကို ထုတ်ကာ ငွေစက္ကူများကို ထုတ်ပြီး . . .

ငါးဆယ်ယူဦး . . . ဟိုနေ့ကျတော့ ရပါတယ်၊ အခု ဒါပဲပါသေးတယ်"

ဟုပြောပြီး ပေးလေ၏။ မိန်းမကြီးက . . .



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးပါပဲ ကျပ်လွှန်းလို့ ပြောရတာပါ ပွဲစားကြီးရယ် . . အခုပြောတဲ့ အလုပ်အတွက် တောင်းတယ်လို့ မအောက်မေ့ပါနဲ့ . . ပွဲစားကြီးတော့ . . . ဘယ်အခါမဆို အားကိုးရမယ့် မောင်ကြီးတစ်ယောက်လို သဘောထားလို့ ပြောရဲတာပါ"

သို့ပြောရင်း တောင်ဘက်စောင်းတန်းမှ ဆင်းပြီး မမြကို မိန်းမကြီးသည် ဇရပ်သို့ ပို့လေ၏။ ပွဲစားကြီးလည်း တက္ကစီတစ်စင်းနှင့် ထွက်သွားလေသတည်း။

× × ×

ခင်မောင်နှင့် မောင်ဖေသည် ညနေဘက်တွင် လန်ခြားတစ်စင်းနှင့် ရန်ကုန်မြို့ အနောက်ပိုင်းဘက်သို့ ရောက်သွားကြလေ၏။

၎င်းတို့၏ စိတ်၌ မမြနှင့် အောင်ကဲကို တစ်နေရာရာ၌ မြင်နိုးနိုး မှတ်ထင်မျှော်ကိုးကာ လူစုလူဝေးမြင်တိုင်း ကြည့်ကြလေ၏။ ခင်မောင်၏ စိတ်ထဲ၌ကား မမြအထုပ်ကလေးကို ပိုက်ကာ ပျာပျာလောင်လောင်နှင့် ကပိုကရို သွားသည်ကိုမြင်ရလေမလား၊ မြင်းရထား မော်တော်ကားများပေါ်၌ ယောကျ်ား ကာလသား အပျော်သမားများနှင့် တဖားဖားနှင့် ပျော်ပါး၍သွားသည်ကို မြင်ရလေမလားဟု အောက်မေ့ကာ ရထားမြင်တိုင်း မော်တော်ကား မြင်တိုင်း ကြည့်လေ၏။

တစ်ခုသော နေရာ . . လမ်းမတော်ရပ်ကွက်သို့ ရောက်သောအခါ လမ်းထိပ်တစ်ခုတွင် စုဝေး၍နေကြသော လူစုကိုမြင်လေရာ နှစ်ယောက်စလုံး ထိတ်လန့်တကြား တစ်ယောက်ကို တစ်ယောက်လက်နှင့် လှုပ်ဆိုင်ကာ စိတ်အားထက်သန်စွာ မျှော်၍ ကြည့်ကြလေ၏။ မမြမှာ မော်တော်ကားတိုက်လို့ ဆံပင်တွေ ဖိုးယိုးဖားရားနှင့် လဲနေသည်ကို မြင်ရလေမလား သို့မဟုတ် ယောကျ်ားတစ်ယောက်ယောက်က အတင်းဘလက္ကာယ မဟားတရား ဆွဲငင်ရုန်းကန်နေသည်ကို မြင်ရလေမလားစသည်ဖြင့် ထင်ချင်တိုင်းထင် တွေးကြလေ၏။





ခင်မောင်သည် လန်ခြားကုလားကို အမြန်သွားအောင် မောင်းနှင်လေရာ လူစုနားသို့ရောက်၍ ဆင်းပြီး တိုးဝင်ကြည့်ကြလေလျှင် ပုလိပ်သားများနှင့် ဝိုင်းအုံ တွဲထူ ကူမ၍ နေသော သွေးသံရဲရဲနှင့် လူတစ်ယောက်ကို မြင်ကြရလေ၏။

၎င်းလူ၏ မျက်နှာမှာ ပေရေလျက် ရုပ်မပေါ် အသေလိုဖြစ်၍ နေလေ၏။ ခင်မောင်နှင့် မောင်ဖေသည် ၎င်းကို သေချာစွာ ကြည့်ကြလေရာ အံ့အားသင့်ကြလေ၏။

ခင်မောင်သည် ပြေးဝင် မထူ ကူမရင်း . . .

"ဟော . . ဟော အောင်ကဲ . . . အောင်ကဲ . . ဘယ့်နှယ် နေသလဲ၊ အောင်ကဲ့ . . . အောင်ကဲ"

ဟု ထပ်ခါ ထပ်ခါ ခေါ်လေ၏။ သို့ခေါ်သောအခါ မျက်နှာပုံကောင်းစွာမှ မပေါ်သောအောင်ကဲသည် မျက်လုံးကို လှန်၍ကြည့်ပြီး နှုတ်ခမ်းကို လှုပ်ကာ ခင်မောင်၏ လက်ကိုကိုင်ဆုပ်လေ၏။ ခင်မောင်သည် နားကပ်၍ထောင်လေ၏။

"မမြ . . . မမြ ရွှေတိဂုံ ဘုရား . . ဇရပ် . . ဇရပ်"

ဟုပြောပြီး ဦးခေါင်းကို ငိုက်ဆိုက်ချလိုက်လေ၏။

ခင်မောင်သည် ထပ်၍ ခေါ်လေ၏။ တစ်ဖန် မျက်လုံးကို ဖွင့်ပြီး ခင်မောင်၏ လက်ကို တိုး၍ မြဲမြံစွာ ဆုပ်ကိုင်လျက် ခင်မောင်၏ မျက်နှာကို သေခါနီးသော ခွေးလိမ္မာသည် သခင်ကို ချစ်ခင်စွာ ကြည့်သလို မျက်လုံး လည်လည်နှင့် ကြည့်လေ၏။ ပါးစပ်ကို လှုပ်ပြန်လေ၏။ ခင်မောင်သည် နားကပ်၍ထောင်၏။

"ဘုရား . . . ဘုရား . . . မမြ . . ဇရပ် . . ဇရပ် . . ."

ဟုပြောပြီး ပါးစပ်ကို ဟလိုက်ပြီး ခင်မောင်၏ ရင်ခွင်တွင် ပျော့ခွေ၍ ကျသွားလေသတည်း။

ခင်မောင်သည် အလောင်းကို ပုလိပ်လက်သို့လွှဲ. . နာမည်



www.burmeseclassic.com

www.burmeseclassic.com



နေရပ်ကို ပြောပြလေ၏။ မကြာမီ တိုက်မိသော ကားပေါ်သို့ တင်ကြပြီး မောင်းနှင်၍ သွားကြလေ၏။

ခင်မောင်၏ စိတ်သည် ဝမ်းနည်းခြင်းနှင့် ဝမ်းမြောက်ခြင်း၊ ပူပင်ခြင်း လှိုင်းတို့၏ စပ်ကြား၌ လှေငယ်ကလေးပမာ လှုပ်ရှားလျက် မောင်ဖေထံပြေးပြီး . . .

"မမြကို တွေ့မယ် . . "

ဟု ပြောပြီး မြင်းရထား တစ်စင်းကိုခေါ်ကာ နှစ်ယောက်တက်ပြီး အမြန်ကြီး အမောင်းခိုင်းလေ၏။ လူအများတို့သည်လည်း ခင်မောင်နှင့် မောင်ဖေ၏ ထူးခြားသော လှုပ်ရှားပုံကို ဝိုင်းအုံ၍ ကြည့်ကြပြန်လေ၏။ မြင်းရထားသည် အမြန်ကြီး ထွက်သွားလေသတည်း။

မြင်းရထားပေါ်၌ ခင်မောင်သည် အောင်ကဲထံမှ ကြားရသော စကားအတိုင်း မောင်ဖေအား ပြော၍ပြလေ၏။ မောင်ဖေမှာ အားတက်လျက် မြင်းရထားကို မြန်မြန်မောင်းရန် ကုလားအား အော်၍ပြောလေ၏။

ဘုရားခြေရင်းသို့ ရောက်သောအခါ ရှိသမျှသော ဇရပ်များကို လိုက်၍ မေးလေရာ မမြတည်းသောဇရပ်သို့ ရောက်ကြလေ၏။ ဥပုသ်သည်မကြီးအား ခင်မောင်က မမြပုံသဏ္ဌာန်ကိုပြောပြ၍ မေးလေ၏။

"ဟုတ်ပါတယ် မောင် ဟုတ်ပါတယ် . . ထိုင်ကြပါဦးလား၊ မကြာသေးဘူး . . . မော်တော်ကားနဲ့ ထွက်သွားတာ"

ဟု ပြောလေ၏။

ခင်မောင် ။ "ဘယ်သူ့ မော်တော်ကားနဲ့လဲ"

"ရှပ်ရှင် ကြည့်ဖို့ပြောတာပဲ"

ဘယ်သူနဲ့ သွားသလဲ . . ဘယ်သူ့ မော်တော်ကားလဲ"

ဟု ခင်မောင်သည် ကြီးစွာသော ကြောင့်ကြခြင်းနှင့် မေးလေ၏။ အကြောင်းမူကား မော်တော်ကားနှင့် သွားသည်ဟူသော စကားကို မခံမရပ်နိုင်ဖြစ်လေ၏။





"အသိမိတ်ဆွေ တစ်ယောက်ပါ . . . ဘုရားပေါ်ကပဲ"

"ယောကျ်ားလား . . . မိန်းမလား"

"ယောကျ်ားမပါဘူး၊ လက်ဖက် ချင်းသုပ်ရောင်းတဲ့ အသိမိန်းမ တစ်ယောက်နဲ့သွားတာပဲ"

"လက်ဖက် ချင်းသုပ်သည်က မော်တော်ကား ရှိသလား"

ဟု သာလွန် စိုးရိမ်စွာ မေးလေ၏။

"တက္ကစီပေါ့ မောင်ရယ် . . . ကိုယ်ပိုင်တော့ ဘယ်ဟုတ်မလဲ၊ ကလေးမက စရိတ်ခံတယ် ထင်ပါရဲ့"

ခင်မောင်သည် ဦးခေါင်းကို ကုတ်လေ၏။

"ခက်နေပါပြီ၊ အဒေါ် ဒီမိန်းမကို သိသလား"

"သိပါတယ် ကောင်းကောင်းမွန်မွန်ပါ . . သူ အရပ်ကို ပြန်တော့မယ်လို့ ပြောတယ်၊ ပြန်ခါနီးမို့ လွတ်လွတ်လပ်လပ် ထင်ပါရဲ့ . . . အရင်ကတစ်ခါမှ ဒီလိုမသွားဖူးဘူး"

"ရှပ်ရှင်ကိုပဲတဲ့လား . . "

"ရှပ်ရှင်လိုလို . . ပွဲစားကြီး ဘယ်သူ့ခြံလိုလိုလည်း ပြောတာပဲ၊ သေသေချာချာ မသိရဘူး . . ထိုင်ကြပါဦးလားလေ . . မကြာမီ ပြန်လာမှာပေါ့ . . တခြားမှာ မအိပ်ပါဘူး"

"အဲဒါက ခက်တာပဲ . . ကိုင်း . . ဘယ်နှယ့် လုပ်မလဲ"

ဟု ခင်မောင်က များစွာ မျက်နှာပျက်၍ နေသော မောင်ဖေကို ကြည့်ကာ ပြောလေ၏။

မောင်ဖေမှာ . . အားတက်သမျှသည် ဒီရေလို လျှောကျလျက် မျက်နှာမှာ လူမမာကြီးလိုဖြစ်၍ သွားပြီး မတ်တတ်မှ မရပ်နိုင်တော့ သဖြင့် ဖျာပေါ်၌ ထိုင်ချကာ သက်မကြီးချပြီး . . .

"ဘယ့်နှယ် လုပ်မလဲ . . ဘယ်လိုရှာမလဲ"

ဟုစိတ်ပျက်သော အမူအရာနှင့် ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်မှာ မောင်ဖေထက် စိတ်ပျက်လေ၏။ အရူးလို ဖြစ်၍လာလေ၏။ မော်တော်ကား ခြံပွဲစားဟု တွေးကာ ခါးထောက်လျက် ဦးခေါင်းငိုက်ဆိုက် ချလိုက်လေ၏။ နှုတ်ခမ်းကိုကိုက် . . . မျက်မှောင်ကုတ်ကာ စဉ်းစားခန်း ထုတ်လေ၏။

"ကိုင်း . . . ဘယ့်နှယ်လုပ်မလဲ၊ ကျုပ်တော့ ဒီလိုမနေဘူး၊ မရမကရှာမှာပဲ၊ ကိုဖေ လိုက်နိုင်မှာ မဟုတ်ဘူး . . . ဘယ်မှာ စောင့်မလဲ"

"ကျုပ်တော့ မလိုက်နိုင်ဘူး ထင်တာပဲ၊ ကျုပ် နောင်ကြီးအိမ်ကို သွားမယ်လေ၊ တွေ့သည်ဖြစ်စေ မတွေ့သည်ဖြစ်စေ၊ ခပ်မြန်မြန်တော့ ပြန်လာဦးမှပဲ"

"လာမယ်လေ . . ကျွန်တော့်မှာ တော်တော်လည်တဲ့ မိတ်ဆွေတွေရှိပါတယ် . . သွားလိုက်ဦးမယ်၊ ကိုဖေ ဘယ်မှာနေမလဲ . . "

ဟု လှုပ်ရှား ထက်သန်သော စိတ်နှင့် ပြောလေ၏။

မောင်ဖေသည် တအောင့်လောက် စဉ်းစားပြီး မိမိ၏ နောင်ကြီးဖြစ်သူ ဦးခင်ကို သတိရသဖြင့် ရန်ကုန်မြို့ အရှေ့ပိုင်း၌ရှိ ဦးခင်၏ နေရာ နေရပ် လိပ်စာနံပါတ်တို့ကို ခင်မောင်အား ပြောပြီး တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ မြန်မြန်ကြီးလာရန် မှာကြား ထွက်သွားလေ၏။ ခင်မောင်လည်း မိမိ၏ အခန်းအပေါ်ထပ်၌ နေသော အသိမိတ်ဆွေများကို အကူအညီခေါ်ရန် အသော့အလျင် ထွက်၍သွားလေ၏။

× × ×

ထိုအချိန်၌ ပွဲစားကြီးမှာ နေ့အချိန် ကုန်လွန်မည့်အရေးကို တွေးတောကာ နှေးလှစွာသော နေမင်းကို အတင်း ကလက်ကာယ ဖွဲ့ယမ်းကာ ကောင်းကင်မှ ဆွဲချချင်သလို ဖြစ်လေ၏။ မကျန်းမမာသော ပွဲကတော်ကြီးကိုလည်း များစွာ မျက်မုန်းကျိုးလေ၏။ အကြောင်းမူကား မိမိ၏ များစွာလှသော ခရီးလမ်းကိစ္စများ၌ ပွဲကတော်ကြီး၏ မကျန်းမာ





ခြင်းသည် ပိုမိုကြီးလေးသော အနှောင့်အယှက်ကြီးတစ်ခု ဖြစ်လေသတည်း။

ထိုနေ့ ညသည်ကား ပွဲစားကြီး၏ တစ်သက်၌ အထူးအမြတ်ဆုံးသောညဖြစ်လေ၏။ ထိုနေ့ ညသည် ပွဲစားကြီး၏ခြံကြီးကို နတ်ပြည်၏အဖြစ်သို့ ပြောင်းလဲခြင်းဖြစ်စေမည့် ထူးမြတ်သော ညဖြစ်လေသတည်း၊ အကြောင်းမူကား ၎င်း ခြံကြီးထဲသို့ ထိုနေ့ ညအချိန်၌ ဘုံကြိုးပြတ် နတ်ကညာကလေး တစ်ယောက် ကျရောက်ရမည်ဖြစ်သော ညထူး ညမြတ်ဖြစ်လေသတည်း။

မိမိ၏ တစ်ဘဝ၌ ထိုမျှလောက် အံ့ဖွယ်သော အခါ အခွင့်မျိုးကို တစ်ကြိမ်တစ်ခါမျှ မတွေ့မကြုံခဲ့ရချေ။ ပွဲစားကြီး၏ စည်းစိမ် ဥစ္စာ မြောက်မြားစွာတို့အနက် ထိုကဲ့သို့သော လမ်းဘက်ကို ဖ်ဲစိတ်အဝက်မျှမက လွန်မြောက် ကုန်ကျလေ၏။ သို့သော်လည်း ပွဲစားကြီး၏ ရတနာ ရွှေ ငွေတို့သည် ယခုည တွေ့ရမည်ဖြစ်သော ပြည်တန် ပတ္တမြား ရတနာမျိုးကိုကား တစ်ကြိမ် တစ်ခါပိုင်ဆိုင် ရရှိအောင် မတတ်နိုင်ခဲ့ချေ။ ဤနေ့ ညသည်ကား ဘွယ်သော ညကြီး တစ်ညဖြစ်လေသတည်း။ ပွဲစားကြီး၏ အသက်ကို တစ်ဝက်မျှ၍ချသော ညဖြစ်လေ၏။ အကြောင်းမူကား ပွဲစားကြီးသည် နုနယ်ပျိုမျစ် ၁၅ နှစ် အရွယ်သို့ ပြန်၍ရောက်စေနိုင်သော နတ်ရေကန်တွင်းသို့ သက်ဆင်းရတော့မည်ဖြစ်သော မင်္ဂလာရှိသော ညဖြစ်လေ၏။

သို့သောကြောင့် မကျန်းမာဖြစ်၍ နေရှာသော ပွဲကတော်အား အခါ တစ်ပါးနှင့်မတူ ချစ်ခင်ကြည်ဖြူစွာ ဂရုစိုက်လေ၏။ ပိန်ချုံး သွေ့ခြောက် ကျိုးခြေထောက်ကဲ့သို့ ဖြစ်၍နေသော ပွဲကတော်ကြီး၏ ခြေဖျားများကို ကိုယ်တိုင် လက်ဝါးနဲ့ ဆုပ်ကိုင်ကာ အိပ်ပျော်အောင် နှိပ်ဖော်ရ လေ၏။

မကျန်းမာသူ ပွဲကတော်ကြီးမှာကား အခါတစ်ပါးနှင့် မတူ မိမိ၏



www.burmeseclassic.com

www.burmeseclassic.com



ငယ်ယောကျ်ားပွဲစားကြီး၏ အမူအရာ ထူးခြားခြင်းကို သတိထားမိသော်လည်း စိတ်ထဲ၌ကား အခြား တစ်ပါးသော အကြောင်းအရာတို့ကို တွေးတောခြင်း မပြု . . အနုကြိုက်သော ပွဲစားကြီး၏ ဂရုစိုက်ပုံ လွဲမှားခြင်းကို သတိမထား မိန်းမတို့၏ ဓမ္မတာစိတ် အသွားအတိုင်း ဟိုရခေါင်ငယ်စဉ်က အနေအထိုင်တို့ကို ပြန်လှန်ဆင်ခြင်ကာ ခံစားရသော ဝေဒနာမှာ တစ်ဝက်သာသာကြီး လျော့၍သွားသည်ဟု စိတ်၌ မှတ်ထင်ရလေ၏။

သို့ နှိပ်နယ် ဂရုစိုက်နေခိုက် ပွဲစားကြီးက ပွဲကတော်ကြီးအား . .

"သြော် . . . ကိစ္စတစ်ခု အရေးကြီး နေပါတကား . . ယခုမှ သတိရတယ်၊ သွားဦးမှပဲ . . . ယနေ့ ဘယ့်နှယ်များ နေသေးသလဲ၊ နောက်ဆရာဝန်ဆေးဟာ ရောဂါနဲ့ တွေ့ရဲ့လား"

ဟု မေးလေ၏။

ပွဲကတော် ။ "သက်သာသလိုလိုတော့ ရှိတာပဲ . . ဘာကိစ္စများ ထူးသလဲ . . အရေးကြီးရင်လည်း သွားလေ၊ ကျွန်မ အတွက် အရေးမကြီးပါဘူး . . အိမ်မှာ ကြည့်မယ့် ရှုမယ့် လူတွေအများသားပဲ . . ."

ပွဲစားကြီး ။ "အေးကွယ် . . သွားဦးမှပဲ . . ဆေးကိုတော့ မပေါ့နဲ့ ကြိုးစားပြီး သောက်ပါကွယ်၊ မသွားလည်း မဖြစ်သေးဘူး ဟို စာချုပ်ကလေးဟာ လက်မှတ်မထိုးရင် လွတ်သွားလိမ့်မယ် . . သွားဦးမှပဲ . ."

ဟုပြောခါ ပွဲကတော်ကြီး၏ ခြေဖျားကို သိုးမွေးအစစ်ဖြင့် ပြီးသော သက္ကလပ်စောင်ကြီးနှင့် ထွေးထွေးနွေးနွေး ယုယပြုစုပြီး ထိုင်ရာမှ ထ၍ သွားလေ၏။

မိမိ၏ အခန်းထဲသို့ ရောက်သောအခါ ယနေ့အတွက် စပယ်ရှယ် ဝယ်လာသော ဖင်ဆီရှပ် ပန်းရောင် ခေါင်းပေါင်း ဖင်ဆီခြေအိတ် နောက်ပိတ် ချောကလက်ရောင် အနုဆုံးသော လုံချည် အင်္ကျီများကို ဝတ်ဆင်







ခါ ရှေ့မှန် နောက်မှန်ကြည့်၍ ကပိုကရို ကြာစကလေးများ လုပ်လေ၏။ ကလေးအမူ ဖြစ်အောင် အမွှေး အဖြူဟူသမျှ တို့ကို နှုတ်ခမ်း နားထင် တို့မှ နုတ်၍ ပစ်လေ၏။ အညို့ခုတ်ဆင်ဖို့ရာ တို့ပတ်ကို တင်လေ၏။ ထို့နောက် မဟုတ် မပါးမနပ်သူတို့အပေါ်၌ ကြွားနှပ်ခြင်းတစ်မျိုးဖြစ်သော ဥသဖရား နားကပ် စိန်ဘီး စိန်လက်ကောက် မိန်းမတို့ မက်တတ်သည့် လက်ဝတ်လက်စား ထိုနေ့၌ ဝယ်လာသမျှသော အရာများကို လှပသော သေတ္တာငယ်တစ်ခုမှ ထုတ်ကာ ကိုင်တွယ်ကြည့်ရှုလျက် မမြတည်းဟူသော နတ်ကညာကလေး၏ နှလုံးခံတပ်ကို တိုက်ခတ်ဖြိုဖျက်လက်နက်များကို ပြင်ဆင်လေ၏။ ၎င်းလှပသော ပစ္စည်းများကို လက်၌ကိုင်ကာ အရိပ် တကြည့်ကြည့်နေလေ၏။ ထိုအခိုက်တွင် အစေခံတစ်ယောက်ဝင်ရောက်၍ လာကာ လွန်နုပျို့စွာ ဆင်ယဉ်လျက်ရှိသော ပွဲစားကြီးကို မြင်သောအခါ အံ့အားသင့်၍ နေလေ၏။

"ကိုကို . . . တောက ဧည့်သည် တစ်ယောက် လာတယ်"

ပွဲစားကြီးသည် အစေခံထက် ပိုမိုအံ့အားသင့်လေ၏။ ၎င်း၏ မျက်နှာမှာ ကြည်လင် ငြိမ်သက်သော ရေကို မွှေနှောက်သလိုဖြစ်သွားလေ၏။

"ဘယ်က ဧည့်သည်လဲ . . . မေးလိုက်စမ်း၊ ဘာကိစ္စလဲ"

ဟုခက်ထန်သော အမူအရာနှင့် မေးလေ၏။

"တောက ဟသာ်တကလို့ပြောတယ်၊ အရေးကြီးလို့တဲ့ ကိုကိုရဲ့"

ပွဲစားကြီး၏ မျက်နှာသည် ကြည်လင်သော ကောင်းကင်၌ တိမ်ပုပ်တွေဆင်၍ သွားသလို ဖြစ်လေ၏။ နှုတ်ခမ်းကို ကိုက်၍ လက်၌ရှိသော ပစ္စည်းများကို လျှို့ဝှက်ရန် ကြိုးစားလေ၏။ ထိုအခိုက်တွင် ဧည့်သည်ကိုယ်တိုင် ဝင်ရောက်၍ လာပြီး၎င်းဧည့်သည်သည် စကားမပြောဘဲ ပက်လက်ကုလားထိုင်ပေါ်သို့ ထိုင်လှဲ၍ချလေ၏။

"ဟယ်လို . . ဒို့ မောင်ဖေ မင်းဘာဖြစ်လာတာလဲ၊ ဘာတုန်းတာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သလဲ . . ဘယ်ကလာသလဲ"

စသည်ဖြင့် ပျာယီးပျာယာမေးမြန်းရင်း အပါးသို့ ကပ်ကာ မောင်ဖေ၏ လက်ကို ကိုင်ဆွဲလေ၏။ မောင်ဖေသည် အားယူ၍ မိမိ၏ ကိုယ်ကို ထူ၍ထကာ . . .

"ကျွန်တော် ဒုက္ခရောက်လာတယ် . . . ကိုကြီး ကူညီမှပဲ"

ဟု အားငယ်သော မျက်နှာနှင့် ပွဲစားကြီးကို မော်ကြည့်ကာ ပြောလေ၏။

ပွဲစားကြီး ။ "ဘာ . . ဘာ ဘာ ဘယ့်နှယ်ဖြစ်တာလဲ၊ ဘာ- ဘယ်လို ဒုက္ခလဲ . . "

မောင်ဖေသည် ဖြစ်ပျက်သမျှ အကျိုးအကြောင်းကို အကုန် ပြော၍ ပြလေ၏။ ပွဲစားကြီးသည် စကားတစ်ခွန်းမှ မပြောဘဲ နားစိုက် ၍နေလေ၏။

"ကလေးမရဲ့ ပုံပန်းပြောစမ်းပါ၊ မမြတဲ့လား . . . ဒင်း ဒီလောက် တောင်ကြီးပလား . . "

ဟု မေးပြီး အများကြီးစဉ်းစား၍ နေလေ၏။ မောင်ဖေသည် မမြ၏အသက်ကို သေချာစွာပြော၍ ပြလေ၏။

ပွဲစားကြီးသည် နားထောင်၍ နေလေ၏။ မမြအတွက် ဝယ်၍ ထားသော ပစ္စည်း ရတနာ သေတ္တာကလေးသည် လက်ထဲမှကြမ်းပေါ် သို့ လွတ်၍ကျသွားလေ၏။ ၎င်း၏ လက်သို့ရောက်၍နေသော မိန်းက လေးသည် ငါ၏ တူမအရင်း ငါ၏ သမီးပေတက.. ဟူသောသိခြင်း သည် ဖိစီးလွှမ်းမိုး၍ လာလေသတည်း။

မည်သူမျှ မသိရသော ကိုယ်ပိုင်အရှက်ကြောင့် နုနယ်ပျိုမျစ်၍ နေဟန်ရှိသော မျက်နှာနှင့် လျှင်မြန်ထက်မြက်သော ကိုယ်ခန္ဓာသည် ရှုံ့တွ အိုမင်း ယိုယွင်းခြင်းတည်းဟူသော ဒုံရင်း မိမိ၏အဖြစ်သို့ ပြန် ပြောင်းဆိုက်ရောက်၍ သွားလေသတည်း။





ပေါင်း၍ထားသော ခေါင်းပေါင်းကို စားပွဲပေါ်၌ ဖြုတ်၍ ချလေ ပြီး စကားမပြောဘဲ မေးထောက်ကာ နေလေ၏။ "ရွှေတိဂုံဘုရား ဈေး သည်မကြီးနှင့် ချိန်း၍ ထားသဖြင့် ယနေ့ည မိမိ၏ ခြံကြီးထဲသို့ ရောက် ၍နေမည်ဖြစ်သော မိန်းမပျိုကလေးသည် တခြားသူမဟုတ် . . မိမိ၏ ရင်နှစ်သမီးနှင့်မခြား မိမိ၏ တူမသည်အရင်းကလေးပါ တကား" ဟု ဆင်ခြင်ကာ များစွာ ဝန်လေးခြင်း ဖြစ်၍နေလေ၏။

မမြ၏ ဖခင်ဖြစ်သော ဤညွှဲ့သည် မောင်ဖေသည် မိမိ၏ ညီ ရင်းဖြစ်၏။ မမြသည် ၎င်း ဦးကြီးခင်ကို စကတည်းက တွေ့လျှင် ဤမျှ လောက် ဒုက္ခများဖို့မရှိချေ။ ယခုကား အဘယ်ပုံ ပြော၍ ပြရမည်နည်း၊ အဘယ်ပုံ ပူပန်သော ဖခင်အား မမြသည် မိမိ၏ခြံထဲ၌ရှိသည်ဟု ပြော ၍ပြလျှင် အေးဖို့ရှိ၏။ သို့သော်လည်း မိမိ၏မမြတ်သော ရည်ရွယ်ခြင်း ကြောင့် မပြောရဲဘဲ နေလေ၏။

ထိုကဲ့သို့ မိမိ၏ ဆိုးသွမ်း လွန်ကြူး အပျော်နှင့် အမြယစ်မူးသော ဘဝအခြေအနေအကြောင်းကို ပြန်လှန်စဉ်းစားကာ "ငါ၌ စည်းစိမ်ဥစ္စာ ပြည့်စုံခြင်းသည် အကျိုးမဲ့ပေတကား။ ယခုကဲ့သို့ ဖြစ်ရခြင်းဟာ ငါ့အား သတိတရား ငါ၏ လွန်ကြူးပျော်ပါး လိုက်စားခြင်းများအတွက် နောင်တ ရအောင် နတ်များက နှိုးဆော်ခြင်း ဖြစ်လေသလား၊ ဗုဒ္ဓဘာသာအရ ပရဒါရကံမှ တစ်ပါး အခြားပျော်ပါးခြင်းများမှာ အပြစ်မရှိ ကျွေးနိုင် မွေးနိုင် ပေးကမ်းနိုင်လျှင် ပျော်နိုင်ခွင့် ရှိသော်လည်း အပျော်အတွက် ကုန်ကျမည့်အစား ငါကဲ့သို့သော သေခါနီး လူများကို ပေးကမ်းစွန့်ကြ ကောင်းမှု ကုသိုလ်ပြုခြင်းအထဲ၌ ငွေကြေးကို ကုန်ကျစေရမယ်ဆိုလျှင် ဘဝကူး အဘယ်မျှ လှမည့်အကြောင်းများ"ကို ဆက်လက်ကာ ဆင်ခြင် တွေးတောလေ၏။ သို့ တွေးတောရာ၌ မပနိုင်သော် အပျော်အပါးတို့ မုန်းထားသလို ဖြစ်လေ၏။

ထိုမှတစ်ဖန် မိမိ၏ ကိုယ်ကို မိမိမုန်းထားပြန်လေ၏။ အရွယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မလိုက် အကြိုက်ကို လိုက်စားခြင်းဟာ အဘယ်မျှလောက် ဆိုးသွမ်းယုတ်မာ ကြိုက်သလောက် လိုက်စား ချုပ်တည်းခြင်း သဘောတရားကို နားမလည်ခြင်းသည် ယောကျ်ားကောင်း မပီပါတကားဟု စဉ်းစားကာ အရှက်ရလေ၏။ သို့ဖြစ်သောကြောင့် နောင်အဘယ်အခါမျှ ဤကဲ့သို့သော အပျော်အပါးများကို မလိုက်စားတော့ဘူး၊ လိုက်စား၍မရ . . တူမကလေးသို့ ရောက်အောင် မှားခဲ့မှ သတိတရားမရခဲ့လျှင် ဘဝ အဆက်ဆက် အပျော်ဖျက်ကာ ဂလိန်ဂလက် အကျိုးမဲ့ သတ္တဝါကြီးသာ ဖြစ်ဖို့ ရှိပါပေတကား ဟူ၍ တရားကို ဆင်ခြင်ပြီး . . .

"အေး . . မောင်ဖေ မင်း ဘာမှ မပူနဲ့၊ ငါလည်း ဘယ်သူ ဘယ်ဝါရယ်လို့ မသိဘူး၊ ကလေးမတစ်ယောက်မှာ ရန်သူတွေ ဝိုင်းနေတယ် ကြားရလို့ သူနဲ့ အတူနေတဲ့ မိန်းမကြီးကို ခြံထဲခေါ်သွားပြီး ကြည့်ရှုထားဖို့ မှာထားလိုက်တာပဲ . . . ငါလည်း မတွေ့ရဘူး၊ ဒီလိုဖြင့် ခြံထဲ ရောက်နေတဲ့ ကလေးမဟာ မမြပဲနဲ့တူတယ် . . ."

ဟု ပြောလေ၏။

မောင်ဖေသည် ရုတ်တရက် ချက်ချင်း သန်မာ၍ လာလေ၏။

"လာပါ . . အစ်ကိုကြီးရဲ့၊ အမယ်လေး အစ်ကိုကြီးနှယ် . . ကျွန်တော့်သမီးကို မြင်လို့မှ မသိဘူးလား . ."

"ဟဲ့ . . မောင်ဖေ ဒင်း နို့စို့ကလေးတုန်းက တစ်ခါသာ ငါတွေ့ဖူးတာပဲ . . မင်း သမီး ဒီလို ဖြစ်လာလိမ့်မယ်လို့ ငါ့စိတ်မှာ တွေးမိတာမှမဟုတ်ဘဲ ကလားကွဲ့၊ သို့သော်လည်း စိတ်ချတော့ . . ယနေ့ ခြံထဲမှာ ရှိမှာပဲ၊ သူ့အဖော် မိန်းမကြီးက တစ်မျိုးတစ်မည်ကြံမှာ စိုးရတာပဲ . . ကိုင်း . . လာ မြန်မြန်သွားကြရအောင်"

ဟု ပြောပြီး မောင်ဖေ၏ လက်ကိုဆွဲကိုင် ထူမကာ နှစ်ယောက်သား အခန်းထဲမှ ထွက်လာပြီး ခြံသို့ ကားနှင့် သွားကြလေ၏။

× × ×





မမြသည် များစွာ ငြင်းဆန်လေ၏။ မမြ၏ စိတ်၌ ခင်မောင်ကို တွေ့တော့မည် မဟုတ်ဟု လုံးလုံးကြီး လျှော့၍ထားလေ၏။ သို့ဖြစ်သောကြောင့် အိမ်ကိုပြန်တော့မည်ဟု စိတ်အကြံဖြုပြီးလျှင် ထိုနေ့ ညနေ အချိန်၌ ဈေးသည်မကြီးက ရုပ်ရှင်ကြည့်ဖို့ရန် ခေါ်သောအခါ စိတ်မပါဘဲနေလေ၏။ သို့သော်လည်း မိမိ၏ တူရင်းဖြစ်သော ဒရိုင်ဘာကလေး တစ်ယောက်၏ တက္ကစီကားမှာ အခပေးရသော ကားမဟုတ်၊ မမြ စိတ်လက်ပျော်ပျော်ရွှင်ရွှင်ရှိအောင် ၎င်းကားနှင့် လည်ပတ်ဖို့ရန် အတန်တန် ပြောလှသဖြင့် မငြင်းဆန်နိုင်ဘဲ လိုက်ပါ၍လာခဲ့ခြင်းဖြစ်လေ၏။

ဈေးသည်မိန်းမကြီးသည် ထိုနေ့၌ အကြီးဆုံးသော စွန့်စားခြင်းကို ပြုရလေ၏။ မမြကို လူဆိုးများ၏ လက်သို့ မအပ်၊ ပွဲစားကြီး ကတော်ဖြစ်အောင် ကြံဆောင်ဖို့ စိတ်ကူးခြင်းဖြစ်လေ၏။ သို့ဖြစ်၍ ရုပ်ရှင်သို့သွားရန်ဟု လီစယ်ကာ တက္ကစီတစ်စင်းနှင့်မမြကို တင်ဆောင်၍ မြို့ပြင်ဘက်သို့ သွားလေ၏။ အမြကြံစည်လျက်နေကြသော မကောင်းဆိုးဝါး လူသစ်ကျားတို့သည်ကား မိန်းမကြီး၏ ဖောက်လွဲဖောက်ပြန် တစ်မျိုး တစ်မည်ကြံစည်ခြင်းကို ရိပ်မိကြသဖြင့် အချက်ကို အမြဲ စောင့်စား၍ နေရာ ထိုအခါသည် ထိုအခွင့်ကို ဖန်တီးလေသတည်း။

သို့ဖြစ်သောကြောင့် ပြည်လမ်းကြီး၌ နောက်နားတွင် လိုက်ပါ၍လာသော မော်တော်ကားသည် ဘေးချင်းတိုက် ယှဉ်ရောက်နေလေ၏၊ ထိုအခါသည်ကား နေဝင်ရီတရောအချိန်ဖြစ်လေ၏။ လူဆိုးများသည် မမြနှင့် မိန်းမကြီးစီး၍လာသော ကားပေါ်သို့ လွယ်ကူစွာ ရောက်ရှိကြလေ၏။ မမြနှင့် မိန်းမကြီးသည် အဘယ်မျှပင် ခုခံသော်လည်း အားချင်းမမျှ ခုခံ၍မရ လူရော ကားရောကို လူဆိုးများအား အပိုင်အပ်နှင်းရသကဲ့သို့ ဖြစ်လေ၏။

ကားမောင်းသမား ဒရိုင်ဘာကို လူဆိုးများသည် လက်[illegible] ခြိမ်းခြောက်ကာ ကားပေါ်မှ နှင်ချကြလေ၏။ လူဆိုးများသည် [illegible]



www.burmeseclassic.com

www.burmeseclassic.com



သိသောအခါ မိန်းမကြီးအား ကြိမ်းမောင်းဆဲရေးကြလေ၏။ မမြသည်ကား တစ်စုံတစ်ရာကိုမျှ မသိသဖြင့် အကြောက်ကြီးကြောက်လေ၏။ လူဆိုးများသည်ကား မိန်းမကြီး၏ မရိုးသားခြင်း အတွက် ဒေါသအမျက်ထွက်ကာ အသက်ကို ရန်ရှာလိုသော အမူအရာကိုပြကြလေ၏။

ဈေးသည် မိန်းမကြီး၏စိတ်၌ လွန်ခဲ့သော ရက်အနည်းငယ်အတွင်း အလောင်းစင် ခေါင်းတလားတို့ကို ထင်မြင်၍ နေခဲ့လေ၏။ သို့ပင် ထင်မြင်ခဲ့သော်လည်း အမှတ်မဲ့ နေခဲ့လေ၏။ ယခုကား လူဆိုးများ၏ လက်၌ဝင်းပြောင် တောက်ပသော ဓားမြှောင်များကို မြင်ရကာမှ မိမိ၏ ထင်မြင်ခြင်းတို့ကို ပြန်၍ သတိရလေ၏။

လူဆိုးများသည် မမြနှင့် မိန်းမကြီး၏ ပါးစပ်များကို အဝတ်များနှင့် စီးပိတ်ကာ မအော်နိုင်အောင် အတင်းအကြပ်နှောင်ဖွဲ့ကာ ခေါ်ဆောင်ခဲ့ကြလေ၏။

လူဆိုးခေါင်းဆောင် ဖြစ်သူက မိန်းမကြီးအား . . .

"ခင်ဗျား သစ္စာဖောက်တဲ့အတွက် ဆုလာဘ် ကောင်းကောင်း ပေးရမှာပဲ"

ဟု ဓားမြှောင်ကိုပြကာ ရယ်မောပြောဆိုလေ၏။ အနည်းငယ်မျှသော ခုခံ ငြင်းဆန် ရုန်းကန်ခြင်းများကိုသာ ပြုနိုင်ကြလေသတည်း။

ထိုအခိုက်တွင် ခင်မောင်သည် မိမိ၏ အခန်းထဲ၌ တစ်ကိုယ်တည်း အကြံထုတ်၍နေလေ၏။ မိမိ၏ အသိများ၏အခန်းကို သွား၍ကြည့်သောအခါ သော့ခလောက်ကိုတွေ့သဖြင့် ၎င်းတို့ပြန်လာမှ မေးမြန်းတိုင်ပင်ကာ အကူအညီကို ကောင်းဖို့ရန် စောင့်စားနေခြင်းဖြစ်လေ၏။

ထိုအခိုက်တွင် လှေကား၌ ခြေသံများကို ကြားရသဖြင့် ထွက်၍ကြည့်သောအခါ မိန်းမနှစ်ယောက်ကို ယောကျ်ားသုံးယောက်က အတင်းဆွဲတင်၍ လာသည်ကို မြင်ရသဖြင့် အံ့အားသင့်၍နေလေ၏။ ထို့နောက်







တံခါးကို ပြန်၍စေ့ခါ တံခါးကြားမှ ကြည့်၍ နေလေ၏။ သန်မာသော ယောကျ်ားနှစ်ယောက်၏ လက်ထဲတွင် ရုန်းကန်လျက် ပါ၍လာသော မမြကို မြင်ရလေ၏။ သို့သော်လည်း ရုတ်တရက် မမြဖြစ်သည်ကို မသိရချေ၊ ထို့နောက် အခြား ယောကျ်ား တစ်ယောက်က ဓားမြှောင်ကို ကိုင်လျက် အခြားမိန်းမကြီးတစ်ယောက်ကို ကြိမ်းဝါးကာ တွန်းတင်၍ လာသည်ကိုမြင်ရလေ၏။

အပေါ်ထပ်၌ သော့ခတ်သလို ကြားရပြီးနောက် အော်သံကို ကြားရလေ၏။ ထိုအသံကို ကြားရသောအခါ ခင်မောင်မှာ ထိတ်ခနဲဖြစ်ပြီး မမြ၏အသံထင်ပါရဲ့ဟု အောက်မေ့ခါ တံခါးကို ဖွင့်ပြီး ပြေးတက်၍ သွားလေရာ လူဆိုးများ၏ အခန်းထဲသို့ ရောက်၍သွားလေ၏။

လူဆိုးများသည် အံ့အားသင့်လျက် နေလေ၏။ ထို့နောက် . . .

"ခင်ဗျား ဘာလုပ်ချင်သလဲ . . ခင်ဗျားနှင့် မဆိုင်ဘူး"

ဟု ပြောကြလေ၏။

မမြသည် ခင်မောင်ကို မြင်သောအခါ . . .

"ကိုကို . . . ကိုကို"

ဟုအော်လေ၏။ မမြ၏ ပါးစပ်ကို ပိတ်ဆို့ ချည်နှောင်၍ထားသော အဝတ်သည် ပြတ်လျက် လည်ပင်းပေါ်သို့ ရောက်၍နေလေ၏။

ခင်မောင်သည် မမြကို ပြေး၍ ပွေ့လေ၏။ မိန်းမကြီးလည်း တအားရုန်းလေရာ လူဆိုးများ၏ လက်မှ လွတ်၍ အသွားတွင် တစ်ယောက်သော လူဆိုးသည် ဓားမြှောင်အရိုးနှင့် မိန်းမကြီး၏ ဦးခေါင်းကို တအားဆောင့်၍ ချလိုက်ရာ မိန်းမကြီး လဲကျ၍သွားလေ၏။

"ဖမ်း . . . ဒီအကောင်ကို ချမ်းသာမပေးနှင့်"

ဟု တစ်ယောက်က အော်လေ၏။ မကြာမီ ခင်မောင်မှာ ဝပ်[illegible] များဖြင့် အစီးခံရသော ဒရယ်လိုဖြစ်၍ ဦးခေါင်း၌ မာကြောသောအရာ ဝတ္ထုတစ်ခုကျရောက်ပြီး မျက်စိထဲတွင် လျှပ်စစ်ရောင် ပြက်သလို ဝင်း



www.burmeseclassic.com

www.burmeseclassic.com



လက်၍ သွားလေ၏။

ထို့နောက် သတိရ၍လာသောအခါ ခမ်းနားသော အိမ်ကြီးပေါ်၌လည်းမဟုတ်၊ လေမွှေ့ရာ ကုမ္ပလာကြီးပေါ်၌လည်းမဟုတ်၊ တုတ်ပြီးနှောင်ပြီး အကျပ်အတည်းကြီး ဖြစ်၍နေသည်ကို တွေ့ရလေသတည်း။

လှုပ်ရှား ရုန်းကန်၍ မရသောအခါ မိမိ၏ ကျပ်တည်းသော အခြေအနေကို သိရှိရလေ၏။ ထိုအခိုက်တွင် ရယ်မောသောအသံကို ကြားရသဖြင့် ကြည့်လိုက်သောအခါ စားပွဲဝိုင်းတစ်ခု၌ ဝိုင်းထိုင်လျက် သောက်စား ယစ်မူး အထူးပျော်ရွှင်၍ နေကြဟန်ရှိသော မိမိ၏မိတ်ဆွေ လူဆိုးတစ်စုကို တွေ့ရှိရလေ၏။ ၎င်းတို့သည် ပျော်ရွှင်ပြုံးရယ်လျက် မိမိကို ကြည့်၍နေသည်ကို မြင်ရလေ၏။ ၎င်းတို့ကို ကြည့်ရာမှ အခန်းထောင့်၌ လှည့်ကြည့်လိုက်သောအခါ ခွေလျောင်းလျက်ရှိသော ပုံသဏ္ဌာန်တစ်ခုကို မြင်ရလေ၏။ တစ်ကိုယ်လုံး၌ ကြိုးများ ခွေပတ်၍ နေလေ၏။ မိမိအပေါ်၌ စူးစိုက်၍နေသော မျက်လုံးနှစ်လုံးသည်ကား စကား အထူးဆိုရန် မလို . . . အနက်အဓိပ္ပာယ်နှင့် ပြည့်ဝသော မျက်လုံးဖြစ်ကြလေသည်။

မမြသည် မျက်လုံးဖြင့်သာ စကားပြော၏။ ကြောက်ရွံ့ခြင်း၏ အရှိန်သည် လွှမ်းမိုးလျက် ရှိလေသတည်း။

လူဆိုးများသည်ကား မမြနှင့် ခင်မောင်ကို တစ်လှည့်စီကြည့်ကာ တဟဲဟဲ ရယ်မောလျက် အမျိုးမျိုး ပြောင်လှောင်ပြောဆိုကြလေ၏။

"ခင်ဗျားတို့ ဘယ်တုန်းက သိတာလဲ၊ အိုင်ဆေး . . မျက်နှာချင်းဆိုင်မိအောင် ထူပေးလိုက်စမ်းပါ"

ဟု လူကြီးလုပ်သူက မိမိ၏ အဖော်အား ကျောကိုပုတ်၍ ပြောလိုက်လေ၏။ မကြာမီ အတွင်း လူဆိုးနှစ်ယောက်သည် ခင်မောင်ကို ဝိုင်းထူ၍ ပြတင်းပေါက်သံတိုင်များမှာ ကပ်ကာ မတ်တတ်ချည်ကြလေ၏။





"ခင်ဗျား ဒီသူငယ်မနဲ့ ဘယ်တုန်းက သိတာလဲ"

ဟု လူဆိုးခေါင်းဆောင်လုပ်သူက ပြုံးရယ်ကာ မေးလေ၏။

ခင်မောင်သည် မြမြန်တည်တံ့သော မျက်နှာထားနှင့် ရှေ့တည့်တည့်ကို ကြည့်ကာ . . .

"သူ ကျုပ် နှမ ဖြစ်တယ်၊ ကျုပ်လိုက်ရှာနေတာ . . အတော်ကြာပါပြီ"

"ဟုတ်လားကွဲ့ မိန်းကလေးရဲ့၊ သူ မင်းမောင်ပဲလား"

"ဟုတ်ပါတယ်ရှင် ချမ်းသာပေးကြပါ၊ ကျွန်မကို သတ်ချင်ရင် သတ်ပါ . . ကျွန်မမောင်ကိုတော့ ချမ်းသာပေးကြပါ"

"နှမ ဟုတ်မယ် မထင်ပါဘူး . . ရိုးရိုးပြောစမ်းပါ"

ဟု ပြောကာ ခေါင်းဆောင်လုပ်သူသည် မိမိ၏ ဖန်ခွက်ထဲသို့ အရက်ကို ငှဲ၍ ထည့်ပြီး အဖော်များ၏ ဖန်ခွက်များထဲသို့လည်း လောင်းထည့်လေ၏။ ထို့နောက် စကားဆက်၍ မူးယစ် ယိမ်းယိုင်ကာနှင့် . . .

"အို . . . ဘာပဲ တော်တော် မထူးတော့ပါဘူးလေ၊ ထူးလှတဲ့ တစ်ဦးကလေးကိုတော့ ဒီရေရောက်မှဖြင့် လွတ်ခွင့်ကို ပေးဖို့ရန် အင်မတန် ခက်တာပဲ၊ ကိုင်း . . . ကိုယ့် လူများ . ."

ဟု ပြောကာ တံခါးဝအနီးသို့ သွား၍ စုကာ အဖော်များနှင့် တိုင်ပင်လေ၏။ ထိုနေ့၌ ကျောင်းပြေး၍နေသော အဖော်အစား အခြားလူဆိုး တစ်ယောက် ပါဝင်၍ နေလေ၏။

"ကိုင်း . . . အချိန်ဆွဲမနေကြနဲ့၊ ဘယ်လို စီမံမလဲ . . မြန်တာ အကောင်းဆုံးပဲ"

ဟုပြောလေ၏။

လူဆိုးများသည် တအောင့်မျှ ဆက်လက် စကားပြော တိုင်ပင်ကြပြီး မမြအား လူဆိုးခေါင်းဆောင်က . . .

"မင်း ငါတို့ စီမံရာကိုခံရင် မင်း . . မောင်ဆိုတဲ့ ဒီလူကို အာမ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ဘူး . . . ချမ်းသာပေးမယ်၊ မင်း ဘယ့်နှယ်သဘောရသလဲ. ."

မမြသည်ကား အလွန်တရာ ကြောက်ရွံ့ရှာသဖြင့် အဘယ်ပုံ ဖြေရမည်ကို မသိဘဲ မျက်လုံး ဝိုင်းလျက်သာ နေရှာလေ၏။

လူဆိုးများသည် ထိုအခါ၌ အတော်မူးယစ်၍လာကြပြီဖြစ်သောကြောင့် ရှေ့နောက် ဆင်ခြင် တိုင်းထွာခြင်းကို မပြု၊ မိမိတို့ ကျူးလွန်လျက်ရှိသော ကြီးလှစွာသော ရာဇဝတ်ပြစ်မှုကြီးကို ပျော်ပွဲကြီးတစ်ခု ဟု မှတ်ထင်ကာ အထူးပျော်ရွှင်၍ နေကြလေ၏။

လူဆိုးခေါင်းဆောင်က မိမိ၏ အဖော်များအား မျက်ရိပ်ပြလိုက်၏။ မမြကို အတွင်းအခန်းထဲသို့ ပွေ့ချီဆောင်ယူကြလေ၏။ သို့ ဆောင်ယူခြင်း ခံရရာ၌ မမြသည် ရုန်းကန်ရင်း "ကိုကို . . ကိုကို"ဟု ခေါ်ကာ ကြည့်လေ၏။ ခင်မောင်သည် ဒေါသနှင့် အံကြိတ်ကာ တအားရုန်းလေ၏။ သို့ သော်လည်း ရုန်း၍မရချေ။ "မမြကို သူတို့ အဘယ်ပုံ လုပ်ကြတော့မလို့ပါလဲ . ."ဟု တွေးတောကာ မခံမရပ်နိုင် ဖြစ်၍ နေလေ၏။ သို့သော်လည်း တစ်စုံတစ်ရာမျှ မတတ်နိုင် ခံ၍သာ နေရလေ၏။ မမြသည် ရုန်းကန်ရင်းပင် အခန်းထဲသို့ ရောက်၍သွားလေ၏။ အတန်ငယ် ကြာသောအခါ လူဆိုးများထွက်၍ လာကြလေ၏။

မိန်းမကြီး တွန့်လူ့ပ်၍ လာလေ၏။ လူဆိုး တစ်ယောက်က . . .

"အောင်မယ် . . . မသေသေးဘဲကိုး၊ သစ္စာဖောက်တဲ့ ခွေးမကြီးကို ခွေးသေ သေအောင် သတ်မှ တော်မယ်" ဟုပြောကာ နံဘေးကို ဖိနပ်နှင့် ကန်ပေါက်လေ၏။

ခင်မောင်သည် ၎င်းတို့၏ ပြုမူပုံကို ကြည့်၍နေလေ၏။ မိန်းမကြီးကို ကယ်ဆယ်လိုသော စိတ်ကတစ်ကြောင်း၊ မမြကို အဘယ်ပုံ ပြုလုပ်ကြမည် မသိရသောကြောင့် တစ်ကြောင်း ရုန်းကန်လှုပ်ရှားကာ မချိမဆန့် ဖြစ်၍နေလေ၏။





ထိုအခိုက်တွင် လူဆိုးတစ်ယောက်သည် မိန်းမကြီး၏ ဦးခေါင်းနားထင်တို့ကို ဓားရိုးနှင့် ဆောင့်ရိုက်ပြန်လေ၏။ ခင်မောင်သည် ပြင်းထန်သော အမျက်ဒေါသနှင့် အားသွန်၍ ရုန်းလေရာ သံတိုင်နှင့် ချည်နှောင်၍ထားသော ကြိုးများသည် ပြုတ်လွတ်ပြီးလျှင် မိန်းမကြီးကို ကယ်ဆယ်ရန် တစ်ဟုန်ထိုး အရှိန်နှင့်လာ၏။ လူဆိုးများသည် ဝိုင်း၍ စီးကြလေရာ အခန်းထဲ၌ ရုန်းရင်း ဆန်ခတ်ဖြစ်၍နေလေသတည်း။ ခင်မောင်သည် ဒဏ်ရာရသော ကျားနာပမာ အားရှိသမျှ ခုခံလေ၏။

လက်ပြောင်သော ဓားမြှောင်တို့၏ အဆင်းအရောင်များကို ဝင်းခနဲ-ဝင်းခနဲ မြင်ရပြီးနောက် ဦးခေါင်း၌ လေးလံသော အရာတစ်ခု ကျရောက်ပြီး တစ်ဖန် မူးမိုက်၍ အသွားတွင် တံခါးမှ အသံလိုလို ကြားရပြီး လူဆိုးများ ရုန်းရင်းဆန်ခတ် ခန်းတွင်း ခန်းပြင် လှုပ်ရှား ပြေးလွှားကြလေ၏။ ထိုအခိုက်တွင် အခန်းမှာချာချာလည်၍ ခင်မောင်မှာ တစ်ဖန် မေ့မြော၍ သွားပြန်လေသတည်း။

× × ×

သတိရ၍ လာသောအခါ သားနားသော အိပ်ရာ ခမ်းနားပေါ်၌ မိမိလဲ၍ နေသည်ကို သိရလေသတည်း။

"ကိုကို . . . ကိုကို နေကောင်းပြီ မဟုတ်လား . ."

ဟူသော သာယာသောအသံကလေးကို နား၌ကပ်ကာ ကြားရလေ၏။ နံဘေးသို့ ကြည့်လိုက်သောအခါ ပါးချင်းထိလု ခမန်း ကပ်ကာ နေသော မျက်နှာကလေးကို မြင်ရလေ၏။

မြ ။ "ကိုကို . . . နေကောင်းပြီနော်၊ အမယ်လေး . . မထပါနဲ့ဦး ကိုကိုရဲ့ . . . ငြိမ်ငြိမ်နေပါ၊ ပြန်လဲသွားမှဖြင့် တကတဲ . ."

ဟု တုန်လှုပ်သော အသံကလေးနှင့်ပြောကာ မိမိ၏ ရင်ဘတ်ကို လက်ကလေး တစ်ဖက်နှင့် ပုတ်ရင်း လက်တစ်ဖက်ကို ခင်မောင်၏



www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းအောက်သို့ ညင်သာစွာ လျှိုလိုက်ရာတွင် ဝမ်းမြောက်ခြင်း၏ မျက်ရည်များသည် ဝင်းကျယ်သော မမြ၏ မျက်လုံးများ၌ ဝိုင်းဆို့၍ လာလေ၏။ ခင်မောင့် မျက်နှာကို ထက်သန်စွာ ငိုပြုံးပြုံးလျက် ကပ်ကာ ကြည့်လေ၏။

မမြ၏ နွေးသောရင်မှာ လှုပ်ရှား ကြွမြောက်လျက် နှလုံးသွေး ခုန်ပေါက်နေသည်ကို ခင်မောင်သိရလေ၏။ မမြ၏ လက်များဖြင့် အသက်အားရှိန်သည် ခင်မောင်၏ ကိုယ်တွင်းသို့ ကူးစက်ကာ အားပြည့်၍လာသဖြင့် ခင်မောင်သည် မမြ၏ လည်ကို လက်တစ်ဖက်နှင့်ပွေ့ကာ ရင်ဘတ်ချင်း မျက်နှာချင်းတိုး၍ ကပ်အောင်ဆွဲယူပြီး. . . .

"ကိုကို . . ဘာမှမဖြစ်ဘူး . . အခု ကိုကို ဘယ်ရောက်နေတာလဲ"

ဟု မေးလေ၏။

"ဘကြီးခင် အိမ်ပေါ့ . . ဘကြီးခင်က ကယ်လို့ . . ကျွန်မတို့ ချမ်းသာရတာပဲ . . . ဒါထက် ကျွန်မ အဖော်မိန်းမကြီးတစ်ယောက် ဆေးရုံမှာ ဆုံးရှာပြီတဲ့ . . ကိုကို ကံထူးလွန်းလို့ ချမ်းသာတာပဲ"

ခင် ။ "ကိုကို ချမ်းသာတာထက် . . မြနဲ့ ပြန်တွေ့ရတာက သာပြီး ကံထူးတာပဲ . ."

မြ ။ "သည်တစ်ခါတော့ ဘယ်သူခွဲလို့မှ မကွဲတော့ပါဘူး"

ထို့နောက် အတန်ကြာ စကားမပြောနိုင်ဘဲ နေကြလေ၏။ မမြသည် ရင်ငွေ့ဖြင့် အသက်ကိုဆက်၍ ပေးသလို နွေးကပ်၍ ထားလေသတည်း။

× × ×

နောက်တစ်လလောက် ကြာသောအခါ နတ်မော်ချောင်းကမ်းပေါ်တွင် နေဝင်ခါနီးအချိန်၌ ခင်မောင်နှင့် မမြသည် တစ်ယောက်ခါးကို တစ်ယောက်ဖက်ကာ ဗေဒါပင်များနှင့် မှိုင်းပြာသော ရေများကို





ကြည့်၍နေကြလေ၏။ ဝင်လုဆဲဖြစ်သော နေရောင်သည် ရေမြေတောခြေ ကမ်းသောင်တစ်လျှောက်ကို နုနယ်သောအဆင်းဖြင့် ခြယ်လေ၏။ မွေးကြိုင်သင်းပျံ့ ပန်းရနံ့တို့သည် ကမ်းခြေတစ်လျှောက်မှာ ပျံ့နှံ့၍နေလေ၏။ လေသံနှင့် ငှက်သံ - ရေသံနှင့် တက်သံတို့သည် ထူးခြားသော တူရိယာသံစုံတစ်မျိုးကဲ့သို့ မှတ်ထင်ရလေ၏။ ချောင်းကိုဖြတ်ကူးသော တံတားကြီးနှစ်ခုသည်ကား ညနေချမ်းနေရောင်၌ အခါတိုင်းနှင့်အတူ ကောင်းကင်နှင့် ရေစပ်ကြားတွင် ပိုမိုထင်ရှား၍ နေလေ၏။

"ဩော် . . အောင်တဲ . . အောင်ကဲ ရေနစ်လို့မသေ . . ရန်ကုန်သွားပြီး ကားနင်းလို့ သေရရှာတာပဲနော် . ."

ဟု ညည်းသံနှင့်ပြောပြီး တစ်ဖက်ရှိ တဲကလေးကို လှမ်း၍ ကြည့်ကာ. . .

"မြရေ . . ဟို တဲကလေးဟာ ဘာတဲကလေးလဲ သိရဲ့လား"

ဟုလည်း လက်ညှိုးထိုးကာ မေးလေ၏။

မမြသည် နေရောင်တွင် ဝင်းတောက်သော မျက်နှာကလေးနှင့် မော့၍ကြည့်ကာ ခေါင်းခါလေ၏။

"ကိုကို့ကို မြတို့အိမ်က နှင်ချလိုက်တော့ အဝေးကိုမသွားနိုင်တဲ့အတွက် ဒီတဲကလေးမှာ ခိုပြီး မြတို့အိမ်ခေါင်မိုး လရောင်ကလေးထိုးတဲ့အခါမှာ တမျှော်မျှော် မှန်းဆပြီး ဟောဒီမြကလေးရဲ့ မျက်နှာကိုသာ ထင်မြင်တမ်းတတဲ့ တဲကလေးပါပဲ မြရဲ့. . ."

ဟု ပြောကာ မော့လျက်ရှိသော မြ မျက်နှာကလေးကို ထက်သန်စွာကြည့်လေ၏။

မြ၏ ဝမ်းနည်းသော မျက်လုံးများမှာ နှင်းမြူတွေ ဆိုင်း၍လာလေရာ ခင်မောင်မှာလည်း ရင်ထဲ၌ ဆို့၍လာသောကြောင့် မိမိဘက်သို့ ယိမ်းယိုင်၍လာသော ကိုယ်ခန္ဓာကလေးကို ရင်ခွင်၌ ပွေ့ယူ၍ ထားလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

"မြ မသိဘူး. . . မြ သိရရင်. ."

ဟု ရှိုက်သံကလေးနှင့် ပြောပြီး စကားဆက်ကာ. . .

"ကိုကို. . ဒီဖဲကလေးကို မပျောက်မပျက်ရအောင် ဝယ်ထား ရရင် မကောင်းဘူးလား. . ."

ဟု ဖဲကလေးကို မြော်တွေးသော ကြည့်ခြင်းတစ်မျိုးဖြင့် ခင်မောင်၏ ရင်ခွင်၌ ဦးခေါင်းကို စောင်းတင်ကာ ကြည့်မျှော်လေ၏။

"ကိုကိုလည်း ဝယ်ထားချင်တာပဲ. . . လာ သွားကြည့်ရအောင်"

ဟု ခင်မောင်က ပြန်၍ပြောပြီး အနီး၌တွေ့ရှိရသော လှေငယ်ကလေးတစ်စင်းကို ဖြုတ်ကာ ခင်မောင်သည် ပွဲမှာထိုင်၍ လှော်သွားလေ၏။ မြသည်ကား ခင်မောင်နှင့် ရင်ဆိုင်ပြုကာ ထိုင်လျက် လက်ကလေးနှင့် ရေကိုကိုင်ကာ ခင်မောင်ကို လှမ်းပက်ကစားရင်း ဦးခေါင်းထက်တွင် ပျံ့ဝဲအော်မြူးသော စင်ရော်သံထက် သာယာသော အသံဖြင့် ရယ်မောကာ သွားကြလေသတည်း. . .။

www.burmeseclassic.com